# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ပွားစီးတိုးအောင်အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိ အကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)


၁၃၇၉ ခုနှစ် တန်ခူးလပြည့်ကျော် ၈ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 19 April 2017 (၈၈၉၉)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်မိသားစု နှစ်သစ်ကူးပရိတ်တရားတော်နာယူ သုံးခွမြို့အတွင်းရှိ အသက်(၈၀)အထက် အဘိုးအဘွားများအား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့



သုံးခွမြို့နယ် ဩဝါဒါစရိယ စစ်ကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောဝိဒအား နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**ရန်ကုန် ဧပြီ ၁၈**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် မိသားစုတို့၏ နှစ်သစ်ကူးမင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော်နာနှင့် သက်ကြီး ပူဇော်ပွဲအလှူတော်မင်္ဂလာအခမ်း အနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန် တောင်ပိုင်းခရိုင် သုံးခွမြို့ရှိ မဟာ အတုလဝေယံ သာသနာ့ဗိမာန်တော် ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ သုံးခွမြို့နယ် ဩဝါဒါ စရိယ စစ်ကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောဝိဒထံမှ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် မိသားစုတို့နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ် သော အန္တရာယ်ကင်းပရိတ်တရား တော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် အလှူရှင် နိုင်ငံတော် သမ္မတနှင့် ဇနီးမိသားစုတို့က သုံးခွ မြို့နယ် ဩဝါဒါစရိယ စစ်ကုန်း ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကောဝိဒအား လှူဖွယ်ဝတ္ထုပစ္စည်း များ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်း ဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်း ဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ဆရာတော်၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

# မြန်မာနိုင်ငံ၌ လက်ပြတ်တောက်မှုပြန်ဆက်ခြင်း ခွဲစိတ်ကုသမှု စတုတ္ထအကြိမ် အောင်မြင်စွာဆောင်ရွက်နိုင်

**နေပြည်တော် ဧပြီ ၁၈**

နေပြည်တော် ခုတင်(၁၀၀၀)ဆံ့ ဆေးရုံကြီး၌ ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုးနှင့် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံကြီးမှ အရိုးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာကျော်အောင်ထွန်း ဦးဆောင်သည့် အရိုးခွဲစိတ်ကုဆရာဝန်များ၊ မေ့ဆေးဆရာဝန်များအဖွဲ့က လက်ပြတ်တောက်မှု ပြန်ဆက်ခြင်းဆိုင်ရာ ခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ခွဲစိတ်ကုသမှုခံယူခဲ့သည့် ကိုအေးထွန်းမှာ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရတွင် နေထိုင်သူဖြစ်ပြီး မတ် ၃ ရက် နံနက်ပိုင်းက ဓားခုတ်ခံရသည့်အတွက် ညာဘက်လက်ကောက်ဝတ်မှ ပြတ်တောက်ခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့ပြတ်တောက်သွားသည့်လက်အား ပြန်ဆက်ခြင်းခွဲစိတ်ကုသမှုကို ဆောင်ရွက်ပေးခဲ့ကြသည့် ဆရာဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ကာယကံရှင်တို့အား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြည်သူများသိရှိနိုင်ရန် ဖော်ပြလိုက်ပါသည်-

**စာမျက်နှာ ၇ ကော်လံ ၁ သို့**




ကြေးမုံ

# ဆွေးနွေးခြင်းဖြင့် ရလဒ်ကောင်းများရှာဖွေ

နိုင်ငံတော်အကြီးအကဲတစ်ဦးနှင့် ကျေးလက်တောရွာမှ လူငယ်လူရွယ်များ လက်ပွန်းတတီး ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးရန်မှာ လွယ်ကူသော အလုပ်မဟုတ်ချေ။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကျေးလက်တောရွာနေ လူငယ်များအား လက်ခံတွေ့ဆုံပြီး ငြိမ်းချမ်းရေးစကားဝိုင်းအသွင် ပွင့်ပွင့်လင်းလင်းဆွေးနွေးနိုင်ခဲ့သည်မှာ ဂုဏ်ယူဝမ်းမြောက်ဖွယ် ကောင်းလှပေသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် လူငယ်များ စကားဝိုင်းဖွဲ့ကျင်းပခဲ့သည်မှာ ယခုအကြိမ်မှသာမဟုတ်၊ ယခင်ကလည်း မကြာခဏကျင်းပခဲ့ဖူးပေသည်။ ထိုသို့ကျင်းပခြင်းဖြင့် လူငယ်လူရွယ်များအတွက် စကားဝိုင်းဖွဲ့ခြင်း အတွေ့အကြုံကောင်းများရရှိနိုင်သလို တစ်ဦးနှင့်တစ်ဦး အချေအတင်စကားပြောဆိုရာ၌ အားသာချက်၊ အားနည်းချက် အကျိုးရလဒ်များကို ရရှိနိုင်ပေသည်။

တစ်ဦးနှင့်တစ်ဦး စကားပြောဆိုရာ၌ မည်သည့်အရာ၊ မည်သည့်ကိစ္စအား မည်သို့ပြောဆိုရမည်တို့ကို ကြိုတင်ပြင်ဆင်လာရန် လိုအပ်သလို သူတစ်ပါးပြောဆိုသည့်စကားကိုလည်း အလေးအနက်ထားပြီး မှတ်သားနားထောင်ကာ အေးဆေးတည်ငြိမ်စွာဖြင့် ရိုးရိုးသားသား ဖြောင့်ဖြောင့်မတ်မတ်ဖြင့် တုံ့ပြန်ရမည်ဖြစ်သည်။ ထိုသို့မဟုတ် အခြားသူပြောစကားကို သေချာနားစိုက်မထောင်ဘဲ ကိုယ်ပြောချင်ရာတို့ကိုသာ ပြောနေမည်ဆိုပါက ထိုဆွေးနွေးပွဲသည် အနှစ်သာရရှိသော ဆွေးနွေးပွဲဖြစ်လာလိမ့်မည်မဟုတ်ချေ။

ယင်းအချက်တို့ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းမှန်ညွှန်ပြပေးခြင်းအားဖြင့် လူငယ်လူရွယ်များအနေဖြင့် အနာဂတ်တွင် မိမိတို့၏ဆိုင်ရာဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများ၌ အောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲတစ်ဦးနှင့် နိုင်ငံအတွင်းရှိ လူငယ်လူရွယ်များအားလုံးကို တွေ့ဆုံဆွေးနွေးရန်မှာ မလွယ်ကူချေ။ တွေ့ဆုံဆွေးနွေးခြင်းသည် နိုင်ငံအတွင်းရှိ လူငယ်လူရွယ်များ အားလုံးကို ကိုယ်စားပြုတွေ့ဆုံဆွေးနွေးခြင်းဖြစ်၍ လူငယ်များအားလုံးနှင့် သက်ဆိုင်ပေသည်။

စကားဝိုင်းသည် ငြိမ်းချမ်းရေးစကားဝိုင်းဖြစ်ပြီး ၅၃ သန်းကျော်သော ပြည်သူများအားကိုယ်စားပြု၍ ပြည်သူလူထုနှင့် တတ်နိုင်သမျှ ထိတွေ့ဆက်ဆံခြင်းဖြစ်သည့်အပြင် ငြိမ်းချမ်းရေးဖြစ်စဉ်များအား ပြည်သူများသိရှိစေချင်သော သဘောဖြစ်သည်။ ငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ပြည်သူများအားလုံး ပါဝင်ရမည်ဖြစ်၍ ပြည်သူတစ်ဦးချင်း၏ ငြိမ်းချမ်းရေးနှင့်ပတ်သက်သော သဘောထားအမှန်ကို သိရှိနိုင်ပေသည်။

လူတစ်ဦးနှင့်တစ်ဦးအနေဖြင့် မတူညီသောသဘောထားများရှိမည်ဖြစ်သော်လည်း မတူညီမှုများကို အခြေခံကာ အများအကျိုးအတွက် ဝိုင်းဝန်းဆွေးနွေးအဖြေရှာကြခြင်းဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တူညီသောအခြေခံအချက်များကို ရရှိနိုင်မည်ဖြစ်သည်။ ငြိမ်းချမ်းရေးရရှိလျှင် ဒေသလည်းဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများ၏လူမှုစီးပွားဘဝများလည်း မြင့်မားလာမည်ဖြစ်သည်။

လက်ရှိတွင် မငြိမ်းချမ်းသည့်ဒေသများရှိ ပြည်သူများအနေဖြင့် မငြိမ်းချမ်းခြင်း၏ အကျိုးဆက်များကို ကြုံတွေ့ခံစားနေရသဖြင့် ငြိမ်းချမ်းခြင်းကို မျှော်လင့်တောင့်တနေကြသည်။ ငြိမ်းချမ်းသည့်ဒေသများတွင် နေထိုင်ကြသည့် ပြည်သူများအနေဖြင့်မူ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ စိတ်ဝင်စားမှုလျော့နည်းကြပြီး ငြိမ်းချမ်းရေးဗဟုသုတများလည်း နည်းပါးကြပေသည်။

အမှန်တကယ်တွင် ငြိမ်းချမ်းရေးသည် နိုင်ငံသားအားလုံးနှင့် သက်ဆိုင်နေပြီး တစ်ဦးနှင့်တစ်ဦးဆက်နွှယ်နေသော နိုင်ငံအတွင်း၌ နေထိုင်ကြသူများအဖို့ ကောင်းမွေဆိုးမွေတို့ကို ဆက်စပ်ခံစားနိုင်ပေသည်။ မြန်မာနိုင်ငံအတွင်း နေထိုင်ကြသူများတွင် လူအများစုမှာ ကျေးလက်တောရွာများတွင် နေထိုင်ကြသူအများစုဖြစ်၍ ကျေးလက်တောရွာနေ လူငယ်များနှင့် စကားဝိုင်းဖွဲ့ဆွေးနွေးခြင်းသည် လွန်စွာလျော်ကန်သင့်မြတ်ကောင်းမွန်သည့် လုပ်ဆောင်မှုပင်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံသူနိုင်ငံသားအားလုံးကို ကိုယ်စားပြုသော စကားဝိုင်းဆွေးနွေးပွဲတွင် ကိုယ်တိုင်မပါဝင်သော်လည်း နားစိုက်ထောင်ခြင်းဖြင့် အကျိုးရလဒ်ကောင်းများ ရရှိနိုင်ပါလိမ့်မည်။ ။

## သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်း သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မေ ၁၉**

မက္ကဆီကိုပြည်ထောင်စုဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းသည် ၎င်း၏ခန့်အပ်လွှာကို မေ ၁၁ ရက်တွင် မက္ကဆီကိုစီးတီးမြို့၌ မက္ကဆီကိုပြည်ထောင်စုသမ္မတ မစ္စတာ အင်န်ရစ်ခ် ပီညဲ နီတိုထံပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## မာရသာမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးသူများအား ထောက်ပံ့ကြေးပေးအပ်

**ကျောက်ဖြူ မေ ၁၈**

မေ ၁၆ ရက်က မာရသာ(Maarutha)မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော ကျောက်ဖြူမြို့ ကျောက်တလုံးကယ်ဆယ်ရေးစခန်း (IDP)ရှိ ရှစ်ခန်းတွဲလိုင်းခန်းအဆောင်ပြိုကျမှုကြောင့် ယာယီနေရာချပေးထားသော အိမ်ထောင်စုသုံးစုအား မေ ၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကျောက်တလုံးကယ်ဆယ်ရေးစခန်း (IDP)သို့သွားရောက်၍ ထောက်ပံ့ငွေပေးအပ်ခဲ့သည်။

အခမ်းအနားကို ကျောက်ဖြူမြို့ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များက လူနေထိုင်သည့် အဆောင်ပြိုကျမှုကြောင့် ယာယီပြောင်းရွှေ့နေထိုင်သူ အိမ်ထောင်စုသုံးစု၊ အမျိုးသားခုနစ်ဦး၊ အမျိုးသမီးရှစ်ဦး ပေါင်း ၁၅ ဦးအား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ခရိုင်ပြန်/ဆက်)**

# မာရသာအကြောင်းပြု ကြက်သွန်နီဈေးမြင့်တက်ရန်အစပြု




**ရန်ကုန် မေ ၁၈**

မေ ၁၆ ရက်က တိုက်ခတ်ခဲ့သော မာရသာမုန်တိုင်းမိုးကြောင့် ကြက်သွန်နီထွက်ရှိရာ ဒေသအပါအဝင် မြို့ကြီးကိုးမြို့တွင် မိုးရေချိန်စံချိန်သစ်တင်ရှိမှု အခြေပြစာရင်း ထုတ်ပြန်ခဲ့သည်။ အချို့မြို့တွင် နှစ်ပေါင်း ၂၀၊ အချို့မြို့များတွင် နှစ်ပေါင်း ၅၄ နှစ်အတွင်း မေလ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်ဟု ဖော်ပြထားသည်။

ရာသီဥတုပူပြင်းသဖြင့် ရေရှားသည့်ဒဏ် ခံစားရချိန် ပခုက္ကူတွင် မိုးရေချိန် ၁ ဒသမ ၈ လက်မ၊ မကွေးတွင် ၅ ဒသမ ၇၄ လက်မအထိ မိုးရွာသွန်းခဲ့သည်ဟု သိရသည်။

ယခုအချိန်သည် ဆောင်းစိုက်ကြက်သွန်နီ တူးဖော်ဆဲရှိသေးသည်။ မတူးဖော်ရသေးသော ကြက်သွန်များ မိုးရွာထား၍ အချိန်စောင့်ရဦးမည်ဟု သိရသည်။ သင်္ကြန်ပိတ်ရက်မတိုင်မီ မေ ၁၁ ရက်တွင် ကြက်သွန်နီပိသာချိန် ၄၂၀၀၀ ဝင်ရောက်ပြီး မေ ၁၂ ရက်တွင် အဝင်မရှိ၍ ကုန်စည်ဒိုင်ဈေးမဖွင့်ဟု သိရသည်။ ယင်းနေ့တွင် ဆိပ်ဖြူကြက်သွန်နီ လက်ကား တစ်ပိသာငွေကျပ် ၅၅၀ မှ ငွေကျပ် ၇၀၀၊ မြစ်သား ငွေကျပ် ၈၅၀မှ ၁၁၇၅ ကျပ်အတွင်းဈေးရှိခဲ့သည်။

ဖွင့်ရက် မေ ၁၈ ရက်တွင် ကြက်သွန်နီပိသာချိန် ၉၆၀၀၀ ဝင်ရောက်ပြီး ဝယ်လက်များ စုံလင်စွာ မရောက်သေးသော်လည်း ဆိပ်ဖြူ ငွေကျပ် ၆၀၀ မှ ငွေကျပ် ၈၅၀ နှုန်းသို့ ဈေးမြင့်လာသည်။ သို့သော် မိုးရေ အကြောင်းပြုတူးဖော်ဆဲနှင့် မတူးဖော်ရသေးသော ကြက်သွန်နီစိုက်ခင်းများ အခက်အခဲကြုံတွေ့လာရချိန် တူးဖော်ပြီးနှင့် လှောင်ထားသည်များ ဈေးမြှင့်တင်ရောင်းချခြင်းဖြစ်ကြောင်း အဝယ်တော်တစ်ဦးက ဆိုသည်။။

လှောင်သမားများ ဝယ်လှောင်ချိန်နှင့်ပြည်ပတွင် ကြက်သွန်နီထွက်ရှိမှုများပြားနေသဖြင့် လှောင်သမားများ အမြတ်ရရန် ဈေးနှုန်းမြှင့်တင်မှုမများနိုင်သေးဟု သိရသည်။ သို့သော် ဘုရင့်နောင်ဈေးကွက်တွင် ယနေ့ဖွင့်ဈေးနှင့် ဝယ်ယူပြီးနောက်နေ့ မြင့်တက်လာနိုင်မည်ကို စောင့်ဆိုင်းနေသည်ဟု ဈေးကွက်မှ သိရသည်။

အာလူးပိသာချိန် ၁၂၀၀၀၀ ဝင်လာပြီး ဈေးနှုန်း လက်ကားတစ်ပိသာ ငွေကျပ် ၄၅၀ မှ ငွေကျပ် ၇၇၀ အတွင်းဖြင့် ဈေးနှုန်းအပြောင်းအလဲနည်းသည်။ စားအုန်းဆီ လက်ကား အလှယ်တစ်ပိသာ ၁၇၅၅ ကျပ်ရှိသည်။

ကုန်စည်ဒိုင်ဖွင့် ပုဂ္ဂလိကဘဏ်အများစုလည်းဖွင့်နေသည့် မေ ၁၈ ရက်တွင် မတ်ပဲ RCတစ်တန် ကျပ် ၁၀၇၈၀၀၀၊ SQ RC တစ်တန် ကျပ် ၁၃၄၆၀၀၀၊ ပဲစင်းငုံနီ RC တစ်တန် ကျပ် ၇၆၅၀၀၀ နှုန်းဈေးဖွင့်သည်။

မတ်ပဲ RC ကုန်သေတ္တာအလုံးရေ ၂၅ လုံးအရောင်းအဝယ်ဖြစ်သည်ဟု ဒိုင်ဈေးနှုန်းစာရွက်တွင် ဖော်ပြထားသည်။ ပြည်ပမှ တင်သွင်းလာသော နိုင်ငံစုံသကြားဈေးမှာ လက်ကား တစ်ပိသာ ငွေကျပ် ၁၂၂၀မှငွေကျပ် ၁၂၄၀ အတွင်း တင်သွင်းလာသည့် နိုင်ငံအပေါ်မူတည်၍ ဈေးနှုန်းကွာခြားရောင်းချနေကြောင်း သိရ သည်။

မေ ၁၉ ရက်မှစ၍ကုန်အဝင်နယ်အဝယ်တော်လာရောက်မှုများပြားလာမည်ဖြစ်ရာ ယခုနှစ်တွင်ကုန်တန်ဖိုးငွေကြေးလွှဲပြောင်းပေးပို့ရာတွင် ဘဏ်များ ဖွင့်လာသဖြင့် ရောင်းဝယ်ရေးတွင် ပိုမိုအဆင်ပြေလာသည်ဟု ကုန်သည်များက ပြောသည်။

**(မောင်စေအောင်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၁၈**

ရန်ကုန်(ရွှေဈေး) ၉၁၁၅၀၀ - ၉၁၁၅၀၀ မန္တလေး(ရွှေဈေး) ၉၁၁၅၀၀ - ၉၁၁၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၉၅/၇၀၅ ကျပ်၊ | ၇၂၀/၇၃၅ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၅၀/၈၇၀ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၁၀ ကျပ်၊ | ၇၆၀/၇၈၅ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၅/၇၂၅ ကျပ်၊ | ၇၄၀/၇၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၆၄/၆၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၇၃/၆၈၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၇၅/၆၈၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၉.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၄၆.၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၇.၄၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉.၄၉၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၈.၂၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၀၇၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၄၅.၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၉.၇၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၉.၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၂.၁၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူနှင့်အတူ

❁ နိုင်ငံတော်သမ္မတမှ

သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

**အမျှပေးဝေ**

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် သုံးခွမြို့ မြို့မရေလယ်ကျောင်းတိုက် ပဓာနနာယကဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒာလင်္ကာရထံမှ နိုင်ငံတော်သမ္မတနှင့် ဇနီးမိသားစု၊ ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

**ပူဇော်ကန်တော့**

ထို့နောက် အလျူရှင်နိုင်ငံတော်သမ္မတဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်မိသားစုတို့သည် သုံးခွမြို့နယ်အတွင်းရှိ အသက် (၈၀)နှင့်အထက် အဘိုးအဘွား ၁၅၁၄ ဦးကိုယ်စား အဘိုးအဘွား ၁၁၅ ဦးတို့ကို သက်ကြီးပူဇော်ပွဲမင်္ဂလာအဖြစ် ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများကို လှူဒါန်းကြသည်။

ယင်းနောက် ကန်တော့ခံ ဘိုး ဘွားများကိုယ်စား အဘိုးဦးလှထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးမိသားစု၊ ကြွရောက်လာကြသော ဧည့်ပရိသတ်များသည် သက်ကြီးပူဇော်ပွဲမင်္ဂလာဒါနကုသိုလ်အတွက် အမျှပေးဝေကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ကန်တော့ခံ အဘိုးအဘွားများနှင့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**ငါးကြိမ်မြောက်အလှူတော်**

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် သုံးခွမြို့နယ်တွင် နှစ်သစ်ကူးအလှူတော်မင်္ဂလာကို ၂၀၁၂ ခုနှစ်ကတည်းက စတင်ကျင်းပလှူဒါန်းခဲ့ပြီး ယခုအကြိမ်သည် ငါးကြိမ်မြောက် အလှူတော်မင်္ဂလာဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



သုံးခွမြို့နယ် သက်ကြီးပူဇော်ပွဲ မင်္ဂလာအခမ်းအနားတွင် ကန်တော့ခံသက်ကြီးအဘိုးများအား နိုင်ငံတော်သမ္မတ ဦးထင်ကျော် လှူဖွယ်ပစ္စည်းများ လှူဒါန်းစဉ်။



သုံးခွမြို့နယ် သက်ကြီးပူဇော်ပွဲ မင်္ဂလာအခမ်းအနားတွင် ကန်တော့ခံသက်ကြီးအဘွားများအား နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင် လှူဖွယ်ပစ္စည်းများ လှူဒါန်းစဉ်။

## တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး ပရိတ်တရားတော်နာယူ

**မန္တလေး မေ ၁၈**

မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၏ ၁၃၇၉ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ ပရိတ်တရားတော်နာယူခြင်းနှင့် အရုဏ်ဆွမ်းကပ်လှူခြင်းကို နံနက် ၅ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးရှိ သီလဝိဟာရီဓမ္မာရုံတွင် ပြုလုပ်ခဲ့ရာ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဝိဇိတာရုံကျောင်းတိုက် ပဓာနမဟာနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ အမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်စိုးဝင်းနှင့် ဇနီး၊ တာဝန်ရှိသူများ၊ ဧည့်ပရိသတ်များက ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်၊ သံဃာတော်များထံမှ ရွတ်ပွားချီးမြှင့်တော်မူသော အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ပြီး လှူဒါန်းမှုအစုစုအတွက် ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူကာ ရေစက်သွန်းချအမျှပေးဝေပြီး ဆရာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရဟန်းခံပွဲကျင်းပ

**ကော့သောင်း မေ ၁၈**

ကော့သောင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရဟန်းခံပွဲအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကော့သောင်းမြို့ တောင်ပေါ်ကျောင်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ဆရာတော်၊ သံဃာတော်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အလှူတော်မင်္ဂလာအခမ်းအနားတွင် ကော့သောင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်နှင့် ဇနီးဒေါ်စံထားဖြူမိသားစုက ဒါတဗ္ဗဝတ္ထုအစုစုတို့ကို အလှူဒါယကာအဖြစ်ခံယူ၍ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဝန်ထမ်း၊ မိတ်ဆွေသင်္ဂဟ ၁၆ ဦးတို့က မြင့်မြတ်သည့်ရဟန်းအဖြစ်ခံယူကြပြီး ဆရာတော်၊ သံဃာတော်များအား ဆွမ်းအစရှိသည့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ အလှူမင်္ဂလာသို့ ကြွရောက်လာသည့် ဧည့်ပရိသတ်များအား နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# မြောက်ကိုရီးယားနိုင်ငံ စစ်အင်အားတိုးမြှင့်မည်



**နယူးယောက် မေ ၁၈**
မြောက်ကိုရီးယားနိုင်ငံက နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်အင်အား တိုးမြှင့်သွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ မြောက်ကိုရီးယား ဒုတိယ သံအမတ်ကြီးက ပြောကြားသည်။

မြောက်ကိုရီးယား ဒုတိယသံအမတ်ကြီး ကင်အင်ယောင်းက နယူးယောက် မြို့ ကုလသမဂ္ဂဌာနချုပ်တွင် မေ ၁၇ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်း ပွဲတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထရန့်အစိုးရက နျူကလီးယားသယ်ဆောင်လာသည့် အမေရိကန် စစ်သင်္ဘော Carl Vinson ကို ကိုရီးယားကျွန်းဆွယ် ကမ်းလွန်ရေပြင်သို့ ဖြန့်ကြက်ခြင်းသည် မြောက်ကိုရီးယားနိုင်ငံကို ကျူးကျော်တိုက်ခိုက်ရန် အမေရိကန်၏ ဆင်ခြင်မဲ့လုပ်ရပ်ဖြစ်ပြီး စိုးရိမ်စရာအခြေအနေသို့ ရောက်ရှိစေသည်ဟု ကင်က ပြောကြားသည်။

"နိုင်ငံတော်ကာကွယ်ရေးအတွက် မြောက်ကိုရီးယားရဲ့ စစ်အင်အားကို နည်းလမ်းမျိုးစုံနဲ့ တိုးမြှင့်သွားမှာဖြစ်ပြီး နျူကလီးယားလက်နက်နဲ့ လက်ဦးမှုယူ တိုက်ခိုက်မှုတွေ ပြုလုပ်နိုင်ပါတယ်"ဟု ကင်က ပြောကြားသည်။

အမေရိကန်နှင့် မဟာမိတ်နိုင်ငံများက မြောက်ကိုရီးယားနိုင်ငံ၏ ဆိုရှယ်လစ်စနစ်ကျဆုံးအောင် စီစဉ်လုပ်ဆောင်နေသမျှကာလတစ်လျှောက်လုံး မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးအတွက် စစ်အင်အား ဆက်လက်တိုးချဲ့နေမည်ဖြစ်ကြောင်း ကင်က ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်ပြီး မေ ၂၈ ရက်တွင် လုံခြုံရေးကောင်စီတွင်ဆွေးနွေးရန် အမေရိကန်၏ ဆုံးဖြတ်ချက်ကို မြောက်ကိုရီးယားနိုင်ငံက ပြတ်ပြတ်သားသား ငြင်းပယ်သွားမည်ဖြစ်ကြောင်း ကင်က ဆက်လက်ပြောကြားသည်။ **အင်န်အိတ်ချ်ကေ။**

# မြောက်ကိုရီးယားကို ထိန်းချုပ်နိုင်ရေးကြိုးပမ်းမည်ဟု အမေရိကန်ဒုတိယသမ္မတက ဂျပန်အား ထပ်လောင်းပြောကြားဖွယ်ရှိ

**တိုကျို မေ ၁၈**
မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားနှင့် ဒုံးလက်နက်ဆိုင်ရာ အစီအစဉ်များကို ထိန်းချုပ်နိုင်စေရေးအတွက် ကြိုးပမ်းသွားမည်ဆိုသော အမေရိကန်၏ ကတိကဝတ်အား အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်က ဂျပန်ခေါင်းဆောင်များကို ထပ်လောင်းအတည်ပြု ပြောကြားဖွယ်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အာရှဒေသသို့ ခရီးနှင်လာသော အမေရိကန် ဒုတိယသမ္မတ ပန့်စ်သည် တောင်ကိုရီးယားခရီးစဉ်ကို အဆုံးသတ်ခဲ့ပြီးနောက် မြို့တော်ဆိုးလ်တောင်ဘက်ရှိ အမေရိကန်လေတပ်စခန်းမှနေ၍ ဂျပန်နိုင်ငံမြို့တော် တိုကျိုသို့ မေ ၁၈ ရက်တွင် လေယာဉ်ဖြင့် ထွက်ခွာသွားသည်။ တောင်ကိုရီးယားနှင့် အမေရိကန်တို့ စစ်ရေးအရမဟာမိတ်ပြုမှုခိုင်မာလျက်ရှိနေပုံကို ပန့်စ်က ပြောကြားခဲ့သည်။

ဆီးရီးယားနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့တွင် အမေရိကန်က စစ်ရေးအရ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းသည် မိမိတို့အနေဖြင့် သန္နိဋ္ဌာန်ချမှတ်ထားသည့်အတိုင်း လုပ်ဆောင်တတ်ပုံကို အထင်အရှားပြသခြင်းဖြစ်ကြောင်း၊ အမေရိကန်အစိုးရအဖွဲ့အနေဖြင့် မြောက်ကိုရီးယားနိုင်ငံအပေါ် မဟာဗျူဟာအရ သည်းခံခဲ့သည့်ကာလမှာ ကုန်ဆုံးလွန်မြောက်ခဲ့ပြီဖြစ်ကြောင်း ပန့်စ်က ပြောကြားသည်။

ဒုတိယသမ္မတပန့်စ်သည် ကိုရီးယားကျွန်းဆွယ်တင်းမာမှုအခြေအနေနှင့်ပတ်သက်၍ ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးနှင့် ဆွေးနွေးမည်ဟု မျှော်လင့်ရပြီး ဂျပန်ဘဏ္ဍာရေးဝန်ကြီး တာရိုအာဆိုနှင့် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲကို ပြုလုပ်ရန် စီစဉ်ထားသည်။ အမေရိကန်ကုန်ပစ္စည်းများ ပိုမိုဝင်ရောက်နိုင်ရေးအတွက် ဂျပန်က ဈေးကွက်တိုးချဲ့ဖွင့်လှစ်ပေးရန် အမေရိကန်က လိုလားသည်။

မြောက်ကိုရီးယားနိုင်ငံသည် ဂျပန်၊ တောင်ကိုရီးယားနှင့် အမေရိကန်တို့ကို တိုက်ခိုက်ဖျက်ဆီးပစ်မည်ဟု ပုံမှန်အားဖြင့် ခြိမ်းခြောက်လျက်ရှိသော နိုင်ငံဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံသည် မေ ၁၅ ရက်က ခေါင်းဆောင်ကြီး ကင်အီဆွန်း၏ ၁၀၅ နှစ်မြောက် မွေးနေ့ နှစ်ပတ်လည်အခါသမယတွင် စစ်ရေးပြပွဲတစ်ရပ် ပြုလုပ်ခဲ့ရာတွင် ဒုံးလက်နက်များကို ကြွားကြွားဝင့်ဝင့် ပြသခဲ့သည်။ မြောက်ကိုရီးယားသည် မေ ၁၆ ရက်တွင် ဒုံးကျည်စမ်းသပ်မှုတစ်ရပ်ပြုလုပ်ခဲ့သော်လည်း စမ်းသပ်မှုမှာ အောင်မြင်မှုမရခဲ့ပေ။ **ရိုက်တာ။**



# One Belt ဖိုရမ်သို့ ကမ္ဘာတစ်ဝန်းမှ ခေါင်းဆောင် ၂၈ ဦး တက်ရောက်မည်

**ပေကျင်း မေ ၁၈**
မေလတွင်ကျင်းပမည့် တရုတ်နိုင်ငံကို အခြေပြုသည့် "One Belt, One Road" (ကုန်းမြေခါးပတ်တစ်ဝန်း၊ ရေလမ်းကြောင်းတစ်သွယ်) စီးပွားရေးဖိုရမ်ကို ကမ္ဘာတစ်ဝန်းမှ နိုင်ငံ့ခေါင်းဆောင် ၂၈ ဦးတက်ရောက်မည်ဖြစ်ကြောင်း တရုတ်အစိုးရက ပြောကြားသည်။

အဆိုပါဖိုရမ်သည် အာရှတိုက်နှင့် ဥရောပတိုက်ကို ချိတ်ဆက်မည့် စီးပွားရေးဇုန်တစ်ခု ဖန်တီးထူထောင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက မေ ၁၄ ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် အဆိုပါဖိုရမ်သို့ တက်ရောက်ရန်စီစဉ်ထားသည့် ခေါင်းဆောင်များ၏ အမည်စာရင်းကို မေ ၁၈ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ထုတ်ပြန်ထားသည့် အမည်စာရင်းတွင် ရုရှားသမ္မတ ဗလာဒီမာပူတင်၊ တူရကီသမ္မတ ရီဆက် တေရစ် အာဒိုဂန်နှင့် အီတလီဝန်ကြီးချုပ် ပါလိုဂျန်တီလိုနီ တို့ပါဝင်သည်။ ဂျန်တီလိုနီသည် အဆိုပါ ဖိုရမ်သို့ တက်ရောက်မည့် စက်မှုဖွံ့ဖြိုးပြီး ခုနစ်နိုင်ငံအုပ်စု(G-7 )မှ တစ်ဦးတည်းသော ခေါင်းဆောင်ဖြစ်သည်။

ယင်းဖိုရမ်ကို တရုတ်အစိုးရက ယခုနှစ်အတွက် နိုင်ငံ၏အရေးကြီးဆုံး သံတမန်ရေးဆိုင်ရာလှုပ်ရှားဆောင်ရွက်မှုတစ်ခုအဖြစ် ခံယူထားပြီး အစည်းအဝေးကျင်းပပုံများကို နိုင်ငံပိုင်ရုပ်သံများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် တင်ဆက်သွားမည်ဖြစ်သည်။

အဆိုပါ ဖိုရမ်ကို အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပခြင်းကြောင့် တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ကျယ်ကျယ်ပြန့်ပြန့် အကျိုးရှိရှိ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကုန်သွယ်မှုစကြံ်တစ်ခုတည်ဆောက်နိုင်မည်ဟု မျှော်လင့်ကြောင်း ဝမ်ယီက ပြောကြားသည်။ **အင်န်အိတ်ချ်ကေ။**

# အိန္ဒိယ၌ မြန်နှုန်းမြင့်ရထား ခရီးစဉ်များမစတင်မီ ဝန်ထမ်း ၅၀၀ ကျော်ကို ပြည်ပ၌ လေ့ကျင့်ပေးမည်

**နယူးဒေလီ မေ ၁၈**
အိန္ဒိယနိုင်ငံ၌ မြန်နှုန်းမြင့် ရထားခရီးစဉ်များမစတင်မီ နည်းပညာဆိုင်ရာ အတွေ့အကြုံ ဗဟုသုတရရှိနိုင်ရေးအတွက် ရထားလုပ်ငန်းမှ တာဝန်ရှိသူ ၅၀၀ ကျော်ကို ပြည်ပနိုင်ငံများသို့ လေ့ကျင့်သင်တန်းများ စေလွှတ်မည်ဖြစ်ကြောင်း ရထားလုပ်ငန်းဝန်ကြီးဌာနမှ အထက်တန်းတာဝန်ရှိသူတစ်ဦးက မေ ၁၈ ရက်တွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံရှိ ရွေးချယ်လမ်းပိုင်းများတွင် တစ်နာရီလျှင် ကီလိုမီတာ ၁၆၀ မှ ၂၀၀ အထိဖြစ်သော မြန်နှုန်းမြင့်ရထားများ ခုတ်မောင်းရန် စီစဉ်ထားပြီး မြန်နှုန်းမြင့်ရထားများ ခုတ်မောင်းခြင်းမစတင်မီ ရထားလုပ်ငန်း ဝန်ထမ်း ၅၅၀ ကို တရုတ်နှင့် ဂျပန်နိုင်ငံတို့၌ လေ့ကျင့်သင်တန်းများ တက်ရောက်နိုင်စေရန် အစီအစဉ် ပြုလုပ်လျက်ရှိကြောင်း တာဝန်ရှိသူက ပြောကြားသည်။

ဒေလီ-ကိုဝါရာ ရထားလမ်းပိုင်းနှင့် ဒေလီ-မွမ်ဘိုင်း ရထားလမ်းပိုင်းတို့၌ တစ်နာရီလျှင် ကီလိုမီတာ ၁၆၀ အမြန်နှုန်းဖြင့် အမြန်ရထားခရီးစဉ်များ ပြေးဆွဲရန်ရည်မှန်းထားသည်။ အိန္ဒိယနိုင်ငံရှိ မြို့ကြီးများအကြား မြန်နှုန်းမြင့်ရထားများ ခုတ်မောင်းခြင်းဖြင့် ခရီးသည်များ၏ ရထားစီးနင်းချိန်ကို လျှော့ချပေးနိုင်မည်ဖြစ်သည်။

မြန်နှုန်းမြင့် ရထားခရီးစဉ်သစ်များ မစတင်မီ တရုတ်နှင့် ဂျပန်နိုင်ငံတို့၌ အိန္ဒိယရထားလုပ်ငန်းဝန်ထမ်းများက သင်တန်းများ တက်ရောက်မည်ဖြစ်ပြီး ပြင်သစ်နိုင်ငံရှိ အက်စ်အင်န်စီအီး ရထားလုပ်ငန်း၏ မြန်နှုန်းမြင့်ရထား ခရီးစဉ်များကိုလည်း လေ့လာသွားရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်ဆို၏။

ၚင်းအပြင် အိန္ဒိယရထားလုပ်ငန်းဝန်ကြီးဌာနက ဒေလီ-ချန်ဒီဂတ် ရထားလမ်းပိုင်း၌ တစ်နာရီလျှင် ကီလိုမီတာ ၂၀၀ အမြန်နှုန်းဖြင့် ရထားများ ခုတ်မောင်းနိုင်ဖွယ် ရှိ၊ မရှိ လေ့လာသွားရန်ရှိနေကြောင်း တာဝန်ရှိသူက ပြောကြားသည်။ **ပီတီအိုင်။**

# ဗီယက်နမ်၌ ၂၀၁၅ ခုနှစ်နောက်ပိုင်း မူးယစ်ဆေးစွဲသူဦးရေ ၁၀၀၀၀ ကျော် တိုးလာ

**ဟနွိုင်း မေ ၁၈**
ဗီယက်နမ်နိုင်ငံ၌ ၂၀၁၅ ခုနှစ်နောက်ပိုင်း မူးယစ်ဆေးစွဲသူ လူသစ် ၁၀၀၀၀ ကျော်ကို မှတ်ပုံတင်နိုင်ခဲ့ကြောင်း အလုပ်သမား၊ မသန်စွမ်းသူနှင့် လူမှုရေးရာဝန်ကြီးဌာန အထက်တန်းတာဝန်ရှိသူတစ်ဦးက မေ ၁၈ ရက်တွင် ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၌ လောလောဆယ်ကာလတွင် မူးယစ်ဆေးစွဲသူ ၂၁၀၇၅၁ ဦးရှိကြောင်း၊ ၂၀၁၅ ခုနှစ်တွင်ရှိခဲ့သော မူးယစ်ဆေးစွဲသူဦးရေထက် ၁၀၆၁၇ဦး ပိုမိုများပြားကြောင်း အဆိုပါဝန်ကြီးဌာန၏ ဝန်ကြီး ဒေါင်ငိုဇွန်း၏ ပြောကြားချက်ကို ကိုးကားလျက် ဗီယက်နမ်စီးပွားရေးအမည်ရှိ အွန်လိုင်းသတင်းစာတွင် ရေးသားဖော်ပြသည်။


မူးယစ်ဆေးစွဲသူအများစုမှာ စိတ်ကြွရူးသွပ်ဆေးစွဲနေသူများဖြစ်ကြပြီး စိတ်ကစဉ့်ကလျားရောဂါလက္ခဏာကို ပြသလေ့ရှိကြောင်း၊ မူးယစ်ဆေးစွဲသူဦးရေ၏ ၄ ရာခိုင်နှုန်းခန့်မှာမူ ရာဇဝတ်ပြစ်မှု ကျူးလွန်ဖူးသူများဖြစ်ကြကြောင်း ဝန်ကြီး ဒေါင်ငိုဇွန်းက ပြောကြားသည်။

အထူးသဖြင့် ဗီယက်နမ်နိုင်ငံ ဒေါင်နေး၊ ဘာရီယာဗွန်တောနှင့် တေနင်းပြည်နယ်များ၌ မူးယစ်ဆေးစွဲသူများတိုးလာနေကြောင်း မူးယစ်ဆေးစွဲသူများအား ကုသပေးသည့် ပြန်လည်ထူထောင်ရေးစခန်းများ လိုအပ်နေကြောင်း ဒေါင်ငိုဇွန်းက ပြောကြားသည်။ **ဆင်ဟွာ။**


အဘိုး ဦးဆိုက်ကြည်


အဘွား ဒေါ်ကြည်သိန်း


အဘွား ဒေါ်လှကြည်


ဦးဝင်းမြင့်


ဦးကြည်သာ


အဘွား ဒေါ်သန်း

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် မိသားစု၏ အလှူတော်မင်္ဂလာတွင် အလှူရှင် သမ္မတကြီး၏စကားသံနှင့် ကန်တော့ခံ အဘိုးအဘွားတို့ပြောသည့် ပီတိစကားများ

ရန်ကုန် မေ ၁၈

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင် မိသားစုတို့၏ နှစ်သစ်ကူးမင်္ဂလာ၊ အန္တရာယ်ကင်းပရိတ်တရားတော်နာ မင်္ဂလာနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ရှိ မဟာအတုလဝေယံ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပခဲ့သည်။**

**အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က “အဓိကလုပ်နေတာကတော့ တိုင်းပြည်ငြိမ်းချမ်းရေးနဲ့ လူနေမှုဘဝ၊ တိုင်းသူပြည်သားတွေဘဝ မြင့်မားတိုးတက်ရေးကိုပဲ။ ဒါကိုအဓိကလုပ်နေတယ်” ဟု သတင်းထောက်များ၏ မေးမြန်းမှုအပေါ် ဖြေကြားခဲ့သည်။**

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး မိသားစုတို့သည် သုံးခွမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ အသက်(၈၀)နှစ်အထက် အဘိုးအဘွား ၁၅၁၄ ဦးအတွက် သက်ကြီးပူဇော်ပွဲပြုလုပ်ခဲ့ရာ ကန်တော့ခံအဘိုးအဘွားတို့အား တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်-**


အဘိုး ဦးတင်ဦး


အဘွား ဒေါ်လှဌေး

**အဘိုး ဦးဆိုက်ကြည် (သုံးခွမြို့)**

အဘိုးအသက်က (၉၇)နှစ်ရှိပြီ။ ဗိုလ်ချုပ်အောင်ဆန်းရှိတုန်းက စစ်သင်တန်းတက်ခဲ့ဖူးတယ်။ သမ္မတကြီးနဲ့ ဒေါ်စုစုလွင်တို့က သုံးခွမြို့က မိတ်ဆွေဟောင်းတွေပါ။ သမ္မတကြီးဖြစ်သွားတော့ ဝမ်းသာပီတိဖြစ်မိတယ်။ သမ္မတကြီးလည်း အသက်ရာကျော်ရှည်ပါစေ။ ဒေါ်စုစုလွင်လည်း ကျန်းမာပါစေ ဆုတောင်းပါတယ်။

**အဘွား ဒေါ်ကြည်သိန်း (သုံးခွမြို့)**

နိုင်ငံတော်သမ္မတကိုယ်တိုင် အဘွားတို့ဆီကိုလာပြီး သက်ကြီးပူဇော်ပွဲလုပ်တော့ အလွန်ဝမ်းသာတာပဲ။ အဘွားအသက်က (၈၇)နှစ်ရှိပါပြီ။ အဘွားတို့က မရှိတဲ့သူတွေဆိုတော့ ပိုပြီးဝမ်းသာတာပေါ့။ သမ္မတကြီးလည်း ဘေးကင်းပါစေ၊ ရန်ကင်းပါစေ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ နိုင်ငံတော်ကို အကောင်းဆုံး ဦးဆောင်နိုင်ပါစေလို့ အဘွား ဆုတောင်းပေးပါတယ်။ အခုလိုလာရောက်လှူဒါန်းတဲ့ သမ္မတကြီးနဲ့ မိသားစုအတွက် အမြဲတမ်းဆုတောင်းပေးသွားမှာပါ။ အမြဲတမ်း ဒီလိုပဲ လှူနိုင်ပါစေ။

**အဘွား ဒေါ်လှကြည် [သုံးခွမြို့၊ (၁)ရပ်ကွက်]**

အဘွားအသက်က (၈၃)နှစ်ပြည့်ပါပြီ။ အခုလိုမျိုး သက်ကြီးပူဇော်ခံအနေနဲ့ တစ်ခါမှမကြုံခဲ့ပါဘူး။ ပထမဆုံးအကြိမ် ကန်တော့ခံအနေနဲ့ ပါဝင်ခွင့်ရတဲ့အခါမှာ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်လာတဲ့အတွက် သိပ်ဝမ်းသာသလို ဝမ်းလည်းနည်းမိတယ်။ နောင်နှစ်တွေမှာလည်း အခုလို လှူနိုင်အောင် ဆက်ပြီးမေတ္တာပို့ပေးမယ်။ ဒီထက်ပိုပြီး သာသနာပြုနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။ အမေကတော့ ဝမ်းသာလွန်းလို့ ဘာပြောရမှန်းတောင် မသိတော့ပါဘူး။

**ဦးဝင်းမြင့်**
**[သုံးခွမြို့၊ (၃)ရပ်ကွက်]**

အဘိုးအသက်က (၈၆)နှစ်ပါ။ သက်ကြီးကန်တော့ခံအနေနဲ့ အရင်က နှစ်ကြိမ် တက်ရောက်ခဲ့ဖူးပါတယ်။ သမ္မတကြီးကိုယ်တိုင်လာတဲ့ သက်ကြီးပူဇော်ပွဲမျိုးကတော့ အခုမှ ကြုံဖူးတာပါ။ အဲဒီအတွက် အတော့်ကို ဝမ်းသာပါတယ်။ ကျေးဇူးလည်းတင်တယ်။ သမ္မတကြီးအနေနဲ့လည်း တိုင်းပြည်အတွက် ဒီထက်ပိုပြီး တာဝန်တွေ ထမ်းဆောင်နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။

**ဦးကြည်သာ (သက်ကြီးပူဇော်ပွဲအခမ်းအနားမှူး)**

ဒီနေ့ သက်ကြီးပူဇော်ပွဲမှာ သုံးခွမြို့ပေါ်ရပ်ကွက်တွေက သက်ကြီး ၃၀၀ ကျော်နဲ့ အနီးဝန်းကျင်ရွာတွေက သက်ကြီး အဘိုးအဘွားတွေ ပါဝင်ပါတယ်။ မတက်ရောက်နိုင်တဲ့ ဘိုးဘွားတွေကို လှူဖွယ်ပစ္စည်းပေးအပ်ရေးအဖွဲ့က ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေက နေတစ်ဆင့် ကိုယ်တိုင်လက်ဝယ်အရောက် ပေးအပ်သွားမှာပါ။ တစ်မြို့နယ်လုံးမှာရှိတဲ့ သက်ကြီးစာရင်းတွေကို သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရုံးမှတစ်ဆင့် အိမ်ထောင်စုဇယားတွေကနေ စာရင်းတွေ ကောက်ယူခဲ့တာပါ။ သမ္မတကြီးရဲ့ဇနီးက သုံးခွမြို့နယ်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်တော့ ရှေ့ပိုင်းနှစ်တွေမှာ ကိုယ့်အစီအစဉ်နဲ့ကိုယ် လုပ်ခဲ့တာတွေရှိပါတယ်။ ဒီနှစ်မှာတော့ ထူးထူးခြားခြားအနေနဲ့ သမ္မတကြီးကိုယ်တိုင် တက်ရောက်ပါတယ်။

**အဘွား ဒေါ်သန်း**
**[သုံးခွမြို့၊ (၆)ရပ်ကွက် ဇောတိကလမ်း]**

အဘွားအသက်က အခု(၈၅)နှစ်ထဲမှာ။ ကိုယ့်သားနဲ့ သမီးတို့ လာလှူသလိုပါပဲ။ အားလုံးကျန်းမာချမ်းသာပါစေ။ သမ္မတကြီးကိုယ်တိုင်လာလှူတော့ ဝမ်းသာလို့ မဆုံးပါဘူး။ နတ်လူသာဓုခေါ်ပါစေ။

**အဘိုး ဦးတင်ဦး [သုံးခွမြို့၊ (၁၂) ရပ်ကွက်]**

အခုလို လာရောက်လှူဒါန်းတာကျေးဇူးတင်တယ်။ ဝမ်းလည်းဝမ်းသာတယ်။ သမ္မတကြီး အသက်ရာကျော်ရှည်ပါစေ။ တိုင်းပြည်လည်း ဒီထက် အေးချမ်းသာယာပါစေလို့ ဆုပေးချင်တယ်။ အဘိုးက အသက်(၈၅) နှစ်ရှိပြီ။

**အဘွား ဒေါ်လှဌေး [သုံးခွမြို့၊ (၃) ရပ်ကွက်]**

အဘွားအသက်က (၈၃)နှစ်ရှိပါပြီ။ သမ္မတကြီးကိုယ်တိုင် လာရောက်တဲ့အတွက် ဝမ်းသာပီတိဖြစ်လွန်းလို့ မျက်ရည်တောင်ကျမိတယ်။ အဘွားတို့ကို သမ္မတကြီးကိုယ်တိုင်လာရောက်ပူဇော်ကန်တော့တဲ့အတွက် သမ္မတကြီးနဲ့ မိသားစုလည်း အသက်ရှည်ပါစေ၊ ဆန္ဒနဲ့ဘဝ တစ်ထပ်တည်းကျပါစေ။ သမ္မတကြီးရဲ့ ဇနီးက ဒီမြို့နယ်မှာ နှစ်စဉ် အလှူလုပ်နေကျပါ။ အဲဒီအတွက်လည်း သာဓုခေါ်ပါတယ်။

**တွေ့ဆုံမေးမြန်း - ရဲခေါင်ညွန့်၊ ဇော်ကြီး(ပဏ္ဍိတ)**
**ဓာတ်ပုံ - ဇော်မင်းလတ်၊ ရဲထွဋ်**

# စွမ်းအင်စနစ် ထိရောက်စွာအသုံးပြုခြင်းနှင့် စွမ်းအင်စီမံခန့်ခွဲမှုစနစ် အသုံးပြုခြင်းဆိုင်ရာသင်တန်းများ အမေရိကန်နိုင်ငံသားနှင့် ဒိန်းမတ်နိုင်ငံသား ကျွမ်းကျင်ပညာရှင်တို့ အခမဲ့သင်ကြားပေးမည်

**ရန်ကုန် မေ ၁၈**

စက်မှုလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းများတွင် စွမ်းအင်စနစ် အထိရောက်ဆုံး အသုံးပြုခြင်းဆိုင်ရာ (Energy System Optimization) သင်တန်းများနှင့် စွမ်းအင်စီမံခန့်ခွဲမှုစနစ် အသုံးပြုခြင်းဆိုင်ရာသင်တန်းများကို မြန်မာနိုင်ငံတွင် အမေရိကန်နိုင်ငံသားနှင့် ဒိန်းမတ်နိုင်ငံသား ကျွမ်းကျင်ပညာရှင်တို့က အခမဲ့ လာရောက်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးမှုအဖွဲ့ (UNIDO) မှ သိရသည်။

အဆိုပါ သင်တန်းများဖွင့်လှစ်ပို့ချလျက်ရှိရာတွင် Steam Energy System Optimization (SSO) User Level နှစ်ရက်သင်တန်းအမှတ်စဉ်(၇)ကို ရန်ကုန်မြို့ အမှတ်(၁၉၂) ကမ္ဘာအေးဘုရားလမ်း ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနဝင်းရှိ သင်တန်းခန်းမ၌ မေ ၂ ရက်နှင့် ၃ ရက်တို့တွင် နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ အခမဲ့ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်သည်။

ယင်းသင်တန်းသို့ Boiler အသုံးပြုသည့် စက်ရုံများမှ အထွေထွေမန်နေဂျာများ၊ အင်ဂျင်နီယာများ၊ Operator များ၊ Boiler အသုံးပြုခြင်းလုပ်ငန်းများနှင့် ဆက်စပ်နေသည့် ဌာနများမှ တာဝန်ရှိသူများ၊ စွမ်းအင်ကုန်ကျစရိတ် လျှော့ချလိုသော စက်ရုံ၊ အလုပ်ရုံများ၊ မိမိဝန်ထမ်းများအား စွမ်းအင်မန်နေဂျာများအဖြစ် လေ့ကျင့်ပေးလိုသောစက်ရုံ၊ အလုပ်ရုံများ၊ စွမ်းအင်မန်နေဂျာအဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသူများ၊ စွမ်းအင်စနစ် အထိရောက်ဆုံးအသုံးပြုခြင်းဆိုင်ရာပညာရပ်ကို စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို အမေရိကန်နိုင်ငံသား Steam System Expert မှ စက်ရုံ၏ Steam System Optimization အတွက် လိုအပ်ချက်များ၊ Thermodynamic and Heat Transfer အကြောင်းခြင်းရာများ၊ Steam Best Practices Software Tools အသုံးပြုနည်းများနှင့် အခြားဆက်စပ်အကြောင်းခြင်းရာများကို သင်ကြားပို့ချပေးမည်ဖြစ်သည်။ သင်တန်းသို့ အင်ဂျင်နီယာဘွဲ့ရရှိထားသူ (Bachelors in Engineering) သို့မဟုတ် Boiler ပိုင်းဆိုင်ရာလုပ်ငန်းအတွေ့အကြုံ နှစ်နှစ်နှင့်အထက်ရှိသူဖြစ်ရန်လိုအပ်ပြီး အင်္ဂလိပ်ဘာသာဖြင့် နားလည်ပြောဆိုနိုင်သူဖြစ်လျှင် ပိုမိုသင့်တော်မည်ဟုသိရသည်။ စိတ်ပါဝင်စားသူများအနေဖြင့် လျှောက်လွှာကို www.ieemyanmar.com/?page_id=4452တွင် ဒေါင်းလုတ်ရယူဖြည့်စွက်၍ email:A.ZIN@unido.org, T.OO@unido.org သို့ လည်းကောင်း၊ ဖုန်း-၀၉-၉၆၀၀၀၃၉၉၈၊ ၀၉-၅၁၉၀၉၇၉ တို့သို့ ဧပြီလ ၂၇ ရက် (ကြာသပတေးနေ့) နောက်ဆုံးထား ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်း UNIDO မှ သိရသည်။

ယင်းအပြင် Energy Management System (EnMS) User Level နှစ်ရက် သင်တန်းအမှတ်စဉ်(၉)ကို မေ ၁၅ ရက်မှ ၁၆ ရက်အထိနှင့် အမှတ်စဉ်(၁၀)ကို မေ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ရန်ကုန်မြို့ အမှတ်(၁၉၂) ကမ္ဘာအေးဘုရားလမ်း ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနဝင်းရှိ သင်တန်းခန်းမ၌ International Energy Expert က နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ သင်တန်းကြေးအခမဲ့ဖြင့် သင်ကြားပို့ချသွားမည်ဖြစ်သည်။ စွမ်းအင်ကုန်ကျစရိတ်လျှော့ချလိုသော စက်ရုံ၊ အလုပ်ရုံများ၊ စွမ်းအင်မန်နေဂျာများအဖြစ် မိမိဝန်ထမ်းများကိုလေ့ကျင့်ပေးလိုသော စက်ရုံ၊ အလုပ်ရုံများ၊ ISO 50001 Certification Process နှင့်အညီ Upgrade ပြုလုပ်လိုသော စက်ရုံ၊ အလုပ်ရုံများမှ တာဝန်ရှိသူများ၊ စွမ်းအင်မန်နေဂျာအဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသူများ၊ စွမ်းအင်အကျိုးရှိထိရောက်စွာ အသုံးပြုရေး ပညာရပ်ကို စိတ်ပါဝင်စားသူများတက်ရောက်နိုင်ကြောင်းနှင့် User နှင့် Expert Level သင်တန်းများ တက်ရောက်အောင်မြင်ပြီးပါက Energy Expert အဖြစ် အသက်မွေးဝမ်းကျောင်းပြုလုပ်နိုင်သည့် အခွင့်အလမ်းများရှိကြောင်း သိရသည်။

သင်တန်းသားဦးရေ ကန့်သတ်ထားပြီး သင်တန်းကိုဒိန်းမတ်နိုင်ငံသား Energy Management System Expert မှ သင်ကြားပို့ချပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် အင်ဂျင်နီယာဘွဲ့ရရှိထားသူ (Bachelors in Engineering) သို့မဟုတ် Energy Management ပိုင်းဆိုင်ရာလုပ်ငန်းအတွေ့အကြုံရှိရန်လိုအပ်ပြီး အင်္ဂလိပ်ဘာသာဖြင့် နားလည်ပြောဆိုနိုင်လျှင် ပိုမိုသင့်တော်မည်ဟုသိရသည်။ စိတ်ပါဝင်စားသူများအနေဖြင့် လျှောက်လွှာကို www.ieemyanmar.com/?page_id=4452တွင် ဒေါင်းလုတ်ရယူဖြည့်စွက်၍ email: A.ZIN@unido.org, T.OO@unido.org သို့ လည်းကောင်း၊ ဖုန်း-၀၉-၉၆၀၀၀၃၉၉၈၊ ၀၉-၅၁၉၀၉၇၉ တို့သို့ မေ ၉ ရက် နောက်ဆုံးထား ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းUNIDO မှ သိရသည်။

**(၀၀၁)**

# သူနှင့် ငါကို ခွဲခြားနေတာထက် တစ်လောကလုံး ငါဖြစ်အောင်လုပ်ပါ

မင်းသိမ်း(နေပြည်တော်)

မြတ်သောပုဂ္ဂိုလ်များ၊ တိုင်းသူပြည်သားများကို ရင်ဝယ်သားကဲ့သို့ သဘောထားကြီးသည့် ပုဂ္ဂိုလ်များတွင်သာ ရှိတတ်သည့် စိတ်ထားမျိုးဖြစ်ပေသည်။ သတ္တလောကကြီးတွင်ရှိနေကြသည့် လူသားတိုင်းသည် အလုပ်နှစ်ခုကို တစ်ပြိုင်တည်း လုပ်နေဖို့လိုပေသည်။ ပထမအလုပ်သည် သူ၏ စွမ်းဆောင်ရည်ကိုပြခြင်းဖြစ်ပြီး ဒုတိယအလုပ်သည် သူ၏ မြင့်မြတ်မှုကို ပြသခြင်းပင် ဖြစ်ပေသည်။ လူအများအပေါ် မေတ္တာထားခြင်း၊ မေတ္တာပို့ခြင်း၊ ဆုတောင်းပေးခြင်း၊ အာရုံပြုပေးခြင်းတို့သည် စိတ်နှင့် ဒုတိယအလုပ်ကို လုပ်ခြင်းပင်ဖြစ်ပေသည်။

ကိုယ့်ဘဝ ကိုယ့်စိတ်တိုင်းကျ ထူထောင်အောင်မြင်သူအများစုသည် အတွင်းစိတ်၏ အကူအညီကို ယူနိုင်ခဲ့သူများဖြစ်ကြောင်း တွေ့ရှိရပေသည်။ အတွင်းစိတ်ဆိုသည့်အရာသည် ကြီးမားသည့် စွမ်းအားဖြစ်၍ အောင်မြင်သူအများစုအတွက် အဆိုပါစွမ်းအားဖြင့် သိန္ဓောမြင်းအလားအရှိန်အဟုန်ပြင်းစွာဖြင့် ခရီးနှင်ခဲ့ကြသူများပင် ဖြစ်ပေသည်။ သို့ရာတွင် မြင်းစီးသမားကောင်းတစ်ယောက်သည် မြင်း၏ ဇက်ကြိုးကို မည်သို့ကိုင်တွယ်မည်၊ လိုရာခရီးကို အေးချမ်းချောမောစွာဖြင့် မည်သို့ မောင်းနှင်မည်ကို သိပြီးသား ဖြစ်နေရပါမည်။

အချို့အချို့သော လူများသည် အလုပ်တစ်ခု၏ အတိမ်အနက်၊ ဖြစ်ရိုးဖြစ်စဉ်နှင့် အသစ်အဆန်းဖြစ်တည်မှုတို့အပေါ် ကြံ့ကြံ့ခံနိုင်မှုမရှိ၍ ဆက်မလုပ်ကြခြင်းမျိုး တွေ့နေရပါသည်။ ၎င်းတို့သည် အလုပ်က ပေးစွမ်းနိုင်သည့် အခွင့်အလမ်းများ၊ အတွေ့အကြုံများ၊ ဗဟုသုတများကို လက်လွှတ်ဆုံးရှုံးခံရပြီး မူလနေရာမှာပင် မိမိရှိနေသေးကြောင်းကို သတိမထားတတ်သူများဖြစ်ပေသည်။ လူ့ဘဝတွင် တက်လမ်း(သို့) အောင်မြင်မှုလမ်းသည် ရှည်လျားတတ်သည့် သဘောရှိသလို အမြဲတမ်းလည်း မတ်စောက်ပြီး ခက်ခဲတတ်ပေသည်။ သို့တစေ စိတ်ရှည်မှု၊ အာရုံစူးစိုက်မှုနှင့် အားထုတ်မှုတို့ကြောင့် အောင်မြင်မှုကို ပေးစွမ်းနိုင်ကြောင်းနှင့် ဖြစ်ထိုက်သည်ထက် တစ်ဝက်သာဖြစ်နေခြင်းကို မသိသူများပင် ဖြစ်ပေသည်။ မိမိ၏ အစွမ်းသတ္တိကို အသုံးမချတတ်ခြင်းသည် အဖိုးတန်ပစ္စည်းတစ်ခုကို အသုံးမပြုဘဲ ဗီရိုအံဆွဲထဲ ထည့်သိမ်းထားမိသည့် သဘောဖြစ်နေပါသည်။

အခွင့်အလမ်းဆိုသည့်အရာသည် အခြေအနေ၊ အချိန်အခါအရ မမျှော်လင့်ဘဲ ပေါ်လာတတ်ခြင်းဖြစ်၍ ကိုယ့်ကိုယ်ကိုယ် ကြိုတင်ပြင်ဆင်ထားမှု မရှိပါက အချိန်ကိုက် အကောင်အထည်ဖော်နိုင်ရန် လွယ်ကူမည်မဟုတ်။ လောကတွင် အခက်အခဲနှင့် တန်ဖိုးအရှိဆုံးပညာသည် မည်သည့်ပညာဟုမေးလျှင် လူမှုရေးပညာပင်ဖြစ်ပေသည်။ မိမိလုပ်စေလိုသည့်အလုပ်ကို မိမိဖြစ်စေလိုသည့် ပုံစံဖြစ်လာအောင် အခြားသူများကို ခိုင်းစေတတ်ခြင်းပင် ဖြစ်ပေသည်။ ယခင့်ယခင် ဆောင်းပါးများတွင် ဖော်ပြထားသလို "ခေါင်းဖြီးချင်ရင်တော့ ဆံပင်ရှိဖို့လိုပါမည်"။ အောင်မြင်သူတိုင်းသည် လူတွေကို ကောင်းစွာ ကြီးကြပ်အုပ်ချုပ်တတ်ပြီး လူ့သဘောကိုနားလည်ကာ ခေတ်မီဗဟုသုတရှိသူများပင် ဖြစ်ပေသည်။ လူတစ်ယောက်၏ အကြောင်းကို သိလိုလျှင် ထိုသူ၏ ပတ်ဝန်းကျင်အပေါင်းအသင်းနှင့် သူဖြတ်သန်းခဲ့သည့်အဆင့်ကို သိဖို့လိုပေသည်။

မည်သည့်လုပ်ငန်းမဆို သူများထက်ထူးချွန်အောင်မြင်ချင်လျှင် မိမိ၏ စိတ်ကူးဉာဏ်ကို သုံးတတ်ဖို့ လိုပေသည်။ လုပ်ငန်းတိုင်းတွင် ပြဿနာရှိ၍ ပြုပြင်စရာ၊ တိုးချဲ့စရာများ အမြဲတမ်းရှိတတ်ပေသည်။ ကြာချင်ကြာမည်။ သို့သော် နည်းလမ်းရှာတတ်ဖို့သာ လိုပေသည်။ ကောင်းသည့် ကိုယ်ရည်ကိုယ်သွေးရှိသူသည် အရာရာကို အကောင်းဘက်က ကြည့်တတ်ပြီး ကြီးပွားတိုးတက်ချင်လျှင် လူ့သဘာဝကို နားလည်နိုင်စွမ်းရှိအောင် သင်ယူရပေမည်။ လူတွေဘာလုပ်ချင်သလဲ၊ ဘာကိုမလုပ်ချင်ဘူးလဲ ဒါကိုသိဖို့လိုပေသည်။ မိမိ၏ အတ္တကိုထိန်းပြီး တစ်ဖက်သား၏ အတ္တကို "ဆွ" ပေးတတ်ဖို့လိုပေသည်။ လူများကို သူတစ်ပါးအတွေ့အကြုံနှင့် ရင်ဖွင့်ပြောနေစဉ်တွင် အနှောင့်အယှက်မပေးမိဖို့ လိုပေသည်။ အချို့ပြောစကားများသည် အဆင့်မရှိ။ ငြင်းခုံနေလျှင် တန်းတူသလိုဖြစ်သွားတတ်၍ အဆုံးအဖြတ်ပေးမည့် ပုဂ္ဂိုလ်၏ အခန်းကဏ္ဍသည် အရေးပါလာပေသည်။ နားထောင်ပေးဖို့သာလိုသည်။ လိုက်လျောပေးဖို့မဟုတ်။ အဆိုပါ နိယာမကို ခေါင်းဆောင်ဖြစ်လာကြမည့် ယနေ့လူငယ်များ အထူးသတိပြု လိုက်နာဖို့လိုပေသည်။

ဆက်ဆံရေးနယ်ပယ်တွင် ကိုယ့်ကိုယ်ကိုယ် အရောင်းသမားကဲ့သို့ မဆက်ဆံမိဖို့နှင့် သူမသိသေးသည့် စိတ်ကူးတစ်ခုကို တင်ပြသည့်အခါတွင် သူမေ့နေသည်ကို ပြန်ပြောပြသည့်အနေမျိုး ပြောတတ်ဖို့လိုပေသည်။ သို့ရာတွင် ကျားထိုးသည့်နေရာတွင် မိမိစိတ်ကူးထားသည့် ရွှေ့ကွက်ကို တစ်ဖက်သားက သိနေခြင်းမျိုး၊ ဖဲကစားရာတွင် ကိုယ့်လက်ထဲက ဖဲချပ်ကို ပြိုင်ဘက်က မြင်နေခြင်းမျိုး၊ ဘောလုံးကစားရာတွင် ကိုယ့်ပြေးလမ်းကို တစ်ဖက်က ကြိုသိနေခြင်းမျိုး၊ ဖြစ်နိုင်ရင်တော့ မိမိ၏ ရည်ရွယ်ချက်အောင်မြင်ရန် နည်းနည်းအခက်တွေ့တတ်ပေသည်။ ကိစ္စရပ်တိုင်းတွင် တစ်ဖက်က ပြောခြင်းကို နားထောင်ပြီးမှ ကိုယ်ဘာပြောသင့်သည်ကို စဉ်းစားရပေမည်။ သို့မှသာ သူ၏အတွင်းစိတ် မည်သို့ရှိသည်ကို ခန့်မှန်း၍ရပေမည်။ တစ်ခါတစ်ရံ နားထောင်လို့ကောင်းသည်။ စေတနာရှိဟန်ပေါ်သည်။ နိုင်ငံခြားပညာတော်သင်သွားစဉ်က မြန်မာသံအမတ်ကြီး တစ်ယောက်နှင့် စကားပြောဖြစ်ခဲ့ပါသည်။ ခုတော့ဆုံးသွားခဲ့ပါပြီ။ သူဘာပြောသလဲဆိုတော့ "ဗိုဇမာလူမျိုးတွေဟာ နေရာတကာသိတဲ့ပုံမျိုးပြတတ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆင်းရဲတာကိုးကွ။ ဘဝမှာ ရုန်းကန်ခဲ့ရတာတွေများတော့ မိမိဘဝရပ်တည်မှုအတွက် ကောင်းတဲ့အတွေးရော၊ မကောင်းတဲ့အတွေးပါ သူ့ခေါင်းထဲမှာရှိတယ်။ ဒါပေမယ့် ဘယ်ကိစ္စကို ကျွမ်းကျွမ်းကျင်ကျင် တတ်သလဲလို့မေးကြည့်။ ဒါကြောင့်လည်း နိုင်ငံတကာနဲ့ယှဉ်ရင် တို့နောက်ကျနေတာ။

တချို့တစ်ဦးတစ်ယောက်ရဲ့ တင်ပြချက်အပေါ် လူတတ်ကြီးလုပ်ပြီး အမြဲဆန့်ကျင်တတ်တဲ့ သူတွေရှိတယ်။ များသောအားဖြင့်တော့ အတတ်ပညာသိပ်မရှိတဲ့သူတွေပေါ့။ ပုံစံဟောင်းတစ်ခုကို ပုံစံသစ်ပြောင်းလဲချင်ရင် ပုံစံသစ်သုံးခုလုပ်ထား။ ပထမနှစ်ခုက မသိမသာ ကွဲပြားရုံပဲဖြစ်ပြီး အားလုံးနီးပါးတူညီတဲ့ သဘောဖြစ်ရမယ်။ တတိယပုံစံကတော့ လုံးဝကွဲပြားရမယ်။ ကိုယ်က ပထမပုံစံ နှစ်ခုကို မကြိုက်လို့ တတိယပုံစံကို ထောက်ခံတဲ့ သဘောမျိုး တင်ပြကြည့်။ တင်ပြချက်အပေါ် အမြဲဆန့်ကျင်နေတဲ့သူက တတိယပုံစံကို ပယ်လိမ့်မယ်။ ပထမ နှစ်ခုထဲက တစ်ခုခုကို ရွေးလိမ့်မယ်။ ဒါဆို မိမိလုပ်ချင်တဲ့ ဆန္ဒဖြစ်လာလိမ့်မယ်။ အင်မတန်မှတ်သားစရာကောင်းတဲ့စကားမို့ SHARE လုပ်တဲ့ သဘောပါ။

လူ့ဘဝဆိုသည်မှာ ကာလအပိုင်းအခြားအနားသတ်နှင့် ရှင်သန်နေကြရခြင်းဖြစ်သလို လူတစ်ဦးစီတွင်လည်း တာဝန်တစ်ရပ်ဖြင့် ရောက်လာကြခြင်းဖြစ်ပေသည်။ ရခဲလှသည့် လူ့ဘဝတွင် တာဝန်မကျေပွန်လျှင် လူတော့လူပဲ။ အလကားလူပဲ။ ထိုသို့ဆိုလျှင် လူ့ဘဝတန်ဖိုးဆိုတာဘာလဲ။ ငွေရှိဖို့လိုအပ်သည်ဆိုငြား အချိန်သည်လည်း ရွှေလိုပင် တန်ဖိုးရှိပေသည်။ ကုန်ဆုံးသွားသည့် အခြားမည်သည့်အရာမဆို ဖြည့်ဆည်းပေး၍ ရချင်ရမည်။ ကုန်ဆုံးသွားသည့် အချိန်အတွက် ပြန်ဖြည့်ဆည်းပေးဖို့ဆိုတာ မဖြစ်နိုင်ပါ။

နောက်တစ်ခုက အာဏာပါ။ အာဏာရှိလျှင်လည်း ကြွယ်ဝချမ်းသာမှုကို ဖန်တီးနိုင်သည်။ လေးစားမှုကိုလည်း ရနိုင်သည်ဆိုသော်လည်း ပညာအသာစီးရနိုင်မှုကိုတော့ ကျော်လွှား၍မရပါ။ လူ့ဘဝတွင် လုပ်ကိုလုပ်ရမည့် အလုပ်လေးတွေကို ခွဲခြားသိဖို့လိုပေသည်။ သိဖို့ဆိုလျှင် ပညာတတ်ဖို့ လိုပါသည်။ ပညာမဲ့သူ သို့မဟုတ် ပညာအနည်းငယ်တတ်သူသည် အရေးပေါ်လုပ်ရမည့်အလုပ်။ အရေးကြီးပြီး အရေးပေါ်လုပ်စရာမလိုသည့်အလုပ်။ အရေးမကြီးသော်လည်း အရေးပေါ်လုပ်ရမည့် အလုပ်နှင့် အရေးလည်းမကြီး အရေးပေါ်လည်းလုပ်စရာမလိုသည့် အလုပ်များကို ခွဲခြားသိမြင်နိုင်စွမ်းရှိမှုတွင် အားနည်းပါသည်။ ဘာဖြစ်လို့လဲ ဆင်ခြင်တုံတရားကို အထောက်အကူပြုသည့် ပညာအခြေခံနည်းလို့ ဖြစ်ပေသည်။ လူတိုင်းလူတိုင်းတွင် စဉ်ဆက်မပြတ်သင်ကြားမှု ပြုလုပ်နေရပါမည်။ သို့မှသာ အရေးကြုံလျှင် သက်လုံကောင်းနေမှာ ဖြစ်ပေသည်။

တစ်ခါ "အတ္တ" ဆိုသည့်အရာကို အဓိပ္ပာယ်ဖွင့်ဆိုကြည့်ရာမှာ မိမိအကျိုး၊ မိမိအတွက် ဆောင်ရွက်ခြင်းဖြစ်သည်ဟု နားလည်ထားပါသည်။ သို့သော် မိမိအတ္တကို အရောင်တင်ရာတွင် တစ်ပါးသူများကို မထိခိုက်ဖို့လိုပေသည်။ သူတစ်ပါး မထိခိုက်သမျှ အတ္တနယ်မြေကို ချဲ့ချင်သလောက် ချဲ့၍ရပါသည်။ သို့သော် လွန်ကဲသည့် အတ္တမျိုးတော့ ဖြစ်၍မရပါ။ လွန်ကဲသည့် အတ္တသည် မတော်လောဘကို ဖြစ်စေပြီး အကုသိုလ်လည်း ဖြစ်စေပါသည်။ ထိုက်သင့်သရွေ့ လောဘရှိခွင့် ရှိသော်လည်း မတော်လောဘသဘောမျိုး မဖြစ်ဖို့လိုပေသည်။ လူဆိုသည်မှာ မိခင်ဝမ်းကြာတိုက်မှ ထိုးထွက်လာစဉ်ကပင် မိခင်အသင့်ဖြစ်သည်၊ မဖြစ်သည်ကိုမသိ။ အသံကုန်ဟစ်၍သာ နို့ချိုတောင်းတတ်၍ လူဆိုသည့်သူသည် အတ္တနှင့်မွေးလာသူဖြစ်ပေသည်။ သို့ရာတွင် ငိုနေကျထက် ပိုမငိုဖို့တော့ လိုပါလိမ့်မည်။

မြတ်သောပုဂ္ဂိုလ်တိုင်း လောကလူအများအပေါ် ဖြစ်စေချင်သည့်အရာ နှစ်ခုရှိပါသည်။ ကျေးဇူးပြုတတ်သူဖြစ်စေချင်သလို နောက်တစ်ခုက ကျေးဇူးသိလို့ တုံ့ပြန်တတ်သူဖြစ်စေချင်ပါသည်။ မည်သို့သော အနေအထားမျိုးကို ဆိုလိုပါသနည်း။ လောကကို မိမိအတွက် အသုံးမချဘဲ မိမိကိုယ်ကို လောကအတွက် အသုံးချဖို့ဖြစ်ပါသည်။ သို့မှသာ တစ်လောကလုံး ငါဖြစ်အောင် လုပ်နိုင်ပါလိမ့်မည်။ အဆိုပါလူများသည် ပတ်ဝန်းကျင်အနေအထား ပြောင်းလဲမှုအပေါ် လိုက်လျောညီထွေစွာ ဆောင်ရွက်တတ်သလို တီထွင်ကြံဆမှုလည်း ရှိပေသည်။ တစ်ခါအတွေးအခေါ် မြော်မြင်တတ်သည့်အပြင် အနာဂတ်အမြင်လည်း ရှိပေသည်။ တစ်ဖန်ချီးမွမ်းခြင်းနှင့် ကဲ့ရဲ့ခြင်းကိုလည်း ကောင်းစွာခွဲခြားတတ်သူဖြစ်ပေသည်။ တုန်လှုပ်မှု ကင်းပါသည်။

"သေလောယထာ ဧကဃနော၊ ဝါ တေနနသမီရတိ။

"ဧဝံနိန္ဒာ ပသံသာသု၊ နသမိဥ္ဇန္တိပဏ္ဍိတာ"တဲ့။ ဓမ္မပဒ (၆)မှ ဖြစ်ပါသည်။ ဧကဃနော၊ တစ်ခဲနက်သော၊ သေလော၊ ကျောက်တောင်သည်၊ ဝါတေန၊ လေးမျက်နှာမှ လာသောလေကြောင့်၊ နသိရတိယထာ၊ မတုန်မလှုပ်နိုင်သကဲ့သို့၊ ဧဝံ-တတာ၊ ထို့အတူ ပဏ္ဍိတာ၊ ပညာရှိတို့သည် နိန္ဒာပသံသာတု၊ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့်၊ နသမိဥ္ဇန္တိ၊ မတုန်လှုပ်ကုန်၊ အဓိပ္ပာယ်ကတော့ "ပညာရှိတို့သည် ချီးမွမ်းသည်ဖြစ်စေ၊ ကဲ့ရဲ့သည်ဖြစ်စေ၊ စိတ်၌ တုန်လှုပ်ခြင်း မရှိကြပေ။ ပညာမဲ့သော သူတို့သာလျှင် မိမိ၏နား၌ နှစ်သက်သောအသံကို ကြားပါက လိုချင်သောလောဘစိတ်ဖြင့် တုန်လှုပ်၏။ မနှစ်သက်သော အသံကို ကြားပါက အမျက်ထွက်သော ဒေါသစိတ်ဖြင့် တုန်လှုပ်၏။ ဤသို့သော လောဘဒေါသတရားများကြောင့် တစ်နေ့သောအခါ၌ ဒုက္ခဖြစ်မည်ကို မသိသည်မှာ မောဟပင်ဖြစ်ပေသည်။ ဤသုံးပါးကြောင့် တုန်လှုပ်၏" ဟူပင်ဖြစ်ပေသည်။

မြင့်မြတ်သော ပုဂ္ဂိုလ်တို့သည် ခြေကုပ်နှင့် ခြေလှမ်းတို့၏ သဘောကို ကောင်းစွာနားလည်ပါသည်။ ခြေကုပ်ဆိုသည်မှာ ကိုယ့်ကို ပရိသတ်က အပိုင်စားပေးထားသည့် နေရာ၊ ခြေလှမ်းဆိုသည်မှာ ကိုယ်ဘာဖြစ်ချင်သနည်း။ လိုချင်တာကို ဖော်ပြခြင်းပင်ဖြစ်ပေသည်။ ရှိရင်းစွဲ ခြေကုပ်မှသည် ရောက်ချင်သည့် ရှေ့စခန်းသို့ ချီတက်ရာတွင် ပရိသတ်အပါခေါ်နိုင်ဖို့သာ လိုပေသည်။ မိမိလှမ်းမည့် ခြေလှမ်းအပေါ် ပရိသတ်ယုံဖို့သာ လိုပေသည်။ စခန်းသစ်ဖွင့်လှစ်နိုင်ဖို့ဆိုရင်တော့ တစ်ဆင့်ပြီးတစ်ဆင့် လှမ်းတက်နိုင်ဖို့သာ ကြိုးစားနေရပါမည်။

ကိုယ့်လှေကို ကိုယ့်ဟာကို အပေါက်ဖောက်ပြီး ရေစီးကြမ်းသည့် မြစ်တွင် လှော်ခတ်နေသလိုမျိုး မဖြစ်ရအောင်နှင့် မနေ့က အောင်မြင်မှုအပေါ် ယစ်မူးပြီး ညနေပိုင်း ပြုခဲ့သည့် အမှားကို မေ့လျော့နေမည်ဆိုလျှင် မနက်ဖြန်တွင် ဝမ်းနည်းစရာအဖြစ် ကြုံရတတ်ကြောင်းကို အသိပညာ၊ အတတ်ပညာအရသော်လည်းကောင်း၊ အတွေ့အကြုံအရသော်လည်းကောင်း သိပြီးဖြစ်ရပါမည်။ ကျွန်ုပ်နှင့်သဘောတူသူကို မိတ်ဆွေ၊ ကျွန်ုပ်အားဝေဖန်ကြသူများကို ကျွန်ုပ်၏ ဆရာနှင့် ကျွန်ုပ်အား မြှောက်ပင့်ကြသူများအား ကျွန်ုပ်၏ ရန်သူများအဖြစ် ခွဲခြားတတ်မှ "သူနှင့်ငါကို ခွဲခြားနေတာထက် တစ်လောကလုံး ငါဖြစ်အောင် လုပ်နိုင်ပါကြောင်း" တင်ပြလိုက်ရပေသည်။ ။

**ကိုယ့်လှေကို ကိုယ့်ဟာကို အပေါက်ဖောက်ပြီး ရေစီးကြမ်းသည့် မြစ်တွင် လှော်ခတ်နေသလိုမျိုးမဖြစ်ရအောင်နှင့် မနေ့က အောင်မြင်မှုအပေါ်ယစ်မူးပြီး ညနေပိုင်းပြုခဲ့သည့် အမှားကို မေ့လျော့နေမည်ဆိုလျှင် မနက်ဖြန်တွင် ဝမ်းနည်းစရာအဖြစ် ကြုံရတတ်ကြောင်းကို အသိပညာ၊ အတတ်ပညာအရသော် လည်းကောင်း၊ အတွေ့အကြုံအရသော်လည်းကောင်း သိပြီးဖြစ်ရ ပါမည်။ ကျွန်ုပ်နှင့်သဘောတူသူကို မိတ်ဆွေ၊ ကျွန်ုပ်အားဝေဖန် ကြသူများကို ကျွန်ုပ်၏ဆရာနှင့် ကျွန်ုပ်အား မြှောက်ပင့်ကြသူ များအား ကျွန်ုပ်၏ရန်သူများအဖြစ် ခွဲခြားတတ်မှ "သူနှင့် ငါကို ခွဲခြားနေတာထက် တစ်လောကလုံး ငါဖြစ်အောင် လုပ်နိုင်ပါ ကြောင်း"။**



ဒေါက်တာဇော်ဝေစိုး
ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်(၁)



ဒေါက်တာနုနုမေ
မေ့ဆေးအထူးကုဆရာဝန်ကြီး



ဒေါက်တာသီတာလှ(ဆေးရုံအုပ်ကြီး)၊
ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး



ဒေါက်တာကျော်အောင်ထွန်း (အရိုးခွဲစိတ်အထူးကု ဆရာဝန်ကြီး) ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီး



ပြတ်တောက်သွားသည့် လက်အား စတီးချောင်းနှင့် ဆက်ကာ ခွဲစိတ်ကုသပြီးနောက် အရေပြားအစားထိုးအဆင့် ကုသမှု (ဝဲပုံ) နှင့်

ခွဲစိတ်ကုသမှု ခံယူသည့် သာဂရမြို့နယ်မှ ကိုအေးထွန်းအား ကျန်းမာစွာ တွေ့ရစဉ်။ (ယာပုံ)



**❖ မြန်မာနိုင်ငံမှ**
**ဒေါက်တာဇော်ဝေစိုး**
**ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်(၁)**

ကျွန်တော်ကတော့ အရိုးရောဂါကုဆရာဝန်ဖြစ်ပါတယ်။ မြန်မာပြည်မှာ လက်ပြတ်တာတွေကို ဆက်ခဲ့တာကတော့ ကြာပါပြီ။ ကျွန်တော်တို့ရဲ့ ဆရာကြီးတွေဖြစ်တဲ့ ဆေးတက္ကသိုလ် (၁) ပါမောက္ခဆရာဦးမျိုးမြင့်က ၁၉၈၀-၉၀ ပတ်ဝန်းကျင်လောက်က လက်ပြန်ဆက်ခဲ့တာ အဲဒီအချိန်က အရှေ့တောင်အာရှမှာ လက်ပြတ်တာပြန်ဆက်ခြင်း ဦးဦးဖျားဖျားကုသမှုမှာ အောင်မြင်မှုရခဲ့ပါတယ်။

အဲဒီနောက်ပိုင်းမှာ လက်ပိုင်းဆိုင်ရာမှာ တာဝန်ယူနေတဲ့ ပါမောက္ခဦးခင်မောင်မြင့်တို့အဖွဲ့တွေ အောင်မြင်ခဲ့တာတွေ အများကြီးရှိပါတယ်။ နေပြည်တော်အနေနဲ့တော့ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ နေပြည်တော်ခုတင်(၁၀၀၀) ဆေးရုံမှာ ဆောင်ရွက်နိုင်လို့ ဝမ်းသာဂုဏ်ယူပါတယ်။ အခုလို နှစ်သစ်မှာ မင်္ဂလာသတင်းတစ်ခုထုတ်ပြန်နိုင်တဲ့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့လည်း ဂုဏ်ယူပါတယ်။

နောက်ပြီးတော့ ဒီအောင်မြင်မှုဟာ ပါမောက္ခဦးကျော်အောင်ထွန်းနဲ့ အရိုးအထူးကု ဆရာဝန်အဖွဲ့ရဲ့ ပိုင်နိုင်ကျွမ်းကျင်မှုအပြင် အသင်းအဖွဲ့နဲ့လည်းဆိုင်ပါတယ်။ Teamwork ဆိုတာ လက်ပြတ်တဲ့နေရာကနေပြီးတော့ သယ်လာတဲ့ Ambulance ရဲ့အခန်းကဏ္ဍ၊ အရေးပေါ်ဌာနကို ရောက်တဲ့အခါပြုစုတာ၊ အရေးပေါ်ပြုစုတာကနေ အရေးပေါ်ခွဲစိတ်တာ၊ ဒီလက်ကို ပြန်ပြီးဆက်တာ၊ ပြီးရင် ခွဲစိတ်ခန်းကနေပြီးတော့ လူနာကိုအရေးပေါ် ကြပ်မတ်ဆောင်ရွက်တာ၊ မေ့ဆေးဆရာဝန်တွေ၊ ဆေးရုံအုပ်ချုပ်မှုအဖွဲ့တွေ၊ ဓာတ်ခွဲခန်းတွေ၊ ဓာတ်မှန်တွေ၊ သူနာပြုဆရာမတွေ၊ ဝန်ထမ်းတွေအားလုံး Teamwork နဲ့ ဆောင်ရွက်ခဲ့လို့ ကျွန်တော်တို့အောင်မြင်ခဲ့ကြတာ ဖြစ်ပါတယ်။

အဲဒီလို အောင်မြင်ဖို့ Teamwork က သိပ်ကိုအရေးကြီးပါတယ်။ တစ်ဦးချင်းရဲ့ စွမ်းဆောင်ရည်တွေ၊ ကျွမ်းကျင်မှုတွေ အရေးကြီးသလို အားလုံးပေါင်းစည်းပြီးတော့ ဆောင်ရွက်နိုင်တာကလည်း အရေးကြီးပါတယ်။ ဒါဟာ ခုတင်(၁၀၀၀) ဆေးရုံမှာ ဒုတိယအကြိမ်ပြုလုပ်တာဖြစ်ပြီး ပထမအကြိမ်ကတော့ မအောင်မြင်ခဲ့ပါဘူး။

**ဒေါက်တာနုနုမေ**
**မေ့ဆေးအထူးကုဆရာဝန်ကြီး**

အရိုးဆရာဝန်ကြီးတွေကနေပြီးတော့ လက်ပြတ်တဲ့လူနာကို ပြန်ပြီးတော့ဆက်ဖို့ရှိတယ်ဆိုပြီး ခွဲခန်းကို အကြောင်းကြားလာပါတယ်။ ခွဲခန်းကို အကြောင်းကြားလာတဲ့အခါ ကျွန်မတို့က ဒီလူနာကို သတ်မှတ်ထားတဲ့အချိန်မှာ ခွဲခန်းကိုခေါ်ပါတယ်။ အဲဒီအချိန်မှာ ခွဲခန်း Team ရဲ့ သူနာပြုဆရာမတွေ၊ အလုပ်သမားတွေ၊ မေ့ဆေးလက်ထောက်ဆရာဝန်တွေနဲ့ အားလုံးပူးပေါင်းပြီးတော့ ဒီလူနာကို ခွဲစိတ်တဲ့အခါမှာ ကျွန်မတို့ မေ့ဆေးပေးခဲ့ပါတယ်။

မေ့ဆေးမပေးခင် လူနာရဲ့ရောဂါအခြေအနေအားလုံးကို ကြည့်ရှုရပါတယ်။လူနာမှာရှိတဲ့ သွေးအဖြေတွေ၊ သွေးအားနည်းသလား၊ အဆုတ်အခြေအနေကောင်းသလား၊ နှလုံးအခြေအနေ ကောင်းသလားဆိုတာတွေကို ကြည့်ရပါတယ်။ ထုံဆေးနဲ့မေ့ဆေးကတော့ ထုံဆေးမှာ မျိုးစုံရှိပါတယ်။ အကြောအရိုးထုံဆေး၊ လက်မှာပေးတဲ့ ထုံဆေး၊ မေ့ဆေးလည်းရှိပါတယ်။ အဲဒီအခါမှာလူနာရဲ့ရောဂါအခြေအနေ၊ ခွဲစိတ်မယ့် နေရာတွေအပေါ်မှာ လိုက်ပြီးတော့ မေ့ဆေးနဲ့ထုံဆေးကို ရွေးချယ်ပြီးပေးတာဖြစ်ပါတယ်။

**ဒေါက်တာသီတာလှ**
**ဆေးရုံအုပ်ကြီး၊ နေပြည်တော် ခုတင်(၁၀၀၀)**
**ပြည်သူ့ဆေးရုံကြီး**

ဒီလိုခွဲစိတ်နိုင်တာဟာ ဆေးရုံအတွက်လည်း ဂုဏ်ယူစရာဖြစ်ပါတယ်။ နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)ကတော့ ဆေးရုံလာတက်တဲ့ လူနာအကုန်လုံးကို ဆေးဝါး၊ စက်ပစ္စည်းအားလုံးနဲ့ အခမဲ့ကုသပေးတာဖြစ်ပါတယ်။ ဒီလူနာကိုလည်းပဲ ဒီအတိုင်း ဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။ ဒီလူနာကတော့ လက်ပြတ်ပြီးလာတာပါ၊ ပြတ်နေတဲ့လက်ကို နောက်တစ်ခေါက်ပြန်ယူရပါတယ်။ နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံမှာ အရိုးအထူးကုခွဲစိတ်ဌာနရှိပါတယ်။ အရေးပေါ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဥတ္တရသီရိ အရိုးဆေးရုံကြီးမှာတော့ အေးအေးဆေးဆေးထားလို့ရတဲ့ လူနာတွေကို ကုသပေးနေပါတယ်။ ပြည်သူလူထုအနေနဲ့ အရိုးနဲ့ ပတ်သက်တဲ့ ထိခိုက်ဒဏ်ရာရရင် ဘယ်ကိုလာရမယ်ဆိုတာ သိစေချင်ပါတယ်။

**ကိုအေးထွန်း(လူနာ)၊ သာဂရ**

ကျွန်တော်က ရေတာရှည်မြို့နယ် သာဂရမှာနေတာပါ။ ယာခုတ်တဲ့လုပ်ငန်းလုပ်ကိုင်ပါတယ်။ အခုဖြစ်စဉ်က လက်ကို ဓားနဲ့အခုတ်ခံရတာပါ။ အလုပ်အတူလုပ်တဲ့ သူငယ်ချင်းက ခုတ်တာပါ။ ကျွန်တော့်ကို ခုတ်လိုက်တဲ့ အချိန်မှာ ကျွန်တော်က လက်နဲ့ခံလိုက်တော့ တိခနဲဆို ပြတ်သွားတာ၊ သွေးပူနေတော့ လက်ပြတ်လို့ပြတ်မှန်းလည်းမသိဘူး။ နောက်တော့ လက်ကိုအဝတ်နဲ့ပိတ်ပြီး ဆွာဆေးရုံကိုသွားတယ်။ ဆွာဆေးရုံကမနိုင်တော့ နေပြည်တော် ခုတင်(၁၀၀၀)ကို မနက် ၁၁ နာရီလောက်မှာ ရောက်တယ်။ ဆေးရုံရောက်တော့ လက်ပါလားလို့မေးတယ်၊ မပါလာဘူးဆိုတော့ ဖုန်းဆက်ပြီး ပြန်ရှာခိုင်းတော့ ခုတ်ခံရတဲ့နေရာမှာ ပြန်တွေ့တယ်။ လာပို့တော့ ညနေ ၄ နာရီထိုးနေပြီ၊ နောက်ည ၁၁ နာရီမှာ ခွဲခန်းဝင်တယ်။ နောက်တော့ ကျွန်တော်မသိတော့ဘူး။

လက်ရှိအခြေအနေအရ လှုပ်လို့ရနေပါပြီ။ နည်းနည်းတော့ နာသေးတာပေါ့။ ခြောက်လလောက်ကြာရင် ပြန်ကောင်းသွားမယ်လို့ ပြောပါတယ်။ ဆရာဝန်တွေ၊ သူနာပြုတွေကို ကျေးဇူးတင်ပါတယ်။ နေလို့ထိုင်လို့ အတော်ကောင်းပါတယ်။ ဒီဆေးရုံကြီးမှာ တက်ရတာ စားစရိတ်ပဲကုန်ပါတယ်။ အားလုံးအခမဲ့ပါ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါက်တာကျော်အောင်ထွန်း**
**အရိုးခွဲစိတ်အထူးကုဆရာဝန်ကြီး**
**နေပြည်တော် ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီး**

ဒီလိုလက်ပြတ်တာကို ခွဲစိတ်ဖို့ဆိုတာ တစ်ယောက်တည်းနဲ့မရပါဘူး။ အုပ်စုလိုက် ဆောင်ရွက်ရတာပါ။ အရိုးခွဲစိတ်ဆရာဝန်အဖွဲ့ပါတယ်။ မေ့ဆေးဆရာဝန်အဖွဲ့လည်းပါတယ်။ အထူးကြပ်မတ်ကုသအဖွဲ့ပါတယ်။ လူနာဟာ အရက်မသောက်ရတဲ့ပြဿနာ နည်းနည်းရှိတော့ သမားတော်တို့၊ စိတ်ရောဂါကုသဆရာဝန်တို့လည်းပါတယ်။ အားလုံးပူးပေါင်းပြီး ခွဲစိတ်ကုသခဲ့ရတာပါ။

လူနာ နေပြည်တော်ခုတင်(၁၀၀၀) ဆေးရုံကြီးကို ရောက်လာတဲ့အချိန်က မနက် ၁၁ နာရီထိုးနေပါပြီ။ လက်ကိုကြည့်လိုက်တော့ ပြတ်နေတယ်။ လက်ရှိသေးရင် သွားယူပေးပါပြောတော့ ဖုန်းဆက်ပြီးရှာခိုင်းတာ ညနေ ၄ နာရီလောက်မှ ရောက်လာတယ်။ ရောက်လာတော့မှ ပြတ်သွားတဲ့အပိုင်းကို ပလတ်စတစ်နဲ့ထုပ်တယ်။ ရေခဲစိမ်တယ်၊ သန့်ရှင်းရေးလုပ်ပါတယ်။ သူ့ကိုသွေးသွင်းတာတို့၊ ပိုးသတ်ဆေးထိုးတာတို့၊ ခွဲခန်းပြင်ဆင်တာတို့ ဆောင်ရွက်ပြီး ည ၁၀ နာရီလောက်မှာ ခွဲခန်းစဝင်ပါတယ်၊ ခွဲခန်းစဝင်တော့ မေ့ဆေးဆရာဝန်တွေက မေ့ဆေးပေးပါတယ်။ ကျွန်တော်နဲ့ ဆရာဝန်တစ်ယောက်က လက်ကိုသန့်ရှင်းရေးစလုပ်ပါတယ်။ တခြားအရိုးဆရာဝန်တွေက လက်ကောက်ဝတ်အပေါ်ပိုင်းကို သန့်ရှင်းရေးလုပ်ပါတယ်။

ပထမဆုံးအရိုးကို စတီးချောင်းနဲ့ဆက်ပါတယ်။ နောက်သွေးလွှတ်ကြော နှစ်ချောင်းကို ဆက်ပါတယ်။ အဲဒီနောက်မှာ သွေးပြန်ကြောလေးချောင်းကို ဆက်ပါတယ်။ နောက်စောင့်ကြည့်ပါတယ်။ တစ်ရက်ကြာတဲ့အချိန်မှာ သွေးကြောလေးတွေ ပြန်ပိတ်တဲ့ လက္ခဏာတွေရှိလို့ ခွဲခန်းပြန်ဝင်ပါတယ်၊ ပိတ်နေတဲ့သွေးကြောလေးတွေကို ပြန်ခွဲပါတယ်။ ပြန်ဆက်ပါတယ်။ အဲဒီနောက်မှာတော့ လူနာရဲ့သွေးလွှတ်ကြော၊ သွေးပြန်ကြောတွေရဲ့ အောက်ဆီဂျင်အားက ၉၈ နဲ့ ၁၀၀ ကြားမှာ ရှိနေပါတယ်။ ခေါင်းလည်းထိထားတဲ့အတွက် CTရိုက်ပါတယ်။ အားလုံးအခြေအနေကောင်းတဲ့အတွက် အရိုးဆောင်ကို ပြန်ပြောင်းပါတယ်။ တစ်ရက်ခြားခွဲခန်းမှာ ဆေးထည့်ပါတယ်။ စိတ်ချရပြီဆိုတဲ့ အချိန်ကျတော့ အာရုံကြောတွေ ပြန်ဆက်ဖို့လိုပါတယ်။ ဧပြီ ၄ ရက်မှာ အာရုံကြောတွေပြန်ဆက်တယ်။ နောက်ဖြစ်တဲ့ဒဏ်ရာနေရာက လွတ်နေတဲ့နေရာကို ပေါင်ကအရေပြားယူပြီး အစားထိုးရပါတယ်။ ဒီကုသမှုမှာ ကျွန်တော်တို့အဆင့်သုံးဆင့် ဆောင်ရွက်ခဲ့ရပါတယ်။ ပထမအဆင့်က သွေးလျှောက်ဖို့လုပ်ရတယ်။ ဒုတိယအဆင့်က အကြောတွေဆက်ရတယ်။ တတိယအဆင့်က အရေပြားအုပ်ရပါတယ်။

နေပြည်တော်တွင် လက်ပြတ်တောက်မှုကို ပြန်ဆက်ခြင်းဆိုင်ရာ ခွဲစိတ်ကုသမှုကို ပထမဆုံးအကြိမ်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် စတုတ္ထအကြိမ် အောင်မြင်စွာ ခွဲစိတ်နိုင်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ ခွဲစိတ်နိုင်မှုသည် ဝန်ကြီးဌာန၏ အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း၊ ဆက်လက်၍ လေဖြတ်လူနာများ၊ ကျောက်ကပ်အစားထိုးခြင်း စသည်တို့ကို တိုးချဲ့ဆောင်ရွက်နိုင်ရန် ကြိုးစားလျက်ရှိကြောင်း၊ ယခုခွဲစိတ်မှုအောင်မြင်ခြင်းသည် မြန်မာနိုင်ငံကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍအတွက် သမိုင်းမှတ်တိုင်တစ်ရပ်ဖြစ်ကြောင်း၊ နေပြည်တော်အတွက် ပထမဆုံးအကြိမ် အောင်မြင်ခြင်းဖြစ်ကြောင်း၊ တစ်ဦးကောင်း တစ်ယောက်ကောင်းမဟုတ်ဘဲ အဖွဲ့အစည်းပုံစံဖြင့် ဆောင်ရွက်နိုင်ခြင်းကြောင့် အောင်မြင်ခြင်းဖြစ်ကြောင်း အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်းက မှတ်ချက်ပြုသည်။

ပြည်သူလူထုအနေဖြင့် ထိခိုက်ဒဏ်ရာရရှိမှုကြောင့် လက်ချောင်းများ၊ လက်မောင်းနှင့် တံတောင်ဆစ်စသည့် လက်ပိုင်းဆိုင်ရာ ပြတ်တောက်မှုများ ကြုံတွေ့လာပါက ပြတ်သွားသောလက် (သို့မဟုတ်) လက်ချောင်းကို သန့်ရှင်းခြောက်သွေ့သော ပလတ်စတစ်အိတ်ထဲသို့ ထည့်ပြီးလုံအောင်ပိတ်ရန်လိုအပ်ကြောင်း၊ အခြားအိတ်တစ်ခုထည်းသို့ ရေခဲထည့်ပြီး လက်ပြတ်ထည့်ထားသည့်အိတ်ကို ရေခဲထည့်ထားသော အိတ်အတွင်းသို့ထည့်၍ ဆေးရုံသို့ သယ်ဆောင်လာရန်လိုကြောင်း၊ လက်မောင်း၊ တံတောင်ဆစ်နှင့် လက်ကောက်ဝတ်တို့ ပြတ်တောက်ပါက အချိန် ၁၂ နာရီမှ ၂၄ နာရီအတွင်း၊ လက်ချောင်းလေးများ ပြတ်တောက်ပါက ၂၄ နာရီမှ ၃၆ နာရီအတွင်း ပြန်ဆက်၍ ရနိုင်ကြောင်း၊ အချိန် ၆ နာရီအတွင်း ယူဆောင်လာနိုင်ပါက အကောင်းဆုံးဖြစ်ကြောင်း သိရသည်။

**သတင်း-မျိုးမြင့်၊ မီမီဖြိုး၊ မွေးကြူဇင်**
**ဓာတ်ပုံ-ကျော်ရဲဆွေ**

## ခရမ်းမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ နှစ်သစ်ကူးဆွမ်းဆန်တော်လှူဒါန်း

**ခရမ်း ဧပြီ ၁၈**
ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီအောင်နှင့်အဖွဲ့ဝင်များသည် ဧပြီ ၁၈ ရက် မြန်မာနှစ်ဆန်း ၂ ရက်နေ့နံနက်က ခရမ်းမြို့နယ်အတွင်းရှိ ကံဦးပရဟိတဘုန်းတော်ကြီးကျောင်း သီလရှင်စာသင်တိုက်နှင့် ဘိုးဘွားရိပ်သာများသို့ ဆွမ်းဆန်တော်များကို နှစ်သစ်ကူးအလှူတော်အဖြစ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

# ကလေးမြို့ ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေမြင့် ကြည့်ရှုစစ်ဆေး



**ကလေး မေ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေမြင့်သည် ယနေ့ ညနေပိုင်းတွင် ကလေးမြို့သို့ ရောက်ရှိပြီး ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ခရိုင်ပြည်သူ့စာကြည့်တိုက်၏ စာဖတ်ပရိသတ်နှင့်စာအုပ်ငှားရမ်းမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပြတိုက်ငယ်(Museum)အတွင်း ပြသထားရှိသည့် ရှေးဟောင်းချင်းရိုးရာ အသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုလေ့လာကာ**(ယာပုံ)** Community Centre နှင့် ကလေးစာဖတ်ခန်း ပြင်ဆင်ထားရှိမှု အခြေအနေကို စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ မှာကြားကာ ဝန်ထမ်းသားသမီးများအတွက် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေ ၆ နာရီတွင် ကလေးကိုယ်ပွားသတင်းစာတိုက်သို့ ရောက်ရှိရာ တာဝန်ခံအရာရှိက ကလေးကိုယ်ပွားသတင်းစာတိုက်မှ သတင်းစာဖြန့်ချိနေမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များကို ဖြည့်စွက်မှာကြားပြီး ဝန်ထမ်းများအား ထောက်ပံ့ငွေပေးအပ်ကာ ကိုယ်ပွားသတင်းစာတိုက်အတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် MRTV ထပ်ဆင့်လွှင့်စက်ရုံသို့ရောက်ရှိရာ တာဝန်ခံအရာရှိက ရုပ်မြင်သံကြားထပ်ဆင့်ထုတ်လွှင့်မှုအခြေအနေနှင့် ကနေဒီထပ်ဆင့်လွှင့်စက်ရုံမှ DVB,T-2 ဒစ်ဂျစ်တယ်စနစ်ဖြင့် ထပ်ဆင့်ထုတ်လွှင့်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သိလိုသည်များမေးမြန်းပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်မှာကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေပေးအပ်သည်။

**(သတင်းစဉ်)**

❒ **ကျောဖုံးမှ**

နောက်တစ်ဆင့်တက်ဖို့ မျှော်လင့်ကြပါတယ်။ မကွေးအသင်းနဲ့ ကစားရမယ့်ပွဲမှာလည်း အနိုင်ရချင်ပါတယ်။ အသင်းမှာ အမာခံကစားသမားတချို့ ဒဏ်ရာရနေပါတယ်။ အုပ်စုပထမနေရာအတွက် လက်ကျန်နှစ်ပွဲစလုံး အနိုင်ရအောင်ကြိုးစားသွားမှာပါ”ဟု ပြောကြားသည်။

ပွဲစဉ်(၄)အပြီးတွင် အုပ်စု(F)၌ ဂလိုဘယ်(ဖိလစ်ပိုင်)က ကိုးမှတ်၊ ဂျိုဟိုးဒါရူးလ်(မလေးရှား)က ခုနစ်မှတ်၊ အန်ကော(ကမ္ဘောဒီးယား)က လေးမှတ်၊ မကွေး(မြန်မာ)က နှစ်မှတ်ရရှိထားသည်။ နှစ်ပွဲသာကစားရန် ကျန်ရှိတော့သည့်အချိန်တွင် မကွေးအသင်းသည် အုပ်စုပထမဖြင့် အာဆီယံဇုန် ဆီမီးဖိုင်နယ် တိုက်ရိုက်တက်ရောက်ခွင့်ဆုံးရှုံးခဲ့ပြီး ဒုတိယနေရာအတွက်လည်း ယခုပွဲအနိုင်ရမှသာဆက်လက်မျှော်လင့်နိုင်မည်ဖြစ်သည်။ သို့သော် အခြားပွဲတွင် ဂျိုဟိုးဒါရူးလ် အသင်းအနိုင်ရခဲ့ပါက အုပ်စုအဆင့်မှ စောစီးစွာထွက်ရမည်ဖြစ်သည်။

မကွေးအသင်းနှင့် ဂလိုဘယ်အသင်းတို့သည် မေ ၁၉ ရက် ညနေ ၃ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)**



# ကျေးရွာ ကိုယ်ထူကိုယ်ထ ခူဝံကြယ် စာကြည့်တိုက်ဖွင့်လှစ်

**မိုးကောင်း မေ ၁၈**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ထုံးရေပေါက်ကျေးရွာတွင် မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းက ထောက်ပံ့ငွေကျပ် ငါးသိန်းနှင့် ကျေးရွာမှ လှူဒါန်းငွေကျပ် ၁၂ သိန်း သုံးသောင်းကျော် စုပေါင်းကာ ကိုယ်ထူကိုယ်ထ စာကြည့်တိုက် ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသွေးစံ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးလိန်းမာန်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒု-ဦးစီးမှူး ဦးဝေဖြိုးကျော်တို့က အမှာစကား ပြောကြားကာ ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ အဆောက်အအုံသည် အလျား ၂၄ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ၁၂ ပေ၊ သွပ်မိုး၊ အုတ်ကာ တစ်ထပ်ဖြစ်သည်။ ခူဝံကြယ်သည် လမ်းပျောက်သူများအား လမ်းမှန်ကိုပြပေးသော သင်္ကေတဖြစ်သောကြောင့် စာပေဖြင့်လမ်းမှန်ကို သိရှိနိုင်ရန် ခူဝံကြယ်အမည်ပေးခြင်းဖြစ်ကြောင်း အဆိုပါစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားသည်။

**ဝင်းနိုင်(ကချင်မြေ)**

# AFC Cup ပြိုင်ပွဲတွင် ရတနာပုံအသင်း အဝေးကွင်း၌ ရှုံးနိမ့်

**ရန်ကုန် မေ ၁၈**

၂၀၁၇ AFC Cup ပြိုင်ပွဲ အုပ်စု(H) ပွဲစဉ်(၅)အဖြစ် ဟုမ်းယူနိုက်တက်(စင်ကာပူ)နှင့် ရတနာပုံ(မြန်မာ)တို့ ယနေ့ညနေပိုင်းက စင်ကာပူနိုင်ငံ၌ ယှဉ်ပြိုင်ကစားရာ ရတနာပုံအသင်းက လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ပွဲစပြီး ၁၂ မိနစ်တွင် ယူနို့စ်က ထောင့်ကန်ဘောမှ ခေါင်းတိုက်သွင်းခဲ့သောကြောင့် ဟုမ်းယူနိုက်တက် အဖွင့်ဂိုးရခဲ့ပြီး ၁၄ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဖာရစ်က ဒုတိယဂိုးသွင်းခဲ့သည်။ ခံစစ်ကစားပုံအမှားများနေသည့် ရတနာပုံအသင်းသည် ၂၆ မိနစ်တွင် ဂိုးထပ်ပေးခဲ့ရပြီး ဖန်ဒီက ဟုမ်းယူနိုက်တက်အတွက် တတိယဂိုးသွင်းခဲ့သည်။

၃၃ မိနစ်တွင် ရတနာပုံအသင်းခေါင်းဆောင် ရန်ပိုင်နှင့် ဟုမ်းယူနိုက်တက် ကွင်းလယ်ကစားသမား ကာမာရာတို့ အနီကတ်ဖြင့် ထုတ်ပယ်ခံရပြီး ပထမပိုင်းပြီးခါနီးတွင် စည်သူအောင်က ရတနာပုံအတွက် ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သည်။ ဒုတိယပိုင်း ၇၁ မိနစ်တွင် ဟုမ်းယူနိုက်တက်အသင်း စတုတ္ထဂိုး ရခဲ့ပြီး အဒမ်က အဝေးမှ ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ပွဲပြီးခါနီးတွင် ရတနာပုံ ကွင်းလယ်လူ ရဲကိုဦး အနီကတ်ဖြင့် ထပ်မံအထုတ်ခံရသည်။

ဟုမ်းယူနိုက်တက်အသင်းသည် သုံးပွဲဆက်အနိုင်ရလဒ်နှင့်အတူ အာဆီယံဇုန် ဆီမီးဖိုင်နယ်သို့ ပထမဆုံး တက်ရောက်ခွင့်ရသည့်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ယခုပွဲအပြီးတွင် ဟုမ်းယူနိုက်တက်အသင်းက ပွဲကုန် လေးပွဲကစား ကိုးမှတ်ဖြင့် ပထမနေရာရကာ အာဆီယံဇုန် ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားပြီး ရတနာပုံအသင်းက သုံးပွဲကစား လေးမှတ်၊ ထန်ကွမ်နင် (ဗီယက်နမ်)က သုံးပွဲကစား တစ်မှတ်ရရှိထားသည်။ ရတနာပုံအသင်းသည် နောက်ဆုံးပွဲအဖြစ် ထန်ကွမ်နင်အသင်းနှင့် မေ ၂ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

# မဟာသင်္ကြန်ကာလအတွင်း ကယားပြည်နယ်ရှိ ထီးစဲခါးရေတံခွန်၌ ရပ်ဝေးရပ်နီးမှ အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိ



**လွိုင်ကော် မေ ၁၈**

ကယားပြည်နယ်သို့ လာရောက်လည်ပတ်သည့် ရပ်နီးရပ်ဝေးမှ ဘုရားဖူးဧည့်သည်များမှာ ကယားပြည်နယ်အတွင်းရှိ အထင်ကရနေရာများသို့ သွားရောက်လည်ပတ်ကြပြီး ကယားပြည်နယ် လွိုင်ကော်မြို့ လွိုင်လင်လေးကျေးရွာအုပ်စု ထီးစဲခါးကျေးရွာရှိ ရေတံခွန်သို့ အပန်းဖြေလာရောက်ကာ ထီးစဲခါးရေတံခွန်မှာ ယခင်နှစ်ကထက် စည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါထီးစဲခါးရေတံခွန်မှာ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကယားပြည်နယ်တို့ နယ်နိမိတ်ချင်းထိစပ်နေသည့်နေရာတွင်တည်ရှိပြီး အလွန်သာယာလှပ၍ အလွယ်တကူသွားလာနိုင်သည့် သဘာဝရေတံခွန်ဖြစ်သည်။ ကယားပြည်နယ် လွိုင်ကော်မြို့နှင့် ခုနစ်မိုင်ခန့်ကွာဝေးကာ ရှမ်းပြည်နယ် တောင်ကြီးမြို့မှ မိုင် ၉၀ ခန့်ကွာဝေးပြီး စီးဆင်းနေသောရေမှာလည်း ကြည်လင်အေးမြလျက်ရှိရာ ရပ်ဝေးရပ်နီးမှ အပန်းဖြေခရီးသွားဧည့်သည်များဖြင့် ယခင်နှစ်ကထက် စည်ကားလျက်ရှိကြောင်းသိရှိရသည်။

အပန်းဖြေလာရောက်ရန်မဟုတ်ဘဲ ထီးစဲခါးရေတံခွန်ရှိ ဘုန်းတော်ကြီးကျောင်းတွင်လည်း သီလယူသူများလည်းရှိပြီး ရေတံခွန်ဝန်းကျင်တွင် စေတီပုထိုးများ ၊ ဈေးဆိုင်ခန်းများ၊ စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များနှင့် အပန်းဖြေသူများ ဘေးအန္တရာယ်ကင်းရှင်းအောင် လုံခြုံရေးရဲများထားရှိပေးထားသည့်အတွက် အပန်းဖြေလာရောက်သည့် ရပ်ဝေးရပ်နီးဧည့်သည်များ အနေဖြင့်လည်း များစွာအဆင်ပြေလျက်ရှိသည်။

**ကိုစိုင်း(လွိုင်ကော်)**

# ကျုံးပတ်လည်တွင်ဆောက်ထားသည့် သင်္ကြန်မဏ္ဍပ်များ ဧပြီ ၂၃ ရက် အပြီးဖျက်သိမ်းရမည်

**မန္တလေး ဧပြီ ၁၈**

သင်္ကြန်ကာလပြီးဆုံးသွားပြီဖြစ်ခြင်းကြောင့် ကျုံးပတ်လည်တစ်လျှောက်တွင် ဆောက်လုပ်ထားကြသည့် ဖျော်ဖြေရေးမဏ္ဍပ်များနှင့် ရေကစားမဏ္ဍပ်များကို ဧပြီ ၂၃ ရက် နောက်ဆုံးထား၍ အပြီးဖျက်သိမ်းရမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အသိပေးကြေညာထားကြောင်း သိရသည်။

သင်္ကြန်မဏ္ဍပ်များ ဆောက်လုပ်ခွင့်လျှောက်ထားစဉ်ကတည်းက လျှောက်လွှာတွင် မဏ္ဍပ်ပိုင်ရှင်များလိုက်နာရမည့် စည်းကမ်းချက် (၂၆) ချက်တွင် မဏ္ဍပ်များ နောက်ဆုံးဖျက်သိမ်းရမည့်နေ့ရက်ကိုလည်း ထည့်သွင်းအသိပေးထားပြီးဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"သတ်မှတ်ရက်မှာ အပြီးဖျက်သိမ်းရမယ့်အပြင် သန့်ရှင်းရေးလုပ်ငန်းတွေကိုလည်း လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ စည်းကမ်းချက်တစ်ခုခုကို ဖောက်ဖျက်တာတွေ့ရှိခဲ့ရင် ကြိုသွင်းထားတဲ့ အာမခံငွေ သိန်း၂၀ ထဲက ခုနှိမ်ဒဏ်ရိုက်သွားမှာဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

ယခုနှစ်သင်္ကြန်တွင် ကျုံးပတ်လည်မဏ္ဍပ်ဆောက်လုပ်ခွင့်များ လေလံစနစ်ဖြင့် ရွေးချယ်ချထားပေးခြင်းဖြစ်ပြီး ဆောက်လုပ်ခွင့်ရရှိသူများအနေဖြင့် အာမခံငွေ သိန်း ၂၀ ကြိုတင်ပေးသွင်းထားရပြီး သတ်မှတ်စည်းကမ်းလိုက်နာမှုအပေါ်မူတည်၍ သင်္ကြန်အပြီးတွင် အာမခံငွေကို ပြန်လည်ထုတ်ပေးခဲ့ကြောင်း ကျုံးအရှေ့ဘက်ခြမ်းတွင် ဆောက်လုပ်ထားသည့် ကြံ့နှစ်ကောင်မဏ္ဍပ်မှ မန်နေဂျာမစန္ဒီက ပြောသည်။

"မနှစ်ကလည်း ဧပြီ ၂၃ ရက်နောက်ဆုံးဖျက်သိမ်းဖို့ ကြေညာထားပေမယ့် ၂၂ ရက်မှာ အပြီးဖျက်သိမ်းပေးခဲ့ပါတယ်။ စည်းကမ်းဖောက်ဖျက်တာမရှိလို့ အာမခံငွေ သိန်း ၂၀ အပြည့် ပြန်လည်ရရှိခဲ့ပါတယ်။ ဒီနှစ်မှာလည်း သတ်မှတ်ရက်မှာ အပြီးဖျက်နိုင်ဖို့ နှစ်ဆန်း ၁ ရက်ကစပြီး ဖျက်နေပါပြီ"ဟု ၎င်းကပြောသည်။

ယခုနှစ် မန္တလေးသင်္ကြန်တွင် ကျုံးပတ်လည်၌ ဆောက်လုပ်ထားသည့် မဏ္ဍပ်အရေအတွက်မှာ ကျုံးအရှေ့ဘက်ခြမ်းတွင် မဏ္ဍပ်ကိုးခု၊ အနောက်ဘက်ခြမ်းတွင် နှစ်ခု၊ မြောက်ဘက်တွင် တစ်ခုနှင့် ကျုံးတောင်ဘက်ခြမ်းတွင် မဏ္ဍပ်ပေါင်း ၃၀ ကျော် ဆောက်လုပ်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# သင်္ကြန်အပြီး၌ ကားဆိုင်ကယ်ပြုပြင်ရေးနှင့် ရေဆေးဆိုင်များ ဝင်ငွေကောင်းလာ

**မန္တလေး ဧပြီ ၁၈**




သင်္ကြန်အပြီး နှစ်ဆန်း၂ ရက်နေ့တွင် မန္တလေးမြို့ရှိ ကား၊ဆိုင်ကယ်ပြုပြင်ရေးဆိုင်များနှင့် ရေဆေးဆီလိုက်ဆိုင်များ လာရောက်အပ်နှံသူ များပြားသည့်အတွက် လုပ်ငန်းတွင်ကျယ်စွာ လုပ်ဆောင်နေရကြောင်း ကား၊ဆိုင်ကယ်ပြုပြင်ရေးနှင့် ရေဆေးဆီလိုက်ဆိုင်များထံမှ သိရသည်။

သင်္ကြန်တွင်းကာလများ၌ ကား၊ဆိုင်ကယ်များဖြင့် လည်ပတ်ရေကစားခဲ့ကြသဖြင့် စက်ချွတ်ယွင်းထိခိုက်မှုများနှင့် ညစ်ပတ်ပေကျံနေမှုများအား ယနေ့ဆိုင်များ ပြန်လည်ဖွင့်သည့်နေ့တွင် လာရောက်အပ်နှံသူများပြားသဖြင့် ဝင်ငွေကောင်းကြောင်း Welcome ဆိုင်ကယ်ရေဆေးဆီလိုက်လုပ်ငန်းပိုင်ရှင် ကိုကျော်ထက်အောင်က ပြောသည်။

"ကျွန်တော်တို့ ဆိုင်တွေကလည်း သင်္ကြန်တွင်းမှာပိတ်ထားပြီး ဒီနေ့မှ ပြန်ဖွင့်တာပါ။ ဆိုင်စဖွင့်ကတည်းက လက်မလည်အောင် လုပ်ပေးနေရတယ်။ ဝန်ထမ်းအင်အားလည်း တိုးထားပါတယ်။ ပုံမှန်နေ့တွေဆို အစီးရေ ၅၀ လောက်လာအပ်ပေမယ့် ဒီနေ့ကတော့ အစီး ၁၀၀ ကျော်မယ်လို့ ခန့်မှန်းထာပါတယ်။ အပ်နှံသူများပေမယ့်လည်း ပုံမှန်ဈေးနှုန်းအတိုင်းနဲ့ ပုံမှန်ဝန်ဆောင်မှုအတိုင်း အကောင်းဆုံးလုပ်ပေးနေပါတယ်"ဟု ၎င်းကပြောသည်။

ထို့ပြင် ကောင်းသန့်ကားရေဆေးဆီလိုက်လုပ်ငန်းရှင် ဦးမျိုးနိုင်ကလည်း "ဒီလိုနေ့မျိုးကတော့ ပုံမှန်လာနေကျဖောက်သည်တွေ စုပြုံပြီးရောက်လာတဲ့အတွက် ပုံမှန်ထက်ပိုလုပ်ရတယ်။ သင်္ကြန်လည်းပြီး ရောက်လာတဲ့ကားတွေက အညစ်အကြေးတွေ ပိုပါလာတဲ့အတွက် ပုံမှန်ထက်ဆေးရတာ ပိုကြာတယ်လေ။ ဒါကြောင့်ဝန်ထမ်းအင်အားတိုးပြီး လုပ်ပေးနေပါတယ်" ဟု ပြောသည်။

ဆိုင်ကယ်ရေဆေးဆီလိုက်လုပ်ငန်းများအတွက် ဆိုင်ကယ်တစ်စီးလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ကားတစ်စီးလျှင် ကားအမျိုးအစားအလိုက် ငွေကျပ် ၄၀၀၀ မှ ၆၀၀၀ အထိ ဝန်ဆောင်မှုရရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မြန်မာ ယူ-၁၈ အသင်း ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ ပထမဆုံးနိုင်ပွဲရ

**ဗီယက်နမ် ဧပြီ ၁၈**

၂၀၁၇ ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ စတုတ္ထနေ့ကို ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာ ယူ-၁၈ အသင်း ပထမဆုံးနိုင်ပွဲ ရရှိခဲ့သည်။ မြန်မာအသင်းသည် တရုတ် (တိုင်ပေ)ယူ-၁၉အသင်းနှင့် ယှဉ်ပြိုင်ခဲ့ရပြီး နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် တရုတ် (တိုင်ပေ)အသင်းကို ခြေအသာဖြင့်ကစားကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်အမြောက်အမြားဖန်တီးနိုင်ခဲ့သော်လည်း အသုံးမချနိုင်ခဲ့သောကြောင့် နှစ်ဂိုးဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် အဖွင့်ဂိုးကို ၁၈ မိနစ်တွင် တိုက်စစ်မှူး ဝင်းနိုင်ထွန်းက သွင်းယူခဲ့သော်လည်း ယင်းနောက်ပိုင်းတွင် မြန်မာကစားသမားများ မကြာခဏလူကျွံနေသောကြောင့် အခွင့်အရေးများ ဆုံးရှုံးခဲ့ရသည်။ မြန်မာအသင်းအတွက် ဒုတိယဂိုးကို ၅၅ မိနစ်တွင် ဟိန်းထက်အောင်က သွင်းယူခဲ့သည်။ မြန်မာအသင်းသည် ရှုံးပွဲဆက်နေမှုကို ရပ်တန့်နိုင်ခဲ့ပြီး သုံးပွဲကစား သုံးမှတ်ရရှိထားသည်။ တရုတ် (တိုင်ပေ) အသင်းသည် ပွဲကုန်လေးပွဲကစားအပြီးတွင် တစ်မှတ်သာရရှိသောကြောင့် ပြိုင်ပွဲမှ ထွက်ခဲ့ရပြီဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဧပြီ ၂၀ ရက်တွင် ဗီယက်နမ်ကလပ် ဟောင်အန်ဂယ်လိုင် ယူ-၁၉ အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**(ဖိုးသော်ဇင်)**

## မောင်တောမြို့နယ်တွင် ဓားပြအဖွဲ့၏ ပစ်ခတ်မှုကြောင့် ရွာသားတစ်ဦး ဒဏ်ရာရ

**နေပြည်တော် ဧပြီ ၁၈**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် သဝန်ချောင်းကျေးရွာတွင် ယမန်နေ့ညပိုင်းက ဓားပြအဖွဲ့အား ရွာသားများက ဝိုင်းဝန်းဖမ်းဆီးစဉ် ဓားပြအဖွဲ့၏ သေနတ်ပစ်ခတ်မှုကြောင့် ရွာသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

ဖြစ်စဉ်မှာ မောင်တောမြို့နယ် သဝန်ချောင်းကျေးရွာ လမ်းခွဆုံရှိ အာမန့်၏ နေအိမ်အနောက်ဘက်သို့ ဧပြီ ၁၇ ရက် ည ၉ နာရီခန့်က "အဒူလာကိန်း"ဟု ယူဆရသူအပါအဝင် လေးဦးပါဓားပြအဖွဲ့သည် သေနတ်အတိုနှစ်လက်ဖြင့်ရောက်ရှိခဲ့ရာ ရွာသားများက ဝိုင်းဝန်းဖမ်းဆီးစဉ် ၎င်းအဖွဲ့မှ သေနတ်သုံးချက်ပစ်ဖောက်ပြီး ရွာ၏အနောက်ဘက်နှင့် မြောက်ဘက်သို့ လူစုခွဲ၍ ထွက်ပြေးသွားခဲ့ကြောင်း၊ ထိုသို့ သေနတ်ပစ်ခတ်မှုကြောင့် ကျေးရွာသားတစ်ဦးဖြစ်သူ ဟာမိတ် (၃၀)နှစ်မှာ ယာပေါင်တွင် ကျည်ထိမှန်ဖောက်ထွက် မစိုးရိမ်ရဒဏ်ရာရရှိခဲ့ကြောင်းနှင့် ဖြစ်စဉ်ဖြစ်ပွားရာသို့ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များရောက်ရှိပြီး ပိတ်ဆို့ရှင်းလင်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# နေအိမ်မီးရှို့သူအား အမှုဖွင့် အရေးယူထား

**နေပြည်တော် ဧပြီ ၁၈**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် မြင်းခြံကုန်းကျေးရွာနေ ကုလား(ခ) နိုင်လင်းကျော်(၃၄)နှစ်သည် ဧပြီ ၁၇ ရက် နံနက်ပိုင်းက ၎င်း၏နေအိမ်ကို မီးရှို့နေကြောင်းသတင်းအရ ရေပြာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ယင်းနေ့ နံနက် ၄ နာရီ ၃၅ မိနစ်တွင် ကုလား(ခ) နိုင်လင်းကျော်သည် အရက်သောက်စားမူးယစ်ပြီး ဇနီးဖြစ်သူ မမြင့်မြင့်ကြည်နှင့် စကားများရန်ဖြစ်ရာမှ နေအိမ်ကို မီးရှို့ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ၎င်းအား ရေပြာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

# မောင်တောမြို့နယ် သာဇေကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဧပြီ ၁၈**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် သာဇေကျေးရွာတွင် ယမန်နေ့ညပိုင်းက နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

ဖြစ်စဉ်မှာ မောင်တောမြို့နယ် သာဇေကျေးရွာနေ မအူဆော်နာ(၃၀) နှစ်၏ နေအိမ်၌ ဧပြီ ၁၇ ရက် ည ၁၁ နာရီခွဲခန့်က မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားရာ ဓနိမိုး၊ ထရံကာ နေအိမ်တစ်လုံး (တန်ဖိုးငွေကျပ် ၅၀၀၀၀ ခန့်) မီးလောင်ဆုံးရှုံးခဲ့ခြင်းဖြစ်သည်။

အဆိုပါ မီးလောင်မှုနှင့်ပတ်သက်၍ နယ်မြေရဲစခန်းမှ မအူဆော်နာအား အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



## မောင်တောမြို့နယ်တွင် ကျေးရွာအုပ်စု တာဝန်ခံတစ်ဦး အသတ်ခံရ

**နေပြည်တော် ဧပြီ ၁၈**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဖွေယာရွာနေ တပ်ဦးချောင်းကျေးရွာအုပ်စုတာဝန်ခံ အာမီအာလီသည် ဧပြီ ၁၇ ရက် ညပိုင်းက နေအိမ်၌ မျက်နှာဖုံးစွပ်ထားသောလူအုပ်စု၏ သတ်ဖြတ်မှုခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ တပ်ဦးချောင်းကျေးရွာ အုပ်စုတာဝန်ခံ အာမီအာလီ (၃၈) နှစ်သည် ဖွေယာရွာ အိမ်ထောင်စုအမှတ်(၂၂) နေအိမ်၌ရှိနေစဉ် ဧပြီ ၁၇ ရက် ညပိုင်းက အနက်ရောင်မျက်နှာဖုံးစွပ်ထားသည့် အမျိုးသား ၁၀ ဦးခန့် ရောက်ရှိလာပြီး နှစ်ဦးမှာ အိမ်ပေါ်သို့တက်ရောက်၍ အာမီအာလီအား ဓားဖြင့်ခုတ်ပြီး နေအိမ်အောက်သို့ဆွဲချခဲ့ကြောင်း၊ ထို့နောက် အိမ်ရှေ့တွင် မျက်နှာဖုံးစွပ်ထားသူများက ၎င်းအား ဓားဖြင့်ထပ်မံထိုးခုတ်စဉ် ပတ်ဝန်းကျင်မှ လူများထွက်လာသဖြင့် မျက်နှာဖုံးစွပ်အဖွဲ့မှာ သေနတ်ငါးချက်ပစ်ဖောက်၍ ရွာ၏အနောက်မြောက်ဘက်သို့ ထွက်ပြေးသွားခဲ့ကြောင်း၊ ဓားခုတ်ခံရမှုကြောင့် အာမီအာလီ၏ လက်ဖျံ၊ လက်မောင်း၊ ဦးခေါင်း ငယ်ထိပ်၊ ယာတင်ပါးပြတ်ရှ၊ နောက်ကျောတို့တွင် ထိုးသွင်းဒဏ်ရာများရရှိပြီး သေဆုံးခဲ့ကြောင်းနှင့် ဖြစ်စဉ်ဖြစ်ပွားရာသို့ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိရှင်းလင်းစစ်ဆေးရာ အာမီအာလီ၏ နေအိမ်အနီးတွင် ပစ္စတိုသေနတ်ဖြင့်ပစ်ခတ်ခဲ့သော ကျည်ခွံနှစ်ခုတွေ့ရှိခဲ့သဖြင့် ၎င်းလူအုပ်စုထွက်ပြေးမှုအား လိုက်လံရှင်းလင်းလျက်ရှိကြောင်း သိရသည်။

အဆိုပါသေဆုံးသူ အာမီအာလီအား မောင်တောပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး ၎င်းဖြစ်စဉ်နှင့်ပတ်သက်၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးရန်ကင်းကွာ လွန်ချမ်းသာ**

# ယူနိုက်တက်အဲယားလိုင်းကပေးတဲ့ သင်ခန်းစာ

**အောင်အောင်(IR)**

ဒီနှစ်သင်္ကြန်ကာလ ဘယ်မှမသွားဖြစ်ပါ။ အိမ်မှာ အနားယူဖြစ်တယ်။ ၂၀၁၇ အစပိုင်းကတည်းက အိမ်ပြောင်းတာ၊ အလုပ်ကိစ္စနဲ့ ခရီးထွက်တာတွေ မကြာခဏပြုခဲ့လို့ ဒီနှစ်သင်္ကြန်တော့ အိမ်မှာပဲနေပြီး အနားယူဖို့ ဆုံးဖြတ်ဖြစ်တယ်။ အနားယူတယ်ဆိုပေမယ့် သတင်းတွေနဲ့ ကင်းကွာလို့တော့ ဘယ်ဖြစ်မလဲ။

အမေရိကန်စစ်သင်္ဘောတွေ ကိုရီးယားကျွန်းဆွယ်ဆီ ဦးတည်ခုတ်မောင်းနေတယ်။ မြောက်ကိုရီးယားကလည်း လိုအပ်ရင် နျူကလီးယားလက်နက်နဲ့ တန်ပြန်တိုက်ခိုက်မယ်လို့ ကြိမ်းဝါးတယ်ဆိုတဲ့ နိုင်ငံတကာသတင်းကလည်း ဒီနေ့ကာလမှာ အသံဆူညံဆုံး သတင်းတစ်ပုဒ်ဖြစ်ပါတယ်။

ကိုရီးယားဖြစ်စဉ်နဲ့ပတ်သက်ပြီး ဆိုးလ်မြို့တော်မှာနေထိုင်တဲ့ တောင်ကိုရီးယားမှာ ကျောင်းတက်စဉ် ခင်မင်ခဲ့တဲ့ အခန်းဖော် ကိုရီးယားမိတ်ဆွေကို မေးမြန်းကြည့်တော့ သူတို့ဆီမှာ အခြေအနေတွေက အေးအေးဆေးဆေးပါပဲလို့ ဆိုပါတယ်။ အခုတင်းမာမှု ဖြစ်စဉ်အတွက် စိုးရိမ်ကြောင့်ကြတာထက် ပြီးခဲ့တဲ့လတွေက တောင်ကိုရီးယားမှာ နိုင်ငံရေး ကမောက်ကမတွေဖြစ်ပြီး အမျိုးသမီးသမ္မတ ရာထူးက ပြုတ်ကျလို့ အခုထောင်နန်းစံနေရတာကို ကိုရီးယားလူမျိုးတစ်ဦးအနေနဲ့ အရှက်ရနေပုံပေါ်ပါတယ်။ သမ္မတဟောင်းကိုလည်း အတော်ဆိုးရွားတဲ့နိုင်ငံရေးသမားလို့ ပြစ်တင်သမုတ်ပါတယ်။ တောင်ကိုရီးယားနိုင်ငံဟာ အိမ်နီးချင်း မြောက်ကိုရီးယားနိုင်ငံနဲ့ ယှဉ်တွဲ နေထိုင်တာကြာမြင့်လှပြီဖြစ်လို့ ဘယ်လိုသော ခြိမ်းခြောက်မှုတွေကြီးမားပါစေ တောင်ကိုရီးယားသားတွေ နေသားကျနေပုံရပါတယ်။

ဒီဆောင်းပါးမှာ ပြောချင်တာက ကိုရီးယားအကြောင်း မဟုတ်ပါဘူး။ အခုနောက်ဆုံးဖြစ်သွားတဲ့ ယူနိုက်တက်အဲယားလိုင်း (United Airlines) ဖြစ်စဉ်ကို ပြောချင်တာ ဖြစ်ပါတယ်။ သတင်းတွေအရ ခရီးသည်တစ်ယောက်ကို လေကြောင်းလိုင်း တာဝန်ရှိသူတွေ၊ လုံခြုံရေးတာဝန်ရှိသူတွေက အတင်းအဓမ္မ လေယာဉ်ပေါ်က ဆွဲချတယ်လို့ သိရပါတယ်။ ရုန်းကန်ဆွဲကြရင်း ဆွဲချခံရတဲ့ခရီးသည်မှာ သွေးထွက်သံယိုဖြစ်သည်အထိ အခြေအနေက ဆိုးရွားသွားပါတယ်။ အဲဒီသတင်းနဲ့ ဗီဒီယိုဖိုင်က တစ်ကမ္ဘာလုံးကို ပျံ့နှံ့သွားတယ်။ လူတွေက United Airlinesကို အင်မတန် အမျက်ထွက်ကြတယ်။ ခံရတဲ့သူက အာရှတိုက်သားအသွင်အပြင်ရှိတာမို့ လူမျိုးရေးခွဲခြားတာလားဆိုတဲ့အမေးတွေ ထွက်လာတယ်။ လေကြောင်းကျွမ်းကျင်သူအချို့ကတော့ ဒါလေကြောင်းက ခုံအပိုရောင်းချထားတာဖြစ်လို့ လုပ်ပိုင်ခွင့်ရှိတယ်ဆိုတဲ့သဘောမျိုး ပြောကြတယ်။ သို့သော် လေယာဉ်ပေါ် ခရီးသည်မရောက်ခင် လေဆိပ်ကောင်တာမှာတင် တားဆီး ဖြေရှင်းလို့ရနိုင်ရဲ့သားနဲ့ လေယာဉ်ပေါ်ရောက်မှ အချေအတင်ဖြစ်တာကိုတော့ နည်းမလည်ကြပါဘူး။ လေကြောင်းလိုင်းတွေဆိုတာ အင်မတန်ရှုပ်ထွေးပါတယ်။ ခရီးသည်အမျိုးမျိုးနဲ့ ဆက်ဆံရတယ်။ အပြန်အလှန်သည်းခံရတာ ရှိတယ်။

ဒီက ပြည်တွင်းလေကြောင်းလိုင်းတွေမှာလည်း လေကြောင်းတာဝန်ရှိသူနဲ့ ခရီးသည်များအကြားပြဿနာတွေ ရံဖန်ရံခါ ထွက်ပေါ်လာတတ်ပါတယ်။ ခရီးသည်တွေဘက်က လေကြောင်းလိုင်း လုပ်ကိုင်ဆောင်ရွက်မှု ချွတ်ယွင်းလွဲမှားမှုတွေအပေါ် ဝေဖန်ထောက်ပြတာတွေ ဆိုရှယ်မီဒီယာတွေမှာ တွေ့ရတတ်ပါတယ်။ ဒီလို သာမန်အဆင်မပြေမှုမျိုးက မြန်မာနိုင်ငံလေကြောင်းတွေမှာတင် မဟုတ်ဘူး။ နိုင်ငံတကာလေကြောင်းလိုင်းများမှာ တွေ့ကြုံဖြေရှင်းနေကျဖြစ်ပါတယ်။ သို့သော် အခုဖြစ်သွားတဲ့ United Airlines ဖြစ်စဉ်လောက်တော့ အရုပ်ဆိုးအကျည်းတန်တာ မဖြစ်သေးပါဘူး။

နိုင်ငံတကာလေကြောင်းလိုင်း ပျံသန်းမှုဖြစ်စဉ်တွေမှာ လေယာဉ်ပေါ် ခရီးသည်ချင်း ရန်ဖြစ်တာ၊ ခရီးသည်နဲ့ လေယာဉ်ဝန်ထမ်း စကားများတာ၊ ခရီးသည်တစ်ဦးချင်း ရမ်းကားတာမျိုးတွေ ရှိတတ်ပါတယ်။ ၂၀၁၄ ခုနှစ် ကလည်း အမေရိကန်ကနေ တောင်ကိုရီးယားကို ပျံသန်းတဲ့ ကိုရီးယားလေကြောင်း (Korea Air)လေယာဉ်တစ်စီးမှာ လေကြောင်းလိုင်း ဥက္ကဋ္ဌဖြစ်သူရဲ့ သမီးတော်နဲ့ လေယာဉ်ဝန်ထမ်း တစ်ဦး လေယာဉ်ပေါ် အဆာပြေစားဖို့ပေးတဲ့ မြေပဲပေးတာကိုအကြောင်းပြုပြီး အချေအတင်ဖြစ်ကြရင်း သမီးတော်က လေယာဉ် ထွက်ခွာစမှာ လေယာဉ်ကိုပြန်လှည့်ခိုင်းခဲ့ပြီး ဝန်ထမ်းကို လေယာဉ်ပေါ်က နှင်ချ၊ ခရီးစဉ်တွေ နှောင့်နှေးခဲ့လို့ ကမ္ဘာကျော်သတင်းတစ်ပုဒ် ဖြစ်ခဲ့ရပါသေးတယ်။ Nut rage incident ဆိုပြီး ကမ္ဘာကျော်ပါတယ်။ ဒါကလည်း ဝန်ထမ်းအချင်းချင်း ဖြစ်တာလို့ပြောလို့ရပါတယ်။ အခု United Airlines ဖြစ်စဉ်ကတော့ တာဝန်ရှိဝန်ထမ်းတွေက ကိုယ့်ဖောက်သည် လေယာဉ်စီးနင်းသူကို ကိုယ်ထိလက်ရောက် ကျူးလွန်ရာရောက်သွားပါတယ်။ ဘယ်နေရာ၊ ဘယ်ဒေသမှာမဆို စားသုံးသူ အမြဲမှန်တယ်ဆိုတဲ့စကား (The customer is always right) ရှိပါတယ်။

United Airlines ဆိုတာလည်း အမေရိကန်ပြည်ထောင်စု ချီကာဂိုမြို့ (Chicago) အခြေစိုက် ကမ္ဘာကျော်လေကြောင်းလိုင်းတစ်ခု ဖြစ်ပါတယ်။ ၁၉၃၁ ခုနှစ်မှာ စတင်ပျံသန်းပြေးဆွဲခဲ့ပြီး လုပ်သက်ရင့်အတွေ့အကြုံရှိလေကြောင်းတစ်ခု ဖြစ်ပါတယ်။ ဒါမျိုး တရုတ်နိုင်ငံလို၊ ရုရှားနိုင်ငံလို နိုင်ငံတွေမှာသာ ဖြစ်ကြည့်ပါ၊ ပြောလိုက်ကြမယ့် ဖြစ်ခြင်း။ ဒါမျိုး မြောက်ကိုရီးယားလို၊ ကျူးဘားလို နိုင်ငံတွေမှာသာ ဖြစ်ကြည့်ပါ၊ ပြောလိုက်ကြမယ့် ဖြစ်ခြင်း။ ဒါမျိုး မြန်မာနိုင်ငံမှာသာ ဖြစ်ကြည့်ပါ။ ပြောလိုက်ကြမယ့် ဖြစ်ခြင်း။

အခုတော့ ဒီမိုကရေစီ၊ လူ့အခွင့်အရေးဘိုးအေနိုင်ငံကြီးက လေကြောင်းလိုင်းမှာမှ ဖြစ်ခဲ့ပြီဆိုတော့ ပြောစရာက ပိုဖြစ်ပြီပေါ့။ အခုပဲ United Airlines လိုင်းကို သပိတ်မှောက်ကြဖို့ လှုပ်ရှားမှုကန်ပိန်းတွေ လုပ်နေကြပြီ။ လေကြောင်းလိုင်းက မှန်ကန်နေခဲ့သည် ဆိုသည့်တိုင်၊ ခရီးသည်က စည်းကမ်းမလိုက်နာခဲ့ပါ ဆိုသည့်တိုင် လူမြင်ကွင်းမှာ ခရီးသည်တစ်ယောက်ကို အတင်းအဓမ္မ ဆွဲချမောင်းထုတ်သည့်နှယ် ပြုမူမှုဟာ ဘယ်လိုမှခွင့်လွှတ်နိုင်ဖွယ်မရှိပါဘူး။ လေယာဉ်ပေါ်က အခြားခရီးသည်တွေရဲ့ စိတ်ထဲမှာ၊ ဒါကို မြင်တွေ့ရတဲ့ ကမ္ဘာတစ်လွှားက ခရီးသွားတွေစိတ်ထဲမှာ တစ်နေ့ငါတို့လည်း အဲဒီလိုမျိုး အဆက်ဆံခံရနိုင်ပါလားဆိုတဲ့ အတွေးဝင်သွားနိုင်တယ်။ အကြောက်တရား လွှမ်းမိုးသွားနိုင်တယ်။ အခု ဆေးရုံပေါ်ရောက်နေတဲ့ ခရီးသည်ကို လေကြောင်းလိုင်းဟာ လျော်ကြေးဒေါ်လာသန်းနဲ့ချီပြီး ပေးအပ်ရဖွယ်လည်း ရှိနေပါတယ်။ လေကြောင်းလိုင်းအတွက် လျော်ကြေးငွေထက် ဆုံးရှုံးသွားတဲ့ ဂုဏ်သိက္ခာက ပိုမိုကြီးမားပါလိမ့်မယ်။

စာရေးသူက မြို့ထဲမှာ နေပါတယ်။ စာရေးသူရဲ့အတွေးက လွန်ခဲ့တဲ့နှစ်အနည်းငယ်က အိမ်နားက နိုင်ငံကျော်စူပါမားကတ် ဆိုင်ကြီးတစ်ဆိုင်မှာ ဖြစ်ပျက်ခဲ့တဲ့ ဖြစ်စဉ်တစ်ခုဆီ ရောက်သွားတယ်။ နိုင်ငံကျော်လို့ရေးရတာ သူ့ဆိုင်ခွဲတွေက ရန်ကုန်မြို့နေရာအနှံ့မှာ တည်ရှိပြီး မြို့ကြီးအချို့မှာလည်း ဖြန့်ကြက်ထားပါတယ်။ ပစ္စည်းခိုးသူလို့ယူဆရတဲ့လူတစ်ဦးကို ဆိုင်ရဲ့ လုံခြုံရေး ယူနီဖောင်းဝတ် ဝန်ထမ်းတွေက ဆိုင်အတွင်းကို ဖမ်းချုပ်ခေါ်ဆောင်လာပြီး (ဆိုင်အတွင်းမှာ ပစ္စည်းခိုးသလား၊ ဆိုင်အပြင်မှာ ဖြစ်သလားတော့မသိပါ) ဆိုင်တွင်းလမ်းတစ်လျှောက် ဦးခေါင်းကို ရိုက်ပုတ်ခေါ်ဆောင်လာတာ ဖြစ်ပါတယ်။ ဖမ်းဆီးခံရတဲ့သူခမျာ အတော်နွမ်းပါးပုံရပါတယ်။ သူ့မျက်နှာမှာ အသနားခံ၊ ကြောက်ရွံ့ထိတ်လန့်မှုတွေ အထင်းသားပေါ်လွင်နေတယ်။ အဲဒီမြင်ကွင်းကို စာရေးသူမျက်စိထဲက တော်တော်နဲ့မထွက်ခဲ့။ ကိုယ့်ရှေ့မှာ ဖြစ်ပျက်ခဲ့တာကို အနည်းဆုံး ကိုယ်ထိလက်ရောက်မရိုက်နှက်ဖို့ ဝင်ရောက်ပြောဆိုခြင်း မပြုမိခဲ့တဲ့ အတွက်လည်း အခုထိ စိတ်ထဲက မလုံခဲ့။ တစ်ချိန်တည်းမှာ အဲဒီအချိန်က ခံစားစိတ်တစ်ခုက အဲဒီလို ရိုက်နှက်ခေါ်ဆောင်မှုဖြစ်စဉ်မျိုး ငါတို့လည်း အချိန်မရွေးခံရနိုင်သလားဆိုတဲ့ အမေးပေါ်မိတယ်။ ဘယ်သူမဆို မှားယွင်းပြီး အရိုက်အနှက်ခံရတာလည်း ဖြစ်နိုင်တာပဲလေ။

အဲဒီစူပါမားကတ်ဆိုင်ဖြစ်စဉ်နဲ့ အမေရိကန်လေကြောင်းလိုင်းဖြစ်စဉ်က မတူပါဘူး။ သို့သော် အများရဲ့ရှေ့မှာ တရားခံပင် ဖြစ်ပါသော်ငြား တာဝန်ရှိသူတွေက ကိုယ်ထိလက်ရောက် ရိုက်ပုတ်နေတာမြင်ရင် အများက မခံချင်ကြပါဘူး။ ဝင်ရောက်ပြောဆို ကန့်ကွက်တတ်ကြပါတယ်။ ဒီနေ့လို ဆိုရှယ်မီဒီယာတွေ ပျံ့နှံ့အားကောင်းနေတဲ့ အချိန်မျိုးမှာ ပိုလို့တောင် ဆင်ခြင်သင့်ပါသေးတယ်။ လုပ်ငန်းတစ်ခုဟာ ဘယ်လောက်ပင် အဖွဲ့အစည်းပုံရိပ်ကြီးမားပါစေ၊ သမိုင်းကြောင်းရှိပါစေ၊ ယူနိုက်တက်အဲယားလိုင်းလို အမှားအယွင်း ပြုမိပြီဆိုရင် ပြိုဆင်းသွားနိုင်ပါတယ်။ ဒီနေ့ခေတ်က လူတွေ မအကြွတော့ပါဘူး။ ရုတ်တရက် မျက်စိရှေ့မှာ ဖြစ်ပျက်ခဲ့မှုအပေါ် မှင်တက်ငေးမောပြီး ကြားဝင်မပြောဆိုကြဘူးဆိုရင်တောင် လူတွေဟာ မတရားမှုဆိုတာတွေကို ဆိုရှယ်မီဒီယာတွေကတစ်ဆင့် ပြစ်တင်ဝေဖန်ရင်း ဒဏ်ခတ်လာကြပါလိမ့်မယ်။ မြန်မာနိုင်ငံက လုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများအနေနဲ့လည်း လုံခြုံရေးဝန်ထမ်းများ အပါအဝင် မိမိတို့ဝန်ထမ်းများကို စားသုံးသူများနဲ့ ဆက်ဆံရာမှာ၊ ပြည်သူနဲ့ ဆက်ဆံရာမှာ ဂရုစိုက်မှုပြုကြဖို့ အခါမလပ် နှိုးဆော်တိုက်တွန်း နေဖို့လိုပါတယ်။ လိုအပ်ရင် ပဋိပက္ခဖြေရှင်းရေးဆိုင်ရာသင်တန်းတွေ ပေးကြရပါမယ်။

မြန်မာနိုင်ငံမှာ ယာဉ်လိုင်းတာဝန်ရှိသူတွေနဲ့ ခရီးသည်တွေ ထိပ်တိုက်အတွေ့ဆုံး ခရီးသွားပို့ဆောင်ရေးလုပ်ငန်းတစ်ခုကို ပြောပါ ဆိုရင် ရန်ကုန်မြို့က ဘတ်စ်ကားလိုင်းတွေဖြစ်ပါလိမ့်မယ်။ ဘတ်စ်ကားဝန်ထမ်းတွေက ခရီးသည်တွေကို မချေမငံပြောဆို ဆက်ဆံတတ် တယ်ဆိုပြီး မကြာခဏဝေဖန်ပြောဆိုမှုတွေရှိပါတယ်။ ခရီးသည်တွေကို ကိုယ်ထိလက်ရောက်ရန်ရှာတဲ့ ဖြစ်စဉ်တွေလည်း ကြားရတတ် ပါတယ်။ ဘတ်စ်ကားအများစုက စည်းကမ်းလိုက်နာပြီး ရိုင်းစိုင်းကြမ်းတမ်းသူက အနည်းစုပါဆိုသည့်တိုင် အဲဒီအနည်းစုကြောင့် ဘတ်စ်ကားစနစ်တစ်ခုလုံးအပေါ် သက်ရောက်မှုတွေ ဖြစ်ပေါ်စေပါတယ်။ ဘတ်စ်ကားစနစ်ကို မကျေမနပ်ဖြစ်ရာက လူတွေရဲ့ ပြစ်တင်ဝေဖန်မှုက အစိုးရအဖွဲ့စနစ်တစ်ခုလုံးဆီ ကူးစက်ရောက်ရှိလာလေ့ရှိပါတယ်။ ကြုံကြိုက်တုန်း ဆင်ခြင်ဖို့နဲ့ ဝေဖန်ဖို့ ဝေငှတာပါ။

ယူနိုက်တက်လေကြောင်းလိုင်းကဖြစ်စဉ်အပေါ် သင်ခန်းစာယူပြီး ၁၃၇၉ မြန်မာနှစ်သစ်မှာ အများပြည်သူကိုဝန်ဆောင်မှုပေးနေတဲ့ စီးပွားရေးလုပ်ငန်းတွေ၊ အစိုးရဌာနတွေ၊ သယ်ယူပို့ဆောင်ရေးစနစ်တွေအားလုံး ပြုပြင်ပြောင်းလဲ တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းလုပ်ဆောင်ကြဖို့ ဒီဆောင်းပါးကတစ်ဆင့် တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

## မြန်မာနိုင်ငံမှ မွေးရာပါ နှလုံးရောဂါဝေဒနာရှင်ကလေးများနှင့် မိဘများအား တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ပေကျင်းမြို့၌ တွေ့ဆုံအားပေး

**ပေကျင်း ဧပြီ ၁၈**

မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးပူးပေါင်းဆောင်ရွက်ခြင်းအစီအစဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ Anzhen ဆေးရုံ၌ နှလုံးရောဂါခွဲစိတ်ကုသရန် ရောက်ရှိနေသော မြန်မာနိုင်ငံ မွေးရာပါနှလုံးရောဂါရရှိနေသော ကလေးငယ်များနှင့် ၎င်းတို့မိဘများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့်ဇနီးတို့သည် ဧပြီ ၁၇ ရက် ညနေပိုင်းက ပေကျင်းမြို့ရှိ BEJING QUANJUDE HEPINGMEN RESTAURANT ၌ တွေ့ဆုံ၍ အားပေးနှုတ်ဆက် စကားပြောကြားသည်။

မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် ဇနီးတို့သည် စားသောက်ဆိုင်ခန်းမ၌ မွေးရာပါ နှလုံးရောဂါဝေဒနာရှင် ကလေးငယ်များနှင့် ၎င်းတို့မိဘများအား တစ်ဦးချင်းအားပေး နှုတ်ဆက်စကားပြောကြားရာတွင် တရုတ်နိုင်ငံ၌ ဆေးဝါးကုသနေစဉ်ကာလအတွင်း မြန်မာသံရုံးအနေဖြင့် လိုအပ်သည့်ကူညီပံ့ပိုးမှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရေမြေခြားဖြစ်ရာ ကျန်းမာရေးကို ပိုမိုဂရုစိုက်ရန်နှင့် လိုအပ်သည့်ကိစ္စများကို ဆက်သွယ်အသိပေး၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး China Charity Federation ဥက္ကဋ္ဌ Xu Yixuan ကခွဲစိတ်ကုသပေးမည့် လုပ်ငန်းစဉ်နှင့် ပေကျင်းမြို့တွင် အနားယူအပန်းဖြေလေ့လာမည့် အစီအစဉ်ကို ရှင်းလင်းပြောကြားသည်။

မွေးရာပါ နှလုံးရောဂါဝေဒနာရှင် ကလေးငယ် ၁၂ ဦးနှင့် ၎င်းတို့၏ မိဘများ၊ မြန်မာနိုင်ငံမှ လိုက်ပါလာသော ဆရာဝန်၊ သူနာပြုနှင့် တာဝန်ရှိသူများသည် ပေကျင်းမြို့ရှိ သမိုင်းဝင် တီရန်ကျင်းရင်ပြင် ဗုဒ္ဓမြတ်စွယ်တော်တိုက်နှင့် ကမ္ဘာကျော် မဟာတံတိုင်းကြီးများကိုလည်း သွားရောက်လေ့လာကြမည်ဖြစ်သည်။

အဆိုပါအဖွဲ့ တရုတ်နိုင်ငံသို့ သွားရောက်နိုင်ရန်အတွက် ယူနန်ပြည်နယ်အခြေစိုက် မင်္ဂလာမဂ္ဂဇင်းတိုက်မှ မြန်မာပြည် ရန်ကုန်တာဝန်ခံ Mengfen(ခေါ်)ဒေါ်ကြည်လင်းနှင့် ရန်ကင်းကလေးဆေးရုံမှ နှလုံးခွဲစိတ်ကုသ ဆရာဝန် ဒေါက်တာ အောင်သိန်းထွဋ်နှင့် သူနာပြု ဆရာမတစ်ဦး၊ နှလုံးခွဲစိတ်ကုသရန် စိစစ်ရွေးချယ်ခံထားရသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အသက် (၁)နှစ်မှ (၁၅)နှစ်အတွင်း ကလေးငယ် (၁၂) ဦးနှင့် ၎င်းတို့၏ အုပ်ထိန်းသူ မိဘတစ်ဦးအပါအဝင် အဆိုပါအဖွဲ့သည် တရုတ်နိုင်ငံ ပေကျင်းမြို့ Anzhen ဆေးရုံ၌ ခွဲစိတ်ကုသရန်အတွက် ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်မှ ဧပြီ ၁၇ ရက်တွင် တရုတ်လေကြောင်းလိုင်းဖြင့် တရုတ်နိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရသည်။

ယင်းသို့ နှစ်နိုင်ငံချစ်ကြည်ရေး ဆောင်ရွက်မှုအရ တရုတ်နိုင်ငံမှ အစစအရာရာ အကုန် ကျခံကုသပေးခြင်းဖြစ်ကြောင်း China Charity Federation ဥက္ကဋ္ဌ Xu Yixuan ကပြောကြားကြောင်း သိရသည်။

**မင်းပိုင်ဖြိုး**



## ပန်းချီပြပွဲခင်းကျင်းပြသမည်

**ရန်ကုန် ဧပြီ ၁၈**

1+1=100 TWO MEN SHOW ပန်းချီပြပွဲကို ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးအရှေ့ဘက်ခြမ်းရှိ မြန်မာနိုင်ငံပန်းချီ၊ ပန်းပုအစည်းအရုံး ပန်းချီပြခန်း (MAOC art gallery)၌ ဧပြီ ၂၆ ရက်မှ ၃၀ ရက်ထိကို နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း ရန်ကင်းမြို့နယ် ပန်းချီ၊ ပန်းပုအစည်းအရုံးမှ သိရသည်။

အဆိုပါပန်းချီပြပွဲ၌ ပန်းချီမောင်မောင်တင်ဦးနှင့် ဒီဇိုင်း D Ko Zaw တို့ရေးဆွဲထားသည့် ပန်းချီကားပေါင်း ၃၀ ကို ခင်းကျင်းပြသသွားမည်ဖြစ်ပြီး တိုင်းရင်းသားပုံများ၊ အလှရှုခင်းပုံများ၊ ဈေးနှင့်စပ်လျဉ်းသည့် ပန်းချီကားပုံများအား ထည့်သွင်းခင်းကျင်းပြသသွားမည်ဖြစ်သည်။ အခွရိုင်းလက် (ACRYLIC) ရေဆေးအထူ ပန်းချီကားများ ပါဝင်ခင်းကျင်းပြသမည်ဖြစ်ပြီး ပန်းချီကားများအား အနည်းဆုံးဒေါ်လာ ၅၀၀ မှ အများဆုံးဒေါ်လာ ၁၅၀၀ ထိ တန်ဖိုးသတ်မှတ်ထားရှိကာ ပြပွဲလာဝါသနာရှင်ပြည်သူများအား ခင်းကျင်းပြသရောင်းချပေးမည်ဖြစ်သည်။

ရန်ကင်းမြို့နယ် ပန်းချီ၊ ပန်းပုအစည်းအရုံး ဥက္ကဋ္ဌဖြစ်သော ပန်းချီမောင်မောင်တင်ဦးက "ကျွန်တော်တို့အနေနဲ့ ပြပွဲပြုလုပ်ရတဲ့ရည်ရွယ်ချက်ကတော့ အနုပညာစွမ်းအားကိုတင်ပြတဲ့ သဘောပဲဖြစ်ပါတယ်။ မျိုးဆက်သစ်ပန်းချီဝါသနာရှင်များ လေ့လာနိုင်ရန်အတွက် ခင်းကျင်းပြသခြင်းဖြစ်ပြီး အရောင်အသွေးစုံပန်းချီကားများကို မျှဝေခံစားဖို့ခင်းကျင်းပြသတာမို့ ပြပွဲလာပြည်သူတွေအတွက် စိတ်ကြည်နူးအကျိုးရှိစေမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါ 1+1=100 TWO MEN SHOW ပန်းချီပြပွဲအား ပထမဦးဆုံးအကြိမ်ပြုလုပ်ခြင်းဖြစ်ပြီး ပြပွဲလာပြည်သူများအတွက် ထပ်မံခင်းကျင်းပြသရန်စီစဉ်ထားကြောင်း ရန်ကင်းမြို့နယ် ပန်းချီ၊ ပန်းပုအစည်းအရုံးမှ သိရသည်။

**(စိုးဝင်း-MLA)**



# တတိယအကြိမ်မြောက် ယဉ်ကျေးလိမ္မာစာမေးပွဲသို့ ရပ်ကွက်၊ကျေးရွာများမှ ဝင်ရောက်ဖြေဆို

**ရန်ကုန် ဧပြီ ၁၈**

ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်တော် ဩဝါဒါစရိယဆရာတော်ကြီးများ ကြီးမှူးကျင်းပသည့် ရန်ကင်းမြေ ယဉ်ကျေးလိမ္မာစာမေးပွဲကို ဧပြီ ၁၇ ရက် နံနက် ၈ နာရီက ရန်ကင်းတောင်ခြေ သဒ္ဓမ္မမာမက ဓေရက်ဗိမာန်တော်ကြီး၌ကျင်းပရာ ကျေးရွာ ကိုးရွာမှ ကလေးသူငယ်များ ဖြေဆိုကြသည်။



မြို့နယ်အတွင်းရှိ ရှင်တော်ကုန်းကျေးရွာ၊ ရန်ကင်းတောင်ကျေးရွာ၊ မြို့သာကုန်းကျေးရွာ၊ ကြည်ကုန်းကျေးရွာ၊ မိုင်ကုန်းကျေးရွာ၊ ပုဏ္ဏားကုန်းကျေးရွာ၊ စည်သာယာရပ်ကွက်၊ ရန်ကင်းအောင်ရပ်ကွက်၊ မြို့မရပ်ကွက် ကိုးခုမှ ကလေးသူငယ် ၃၃၀ ဝင်ရောက်ဖြေဆိုကြသည်။ ထိုသို့ ဖြေဆိုနိုင်ရန်အတွက် ဆရာတော်၊ သံဃာတော်များ အမှူးပြု၍ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအလိုက် မတ်လတစ်လတာ ကာလအတွင်း သင်ကြားပို့ချ ပေးထားခြင်းဖြစ်ပြီး ယနေ့ကျင်းပသည့် တတိယအကြိမ်မြောက်စာမေးပွဲသို့ သတ်မှတ်အဆင့်အလိုက် ဝင်ရောက်ဖြေဆိုကြရသည်။

ဘာသာရပ်အလိုက် အဆင့်ဆင့် ဖြေဆိုကြရာ ပထမအဆင့်တွင် ဝင်ရောက်ဖြေဆိုသူ ၂၆၁ ဦး၊ ဒုတိယအဆင့်တွင် ၅၄ ဦးနှင့် တတိယအဆင့်တွင် ၁၅ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြပြီး ဖြေဆိုနေမှုများကို ရန်ကင်းတောင်တော် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်များက ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည့်နည်းတူ အလှူရှင်များကလည်း စာဖြေသူများအတွက် မုန့်နှင့် အအေးများ ဒါနပြုခဲ့ကြကြောင်း သိရသည်။

**(ဝေဖြိုးအောင်)**

# IP in ASEAN Region in changing Global Landscape ဆွေးနွေးပွဲတက်ရောက်ရန် မြန်မာနိုင်ငံဥပဒေဘွဲ့ရသူများအသင်း ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဧပြီ ၁၈**

ASEAN International Property Association National Group of the Philippines ၏ ဖိတ်ကြားမှုအရ ဖိလစ်ပိုင်နိုင်ငံတွင် ဧပြီ ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်သော "IP in ASEAN Region in changing Global Landscape" ဆွေးနွေးပွဲသို့ တက်ရောက်ရန် မြန်မာနိုင်ငံဥပဒေဘွဲ့ရသူများအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးအောင်ဌေးဦးနှင့် အသင်းဝင်များသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းလေကြောင်းလိုင်းဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ ဥပဒေဘွဲ့ရသူများအသင်း ဦးဘတင့်ဆွေ၊ အတွင်းရေးမှူးအဖွဲ့ဝင် ဒေါ်စမ်းစမ်းမြင့်နှင့် အသင်းဝင်များက လိုက်ပါပို့ဆောင်ခဲ့သည်။

အဆိုပါအဖွဲ့သည် ထိုင်းနိုင်ငံသို့ ဝင်ရောက်ကာ မြန်မာနိုင်ငံဥပဒေဘွဲ့ရသူများအသင်းအနေဖြင့် လိပ်ကျွန်းလူသတ်မှုစွပ်စွဲခံ မြန်မာနိုင်ငံသားဝင်းဇော်ထွန်းနှင့် ဇော်လင်းတို့အပေါ် ချမှတ်ထားသော ပြစ်ဒဏ်လျှော့ပေါ့ပေးရေးအတွက် ထိုင်းနိုင်ငံဘုရင်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံတရားရုံးချုပ်တို့ကို လိပ်မူကာ ဥပဒေကြောင်း အချက်အလက်များအရ တင်ပြစာပေးပို့မည့်အပြင် အသတ်ခံရသူ ဗြိတိန်နိုင်ငံသားများ၏ မိသားစုများထံ စွပ်စွဲခံမြန်မာနိုင်ငံသားနှစ်ဦးအတွက် အသနားခံစာပေးပို့မည်ဖြစ်သည်။

ဆွေးနွေးပွဲတက်ရောက်မည့် အဖွဲ့ခေါင်းဆောင်ဖြစ်သူ အသင်းအထွေထွေအတွင်းရေးမှူး ဦးအောင်ဌေးဦးနှင့်အတူ အဖွဲ့ဝင်များအဖြစ် ဒေါ်နုနုရည်(ဒုတိယဥက္ကဋ္ဌ-၂)၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ ဖြစ်ကြသော ဒေါ်ခင်မာဌေး(တွဲဖက်အတွင်းရေးမှူး)၊ ဒေါ်ယဉ်ယဉ်မြတ်(ပြန်ကြားရေးမှူး)၊ ဒေါ်ဝါဝါထွန်း၊ ဒေါ်နီနီဦးနှင့် ဒေါ်ဇင်မာမြင့်အောင်တို့ လိုက်ပါသွားကြသည်။



အဆိုပါအဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံတွင် ဧပြီ ၂၀ ရက်တွင် ကျင်းပမည့် အာရှတိုက်အတွင်းရှိ ဥပဒေဘွဲ့ရသူများတွေ့ဆုံဆွေးနွေးပွဲနှင့် ဧပြီ ၂၁ ရက်မှ ဧပြီ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်သော IP in ASEAN Region in changing Global Landscape ဆွေးနွေးပွဲဆက်လက်တက်ရောက်ကြမည်ဖြစ်သည်။

**(ခင်မောင်သော်)**

# အပူဒဏ်ကြောင့် ကျန်းမာရေး ပြဿနာများဆိုင်ရာ နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းမှုကြောင့် ချွေးထွက်လွန်ကာ ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားဓာတ်များဆုံးရှုံးမှု ပိုမိုများပြားတတ်ပါသည်။ ပြည်သူလူထုအနေဖြင့် အပူဒဏ်ကြောင့်ဖြစ်ပွားတတ်သော ကျန်းမာရေးပြဿနာများတွေ့ရှိပါက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို သိရှိလိုက်နာနိုင်ပါရန် နှိုးဆော်အပ်ပါသည်။

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း (Heat exhaustion) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများ ပေါ်ပေါက်နိုင်ပါသည်။

- ပျို့ခြင်း (သို့) ဂနာမငြိမ်ဖြစ်ခြင်း
- ခေါင်းမူးနောက်ခြင်း
- ကြွက်သားများ ကြွက်တက်ခြင်းနှင့် အားပျော့ခြင်း
- မူးမိုက်ခြင်း
- ခေါင်းကိုက်ခြင်း
- နုံးချည့်ခြင်း
- ရေဆာခြင်း
- ချွေးအလွန်အကျွံထွက်ခြင်း
- ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း

ရောဂါပိုမိုပြင်းထန်ဆိုးရွားလာ၍ အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) ခံစားရပါက အောက်ဖော်ပြပါရောဂါလက္ခဏာများ ပေါ်ပေါက်နိုင်ပါသည်။

- အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့) ချွေးအလွန်အကျွံထွက်ခြင်း
- စိတ်ရှုပ်ထွေးခြင်း
- သတိလစ်ခြင်း
- တက်ခြင်း
- ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်း

အဆိုပါလက္ခဏာများခံစားရပါက ဦးစွာဆောင်ရွက်ရန်-

(၁) အရိပ်ရ၍အေးမြသော၊ လေဝင်လေထွက်ကောင်းသော နေရာသို့ ပြောင်းရွှေ့ထားပါ။

(၂) ရေနှင့်ဓာတ်ဆားရည်များကို တိုက်ကျွေးပါ။

(၃) ရေအေးပတ်တိုက်ပါ။ (နဖူး၊ လည်ပင်း၊ ချိုင်းကြားနှင့် ပေါင်ခြံတို့ကို ရေအေးပတ်ရွှဲရွှဲတိုက်ပေးခြင်းဖြင့် ခန္ဓာကိုယ်တွင် အပူချိန်အမြန်ကျစေပါသည်။)

**နီးစပ်ရာဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများသို့ အမြန်ဆုံးပို့ပေးပါ။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# အသက်(၈၀)နှင့်အထက်ဘိုးဘွားများအား ပူဇော်ပွဲကျင်းပ

**ကျိုက်ထို ဧပြီ ၁၈**

ကျိုက်ထိုမြို့နယ်တွင် အသက်(၈၀)နှင့်အထက် ဘိုးဘွားများအား သက်ကြီးပူဇော်ကန်တော့ပွဲနှင့် မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်၌ ကပြဖျော်ဖြေခဲ့ကြသော ယိမ်းအဖွဲ့များအား ဆုချီးမြှင့်ပွဲကို ဧပြီ ၁၇ ရက် နံနက်က မြို့နယ်သာသနာ့ဗိမာန်၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်က မဟာသင်္ကြန်ပွဲတော်တွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသော မဟာသင်္ကြန်ပွဲတော်ဖြစ်မြောက်ရေးကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် ညစဉ်သီဆိုကပြဖျော်ဖြေပေးခဲ့ကြသော ယိမ်းအဖွဲ့များအားလုံးကို ကျေးဇူးတင်စကားပြောကြားပြီး ယိမ်းအဖွဲ့ကိုးဖွဲ့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ဆက်လက်ပြီး သက်ကြီးပူဇော်ပွဲကိုကျင်းပရာ မြို့နယ်အတွင်းရှိ အသက်(၈၀)နှစ်အထက် အဘိုး အဘွား ၃၇၆ ဦးအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဂေါ်ရခါးအညွန့်စားစိုက်ပျိုးမှုတွင် ရေပန်းများကို တပ်ဆင်အသုံးပြုစိုက်ပျိုးလာ

**ပြင်ဦးလွင် ဧပြီ ၁၈**

ပြင်ဦးလွင်မြို့နယ် ဂေါ်ရခါးစိုက်ပျိုးမှုတွင် ရေပန်းများကို တပ်ဆင်အသုံးပြုကာစိုက်ပျိုးလာကြသည်။ ဂေါ်ရခါးစိုက်ပျိုးမှုတွင် အညွန့်စားနှင့် အသီးစားဟူ၍ နှစ်မျိုးနှစ်စား စိုက်ပျိုးနိုင်သည်။ အသီးစားမှာ ဝါးဖြင့်စင်ထိုးရပြီး စရိတ်များစွာကုန်ကျသည်။အညွန့်စားစိုက်ပျိုးခြင်းမှာ တစ်ခါစိုက်ပျိုးပြီးသည်နှင့် သုံးနှစ်မှ လေးနှစ်အထိ အညွန့်လှီးဖြတ်ရောင်းချခြင်းများပြုလုပ်နိုင်သည်။ စိုက်စရိတ်သက်သာပြီး နေ့စဉ်ဝင်ငွေရရှိသောသီးနှံပင်ဖြစ်သည်။ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ဂေါ်ရခါးအညွန့်စား စိုက်ပျိုးသူအများစုမှာ ခေတ်မီနည်းပညာဖြင့် ရေပန်းများကို တပ်ဆင်အသုံးပြုစိုက်ပျိုးလာကြသည်။

ဂေါ်ရခါး အညွန့်စားစိုက်ပျိုးမှုတွင် ထယ်ရေးပြင်ဆင်ပြီးသည်နှင့် ဂေါ်ရခါးသီး သုံးလုံးအတန်းလိုက် စနစ်တကျ စိုက်ပျိုးပေးရသည်။ အပင်ပေါက်လာသည့်အခါတွင် ပေါင်းအဖြစ်ပြုလုပ်ပြီး မြေဆီကျွေးခြင်း၊ ရေတင်ခြင်းများကို ပြုလုပ်ကြသည်။ အခင်းသစ်စိုက်ပျိုးမှုတွင် အောက်တိုဘာလတွင် အများဆုံးစိုက်ပျိုးကြသည်။ စိုက်ပျိုးပြီး နှစ်လခန့်တွင် ခေါင်ညွန့်များမှ စတင်အညွန့်ဖြတ်ကာ ရောင်းချနိုင်သည်။ ပထမအကြိမ် အညွန့်ခူးပြီးနောက်ပိုင်းတွင် အညွန့်လှုလာသည်။ နှစ်ရှည်အသုံးပြုနိုင်သည့်အတွက် အလုပ်ဖြစ်သောသီးနှံဖြစ်ပြီး အပြုအစုပေါ်တွင်မူတည်ကာ အညွန့်လှုခြင်း၊ မလှုခြင်းကွာခြားသွားသည်။

အခင်းဟောင်းတစ်ခင်းလျှင် သုံးနှစ်မှ လေးနှစ်အထိထားကြသည်။ အခင်းဟောင်းတွင် အညွန့်မှာ မာကျောပြီး အခင်းသစ်မှာ ပျော့ပျောင်းသည်။ ဂေါ်ရခါးညွန့်မှာ မတ်လပိုင်းမှ ဇွန်လအထိဈေးကောင်းပြီး ဇွန်လနောက်ပိုင်း မိုးကျချိန်တွင် အညွန့်ဖြိုင်ဖြိုင်ပေါသည့်အတွက် ဈေးနှုန်းကျသွားတတ်သည်။ လက်ရှိကာလတွင် ဂေါ်ရခါးညွန့်တစ်ပိဿာ ငွေကျပ် ၄၅၀ နှုန်းဖြင့် ရောင်းချရသည်။ ဆောင်းတွင်းနှင့် နွေရာသီတွင် ဈေးကောင်းပြီး မိုးတွင်းပိုင်းတွင် ဈေးကျသွားတတ်သည်။ နှစ်ဧကစိုက်ပျိုးပါက ဂေါ်ရခါးမျိုး နှစ်သောင်းခြောက်ထောင်အထိ စိုက်ပျိုးရသည်။ ဂေါ်ရခါးအညွန့်စား စိုက်ပျိုးမှုတွင် အညွန့်ဖြတ်သည့်နေ့တွင် ရေတင်ခြင်းမပြုဘဲ ကျန်သည့်အချိန် နေ့စဉ် ရေပန်းဖြင့် ရေဖျန်းပေးရသည်။ နွေရာသီတွင် ငါးရက်တစ်ကြိမ် အညွန့်ဖြတ်ရပြီး ဆောင်းရာသီတွင် ခုနစ်ရက်တစ်ကြိမ်ဖြတ်ရသည်။ တစ်ပတ်ဖြတ်ပါက သုံးရက်လောက်ဆက်တိုက်ဖြတ်ပေးရသည်။ တစ်ပတ်တွင် ဂေါ်ရခါးညွန့် နှစ်ဧကစိုက်ခင်း တစ်ခင်းလျှင် ပိဿာ ၇၀၀ ကျော်အထိရရှိကြောင်း သိရသည်။ လက်ရှိကာလ ပြင်ဦးလွင်တွင် ဂေါ်ရခါးအညွန့်စိုက်ခင်းအများစုကို ခေတ်မီရေပန်းစနစ်ဖြင့် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။



**နွေနဒီ(မြစ်ငယ်)**

# ဂီတသက်တမ်းခြောက်နှစ်ပြည့်အထိမ်းအမှတ် တေးသီချင်းတစ်ပုဒ်ထုတ်လွှင့်သွားမယ့် Apink





တောင်ကိုရီးယားရဲ့ နာမည်ကျော်အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ ဖြစ်တဲ့ "Apink" ဟာ အဖွဲ့တည်ထောင်ခဲ့တဲ့ ဂီတသက်တမ်း ခြောက်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် အထူးဖန်တီးထားတဲ့ တေးသီချင်း သစ်တစ်ပုဒ်ကို ထုတ်လွှင့်သွားမှာဖြစ်ကြောင်း အမ်ဝေ့ဗ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Apink" ရဲ့ ပရိသတ်တွေအတွက် ရည်ရွယ်ရေးဖွဲ့ထားတဲ့ တေးသီချင်း "Always"ကို ခြောက်နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် အဖြစ် ထုတ်လွှင့်ပေးသွားမှာဖြစ်ပြီး တေးသီချင်းအတွက် အမြည်း ဓာတ်ပုံတစ်ပုံကိုလည်း ပြီးခဲ့တဲ့ မေ ၁၇ ရက်က ထုတ်ဖော်ပြသခဲ့ပါတယ်။ ယင်းဓာတ်ပုံမှာတော့ "Apink" ရဲ့ အဖွဲ့ဝင်တွေဟာ ချစ်စရာကောင်းတဲ့ ယုန်ငယ်လေးတွေလို ပြင်ဆင်ဝတ်ဆင်ထားတာကို တွေ့ရပါတယ်။ ဒ့ါအပြင် ထုတ်လွှင့်သွားမယ့်အမှတ်တရတေးသီချင်း "Always" ဟာ လည်း ပရိသတ်တွေအတွက် ရည်ရွယ်ထုတ်လွှင့်ခဲ့တာ ဖြစ်တဲ့အတွက် အဖွဲ့ရဲ့ပရိသတ်တွေအပေါ် ထားရှိတဲ့ချစ်ခင်မှုတွေ၊ ပရိသတ်တွေကို ကျေးဇူးတင်ရှိကြောင်း စကားတွေနဲ့ ပရိသတ်တွေနဲ့ ထာဝရအတူ ရှိနေချင်တဲ့ ဆန္ဒတွေကို ရေးဖွဲ့ထားတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တယ် လို့လည်း သိရပါတယ်။

တေးသီချင်းထုတ်လွှင့်သွားမယ့်ရက်ကိုလည်း "Apink" တေးဂီတအဖွဲ့က သူတို့ရဲ့တေးသီချင်းအမြည်းဓာတ်ပုံနဲ့အတူ တစ်ပါ တည်း ရေးသားဖော်ပြခဲ့တာ ဖြစ်ပါတယ်။ အဖွဲ့ရဲ့ ပထမဆုံးသော ဒစ်ဂျစ်တယ်တေးသီချင်းဖြစ်တဲ့ "Always" ကို အဖွဲ့ရဲ့ ခြောက်နှစ်ပြည့် နှစ်ပတ်လည်နေ့ဖြစ်တဲ့ လာမယ့် မေ ၁၉ ရက်မှာ အွန်လိုင်းမီဒီယာတွေက နေတစ်ဆင့် စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

ယခင်ကလည်း "Apink" ဟာ ဂီတသက်တမ်းနှစ်ပတ်လည် အမှတ်တရ တေးသီချင်းတွေကို ထုတ်လွှင့်ခဲ့ပါတယ်။ အဖွဲ့တည်ထောင် ခြင်းအထိမ်းအမှတ်အဖြစ် "April 19th" တေးသီချင်းကို ထုတ်လွှင့် ခဲ့ပါတယ်။ "April 19th" ထုတ်လွှင့်မှုအပြီးမှာတော့ နှစ်နှစ်ပြည့် အထိမ်းအမှတ်တေးသီချင်းကို ထုတ်လွှင့်ခဲ့ခြင်းမရှိဘဲ ရက် (၁၀၀၀) ပြည့်အထိမ်းအမှတ်အနေနဲ့ "Good Morning Baby" တေးသီချင်းကို ထုတ်လွှင့်ခဲ့ပါတယ်။ အဲဒီနောက် လေးနှစ်ပြည့်နှစ်ပတ်လည်နေ့အတွက် ရည်ရွယ်ကာ "Promise U" တေးသီချင်းကို ပရိသတ်အရှေ့အရောက် ပို့ဆောင်ပေးခဲ့ပါတယ်။ ဂီတသက်တမ်းငါးနှစ်ပြည့်တဲ့ နှစ်ပတ်လည် အတွက်တော့ "The Wave" တေးသီချင်းကို ထုတ်လွှင့်ခဲ့ကာ မကြာမီ ကျရောက်တော့မယ့် ခြောက်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ပထမဆုံး သော ဒစ်ဂျစ်တယ်တေးသီချင်း "Always"ကို ထုတ်လွှင့်သွားဖို့ စီစဉ်ထားတာဖြစ်ကြောင်းလည်း သိရပါတယ်။

# အိုင်ယူရဲ့တေးအယ်လ်ဘမ်သစ်အတွက် ဓာတ်ပုံထုတ်ဖော်ပြသ ကလေးဘဝကပုံစံအတိုင်း ပြန်လည်ရိုက်ကူးခဲ့ခြင်း





တောင်ကိုရီးယားရဲ့ အောင်မြင်တဲ့ တစ်ကိုယ်တော် တေးသံရှင်တစ်ဦးဖြစ်တဲ့ အိုင်ယူဟာ လတ်တလောမှာ သူ့ရဲ့တေးအယ်လ်ဘမ်သစ်အတွက် အမြည်းသဘော အနေနဲ့ ဓာတ်ပုံတစ်ပုံကို ထုတ်ဖော်ပြသခဲ့ပါတယ်။ ယင်းဓာတ်ပုံဟာ ပရိသတ်တွေနဲ့ မီဒီယာတွေကို အထူး ဆွဲဆောင်နိုင်ခဲ့ပါတယ်။ အကြောင်းကတော့ လတ်တလော ပြသခဲ့တဲ့ ဓာတ်ပုံမှာ အိုင်ယူဟာ ငယ်စဉ်ကလေးဘဝက ရိုက်ကူးခဲ့တဲ့ ဓာတ်ပုံထဲကအတိုင်း တစ်ထေရာတည်း ပို့စ်ပေးကာ ပြန်လည်ရိုက်ကူးခဲ့တာကြောင့် ဖြစ်တယ်လို့ ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။


မကြာသေးမီက အိုင်ယူဟာ သူ့ရဲ့မကြာမီ ထွက်ရှိ တော့မယ့် တေးအယ်လ်ဘမ်သစ် "Palette" အတွက် ရည်ရွယ်ရိုက်ကူးထားတဲ့ဓာတ်ပုံကို ထုတ်ဖော်ပြသခဲ့ရာ ငယ်စဉ်ကရိုက်ကူးထားတဲ့ဓာတ်ပုံနဲ့ ဆင်တူဖြစ်နေတာကို တွေ့ရပြီး ယင်းဓာတ်ပုံကြောင့် ပရိသတ်တွေက ငယ်စဉ် ကတည်းက ပို့စ်ပေးတော်တဲ့ အိုင်ယူကို ချီးမွမ်းခဲ့ကြကြောင်း လည်း သိရပါတယ်။

ငယ်စဉ်က ရိုက်ကူးခဲ့တဲ့ ဓာတ်ပုံမှာရော လတ်တလော ထုတ်ဖော်ပြသခဲ့တဲ့ ဓာတ်ပုံမှာပါ အိုင်ယူဟာ ချစ်စဖွယ် အမူအရာနဲ့ မျက်နှာလေးကို ပိုင်ဆိုင်ထားဆဲဖြစ်တာကို တွေ့ရပါတယ်။ ဓာတ်ပုံရိုက်ဖို့အတွက် အမူအရာပြုလုပ်ရာ မှာလည်း လက်နှစ်ဖက်ကို ခေါင်းနောက်မှာထားကာ ဆံပင်တွေကို ကိုင်ထားပုံလုပ်ထားရင်း ကင်မရာကို ကြည့်နေတဲ့ ဟန်ကို ရိုက်ကူးထားခဲ့တာဖြစ်ပါတယ်။

တေးအယ်လ်ဘမ်သစ် "Palette" ကိုတော့ လာမယ့် မေ ၂၈ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ပြီး ယင်းတေးအယ်လ်ဘမ်ဟာ ပြီးခဲ့တဲ့ လေးနှစ်တာကာလ အတွင်း ပထမဆုံးအကြိမ် ပြန်လည်ထွက်ရှိလာမယ့် အိုင်ယူရဲ့ တေးအယ်လ်ဘမ်တစ်ခုလည်း ဖြစ်လာမှာ ဖြစ်ပါတယ်။ အိုင်ယူဟာ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်အတွင်း "Modern Times" တေးအယ်လ်ဘမ်ကို နောက်ဆုံး ထုတ်လွှင့်ထားခဲ့တာလည်း ဖြစ်ပါတယ်။ "Palette" တေးအယ်လ်ဘမ်ကိုတော့ အိုင်ယူနဲ့အတူ တောင် ကိုရီးယားရဲ့ နာမည်ကျော်တေးသံရှင်အချို့လည်း ပါဝင် အားဖြည့်သီဆိုပေးထားကြောင်းလည်း သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၁၇ ရက်ကလည်း အိုင်ယူရဲ့ စတုတ္ထ မြောက်တေးအယ်လ်ဘမ် "Palette" အတွက် အစမ်း ဗီဒီယိုတစ်ခုကို ထုတ်လွှင့်ခဲ့ပါတယ်။ ယင်းဗီဒီယိုဖိုင်ဟာ ၄၄ စက္ကန့်သာကြာမြင့်ပြီး အိုင်ယူရဲ့ တေးအယ်လ်ဘမ် အတွက် ရိုက်ကူးမှုတွေပြုလုပ်စဉ်က ကင်မရာနောက် ကွယ်က ပုံရိပ်တွေကို စုစည်းဖော်ပြထားတဲ့ ဗီဒီယိုတစ်ခု ဖြစ်ကြောင်းလည်း သိရပါတယ်။

# သူငယ်ချင်းတွေပါလို့ဆိုလာတဲ့ နီနာဒေ့ါဘရက်နဲ့ အော်လန်ဒိုဘလွန်းတို့ရဲ့ ဆက်ဆံရေး



မကြာသေးမီကမှ ချစ်သူဟောင်း ပေ့ါပ်တေးသံရှင် ကတ်တီ ပါရီနဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော် ပြောကြားလာခဲ့တဲ့ ဟောလိဝုဒ်ရဲ့ နာမည်ကျော် သရုပ်ဆောင် တစ်ဦးဖြစ်သူ အော်လန်ဒိုဘလွန်းဟာ ပြီးခဲ့တဲ့သီတင်းပတ် အတွင်းမှာတော့ ငယ်ငယ်ရွယ်ရွယ်မော်ဒယ်လ် မင်းသမီး လေးတစ်ဦးနဲ့ ကောလာဟလတွေပေါ် ထွက်နေပါတယ်။ သူတို့နှစ်ဦးကို မကြာခဏအတူတွဲတွေ့ရပြီး နှစ်ဦးအကြားက ရင်းနှီးလွန်းတဲ့ ဆက်ဆံရေးကြောင့် ချစ်သူတွေလားရယ်လို့ မီဒီယာတွေက မေးခွန်းထုတ်လာခဲ့ချိန်မှာတော့ အော်လန် ဒိုဘလွန်းက သူတို့နှစ်ဦးဟာ သူငယ်ချင်းတွေသာဖြစ် ကြောင်း လတ်တလောမှာသက်သေပြခဲ့တယ်လို့ ယူအက်စ် မဂ္ဂဇင်း ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Pirates of the Caribbean" ပင်လယ်ဓားပြရုပ်ရှင်ရဲ့ ပင်တိုင်သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ အော်လန်ဒိုဘလွန်းနဲ့ "Vampire Diaries" ဇာတ်လမ်းတွဲရုပ်ရှင်တွေမှာ ပါဝင် သရုပ်ဆောင်ခဲ့တဲ့ ဇာတ်ဆောင်မင်းသမီး နီနာဒေ့ါ ဘရက်တို့ကို ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းက အတူတွဲ တွေ့ခဲ့ရတာကြောင့် နှစ်ဦးသားချစ်သူတွေဖြစ်နေပြီလို့ မီဒီယာတွေက စွပ်စွဲခဲ့ကြပါတယ်။ ဒါပေမယ့် လတ်တလော မှာတော့ အော်လန်ဒိုဘလွန်းရော နီနာဒေ့ါဘရက်ကပါ အခြားသောသူတွေနဲ့ တွဲလာတာကို တွေ့ခဲ့ရတဲ့အတွက် သူတို့နှစ်ဦးအကြား သူငယ်ချင်းတွေထက် မပိုခဲ့ဘူးလို့ ဆိုရမှာပဲ ဖြစ်ပါတယ်။

အော်လန်ဒိုဘလွန်းဟာ ပြီးခဲ့တဲ့ မေ ၁၄ ရက်က ပြုလုပ်ခဲ့တဲ့ "Coachella" တေးဂီတပွဲတော်ရဲ့ ပါတီပွဲ တစ်ပွဲမှာ မော်ဒယ်လ်တစ်ဦးဖြစ်သူ အက်ရှ်လေဟက်စ်နဲ့ တွဲဖက်ကာ တွေ့ခဲ့ရပြန်ပါတယ်။ နီနာဒေ့ါဘရက်ကိုတော့ မေ ၁၆ ရက်မှာ ပြုလုပ်ခဲ့တဲ့ "Coachella" တေးဂီတ ပွဲတော်ရဲ့ နီယွန်ကာနေဗယ်ပွဲတော်မှာ သရုပ်ဆောင်တစ်ဦး ဖြစ်သူ အော်စတိန်းစတိုးဝဲလ်နဲ့ အတူတွဲတွေ့ခဲ့ရတာ ဖြစ်ပါတယ်။

အော်လန်ဒိုဘလွန်းဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း ကတ်တီပါရီနဲ့ လမ်းခွဲခဲ့ကာ နှစ်ဦးအကြား ဆက်ဆံရေးကို ခေတ္တဖြတ်တောက်ထားဖို့ လိုအပ်တဲ့အတွက် လမ်းခွဲခဲ့ရခြင်း ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ အချို့သော မီဒီယာတွေကတော့ အော်လန်ဒိုဘလွန်းဟာ မိသားစုဘဝနဲ့ နေထိုင်လိုပေမယ့် ကတ်တီပါရီက အဆင်သင့်မဖြစ်သေးတာ ကြောင့် လမ်းခွဲရတဲ့အခြေအနေကို ရောက်ခဲ့ရတာဖြစ် ကြောင်း ဝေဖန်ခဲ့ကြပါတယ်။ နီနာဒေ့ါ ဘရက်ကတော့ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်အတွင်း အချိန်အတော်ကြာ လက်တွဲ လာခဲ့တဲ့ချစ်သူ "Vampire Diaries" ဇာတ်လမ်းတွဲ ရုပ်ရှင်မှာအတူ တွဲဖက်သရုပ်ဆောင်ခဲ့တဲ့ မင်းသား အီရန် ဆိုမာဟောလ်ဒါနဲ့ လမ်းခွဲခဲ့ကာ လက်ရှိမှာတော့ အတည် တွဲနေတဲ့ ချစ်သူမရှိသေးဘူးလို့လည်း သိရပါတယ်။

အေး ပြည့် - စု စည်း ရေး သား သည်




# မစ်ဒယ်ဘရော့အား အနိုင်ရရှိခဲ့သည့် အာဆင်နယ် အဆင့်(၄)ဝင်မည့်မျှော်လင့်ချက် ဆက်လက်ရှင်သန်

နည်းပြ အာစင်ဝင်းဂါး၏ အာဆင်နယ်အသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၃၁)အဖြစ် တန်းဆင်းဇုန်အတွင်း ကျရောက်လျက်ရှိသည့် မစ်ဒယ်ဘရော့အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် ရာသီကုန်တွင် ပရီမီယာလိဂ်အမှတ်ပေးဇယား၏ အဆင့်(၄)ဝင်မည့် မျှော်လင့်ချက် အာဆင်နယ်အသင်း ဆက်လက်ရှင်သန်လာခဲ့ပြီဖြစ်သည်။

ယင်းပွဲစဉ်တွင် အာဆင်နယ်အသင်းသည် အလက်ဆစ်ဆန်းချက်ဇ်၏ အလွတ်တည်ကန်ဘောမှတစ်ဆင့် ပွဲကစားချိန် ၄၂ မိနစ်တွင် ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး မစ်ဒယ်ဘရော့အသင်း၏ လျင်မြန်စွာတုံ့ပြန်ကစားမှုကြောင့် ပွဲကစားချိန် မိနစ် ၅၀ တွင် ချေပဂိုးပြန်လည်ပေးလိုက်ရပြီး မစ်ဒယ်ဘရော့နှင့် အာဆင်နယ်တို့ သရေရလဒ်ထွက်ပေါ်ထားခဲ့သည်။ ထို့ကြောင့် အာဆင်နယ်အသင်း လိုအပ်လျက်ရှိသည့် အနိုင်သုံးမှတ်ရရှိရေးအတွက် ကွင်းလယ်ကစားသမားအိုဇေးလ်က ပွဲကစားချိန် ၇၁ မိနစ်တွင် သွင်းယူပေးခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် နောက်ဆုံးကစားခဲ့သည့် အဝေးကွင်းကိုးပွဲတွင် နှစ်ပွဲသာလျှင်အနိုင်ရရှိခဲ့ပြီး တစ်ပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်ထွက်ပေါ်ထားသည်။ အဝေးကွင်းနောက်ဆုံးကိုးပွဲတွင် အနိုင်ရရှိခဲ့သည့်နှစ်ပွဲသည်လည်း တန်းဆင်းဇုန်အတွင်း ကျရောက်နေသည့် အသင်းများကို အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဇန်နဝါရီလအတွင်းက ဆွမ်ဆီးအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိကာ ယခု မစ်ဒယ်ဘရော့ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ထိုသို့ရလဒ်များဆိုးရွားနေခဲ့သော်လည်း ယခု မစ်ဒယ်ဘရော့အသင်းအား အနိုင်ရရှိခဲ့ခြင်းသည် အာဆင်နယ်အသင်းအတွက် ပရီမီယာလိဂ်တွင် အဆင့်(၄)စာရင်းဝင်အသင်းအဖြစ် ရာသီကုန်တွင် ကျန်ရှိရန်မျှော်လင့်ချက်မှာ ပြန်လည်ရှင်သန်လာခဲ့ပြီဖြစ်သည်။ **(ငွေကြယ်)**

# ရာသီကုန်တွင် ချယ်လ်ဆီးအသင်းနှင့် ဂွန်တယ်ရီ လမ်းခွဲတော့မည်

ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂွန်တယ်ရီသည် စတမ်းဖို့ဒ်ဘရစ်ချ်တွင် ဆယ်စုနှစ်နှစ်ခုကျော်ဖြတ်သန်းခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီကုန်တွင် အသင်းနှင့် လမ်းခွဲတော့မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ချယ်လ်ဆီးနောက်တန်းကစားသမား ဂွန်တယ်ရီသည် ချယ်လ်ဆီးအသင်းနှင့်အတူ ပရီမီယာလိဂ်ဖလားလေးကြိမ်၊ ချန်ပီယံလိဂ်ဖလားတစ်ကြိမ်၊ အက်ဖ်အေဖလားငါးကြိမ်၊ ယူရိုပါလိဂ်ဖလားတစ်ကြိမ်နှင့် လိဂ်ဖလားသုံးကြိမ်တို့ကို ဆွတ်ခူးနိုင်ခဲ့သည့် ကစားသမားတစ်ဦးလည်းဖြစ်သည်။

အသင်းခေါင်းဆောင် ဂွန်တယ်ရီသည် ၁၉၉၈ ခုနှစ်မှ စတင်ကာ ချယ်လ်ဆီးအသင်းတွင် ပွဲထွက်ကစားခဲ့သူဖြစ်ပြီး ယင်းအချိန်မှစတင်ကာ ပွဲပေါင်း ၇၁၃ ပွဲပါဝင်ကစားပေးခဲ့ကာ အသင်းခေါင်းဆောင်တစ်ဦးအနေဖြင့် ၅၇၈ ပွဲအထိ ပါဝင်ကစားခွင့်ရရှိခဲ့သူဖြစ်သည်။

ချယ်လ်ဆီးအသင်း၏ ဗဟိုခံစစ်မှူးတစ်ဦးဖြစ်သည့် ဂွန်တယ်ရီသည် အသက်(၁၄)နှစ်အရွယ်ကတည်းက ချယ်လ်ဆီးအသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး ချယ်လ်ဆီးအသင်းနှင့်အတူ သွင်းဂိုး ၆၆ ဂိုးအထိသွင်းယူပေးနိုင်ခဲ့သည့် နောက်တန်းကစားသမားတစ်ဦးဖြစ်သော်လည်း ယခုနှစ်ဘောလုံးရာသီတွင်မူ ပရီမီယာလိဂ်ပွဲစဉ်လေးပွဲသာ ပွဲထွက်ကစားခွင့်ရရှိခဲ့သည်။

ဂွန်တယ်ရီသည် ၎င်း၏ကစားသမားဘဝကို ချယ်လ်ဆီးအသင်း၌သာ အများဆုံးဖြတ်သန်းခဲ့သူဖြစ်ပြီး ၂၀၀၀ ခုနှစ်က နော့တင်ဟမ်ဖောရက်စ်အသင်းသို့ အငှားချထားခြင်းခံခဲ့ရသူဖြစ်သည်။ ချယ်လ်ဆီးအသင်းနှင့် ပရီမီယာလိဂ်၏ ထိပ်တန်းနောက်တန်းဂိုးသွင်းရှင် ဂွန်တယ်ရီသည် ပရော်ဖက်ရှင်နယ်ဘောလုံးသမားများအဖွဲ့(ပီအက်ဖ်အေ)က ချီးမြှင့်သည့် တစ်နှစ်တာအကောင်းဆုံးရရှိခဲ့သည့် နောက်တန်းကစားသမားငါးဦးအနက် တစ်ဦးအပါအဝင်လည်း ဖြစ်သည်။

နောက်တန်းကစားသမား ဂွန်တယ်ရီသည် အင်္ဂလန်လက်ရွေးစင်ကစားသမားဘဝမှ ၂၀၁၂ ခုနှစ်တွင် အနားယူခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ချယ်လ်ဆီးအသင်းနှင့် တစ်နှစ်သက်တမ်းတိုးခဲ့သည်။ ထိုသို့ တစ်နှစ်သက်တမ်းတိုးခဲ့ပြီးနောက် နောက်ထပ်သက်တမ်းတိုးရန်မရှိတော့ခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီကုန်တွင် ချယ်လ်ဆီးကစားသမားဘဝကို အဆုံးသတ်ရန် ဂွန်တယ်ရီ ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။ **(ငွေကြယ်)**



## ဘာစီလိုနာနှင့် ပွဲစဉ်တွင် ဂျူဗင်တပ်အတွက် ဒိုင်ဘာလာ ပါဝင်နိုင်မည်

ဂျူတင်တပ်အသင်းတိုက်စစ်မှူး ပေါ်လိုဒိုင်ဘာလာက ပက်စ်ကာရာနဲ့ ပွဲစဉ်တွင် ခြေချင်းဝတ်ဒဏ်ရာ ရရှိခဲ့သော်လည်း ဘာစီလိုနာကို ရင်ဆိုင်မယ့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ပါဝင်ကစားနိုင်ရန်ရှိနေကြောင်း သိရသည်။ ဒိုင်ဘာလာမှာ စနေနေ့က ယှဉ်ပြိုင်ခဲ့တဲ့ ပက်စ်ကာရာအသင်းနဲ့ ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းကြောင့် ဘာစီလိုနာနဲ့ ကစားမယ့်ပွဲကို လွဲချော်မည်လားဟူသော စိုးရိမ်မှုများလည်း ရှိနေသည်။ သို့သော် တနင်္လာနေ့တွင် ပြုလုပ်တဲ့ လေ့ကျင့်ခန်းအစီအစဉ်မှာ ပုံမှန်အတိုင်း ပါဝင်နိုင်ခဲ့ပြီးနောက် ဘာစီလိုနာနဲ့ ပွဲစဉ်တွင် ဒိုင်ဘာလာ ပါဝင်နိုင်ရန် သေချာနေခြင်းဖြစ်သည်။ ဒိုင်ဘာလာက ဂျူဗင်တပ်နဲ့ ငါးနှစ်သက်တမ်းတိုးစာချုပ်ကို ပြီးခဲ့တဲ့ ကြာသာပတေးနေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီးနောက် ဘိုင်ယန်မြူးနစ်၊ ဘာစီလိုနာနဲ့ ရီးယဲလ်အသင်းတို့သို့ ပြောင်းရွှေ့မှာမဟုတ်ဘဲ လက်ရှိ စာချုပ်သက်တမ်းကုန်ဆုံးချိန် ၂၀၂၂ ခုနှစ်အထိ ဂျူဗီမှာပဲ ဆက်ရှိနေမှာဖြစ်ကြောင်း ပရိသတ်များကို ကတိပြုစကားဆိုခဲ့သည်။

ဒိုင်ဘာလာက ဘာစီလိုနာအသင်းဘက်ကို နှစ်ဂိုးသွင်းယူနိုင်ခြင်းက သူ့ဘဝအတွက်အကောင်းဆုံး အခိုက်အတန့်ဖြစ်ကာ ယခုကဲ့သို့ ခြေစွမ်းပြသနိုင်ခြင်းမှာ အသင်းဖော်များနှင့် နည်းပြအဖွဲ့ဝင်များနဲ့ ပရိသတ်များရဲ့ ပံ့ပိုးမှုကြောင့်ဖြစ်သဖြင့် ဘယ်အသင်းကိုမှ ပြောင်းရွှေ့မှာမဟုတ်ကြောင်း ဆိုခဲ့သည်။ ဆက်လက်၍ ဒိုင်ဘာလာက ဂျူဗင်တပ်အသင်းမှာလည်း အီတလီတွင် အင်အားတောင့်တင်းဆုံး ကလပ်အသင်းဖြစ်သလို ချန်ပီယံလိဂ်တွင် ဗိုလ်စွဲရန် ရည်မှန်းထားတဲ့ အသင်းဖြစ်ပြီး ဘာစီလိုနာ၊ ဘိုင်ယန်မြူးနစ်နဲ့ ရီးယဲလ်မက်ဒရစ်တို့ကဲ့သို့ တောင့်တင်းသော အသင်းများဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။ **(မေလှဲ့သင်း)**




ချန်ပီယံလိဂ်သတင်းများ

## ဘာစီလိုနာတိုက်စစ်အတွဲမှာ ပိုကြောက်စရာကောင်းနေပြီလို့ ဂျူဗင်တပ်နောက်ခံလူ ချီလီနီက အသင်းဖော်များကို သတိပေး

ဘာစီလိုနာတိုက်စစ်မှူးများဖြစ်တဲ့ မက်ဆီ၊ ဆွာရက်ဇ်နဲ့နေမာတို့ဟာ သွေးဆာနေတဲ့ ငမန်းတွေလိုဖြစ်နေတဲ့အတွက် ဂျူဗီအနေနဲ့ ပိုမိုသတိထား ယှဉ်ပြိုင်ရမှာဖြစ်တယ်လို့ ဂျူဗီဝါရင့်နောက်ခံလူ ချီလီနီက သတိပေးစကားဆိုခဲ့သည်။ အီတလီမြေမှာ ကစားခဲ့တဲ့ ပွဲစဉ်အတွင်း ဂျူဗင်တပ်အသင်းက ဘာစီလိုနာအသင်းကို ဒိုင်ဘာလာရဲ့ သွင်းဂိုးနှစ်ဂိုးအပါအဝင် သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တဲ့ပြီးနောက် ဘာစီလိုနာတိုက်စစ်အတွဲမက်ဆီ-ဆွာရက်ဇ်-နေမာ (MSN )တို့ရဲ့ နာမည်အရှိန်အဝါ ယာယီငြိမ်သက်သွားခဲ့သည်။

သို့သော်ပီအက်စ်ဂျီအသင်းကို ခြောက်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရတဲ့ ချန်ပီယံလိဂ်ပွဲစဉ်အတွင်း မက်ဆီ၊ နေမာနဲ့ ဆွာရက်ဇ်တို့ အပေါ်လွင်ဆုံး ခြေစွမ်းကိုပြသခဲ့ပြီးဖြစ်သဖြင့် ဘာကာတိုက်စစ်မှာ မဖြစ်နိုင်တာကို ဖြစ်အောင်လုပ်ဆောင်ပြနိုင်ခဲ့သည်ကို သက်သေထူနိုင်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ချီလီနီက ဘာကာတိုက်စစ်အတွဲကို ဂျူဗီကစားသမားများတားဆီးနိုင်အောင် နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားလုပ်ဆောင်ရန် တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာတိုက်စစ်မှူး သုံးဦးကို ပင်နယ်တီဧရိယာအတွင်း မဝင်ရောက်နိုင်အောင်ချည်းတားဆီးနေပါကလည်း ဘာစီလိုနာအသင်း စိတ်ကြိုက်တွေ့မည့်ပုံစံဖြစ်သွားမည်ဖြစ်သဖြင့် ခံစစ်၊ တိုက်စစ်မျှတအောင်ကစားနိုင်ရန် လိုကြောင်းလည်း ချီလီနီက ဆိုခဲ့သည်။ ဘာစီလိုနာတိုက်စစ်မှူး သုံးဦးမှာ တစ်ဦးချင်းထူးခြားတဲ့အရည်အချင်းများပိုင်ဆိုင်ထားသလို နေရာစုံအလိုက် စွမ်းဆောင်ရည်ပြည့်ဝသော ကစားသမားများရှိသဖြင့် ဘာမဆို ဖြစ်လာနိုင်ဆဲဖြစ်ကြောင်း ချီလီနီက သတိပေးစကားဆိုခဲ့ခြင်းဖြစ်သည်။ **(မေလှဲ့သင်း)**

## ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်အတွင်း အသက်ကြီးဆုံးကစားသမားနဲ့ အသက်ငယ်ဆုံး ကစားသမားများ

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်ကို ရောက်ရှိလာပြီဖြစ်ပြီး မကြာခင်အချိန်အတွင်း ကလပ်အသင်းလေးသင်းသာ ကျန်ရစ်တော့မယ့်အနေအထားပါ။ အခုရှစ်သင်းထဲက လေးသင်းဟာ အခုရက်ပိုင်းအတွင်းမှာပဲ ချန်ပီယံလိဂ်ပြိုင်ပွဲကနေ ထွက်ခွာရတော့မှာဖြစ်ကာ ဘယ်အသင်းတွေဆက်တင်ကျန်ပြီး ဘယ်အသင်းတွေ ထွက်ရမလဲဆိုတာ ပထမအကျော့ရလဒ်တွေကို ကြည့်ပြီး တစ်စိတ်တစ်ပိုင်း ခန့်မှန်းနိုင်တဲ့အနေအထားလည်း ဖြစ်နေပါပြီ။ ကွာတားဖိုင်နယ်ပထမအကျော့အတွင်း အိမ်ကွင်းမှာ ရှုံးပွဲကြုံတွေ့ခဲ့ရတဲ့ ဂျာမန်ကလပ်အသင်းနှစ်သင်းဖြစ်တဲ့ ဘိုင်ယန်နဲ့ ဒေ့ါမွန်ကတော့ ကွာတားအဆင့်နဲ့ပဲ ကျေနပ်ရဖွယ်ရှိနေပြီး ရီးယဲလ်၊ မိုနာကိုတို့ကတော့ နောက်တစ်ဆင့်တက်ဖို့ အလားအလာကောင်းနေတဲ့ အသင်းတွေဖြစ်ပါတယ်။

ဒီတော့ ချန်ပီယံလိဂ်ကွာတားအဆင့်အထိ တက်ရောက်နိုင်ခဲ့တဲ့ မိုနာကို၊ ဒေ့ါမွန်၊ ရီးယဲလ်၊ ဘာစီလိုနာ၊ အက်သလက်၊ လက်စတာ၊ ဘိုင်ယန်နဲ့ ဂျူဗင်တပ်အသင်းတွေထဲက ဘယ်ကစားသမားက အသက်အကြီးဆုံးလဲ၊ ဘယ်သူက အသက်အငယ်ဆုံးလဲဆိုတာကို ထုတ်နုတ်ဖော်ပြပေးလိုက်ပါတယ်။

မိုနာကိုအသင်းရဲ့ အသက်ကြီးဆုံးကစားသမားကတော့ မော်ဂန်ဒီဆန်းတစ်(အသက် ၄၀ နှစ်) ဖြစ်ပြီး အန်တိုနုချီ(အသက် ၁၇ နှစ်)ဖြစ်တာကြောင့် သူတို့နှစ်ဦးကြားအသက်ကွာဟမှုဟာ ၂၃ နှစ်တောင်ဖြစ်ပါတယ်။ ဒေ့ါမွန်အသင်းရဲ့ ပျမ်းမျှအသက်ကတော့ ၂၅ ဒသမ ဝ၄ နှစ်ဖြစ်ပြီး အသက်အကြီးဆုံးကစားသမားက ဝီဒန်ဖယ်လ်လာ(၃၆ နှစ်)ဖြစ်ကာ အသက်အငယ်ဆုံး ကစားသမားကတော့ ပူလစ်ဆစ်(၁၈ နှစ်) ဖြစ်ပါတယ်။ ရီးယဲလ်မှာတော့ အသက်အကြီးဆုံးကစားသမားက ပီပီ( ၃၄ နှစ်)၊အငယ်ဆုံးက အဆန်စီယို(၂၁ နှစ်)၊ ဘာစီလိုနာမှာတော့ ၃၃ နှစ်အရွယ်ရှိ မက်သယူးက အသက်အကြီးဆုံးဖြစ်ပြီး ၂၁နှစ်အရွယ် မာလွန်က အသက်ငယ်ဆုံး ကစားသမားဖြစ်ပါတယ်။ အသက်သလက်မှာ သီယာဂို(၃၅ နှစ်)၊ လက်စတာမှာ ဝက်စ်မော်ဂန်(၃၃ နှစ်)၊ ဘိုင်ယန်ရဲ့ တွစ်စတာကီ(၃၆ နှစ်)နဲ့ ဂျူဗင်တပ်ရဲ့ ဘတ်ဖွန်(၃၉ နှစ်)တွေက သက်ဆိုင်ရာ ကလပ်အသင်းတွေရဲ့ အသက်အကြီးဆုံးကစားသမားများဖြစ်ကြပါတယ်။ ဒီကလပ်လေးသင်းရဲ့ အသက်အငယ်ဆုံး ကစားသမားလေးယောက်ကတော့ ရှီယာပကပ်စ်(၁၈ နှစ်)၊ ဘန်ချီဝဲလ်(အသက် ၂၀)၊ တီမိုသီတေးမန်း(အသက် ၁၈ နှစ်)နဲ့ ပီဂျာကာ(၂၁ နှစ်)တို့ဖြစ်ကြပါတယ်။ **(မေလှဲ့သင်း)**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ



**နေပြည်တော် မေ ၁၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၄၁ စီး၊ သွင်းကုန် ၃၅၄ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် လေးစီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၇ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၇၈ သန်းခန့်)၊ အလားတူ မြဝတီကုန်သွယ်ရေးဇုန်က တားဆီးမှုနှစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၈၂၉ သန်းခန့်) စုစုပေါင်း သုံးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈ ဒသမ ၆၀၉ သန်းခန့်)ရှိကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၇ ရက်တွင် Canter ခြောက်ဘီးယာဉ်သည် မြဝတီကုန်သွယ်ရေးဇုန်သို့ ဝင်ရောက်စစ်ဆေးခံခြင်းမရှိဘဲ အာရှလမ်းမကြီးအတိုင်း မောင်းနှင်သွားသဖြင့် တားဆီးခဲ့ပြီး မြဝတီကုန်သွယ်ရေးဇုန်သို့ ခေါ်ဆောင်၍ ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကားပစ္စည်းအဟောင်းများနှင့် သယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၄ ဒသမ ၈၂၉ သန်းခန့်)အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

# ခါမ်းပါတ်မှ မော်လိုက်ကြီးသို့ ဘုရားဖူးလာသော လူ ၄၀ ပါ ကားတစ်စီး ကလေးမြို့နယ် ဆားတွင်းတောင်တက်ရာမှ တိမ်းမှောက်ရာ သုံးဦးသေ၊ ၂၅ ဦး ဒဏ်ရာရ

**ကလေး မေ ၁၈**

ခါမ်းပါတ်မြို့မှ မော်လိုက်ကြီးသို့ ဘုရားဖူးသွားသော လူ ၄၀ ခန့်တင်လာသည့် SKAT မော်တော်ယာဉ်တစ်စီး ကလေးမြို့နယ် ကံအောင်ကျေးရွာ အလွန် ပြောင်ဘုတ်သစ်တောကြိုးဝိုင်းရှိ ဆားတွင်းတောင်တက်ရတွင် မတက်နိုင်ဘဲ နောက်ပြန်လိမ့်ကျ တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး တာဝန်ရှိသူထံမှ သိရသည်။

ကလေးမြို့နယ် စခန်းကြီးရဲကင်းစခန်း နယ်မြေ ကံအောင်ကျေးရွာ အလွန် ပြောင်ဘုတ်သစ်တောကြိုးဝိုင်းတွင် မေ ၁၈ ရက် နံနက် ၉ နာရီခွဲခန့်က ဆားတွင်းတောင်တက်ရာတွင် မတက်နိုင်ဘဲ ယာဉ်တစ်စီး နောက်ပြန်လိမ့်ကျ တိမ်းမှောက်နေကြောင်း သတင်းအရ စခန်းကြီးရဲကင်းစခန်းမှူး ရဲအုပ်ထွန်းထွန်းလွင်နှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့ရာ ခါမ်းပါတ်မြို့နယ် မလူကျေးရွာနေ ခင်ဇော်မိုး မောင်းနှင်သည့် ယာဉ်အမှတ် 6J/.... SKAT (အနီရောင်)မော်တော်ယာဉ်ပေါ်တွင် လူဦးရေ ၄၀ ခန့် လိုက်ပါလာသော ဘုရားဖူးယာဉ်သည် ခါမ်းပါတ်မှ မော်လိုက်ကြီးသို့ ဘုရားဖူးသွားစဉ် တောင်တက်ရာတွင် မတက်နိုင်ဘဲ နောက်ပြန်လိမ့်ကျတိမ်းမှောက်ခဲ့ခြင်း ဖြစ်သည်။

ထိုသို့တိမ်းမှောက်ရာ ယာဉ်ပေါ်ပါ ဖိုးလုံး၊ မပြုံးနှင့် မအေးမြင့်ကြူတို့သည် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ခရီးသည် ၂၅ ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ အခင်းဖြစ်နေရာသို့ ကလေးမြို့နယ် ဒုတိယရဲမှူး ဒုရဲမှူးဇော်ဘုန်းဝင်းနှင့် ကလေးမြို့မရဲစခန်းမှူး ဒုရဲမှူး သက်နိုင်ဦးတို့ ပါဝင်သောအဖွဲ့သည် နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိပြီး ဒဏ်ရာရလူနာများအား ကလေးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# တောင်ငူတွင် ကားဖြတ်သန်းစဉ် သစ်ပင်ပြိုကျ

**တောင်ငူ မေ ၁၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ (၁၇)ရပ်ကွက် ဆေးရုံဟောင်းလမ်းပေါ်တွင် မေ ၁၈ ရက် နံနက် ၁၀ နာရီခန့်က လမ်းဘေးတွင်ရှိနေသော သက်တမ်းရင့် စိန်ပန်းပင်ကြီးတစ်ပင်မှာ လမ်းမပေါ်သွားနေသော Double Cub ယာဉ်ပေါ်သို့ လဲကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

"ကားက သွားနေတဲ့အပေါ် သစ်ပင်က လဲကျသွားတာပါ။ သစ်ပင်လဲတာက လေတိုက်လို့လည်း မဟုတ်ဘူး။ မိုးရွာလို့လည်းမဟုတ်ဘူး။ သစ်ပင်က အမြစ်တွေ ဆွေးနေတာ။ အရင်နေ့တွေက ရွာထားတဲ့မိုးနဲ့ သစ်ပင်က အစိုဓာတ်လည်း ရှိနေတော့ အိပြီးလဲသွားတာပါ။ သစ်ပင်က ကားရဲ့အလယ်လောက်ကို လဲကျတာ။ ကားထဲမှာပါတာက နှစ်ယောက်ပါတယ်။ လူတွေကတော့ ဘာမှမဖြစ်ပါဘူး"ဟု တောင်ငူမြို့မရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဖြစ်စဉ်မှာ ဦးချိုကြီး (၄၆)နှစ် အင်ဒိုင်းကျေးရွာ တောင်ငူမြို့နယ်နေသူ မောင်းနှင်လာသော ယာဉ်အမှတ် 6B/....Double Cub ခဲရောင်ယာဉ်မှာ တောင်ငူမြို့ (၁၇)ရပ်ကွက် ဆေးရုံဟောင်းလမ်းအတိုင်း တောင်မှ မြောက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ သက်တမ်းရင့်စိန်ပန်းပင်မှာ အလိုအလျောက်လဲကျ၍ ယာဉ်ပေါ်သို့ ပိကျသွားခဲ့ခြင်းဖြစ်သည်။ စိန်ပန်းပင်နှင့် ကိုင်းများမှာ ယာဉ်မောင်းနှင့် အဖော်တို့ရှိနေသော ခေါင်းခန်းအားခွ၍ ယာဉ်၏ခါးလယ်ပိုင်းနှင့် ရှေ့စက်ခန်း(ခေါင်းပိုင်း)တို့ကို ပိမိသွားခဲ့ခြင်းဖြစ်သဖြင့် ယာဉ်မောင်းနှင့်အတူ လိုက်ပါလာသူတို့မှာ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိဘဲ ရှေ့ခေါင်းပိုင်း အနည်းငယ်ပျက်စီးသွားခဲ့ပြီး ခန့်မှန်းကာလတန်ဖိုး ငွေကျပ် နှစ်သိန်းခွဲခန့် ပျက်စီးကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ တောင်ငူမြို့မ အမှတ်(၁) ရဲစခန်းမှူး ဒုရဲမှူး အောင်ဝင်းထွေးနှင့်အဖွဲ့၊ တောင်ငူမြို့နယ် သဘာဝဘေးအန္တရာယ်များ ကာကွယ်ရေး(DR)အဖွဲ့နှင့် မြို့နယ်မီးသတ်အဖွဲ့တို့မှ သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ကြပြီး နံနက် ၁၁ နာရီခန့်တွင် ရှင်းလင်းပြီးစီးခဲ့ကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**



# အငှားယာဉ်အသုံးပြုပြီး လုယက်မှုအကြိမ်ကြိမ်ကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီး

**ရန်ကုန် မေ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူး အောင်မြတ်စိုးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အငှားယာဉ်များအသုံးပြုပြီး လုယက်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေးအတွက် သတင်းစုံစမ်းထောက်လှမ်းခဲ့ရာ လှိုင်သာယာမြို့နယ်နေ ဇင်ကိုလတ်ဆိုသူမှာ အပေါင်းအသင်းများနှင့်အတူ အုပ်စုဖွဲ့၍ အငှားယာဉ်များဖြင့် လုယက်မှုများ ကျူးလွန်ခဲ့ကြောင်း သတင်းစုံစမ်းအတည်ပြုရရှိခဲ့သည်။

သတင်းရရှိထားသူ ဇင်ကိုလတ်မှာ ထွက်ပြေးတိမ်းရှောင်နေပြီး ပြစ်မှုကျူးလွန်ရာတွင်ပါဝင်သူ လှိုင်သာယာမြို့နယ်နေ ဇေယျာထက်နှင့် ရဲလင်းအောင်တို့အား မေ ၆ ရက် နံနက် ၃ နာရီက လှည်းကူးမြို့နယ်တွင် လည်းကောင်း၊ နံနက် ၉ နာရီတွင် အောင်ကျော်မြင့်အား လှိုင်သာယာမြို့နယ်တွင်လည်းကောင်း၊ ရဲဝင်းနောင်အား မွန်ပြည်နယ် ရေးမြို့တွင် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။



ဖမ်းဆီးရမိသူများသည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလက ဝေဖြိုးဆိုသူနှင့်အတူ 2H/---Probox အငှားယာဉ်ဖြင့် မြောက်ဥက္ကလာပမြို့နယ်တွင် အမျိုးသားတစ်ဦးထံမှ Oppo လက်ကိုင်ဖုန်း တစ်လုံး၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီနှင့် မတ်လများအတွင်းက 2H/---Probox အငှားယာဉ်ဖြင့် သဃ်န်းကျွန်းဈေးတွင် အမျိုးသားတစ်ဦးထံမှ သုံးကျပ်သားခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံးနှင့် ရွှေကြုတ်တစ်ခု၊ သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းတွင် အမျိုးသမီးတစ်ဦး လွယ်ထားသော ငွေကျပ် ၁၃ သိန်းနှင့် SONY လက်ကိုင်ဖုန်း တစ်လုံးတို့ ပါရှိသည့် စလင်းဘတ်အိတ် တစ်လုံး၊ 7E/----Probox အငှားယာဉ်ဖြင့် သဃ်န်းကျွန်းမြို့နယ်တွင် အမျိုးသားတစ်ဦးထံမှ လက်ကိုင်ဖုန်း တစ်လုံး၊ လေးထောင့်ကန်လမ်းတွင် အမျိုးသားတစ်ဦးထံမှ SAMSUNG အမျိုးအစား Tablet တစ်လုံး၊ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ဈေးအနီး အမျိုးသားတစ်ဦးထံမှ SAMSUNG Galaxy Mega II လက်ကိုင်ဖုန်း တစ်လုံး၊ အဆိုပါနေရာတွင် အမျိုးသမီးတစ်ဦးထံမှ လက်ကိုင်ဖုန်းတစ်လုံးပါ စလင်းဘတ်အိတ်၊ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းတွင် အမျိုးသမီး တစ်ဦးထံမှ ရွှေလက်ကောက်၊ ရွှေလက်စွပ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ ထည့်ထားသော စလင်းဘတ်အိတ်တို့ကို လုယက်ခဲ့ကြကြောင်း စစ်ဆေးဖော်ထုတ်ရရှိခဲ့သည်။

အလားတူ BB-Probox အငှားယာဉ်ဖြင့် ဇင်ကိုလတ်နှင့်အတူ မင်္ဂလာဒုံမြို့နယ်အတွင်း ဆိုင်ကယ်နောက်တွင်ထိုင်စီးလာသူ အမျိုးသမီးတစ်ဦးထံမှ လက်ကိုင်ဖုန်းနှစ်လုံး ထည့်ထားသော စလင်းဘတ်အိတ်၊ သဃ်န်းကျွန်းမြို့နယ်တွင် အမျိုးသားတစ်ဦးထံမှ ကျောပိုးအိတ်တစ်လုံး၊ မြောက်ဥက္ကလာမြို့နယ်တွင် အမျိုးသားတစ်ဦးထံမှ Honor လက်ကိုင်ဖုန်း တစ်လုံးတို့ကို လုယက်ခဲ့ကြကြောင်း ပေါ်ပေါက်ခဲ့သည်။

အငှားယာဉ်များကို အသုံးပြုပြီး လုယက်မှုများကို အကြိမ်ကြိမ်ကျူးလွန်ခဲ့ကြသူ ဇေယျာထက်ပါ လေးဦးတို့ထံမှ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သော မော်တော်ယာဉ်များနှင့် သက်သေခံပစ္စည်းများအား သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာရဲစခန်းများတွင် လုယက်မှုများဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။ ထွက်ပြေးတိမ်းရှောင်နေသူ ဇင်ကိုလတ်နှင့် ဝေဖြိုးတို့ နှစ်ဦးကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်

မေ ၁၈ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၄ တွင် ဖော်ပြခဲ့သော "၂၀၁၇ ခုနှစ် သင်္ကြန်ကာလအတွင်း ပြစ်မှုပေါင်း ၁၂၀၀ ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၂၈၅ ဦးနှင့် ဒဏ်ရာရရှိသူ ၁၀၇၃ ဦးရှိ" ခေါင်းစဉ်ပါ သတင်း၏ နောက်ဆုံးစာပိုဒ်အား "သို့ပါ၍ မဟာသင်္ကြန်ကာလ အကြိုနေ့မှ အတက်နေ့အတွင်း သင်္ကြန်နှင့်ဆက်နွှယ်ဖြစ်ပွားသော အမှုပေါင်း ၂၀၈ မှု၊ သေဆုံးသူ ၁၆ ဦး၊ ဒဏ်ရာရရှိသူ ၁၉၄ ဦး၊ သင်္ကြန်နှင့်မပတ်သက်သည့် ဖြစ်ပွားသော အမှုပေါင်း ၉၉၂ မှု၊ သေဆုံးသူ ၂၆၉ ဦး၊ ဒဏ်ရာရရှိသူ ၈၇၉ ဦးရှိခဲ့ရာ သင်္ကြန်ကာလအတွင်း စုစုပေါင်းမှုခင်းဖြစ်ပွားမှု ၁၂၀၀၊ သေဆုံးသူ ၂၈၅ ဦးနှင့် ဒဏ်ရာရရှိသူ ၁၀၇၃ ဦးရှိခဲ့ကြောင်း သိရသည်"ဟု ပြင်ဆင်ဖြည့်စွက် ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**သန်းဦး(လေးမျက်နှာ)**

မူးယစ်ကိုပစ်ပန်းတိုင်သစ်

ဦးအောင်ဟိန်းကျော်
အတန်းအားလုံးစာအုပ်(လုံးဝ)မကိုင်ဘဲသင်သည်
•Translation
အင်္ဂလိပ်စာရေးနည်း
အင်္ဂလိပ်စကားပြော
•နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
• 392468 • 09517184
•အင်္ဂလိပ်စကားပြော(Vol:1,2,3,4) •ရေးနည်း(Pre.,Vol:1,2,3)
၁၆၇၊ ၃ထပ်၊ ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ လယ်၊ ရန်ကုန်

မဟာကျော် အခကေးသင်တက္ကသိုလ်
L.C.C.I Level I,II(၁)လပြတ် ၂၂-၄-၂၀၁၇စမည်
Ph:09-250359833, 09-253034191, 09-263451177

ဒေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884

ဒဂုံမြို့သစ်
အရှေ့ပိုင်း
သိပ်တမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

# မာရသာမုန်တိုင်းကြောင့် မကွေးတိုင်းဒေသကြီးအတွင်း ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိဟုသိရ

**မကွေး မေ ၁၈**
မကွေးတိုင်းဒေသကြီးအတွင်း မာရသာမုန်တိုင်းမိုးကြောင့် နေပြည်တော်-မကွေးကားလမ်းရှိ ယင်းချောင်းတံတား (ယာယီလမ်း) နှင့် မင်းလှမြို့နယ် စစ္စနို့-ကန်တုပ်လမ်းပိုင်းရှိ တံတားတို့ ပျက်စီးခဲ့ပြီး ရွှေစက်တော်ဘုရားပွဲတော်အတွင်း၌ မန်းချောင်းရေမြင့်တက်ခဲ့ပြီး ကြီးမားသော ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မာရသာမုန်တိုင်းကြောင့် မေ ၁၆ ရက် ညပိုင်းမှ မေ ၁၇ ရက် နံနက်ပိုင်းအထိ မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းဖြစ်၍ ပျက်စီးသွားသောတံတားများကို ရေကျချိန်တွင် စောင့်၍ ပြုပြင်မှုများ အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မာရသာ အားပျော့စွာဝင်ရောက်လာခြင်းဖြစ်၍ မကွေးတိုင်းဒေသကြီး သက်သာရာရကြောင်း၊ ၎င်းမုန်တိုင်းမိုးကြောင့် ယင်းချောင်းတံတား (နေပြည်တော်-မကွေးလမ်း) ယာယီဘေလီတံတား မြေသားလမ်းတစ်ခုသာ ပျက်စီးမှုအကြီးမားဆုံးဖြစ်သဖြင့် ချောင်းကျယ်၍ ရေကျပါက ချက်ချင်းပြုပြင်မည်ဟု တိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်က ပြောကြားသည်။

"ကွန်ကရစ်တံတားကြီးက လက်ရှိအစိုးရလက်ထက်မှာ ပြုပြင်ဆဲကာလဖြစ်လို့ လမ်းလွှဲထားတဲ့ ယာယီမြေသားလမ်း ရေတိုက်စားပျက်စီးသွားတာပါ။ ချောင်းကကျယ်တော့ လက်ရှိအခြေအနေမှာ ကားတွေသွားလို့မရသေးဘဲ နတ်မောက်ဘက်ကပဲ သွားလို့ရပါမယ်။ ရေကျချိန်ကိုစောင့်ပြီး အမြန်ဆုံး ပြုပြင်ပေးသွားမှာပါ" ဟု မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်က ဆက်လက်ပြောပြသည်။ ၎င်းမာရသာမုန်တိုင်းမှာ မေ ၁၆ ရက်က မကွေးတိုင်းဒေသကြီးအတွင်းသို့ ဝင်ရောက်ခဲ့သော်လည်း အားပျော့နေပြီဖြစ်၍ မိုးများသဖြင့် အဆိုပါလမ်းပိုင်းများ ဆက်သွယ်မှုပြတ်တောက်သည်မှလွဲ၍ ကြီးမားသော ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

ယင်းမုန်တိုင်းမိုးကြောင့်လည်း မင်းလှမြို့နယ် စစ္စနို့-ကန်တုတ်လမ်းပိုင်း လယ်လှရွာအနီး တံတားငယ်တစ်ခုမှာ မြေကျွံပြီး ပြိုပျက်သွားခဲ့ကြောင်း သိရသည်။

"အန္တရာယ်ဖြစ်လောက်အောင်အထိ ရေတက်လာတာမျိုးတော့ မဟုတ်ပါဘူး။ ဘုရားဖူးတွေနဲ့ ဈေးသည်တွေကိုလည်း မနေ့ကတည်းက သတိပေးချက်ထုတ်ပြန်ပြီး ပြောင်းရွှေ့ထားနိုင်ခဲ့ပါတယ်။ ပွဲတော်ထဲက အထူးတံတားပေါ်ကို ကားတွေဖြတ်သန်းလို့ရပါသေးတယ်။ အခြားတံတားတွေကတော့ ကားသွားလို့ မရတော့ပါဘူး" ဟု ဂေါပကဥက္ကဋ္ဌ ဦးမြင့်သိန်းက ပြောသည်။

မန်းရွှေစက်တော်ပွဲတော်တွင် လွန်ခဲ့သော ၂၅ နှစ်ကျော်ခန့်က ညပိုင်းတွင် မန်းချောင်းရေများ တိုးလာသဖြင့် ဘုရားဖူးပြည်သူအချို့နှင့် ဈေးသည်အချို့တို့ အဆောက်အအုံများနှင့်အတူ ရေစီးတွင်မျောပါအသက်ဆုံးရှုံးမှုတွေရှိခဲ့ကြောင်း၊ ယခုနှစ် ၂၀၁၇ ခုနှစ်တွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ကြေညာချက်တွေကို လူမှုကွန်ရက်ဖေ့စ်ဘွတ်တွေမှ မုန်တိုင်းသတိပေးချက်ထွက်ပေါ်သည်နှင့်တစ်ပြိုင်နက် ကြိုတင်ရွှေ့ပြောင်းရန် ကြေညာချက်ထုတ်ပြန် ဖယ်ရှားခဲ့ခြင်းတို့ကြောင့် ဘေးအန္တရာယ်ကင်းခဲ့ခြင်းဖြစ်ကြောင်း မင်းဘူးဒေသခံများထံမှ သိရသည်။ **ခွဲထက်ရှင်**

# မြို့မအပျော်တမ်းတူရိယာအသင်း သက်ကြီးပူဇော်ပွဲကျင်းပ

**မန္တလေး မေ ၁၈**
မန္တလေးမြို့ဂုဏ်ဆောင် မြို့မတူရိယာအသင်းမှ အသင်းနာယကကြီးများအား မျိုးဆက်သစ်မြို့မမောင်မယ်များက သက်ကြီးပူဇော်ပွဲအခမ်းအနားကို မေ ၁၇ ရက် နံနက် ၉ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက် ၂၁ လမ်းနှင့် ၈၆ လမ်းထောင့်ရှိ မြို့မအသင်းတိုက်ခန်းမ၌ကျင်းပရာ မြို့မအသင်းနာယကကြီးများ၊ အသင်းဥက္ကဋ္ဌ ဒေါက်တာလှခိုင်နှင့် အမှုဆောင်များ၊ အသင်းသူ၊ အသင်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့မတူရိယာအသင်းဥက္ကဋ္ဌက အစဉ်အလာမပျက် သက်ကြီးပူဇော်ပွဲကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အသင်းသူ၊ အသင်းသားများက ကန်တော့ချိုးဖြင့် ရှိခိုးကန်တော့ကြကာ ကန်တော့ငွေနှင့် ကန်တော့ပစ္စည်းများ ပေးအပ်ကြသည်။

ကန်တော့ခံမြို့မအသင်းနာယကကြီးများကိုယ်စား ဦးရွှေမြိုင်နှင့် ဦးပေါ်တို့က မြို့မ၏အစဉ်အလာထိန်းသိမ်းရေး၊ ဂီတအနုပညာကို အစဉ်လေ့လာသင်ယူရေးတို့နှင့်ပတ်သက်၍ ဆုပေးစကားပြောကြားသည်။ မြို့မတူရိယာအသင်းသည် မျိုးဆက်သစ်အနုပညာရှင်များပေါ်ထွန်းရေးအတွက် ဂီတပညာသင်တန်းများဖွင့်လှစ်၍ ဂီတပညာလက်ဆင့်ကမ်းပေးလျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**






# မြန်မာနှစ်ဆန်း(၁)ရက် ဇီဝိတဒါနစုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**မန္တလေး မေ ၁၈**
ခေတ်မီတိုးတက်လာသော ဆေးဘက်ဆိုင်ရာနည်းပညာများ၊ စက်ကိရိယာများနှင့် ဆေးဝါးများသည် ကျန်းမာရေးစောင့်ရှောက်မှုတွင် အရေးပါသကဲ့သို့ သွေးသည်လည်း အဓိကအရေးပါလှသည်။ ကမ္ဘာ့နိုင်ငံအချို့တွင် လူနာများသည် ဆေးကုသမှုခံယူရာတွင် အရေးပေါ်လိုအပ်သောသွေးကို ရရှိရန်အတွက် သွေးလှူရှင်ကို စောင့်မျှော်ရင်း အသက်ဆုံးရှုံးသွားခဲ့သည်မှာ ကြေကွဲဝမ်းနည်းဖွယ်ဖြစ်သည်။

မျက်မှောက်ခေတ်တွင် ကမ္ဘာတစ်ဝှမ်း ရောဂါအမျိုးမျိုးက ခြိမ်းခြောက်အန္တရာယ်ပြုလျက်ရှိပြီး ဆေးကုသရာတွင် သွေးသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သည်။ အလှူဒါနပြုရာတွင် လူခန္ဓာကိုယ်သွေးသားကိုလှူဒါန်းခြင်းသည် အမြတ်ဆုံးဒါနဖြစ်ရာ မြန်မာနှစ်ဆန်းတစ်ရက်ဇီဝိတဒါန စုပေါင်းသွေးလှူဒါန်းပွဲကို မေ ၁၇ ရက် နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်ခွဲတွင် ကျင်းပသည်။

သွေးလှူဒါန်းပွဲသို့ မန္တလေးမြို့ရှိ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာသွေးလှူရှင်အသင်းများ၊ စေတနာသွေးသန့်အလှူရှင်များက လာရောက်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းဝင်များက လာရောက်အားပေးပြီး မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး မန္တလေးအမျိုးသားသွေးလှူဘဏ်ခွဲတာဝန်ခံ ရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာခင်မြတ်မွန်နှင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက ကူညီဆောင်ရွက်ပေးကြကာ အားဖြည့်အစားအစာများ၊ အားဆေးများ ပေးအပ်ကြသည်။

မြန်မာနှစ်ဆန်းတစ်ရက် ဇီဝိတဒါနသွေးလှူဒါန်းမှုမှာ သွေးပုလင်း ၂၀၀ ကျော် လာရောက်လှူဒါန်းခဲ့ကြောင်း၊ သွေးအမျိုးအစားလိုက်သွေးလှူဘဏ်ခွဲတွင် သိမ်းဆည်းထားပြီး မန္တလေးဆေးရုံကြီး၊ အဆုတ်ရောဂါကုဆေးရုံကြီး၊ ကလေးဆေးရုံကြီးများရှိ ခွဲစိတ်လူနာများသို့ ဖြန့်ဝေပေးကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ၂၀၁၇ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း ရေကစားကြသူများ စည်းကမ်းရှိစွာပူးပေါင်းပါဝင်အား ကောင်းသောကြောင့် မှုခင်းဖြစ်ပွားမှုနည်းပါး

**မုံရွာ မေ ၁၈**
၂၀၁၇ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း မုံရွာမြို့အပါအဝင် မုံရွာခရိုင်အတွင်း ရေကစားကြသူပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်မှုအားကောင်းသောကြောင့် အမှုအခင်းဖြစ်ပွားမှုမရှိခဲ့ဘဲ အေးချမ်းပျော်ရွှင်စွာရေကစားခဲ့ကြသည်ကိုတွေ့ရကြောင်း မုံရွာခရိုင်ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်အေးထံက သိရသည်။

"ရဲတပ်ဖွဲ့အနေနဲ့ သင်္ကြန်ကာလအတွင်း သာမန်အချိန်မှာ ရဲတပ်ဖွဲ့ဝင်အင်အား ၆၅ ရာခိုင်နှုန်းသုံးသလို အရေးအကြောင်းဖြစ်လာရင် ၈၀ ရာခိုင်နှုန်းထုတ်၍ အသုံးပြုလို့ရအောင်စီစဉ်ထားတာနဲ့အတူ ရေကစားကြတဲ့ပြည်သူတွေဟာ သူ့ဟာနဲ့သူ စည်းကမ်းတကျနဲ့ လိုက်ပါပူးပေါင်းဆောင်ရွက်ခဲ့ကြတဲ့အတွက် အမှုအခင်းဖြစ်ပွားမှုနည်းခဲ့တာဖြစ်တယ်လို့ သုံးသပ်တွေ့ရှိပါတယ်။

မုံရွာခရိုင် သင်္ကြန်ကာလအတွင်းမှာ ကြီးကြီးမားမား မှုခင်းပြဿနာတွေမဖြစ်ပွားခဲ့ပါဘူး။ သင်္ကြန်ကာလ နံနက် ၆ နာရီက ည ၇ နာရီအထိ မှုခင်းတွေမဖြစ်ပွားခဲ့ဘူးဆိုတာ စုစည်းထွက်ရှိလာတဲ့ ကိန်းဂဏန်းစာရင်းဇယားတွေအရ သိရပါတယ်။ ညပိုင်းတွေ တချို့နေရာတွေမှာ ယာဉ်တိုက်မှုဖြစ်ခဲ့တာတော့ ရှိပါတယ်။ ဒါကတော့ သင်္ကြန်အချိန်ကာလမဟုတ်တဲ့အချိန်မှာဖြစ်တဲ့အတွက် သာမန်ဖြစ်ရိုးဖြစ်စဉ်မှုခင်းဖြစ်စဉ်မှာပဲမှတ်တမ်းတင်တာဖြစ်ပါတယ်" ဟု ရဲမှူးမြင့်အေးက ပြောပြသည်။

၂၀၁၇ ခုနှစ် သင်္ကြန်ကာလ အကြိုနေ့ မေပြီ ၁၃ ရက်မှ ၁၇ ရက် နံနက် ၈ နာရီအထိ မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ပြည်သူ့ဆေးရုံကြီးသို့ ယာဉ်တိုက်၍ အမျိုးသား ၉၃ ဦး၊ အမျိုးသမီး ၂၆ ဦး၊ ခိုက်ရန်ဖြစ်၍ရောက်ရှိလာသူ အမျိုးသား ၂၈ ဦး၊ အမျိုးသမီး ၅ ဦး၊ အခြားထိခိုက်မိ၍ရောက်လာသူ အမျိုးသား ၃၀၊ အမျိုးသမီး ၁၄ ဦး စုစုပေါင်းအမျိုးသား ၁၅၁ ဦး၊ အမျိုးသမီး ၄၅ ဦးရောက်ရှိလာ၍ သက်ဆိုင်ရာဌာနများတွင် ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မြင်းခြံခရိုင် တောင်သာမြို့နယ်အတွင်း ဆင်တဲဝချောင်းရေများ၍ ကြက်သွန်နီစိုက်ခင်းများ နစ်မြုပ်



**တောင်သာ မေ ၁၈**
မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်အတွင်း မေ ၁၆ ရက် ညပိုင်းက မိုးရွာသွန်းမှုများပြား၍ ဆင်တဲဝချောင်းရေများပြီး တပင်ကန်ကျေးရွာချောင်းစံမှ ကြက်သွန်နီစိုက်ခင်းများ ရေဝင်နစ်မြုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရေဝင်နစ်မြုပ်မှုကြောင့် တောင်သာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်း ဦးဆောင်သော မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့မှ တာဝန်ရှိသူများသည် မိုးရွာသွန်းမှုများပြား၍ ဆင်တဲဝချောင်းရေများပြီး တပင်ကန်ကျေးရွာချောင်းစံမှ ကြက်သွန်နီစိုက်ခင်းများ ရေဝင်နစ်မြုပ်မှုများအား ကျေးရွာလယ်/စီတာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**



## နှစ်ဆန်းတစ်ရက်နေ့၌သက်ကြီးဘိုးဘွားများအားပူဇော်

**ဘီးလင်း မေ ၁၈**

ဘီးလင်းမြို့နယ် နှစ်ဆန်းတစ်ရက်နေ့၌ နှစ်စဉ်ကျင်းပလျက်ရှိသော သက်ကြီးဘိုးဘွားများအား ပူဇော်ပွဲကို မေ ၁၇ ရက် ညနေ ၃ နာရီက ဘီးလင်းမြို့နယ် သာသနာ့ဗိမာန်တော်၌ ကျင်းပခဲ့သည်။

နှစ်စဉ်ကျင်းပလျက်ရှိသော ဘီးလင်းမြို့နယ်မြို့ပေါ် ၅ ရပ်ကွက်မှ သက်ကြီးဘိုးဘွား ၂၀၃ ဦးအား အလှူငွေများနှင့် အာဟာရအစားအစာများကို လှူဒါန်းခဲ့ကြသည်။ အဆိုပါ သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ပရဟိတအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လေပြင်းတိုက်မှုကြောင့် ပျက်စီးအိမ်ထောင်စုများအား အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေနှင့် ဆန်ရိက္ခာများထောက်ပံ့

**ဟသ်ာတ မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် မိုးများရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ ပြိုကျမှုနှင့် အမိုးလန်ပျက်စီးမှုများဖြစ်ပွားသည့် အိမ်ထောင်စုများအား အိမ်ဆောက်ပစ္စည်းနှင့် ဆန်ရိက္ခာတန်ဖိုးငွေများ ထောက်ပံ့ပေးအပ်ပွဲကို မေ ၁၇ ရက် နံနက် ၁၀ နာရီက ပဲကြီးကျွန်းအုပ်စု ဥယျာဉ်စုကျေးရွာ ဝိဇိတာရာမဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲသို့ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန်းနိုင်၊ ခရိုင်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာန ဦးစီးမှူးဦးသန်းစိုး၊ ခရိုင် မီးသတ်ဦးစီးမှူး ဦးစိုးနောင်၊ ပဲကြီးကျွန်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဦးမျိုးမင်းအောင်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ကယ်ဆယ်ရေးပစ္စည်းများနှင့် ဆန်ရိက္ခာတန်ဖိုးငွေနှင့် အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက လေဘေးသင့်အိမ်ထောင်စုများ၏ ပြည်သူများထံ ပေးအပ်ခဲ့သည်။

ဟသ်ာတမြို့နယ်တွင် မေ ၁၆ ရက် ည ၇ နာရီခန့်က လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် လူနေအိမ်တစ်လုံးပြိုကျ၍ လူတစ်ဦးသေဆုံးခဲ့ပြီး နေအိမ်လေးလုံးအမိုးလန်မှုများနှင့် ဝိဇိတာရာမ ဘုန်းတော်ကြီးကျောင်းမှ ဓမ္မာရုံတစ်ဆောင် အမိုးလန်ပျက်စီးမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရပြီး လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဟသ်ာတခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ လူတစ်ဦးသေဆုံးမှုအတွက် ထောက်ပံ့ငွေကျပ် ၃၀၀၀၀၀၊ ပြိုကျနေအိမ်တစ်လုံးနှင့် အမိုးလန်နေအိမ်လေးလုံးအတွက် ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀ စီနှင့် ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံအမိုးလန်ပျက်စီးမှုအတွက် ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀၊ လေဘေးသင့်အိမ်ထောင်စု ငါးစုမှ ကျား ၁၂ ဦးနှင့် မ ၁၃ ဦးတို့အတွက် တစ်ပတ်စာဆန်ရိက္ခာတန်ဖိုးငွေကျပ် ၅၀၄၀၀ စုစုပေါင်းထောက်ပံ့ကြေးငွေပေါင်း ကျပ် ၉၅၀၄၀၀ တို့ကို လေဘေးသင့်ပြည်သူများထံ ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း ခရိုင်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းစိုးထံမှ သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## သံတောင်မြို့ ပသိချောင်းတွင် အနယ်နယ်အရပ်ရပ်မှ ရေကစားသူများဖြင့်စည်ကား



**ဘားအံ မေ ၁၈**

ကရင်ပြည်နယ်၌ သင်္ကြန်ကာလအတွင်း သွားရောက်လည်ပတ် ရေကစားနိုင်ကြသော သဘာဝရေပူစမ်းများ၊ ရေတံခွန်များ၊ ဂူဘုရားများ များစွာရှိရာတွင် ဘားအံခရိုင် သံတောင်ကြီးမြို့နယ် သံတောင်မြို့ ၁၃ မိုင်ရှိ အထင်ကရဖြစ်သော ပသိချောင်းတွင် မဟာသင်္ကြန်နှစ်ဆန်း(၁)ရက်နေ့၊ မေ ၁၇ ရက်က အနယ်နယ်အရပ်ရပ်ရှိ မိဘပြည်သူများ စိတ်လက်အပန်းဖြေခြင်း၊ ရေကစားကြရန် လာရောက်လည်ပတ်ကြသည်မှာ များပြားပြီး စည်ကားလျက်ရှိကြသည်။

"သင်္ကြန်အတက်နေ့ကစကာ တောင်ငူ၊ ရေတာရှည်၊ အုတ်တွင်း၊ ဖြူး၊ ထန်းတပင်မြို့နဲ့ တောင်ငူ အရှေ့ဘက်ကမ်း ကျေးရွာများကနေပြီး ရေပက်ခံထွက်ပြီး ပသိချောင်းကို ဆက်ပြီးတော့ရေကစားဖို့ လာကြတာ နှစ်ဆန်းတစ်ရက်နေ့ကတော့ အများဆုံးပေါ့။ ကားတွေ၊ ဆိုင်ကယ်တွေနဲ့ စည်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဈေးလည်းတအားရောင်းရတယ်။ အစားအသောက်တွေ အရောင်းရဆုံးပေါ့။ ရေကတော့ဒူးလောက်ပဲ။ တချို့နေရာ အနည်းအကျဉ်းက ပေါင်လောက်ခါးလောက်က အနက်ဆုံးပဲဆိုတော့ ရေနစ်ကြတာ မရှိပါဘူး။ ပသိချောင်းက တောင်ကျရေဖြစ်လို့ ဒီနှစ်တော့ မိုးရွာလို့ရေနောက်တယ်" ဟု ဒေသခံတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ ပသိချောင်းရှိရာ သံတောင်မြို့ (၁၃-မိုင်)သည် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့၏အရှေ့ဘက် ၁၃ မိုင်အကွာအဝေးတွင်ရှိပြီး မြို့လည်ခေါင်အား ဖြတ်စီးသွားသော တောင်ကျစိမ့်စမ်းရေများပေါင်းစုံရာမှ တောင်ကျချောင်းတစ်ခုဖြစ်ပြီး ဒေသအတွင်း သောက်သုံးရေနှင့် စိုက်ရေးပျိုးရေးအတွက်များစွာ အကျိုးပြုလေသည်။

ထို့အပြင် ပသိချောင်းသို့ အခါကြီး ရက်ကြီးများနှင့် ရုံးပိတ်ရက်များတွင် လာရောက်လည်ပတ်ကြသော်လည်း ယခုလို နှစ်ဆန်း(၁)ရက်နေ့တွင် သင်္ကြန်ရေ လာရောက်ကစားကြသူများ ချောင်းအပြည့်ရှိရာ ချောင်းအတွင်း သဲအောက်ခံပေါ်တွင် ကျောက်တုံးကြီးငယ်များနှင့် အမြဲတမ်းအေးလျက်ရှိသော စီးဆင်းနေသည့်ရေများတွင် ရေစိမ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ရေပက်ဆော့ကစားခြင်းဖြင့် စည်ကားကြသည့်အပြင် ဒေသခံများမှလည်း ချောင်းတစ်လျှောက်နှင့် အဝင်လမ်းများတွင် ရိုးရာခေါင်ဘူးများ၊ အစားအသောက်များကို ပွဲဈေးတန်းကဲ့သို့ရောင်းချနေသည်မှာ စည်ကားလျက်ရှိကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

## ကန်တော့ခံအဘိုးအဘွားများအား အခမဲ့မျက်စိစမ်းသပ်ကုသမှုပြုလုပ်ပေး

**ပဲခူး မေ ၁၈**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်၌ မေ ၁၇ ရက် နံက်ပိုင်းက ကန်တော့ခံအဘိုးအဘွားများအား အခမဲ့ မျက်စိစမ်းသပ်ကုသမှုများ ပြုလုပ်ပေးသည်။

မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်း (၄) မျက်စိအထူးကုဆရာဝန်ကြီးဒေါက်တာကိုဦးက နှစ်စဉ် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှဦးဆောင်း၍ အသက် (၈၅) နှစ်အထက်အဘိုး၊ အဘွားများကို ပူဇော်ကန်တော့ကြောင်း၊ ယခုနှစ်တွင်အဆိုပါအဘိုးအဘွားများကို အခမဲ့ မျက်စိစမ်းသပ်ကုသမှု ပြုလုပ်ပေးရသည့်အတွက် တာဝန်ရှိသူများကို ကျေးဇူးတင်ရှိကြောင်း၊ အဘိုး၊ အဘွားများအတွက် နောက်ဆုံးအချိန်အထိ အလင်းအာရုံကွယ်ပျောက်ခြင်းမရှိအောင် မိမိတို့တတ်သည့်ပညာဖြင့် ကုသိုလ်ပြုပေးခြင်းဖြစ်ကြောင်း၊ မျက်စိအလင်းအာရုံကောင်းမှသာလျှင် စိတ်ချမ်းသာစွာဖြင့် ဘုရားကျောင်း၊ ရိပ်သာများသို့သွားရောက်ပြီး တရားဘာဝနာဝိပဿနာများ ပွားများအားထုတ်ကုသိုလ်ကောင်းမှုများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ပဲခူးမြို့ပေါ်ရပ်ကွက်အသီးသီးမှ အသက် (၈၅)နှစ်အထက် ကန်တော့ခံအဘိုးအဘွား (၈၄၇) ဦးအားတို့အား မျက်စိစမ်းသပ်ကုသမှုပြုလုပ်ပေးရာတွင် ခွဲစိတ်ကုသရန်မလိုသော အဘိုးအဘွားများအား မျက်စိအားတိုးဆေးများ၊ မျက်စဉ်းဆေးများပေးပြီး ခွဲစိတ်ရန်လိုသူများအား မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်း (၄) ပဲခူးမြို့ဆေးရုံတွင်ခွဲစိတ်ကုသမှုများကို မျက်စိအထူးကုဆရာဝန်ကြီးဒေါက်တာကိုဦးနှင့် ဝန်ထမ်းများကပြုလုပ်ပေးကြမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## နှစ်ဦးပရိတ်တရားတော်နာရွတ်ဖတ်ပူဇော်ပွဲနှင့် ဘိုးဘွားကန်တော့ပွဲ အခမ်းအနားတိုက်ကြီးတွင်ကျင်းပ

**တိုက်ကြီး မေ ၁၈**

၁၃၇၉ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့ နှစ်ဦးပရိတ်တရားတော်နာပူဇော်ပွဲနှင့် ဘိုးဘွားကန်တော့ပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့ မြို့လယ်ဘုရာလေး ဓမ္မာရုံ၌ မေ ၁၇ ရက် ညနေ ၃ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုက်ကြီးမြို့ မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တပညာဝံသအမျုိးရှိသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ဥက္ကဋ္ဌဆရာတော်ထံမှ ငါးပါးသီလ ခံယူတော်မူကြပြီး ဆရာတော်သံဃာတော်များမှ ပရိတ်တရားတော်များ ရွတ်ဖတ်တော်မူကြသည်။

ထို့နောက် ဆရာတော်များမှ နှစ်သစ်ကူး အန္တရာယ်ကင်းရန်မြို့ပေါ်ရပ်ကွက်များသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်၍ပရိတ်တော်များ ရွတ်ဖတ်ကြသည်။ ထို့နောက် ပရိတ်ရေများကို မီးသတ်ဦးစီးမှ မီးသတ်ကားများဖြင့် မြို့ပေါ်ရပ်ကွက်များသို့ လှည့်လည်ဖျန်းပက်ကြသည်။

ထို့နောက် အသက် (၈၀)နှင့်အထက်အဘိုး၊ အဘွား (၄၆) ဦးကို အလှူငွေနှင့် ပစ္စည်းများကို တာဝန်ရှိသူများက ကန်တော့ကြရာ အဘိုး၊ အဘွားများကိုယ်စား အဘိုး၊ အဘွားတစ်ဦးစီက ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားကို တိုက်ကြီးမြို့နယ် ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်သူဦးနှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကန်တော့ခံအဘိုး၊ အဘွားများ တက်ရောက်ကြကြောင်း သိရသည်။

**ထွန်းလှိုင် (မြိုင်)**



National Heart Centre Singapore

ကြေးမုံ

# ဒေသထွက်ရာသီသီးနှံများတရုတ်နိုင်ငံသို့တင်ပို့ရောင်းချ

**မန္တလေး မေ ၁၈**

မန္တလေးတိုင်းဒေသကြီး ဒေသထွက်သီးနှံများ မူဆယ်မှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့တင်ပို့ရောင်းချလျက်ရှိကြောင်း မန္တလေးမြို့ သစ်သီးဝလံပွဲရုံများနှင့် ကုန်သည်များထံမှ သိရသည်။

နေ့စဉ် မန္တလေးသစ်သီးပွဲရုံများမှ မူဆယ် ၁၀၅ မိုင်သစ်သီးပွဲရုံများသို့ ပို့ဆောင်ပြီး ဖရဲသီး (အဖြူ)၊ ဖရဲသီး(အစေ့မဲ့)၊ ဖရဲသီး(အကျား)၊ သခွားမွှေး(ပိုက်ကွက်)၊ သခွားမွှေး(ရွှေ)၊ ထိုင်ဝမ်သခွားမွှေးတို့ကို တရုတ်နိုင်ငံဈေးကွက်သို့ တစ်ကီလိုဂရမ်လျှင် အနိမ့်ဆုံးဈေး ၁၉၈ ကျပ်မှ အမြင့်ဆုံးဈေး ၃၉၇ ကျပ်ဖြင့် တင်ပို့ရောင်းချလျက်ရှိသည်။

ကျောက်ဆည်ခရိုင်ရှိ သခွားမွှေးစိုက်ခင်းများတွင် သခွားမွှေးသီး (ပိုက်ကွက်)သခွားမွှေးသီး(ရွှေ)၊ ထိုင်ဝမ်သခွားမွှေးသီးများမေပြီလဆန်းမှစတင်ပြီး လှိုင်လှိုင်ထွက်လျက်ရှိရာ အလုံးကြီးများအား တရုတ်ဈေးကွက်သို့တင်ပို့ပြီးအလုံးသေးနှင့် ဈေးကွက်မဝင်သောဖရဲသီးနှင့်သခွားမွှေးသီးများအား ရန်ကုန်-မန္တလေးလမ်း၊ မန္တလေး-စစ်ကိုင်းသွား မြို့ပတ် ကမ်းနားလမ်းနှင့် မန္တလေး-ပြင်ဦးလွင်လမ်းတို့တွင် လျှော့ဈေးဖြင့် ရောင်းချကြသည်။ တံတားဦးဒေသထွက် ဖရဲသီးအဝိုင်းများနှင့် သရက်သီးအကြမ်းများ သကြံန်အပြီးတင်ပို့နိုင်ရေး ပြင်ဆင်လျက်ရှိသည်။

တရုတ်နိုင်ငံဈေးကွက်သို့ ပုသိမ်ကြီးနှင့် ကျောက်ဆည်မြို့နယ်ထွက် ထိုင်ဝမ်ဆီးသီးများ၊ ကျောက်ပန်းတောင်း၊ ရမည်းသင်း၊ သာစည်မြို့နယ်တို့မှထွက်ရှိသော စပျစ်သီးများကိုလည်း တင်ပို့ရောင်းချလျက်ရှိရာ ဝယ်လက်နည်းပြီးဈေးနှိမ်မှုကြောင့် သစ်သီးကုန်သည်များ အမြတ်နည်းကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# သဖန်းဆိပ်ဆည်တွင်သကြံန်ကာလအပြီးစုပေါင်းအမှိုက်ကောက် သန့်ရှင်းရေးဆောင်ရွက်

**ကျွန်းလှ မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်တွင် သကြံန်ကာလအပြီး စုပေါင်းအမှိုက်ကောက်သန့်ရှင်းရေးဆောင်ရွက်ကြကြောင်း သိရသည်။

သဖန်းဆိပ်ဆည်တွင် သကြံန်ကာလ ရေကစားသူများ၊ အပန်းဖြေကြသူများဖြင့် စည်ကားခဲ့ပြီး နေရာအနှံ့အမှိုက်များရှိနေကြောင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာရောက်သိသည့်အတွက် စုပေါင်းအမှိုက်ကောက် သန့်ရှင်းရေးဆောင်ခြင်းဖြစ်ကြောင်း လူငယ်တစ်ဦးက ပြောကြားသည်။

ထိုသို့ စုပေါင်းအမှိုက်ကောက်သန့်ရှင်းရေးဆောင်ရွက်ရာတွင် ပရဟိတစိတ်ရှိကြသည့် မြို့ပေါ် လူငယ်၊ လူရွယ်များ၊ ဆည်မှတာဝန်ရှိသူများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ လူငယ်များ စုပေါင်းပြီး မေ ၁၇ ရက်က ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **မျိုးဝင်းညို (ကျွန်းလှ)**



# မိုးရေတိုက်စားမှုကြောင့် တင်ကျန်ရစ်သော သဲနုန်းမြေများ စုပေါင်း ရှင်းလင်း



**အောင်လံ မေ ၁၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့ သရက်တောရပ်ကွက်နှင့် ဈေးကုန်းရပ်ကွက်ကြား ပြည်လမ်းမတစ်လျှောက်တွင် မေ ၁၆ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် သဲနုန်းမြေများ၊ အမှိုက်များ တင်ကျန်နေခဲ့ရာ မေ ၁၇ ရက်နံနက်ပိုင်းက မြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများမှ ရှင်းလင်းဖယ်ရှားကြသည်။

ရှင်းလင်းဖယ်ရှားနေမှုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများတက်ရောက်၍ အားပေးခဲ့ကြကြောင်း သိရသည်။

**သိန်းလွင်(အောင်လံ)**

# နတ်တလင်းမြို့နယ်တွင် မိုးရွာသွန်းမှုကြောင့်မိုးကြိုနှမ်းများစိုက်ပျိုး

**နတ်တလင်း မေ ၁၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် (အနောက်ခြမ်း)ရေမွှေ-တောင်ယာတော-ဆင်သေကုန်း-ဖလံကုန်း-ရေကြည်စသည့်ကျေးရွာများရှိ တောင်သူများသည် မိုးကြိုနှမ်းများ စိုက်ပျိုးနေကြပြီဖြစ်ကြောင်း သိရသည်။

မေ ၁၈ ရက်တွင် ဆင်ဂေါင်းရွာနေ နှမ်းစိုက်တောင်သူ ဦးကြည်မြင့်အား မေးမြန်းကြည့်ရာ "သကြံန်မိုးကတော့ ကျွန်တော်တို့တောင်သူတွေကို အကျိုးပြုတယ်လို့ပြောရမယ်။ နေရာဒေသတချို့တွေမှာ ပျက်စီးသွားတာတော့စိတ်မကောင်းဘူး။ အဆိုးထဲက အကောင်းဆိုသလို ဒေသခံတောင်သူတွေမှာ မိုးကြိုနှမ်းစိုက်ပျိုးကြရန် အဆင်ပြေသွားတယ်။

ပြီးခဲ့တဲ့နှစ်ကဆိုလျှင် မိုးကြိုနှမ်းစိုက်ပျိုးရန် တစ်ဧကကို စက်နဲ့ထိုးမယ်ဆိုရင် ကျပ် ၁၈၀၀၀၊ လယ်ထဲရေတင်ရတာက ဒီဇယ်ဆီဖိုးကျပ် ၂၀၀၀၀၊ လူနှစ်ယောက်ငှားခ ကျပ် ၁၀၀၀၀၊ နွားနဲ့ ထယ်ငှားထိုးရင် ကျပ် ၁၃၅၀၀၊ နှမ်းမျိုးမရှိတဲ့ တောင်သူတွေမှာ မျိုးမရှိလို့ ဝယ်ပြီးစိုက်ပျိုးလျှင် တစ်ဧကကို ကျပ် ၁၉၀၀၀၊ တစ်ဧကကို ကျပ် ၈၀၀၀၀ ကျော် ကုန်ကျတယ်။

ရေတင်ပြီးလုပ်ရတဲ့ဒုက္ခကတော့ အေးငြိမ်းသွားတယ်။ နှမ်းမျိုးက တစ်ဧကကိုနှစ်ပြည်ကျော် နို့ဆီဘူး ၁၅ လုံးကြဲရတယ်။ နွားနဲ့ထယ်ထိုးရတာ တစ်နေ့ကို နှစ်ကျိုးပြီးတယ်။ တစ်ဧကကို နှစ်ရက်ထိုးရတယ်။ စက်နဲ့ထိုးရတာတော့တစ်နေ့ကိုနှစ်ဧကပြီးတယ်။ နှမ်းစိုက်ပျိုးပြီး သုံးလကြာရင်သိမ်းရတယ်။ မိုးစပါး စိုက်မီတယ်။

ကျွန်တော်တို့ဒေသမှာ စိုက်ပျိုးကြတဲ့ နှမ်းမျိုးက သက်လတ်ဖြစ်တဲ့ ဇုန်တက်မျိုးစိုက်ပျိုးကြတာများတယ်။ နှမ်းမျိုးတွေကတော့ အမျိုးမျိုးရှိကြတယ်။ သကြံန်မိုးရွာတဲ့အတွက် မြေအစိုဓာတ်ရပြီး နှမ်းပေါက်မြန်တယ်။ နှမ်းစိုက်တောင်သူတွေ စိတ်ချမ်းသာစွာ လုပ်ငန်းခွင်ဝင်နေကြပြီ" ဟု သိရသည်။ **ဝ၇၁**

# စစ်တွေမြို့၌ နွေရာသီရေရှားပါးပြတ်လပ်မှုများမဖြစ်ပေါ်စေရေး အတွက် ရပ်ကွက်များသို့ရေများဖြန့်ဝေ

**စစ်တွေ မေ ၁၈**

ရခိုင်ပြည်နယ် စစ်တွေမြို့ စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းပြီး နွေရာသီရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် စစ်တွေမြို့ မင်းဂံရပ်ကွက်၊ ကန်တော်ကြီးရပ်ကွက်(၁) နှင့်(၂) ကြားရှိ ရေစုကန်သို့သွားရောက်ပြီး ရေဂါလန် ၈၀၀ ဆံ့ရေသယ်ယာဉ် တစ်စီးနှင့် ၁၂၀၀ ဆံ့ရေသယ်ယာဉ်တစ်စီးဖြင့် မေ ၁၈ ရက် နံနက်ပိုင်းကသွားရောက်ပြီး ပြည်သူများထံသို့ ရေဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

"ယခုလို သက်ဆိုင်ရာ ဌာနဆိုင်ရာများက နွေရာသီရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် ကူညီဖြေရှင်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်" ဟု မင်းဂံရပ်ကွက်နေ ဒေါ်ဖြူဖြူဝင်းက ပြောကြားခဲ့သည်။

ဆက်လက်ပြီး နွေရာသီ ရေရှားပါးပြတ်လပ်မှုများ မဖြစ်ပေါ်စေရေးအတွက် စစ်တွေမြို့ ရပ်ကွက်များသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်ဦးစီးဌာနနှင့် စေတနာရှင်အလှူရှင်များ၏ ကူညီမှုဖြင့် ရေရှားပါးသည့် ရပ်ကွက်များသို့ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# အင်းတော်မြို့နယ်၌ ကျောင်းဆောင်သစ်ပညာရေးဌာနသို့ပေးအပ်

**မော်လူး မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ သူရောင်းကျေးရွာအုပ်စု သူရောင်းရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) တွင် မေ ၁၇ရက် မွန်းလွဲ ၂ နာရီက ကြံတိုင်းအောင်နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် အင်းတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကိုမြတ်ထွေး၊ မြို့နယ်ပညာရေးမှူး ဦးကျော်စံလင်းနှင့် ဒေါက်တာကျော်မောင်၊ ဒေါက်တာမေရည်အောင်မင်း (ကြံတိုင်းအောင် ချည်ထည်လုပ်ငန်းမိသားစု-မန္တလေး)တို့က အဆိုပါကျောင်းဆောင်ရှေ့တွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ဆက်လက်၍ မန္တလေးမြို့ မဟာဂန္ဓာရုံကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသုဇနာဘိဝံသမှ ဩဝါဒစကားမိန့်ကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကိုထွေးက အမှာစကားပြောကြားခဲ့သည်။ ထို့နောက် မန္တလေးမြို့မှ ကြံတိုင်းအောင် ကျောင်းဆောင်သစ်အလှူရှင် ဒေါက်တာကျော်မောင်က ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးကျော်စံလင်းက ပညာရေးလုပ်ငန်း ရည်ရွယ်ချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက်အဆိုပါ ကျောင်းဆောင်သစ်အား သူရောင်း အထက(ခွဲ)ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင်တို့က ပညာရေးဌာနသို့ လွှဲပြောင်း ပေးအပ်ရာ မြို့နယ်ပညာရေးမှူးက လက်ခံရယူပြီး သူရောင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးပါကြီးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါကျောင်းဆောင်သစ်မှာ နိုင်ငံတော်မှပံ့ပိုးငွေကျပ် ၁၁၃ သိန်း သူရောင်းကျေးရွာဒေသခံများမှ ထည့်ဝင်ငွေကျပ် ၁၄၈ သိန်း၊ ကြံတိုင်းအောင်မိသားစုမှ မတည်ထည့်ဝင်ငွေကျပ် ၂၀၈ သိန်း စုစုပေါင်း ၄၆၁ သိန်းကုန်ကျပြီး အလျားပေ ၉၀၊ အနံ ပေ ၃၀ အုတ်ညှပ်သွပ်မိုး နှစ်ထပ်ကျောင်းဆောင်သစ်ဖြစ်ကြောင်းသိရသည်။ **(၀၅၈)**

# ကျေးရွာချင်းဆက် ဗန်ဒိုချောင်းကူးတံတားတည်ဆောက်ပြီးစီး၍ ကုန်စည်စီးဆင်းမှုပိုမိုမြန်ဆန်



**တီးတိန် မေ ၁၈**

ချင်းပြည်နယ် တီးတိန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း တွီးဗျဲလ်-တွီးဆောက်ကျေးရွာကြား ဗန်ဒိုချောင်းကူးတံတားအား စံချိန်စံညွှန်းနှင့်အညီရာနှုန်းပြည့်တည်ဆောက်ပြီးစီးသဖြင့် မေ ၁၁ ရက်က မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဂိုးဆွင်းခိုင်၊ ချင်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ငွေနှင့်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထန်ဒိတ်ခုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါတံတားအတိုင်းအတာမှာ ပေ ၆၀ × ၁၄ ပေ × ၂၂ ပေရှိ သံရက်မသစ်သားတံတားအမျိုးအစားဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အထူးသီးသန့် ရန်ပုံငွေကျပ် ၄၈ သန်းဖြင့် Teltui Zuasiam ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ တံတားတည်ဆောက်ခြင်းအားဖြင့် ကျေးရွာငါးရွာ၏ ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာပြီး ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝပိုမိုဖွံ့ဖြိုးရေးအတွက်များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

ကြေးမုံ





## ဂန့်ဂေါတွင် သံဃဒါန ဆွမ်းလောင်းလှူ

**ဂန့်ဂေါ ဧပြီ ၁၈**
ဂန့်ဂေါမြို့ မြို့မရပ်ကွက်တွင် မြန်မာနှစ်ဆန်း ၁ ရက်နေ့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၇၄) ကြိမ်မြောက် သံဃဒါနဆွမ်းလောင်းလှူပွဲကို ဧပြီ ၁၇ ရက် နံနက် ၈ နာရီက မြို့မရပ်ကွက် ဂန့်ဂေါ- အနောက်ဂန့်ဂေါ မြစ်သာ မြစ်ကူး ကြိုးတံတားအနီးတွင် ကျင်းပရာ သံဃာတော် ၂၆၆ ပါးတို့အား ပြည်သူတစ်သောင်းကျော်တို့က ဆွမ်းလောင်းလှူကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ ဂန့်ဂေါမြို့နယ် ကန်ကျေးရွာအနီးရှိ ကျောက်ဂူရေထွက်တောရ၌လည်း အဆိုပါနေ့က ဆွမ်း လောင်းလှူပွဲ ကျင်းပရာ ကမ္မဋ္ဌာနာစရိယ ကျောက်ဂူဆရာတော် ဘဒ္ဒန္တကုဏ္ဍစရိယ အမှူးပြုသည့် သံဃာတော်၊ သီလရှင် ၃၀၀၀ ကျော် ကြွရောက်တော်မူကြကြောင်းနှင့် ပြည်သူ ၂၀၀၀၀ ကျော်တို့က ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများ လှူဒါန်းကြကာ ရေစက်သွန်းချအမျှ ပေးဝေကြကြောင်း သိရသည်။

(၄၆၅)

## အသက်ကယ်ထားသောနွားများအား သပိတ်ကျင်းမြို့နယ်ရှိ ဘေးမဲ့ခြံသို့ပို့ဆောင်မည်

**မုံရွာ ဧပြီ ၁၈**
မြန်မာနှစ်ဆန်း တစ်ရက် (ဧပြီလ-၁၇ ရက်) နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အလယ်ရပ်ကွက် ချမ်းသာကြီးမြတ်စွာဘုရားဝင်းအတွင်းကျင်းပသည့် (၃၅) ကြိမ်မြောက် နွားဘေးမဲ့ပွဲတော်တွင် အသက်ကယ်တင်ရရှိသော နွားများအား မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ဇရပ်ကွင်းကျေးရွာရှိ အင်းကြင်းမြိုင် ငွေတောင်ဘုန်းတော်ကြီးကျောင်းဘေးမဲ့ခြံသို့ ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း ချမ်းသာကြီးမြတ်စွာဘုရားဂေါပကအဖွဲ့မှ သိရသည်။

ချမ်းသာကြီးမြတ်စွာဘုရား ဂေါပကအဖွဲ့မှ ဦးစီးကျင်းပသည့် ဇီဝိတဒါနနွားဘေးမဲ့ပွဲတော်သည် မြန်မာနှစ်ဆန်း တစ်ရက်နေ့တွင် သတ်ဖြတ်မည့်နွားများအားကယ်တင်သည့် ဇီဝိတဒါနပြုခြင်းဖြစ်သည့်အပြင် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသာမက မြန်မာပြည်အရပ်ရပ်မှ စုပေါင်းပြီးလည်းကောင်း၊ တစ်ဦးချင်း ဝယ်ယူပြီးလည်းကောင်း၊ မိမိတို့မွေးမြူထားသော နွားများကို တစ်ခြံလုံးလှူဒါန်းခြင်းဖြင့်လည်းကောင်း စုပေါင်းအားဖြင့်ကျင်းပခဲ့သည်မှာ ယခုနှစ်တွင် (၃၅) ကြိမ်မြောက်(ပုလဲရတု)တိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

"မုံရွာမြို့ပေါ်နဲ့ ကျေးရွာတွေက သားသတ်ရုံတွေက မြန်မာနှစ်ဆန်းတစ်ရက်နေ့ညမှာသတ်ပြီး အသားဖော်မဲ့ နွားတွေကို ဝယ်ယူ၍ အသက်ကယ်တာပါ၊ အခုနှစ်မှာ နွားအကြီး (၂၂) ကောင်နဲ့ သားပေါက်ကိုးကောင် စုစုပေါင်း (၃၁) ကောင် စုပေါင်းလှူဒါန်းတဲ့ ငွေတွေနဲ့ အသက်ကယ်တင်ထားပါတယ်။ နောက်ပြီး တစ်ဦးချင်းလှူမယ်လို့ အကောင် (၂၀) လောက် စာရင်းပေးထားတာလည်းရှိပါတယ်။ နွားစာကုသိုလ်ပြုတဲ့ သူတွေလည်းပါတယ်။ အခုနှစ် အသက်ကယ်တင်ရရှိတဲ့ နွားတွေကိုတော့ မန္တလေးမြို့ တောင်စလင်းတိုက်သစ် ဘာဝနဋ္ဌာန ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တတိက္ခ ဦးစီးတည်ထောင်ထားတဲ့ မန္တလေး တိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ဇရပ်ကွင်းကျေးရွာရှိ အင်းကြင်းမြိုင်ငွေတောင်ဘုန်းတော်ကြီးကျောင်း ဘေးမဲ့ခြံကို ပို့ဆောင်ပေးသွားမှာပါ" ဟု ချမ်းသာကြီးဘုရား ဂေါပကအဖွဲ့မှ ဘဏ္ဍာရေးမှူး ဦးတင့်လွင်က ပြောသည်။

၂၀၁၆ ခုနှစ် ဧပြီ ၁၇ (မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် (၃၄) ကြိမ်မြောက်အဖြစ် ကျင်းပခဲ့သည့် နွားဘေးမဲ့ပွဲတော်တွင်အသက်ကယ်ဆယ်ရရှိသော နွားကောင်ရေ (၇၇) ကောင်အား စစ်ကိုင်းမြို့နယ် ဒီပဲယင်းကွဲကျေးရွာ ဦးမှတ်ခြံသို့ ပို့ဆောင်ပေးနိုင်ခဲ့ပြီး ယခုနှစ်တွင်ကျင်းပသည့် (၃၅) ကြိမ်မြောက် ဇီဝိတဒါနနွားဘေးမဲ့ပွဲတော်တွင် အသက်ကယ်တင်ရရှိသောနွားများအား ဧပြီ ၁၉ ရက်တွင် မုံရွာမြို့တွင်းသို့ လှည့်လည်ပြသမည်ဖြစ်၍ ဧပြီ ၂၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ဇရပ်ကွင်းကျေးရွာရှိ အင်းကြင်းမြိုင် ငွေတောင်ဘုန်းတော်ကြီးကျောင်း ဘေးမဲ့ခြံသို့ ပို့ဆောင်သွားမည်ဖြစ်ကြောင်းနှင့် ချမ်းသာကြီးမြတ်စွာဘုရားဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပသည့် ဇီဝိတဒါနနွားဘေးမဲ့ပွဲတော် ပထမအကြိမ်မှ (၃၄) ကြိမ်မြောက်အထိ နွားကောင်ရေ (၇၀၂)ကောင်အား မြန်မာပြည်အရပ်ရပ်ရှိ နွားဘေးမဲ့ခြံ ကိုးခြံသို့ ဇီဝိတဒါနပြု ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## ဘုန်းတော်ကြီးကျောင်းဓမ္မာရုံများတွင် ကောသလမင်း အိပ်မက်(၁၆)ချက်ဗီနိုင်းများကို လှူဒါန်းမှုများလာ

**မန္တလေး ဧပြီ ၁၈**
မြန်မာနိုင်ငံရှိ ဘုရားစေတီများတွင် ရှေးယခင်ကအလေးထား ကြည့်ရှုကြသော သရုပ်ဖော် ပန်းချီကားများရှိသည်။ ဘုရားဖူးသွားသည့်အခါ မိမိတို့၏ သား၊ သမီးများကို ထိုပန်းချီကားများ အကြောင်း ရှင်းပြသလို ထိုပန်းချီကားတို့၏ မှန်ကန်သောအကြောင်းအရာများကိုလည်း လက်တွေ့ဖြစ်ပျက်မှုနှင့် ခိုင်းနှိုင်းပြောဆိုလေ့ရှိသည်။

ပန်းချီကားပါ အကြောင်းအရာအားလုံးသည် ယခုအခါတွင် မှန်ကန်တိုက်ဆိုင်နေသည်ဟုလည်း လူသိများသည်။ ထိုပန်းချီကားမှာ ကောသလအိပ်မက် (၁၆) ချက် ပန်းချီကားများပင်ဖြစ်သည်။ ခေတ်မီတိုးတက်လာသော ကာလတွင် ကျေးလက်ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံများတွင် ကောသလအိပ်မက် (၁၆) ချက်ကို ဗီနိုင်းများဖြင့် ပြုလုပ်ကာ လှူဒါန်းမှု များပြားလျက်ရှိကြောင်း သိရသည်။

ရှေးယခင်က ကောသလအိပ်မက် (၁၆) ချက်ပန်းချီကားများကို ပန်းချီဆရာခေါ်ယူကာ နံရံဆေးရေးပန်းချီအဖြစ် ဓမ္မာရုံများတွင် ရေးဆွဲကြသည်။ တိုးတက်လာသောကာလတွင် ကောသလအိပ်မက် (၁၆) ချက် ပန်းချီကားများကို ဗီနိုင်းစနစ်ဖြင့် ဈေးနှုန်းသက်သာစွာ မှာယူထားရှိလာကြသည်။ ဗီနိုင်းစနစ်ဖြင့် ဝယ်ယူချိတ်ဆွဲထားသော ကောသလ အိပ်မက်(၁၆)ချက် ပန်းချီကားများကို လူတိုင်းစိတ်ဝင်စားကြသည်။

အိပ်မက်မြင်မက်ပုံ (၁) မှစကာ (၁၆) အထိပုံစာတို့ဖြင့် သရုပ်ဖော်ပြသထားသည်။ လက်ရှိကာလ ကျေးလက်ဘုန်းတော်ကြီးကျောင်းများ၊ ဓမ္မာရုံများတွင် ဗီနိုင်းဖြင့်ပြုလုပ်သော ကောသလအိပ်မက် (၁၆)ချက်ကို ဝယ်ယူလှူဒါန်းမှုများ ပြားလျက်ရှိကြောင်းသိရသည်။

**တိမ်တမန်**

## စိတ်ဝင်စားစရာများနှင့် ဆွဲဆောင်မှုရှိသည့် အင်းလေးကန်ကိုသွားရောက်သူများ

**ညောင်ရွှေ ဧပြီ ၁၈**
နွေဦးရာသီ ရာသီဥတု သာယာချိန်တွင် တောင်ပေါ်ဒေသသို့ ဘုရားဖူးသွားရောက်မှုများပြားလျက်ရှိသည်။ အများစုမှာ တောင်ကြီး၊ အင်းလေး၊ ပင်းတယ ဘုရားဖူးခရီးစဉ်ဟု ခေါ်ဆိုပြီး သဘာဝလှိုဏ်ဂူများနှင့် ထင်ရှားသော နေရာများကို လိုက်လံပို့ဆောင်ပေးကြသည်။ ထိုဘုရားဖူးခရီးစဉ်တွင် ပြည်တွင်းဘုရားဖူးများနှင့် နိုင်ငံတကာ ခရီးသွားများ အားထားလည်ပတ်သည့်နေရာမှာ အင်းလေးကန်ပင်ဖြစ်သည်။ အင်းလေးကန်သို့ စက်လှေများဖြင့် သွားရောက်လည်ပတ်ရပြီး အင်းအတွင်း အင်းသားများ၏ လုပ်ကိုင်ပုံသဘာဝအလှအပများက မြင်သူတိုင်းကို ဆွဲဆောင်လျက်ရှိသည်။

ရိုးရာငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေပုံ၊ ခြေဖြင့်လှေလှော်ခတ်နေသည်များကို မြင်တွေ့သမျှ မှတ်တမ်းရိုက်ယူမှု များပြားလျက်ရှိသည်။ နိုင်ငံတကာခရီးသွား ဧည့်သည်များမှာမူ အင်းလေးကန်အတွင်းမှ ရွာများတွင်သွားရောက်ကာ ကိုယ်တိုင်လှေလှော်ခတ်ရင်း လေ့လာသည်များလည်းရှိသည်။

သဘာဝအလှအပများဖြင့် ထင်ရှားလှသော အင်းလေးကန်မှာ ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ်တွင်တည်ရှိသည်။ သာယာလှပသော အင်းလေးကန်မှာ မြန်မာနိုင်ငံတွင် ဒုတိယအကြီးဆုံးကန်ဖြစ်ပြီး ထူးခြားသော ဓလေ့သဘာဝနှင့်ရေပြင်ပေါ်နေထိုင်သည့် အင်းသားများကြောင့် ပိုမိုဆွဲဆောင်မှုရှိနေသည်။

တောင်နှင့် မြောက်တန်းလျက်ရှိနေသော တောင်တန်းနှစ်ခုအကြား ခွက်ဝင်နေသော ညောင်ရွှေချိုင့်ဝှမ်း၏ အနက်ဆုံးနေရာတွင် တည်ရှိနေသောကန်ပင်ဖြစ်သည်။ တောင်ပေါ်အိုင်ဖြစ်ပြီး ကျယ်ပြန့်သော ရေပြင်မှာ တောင်မြောက်အလျား ကိုးမိုင်ခန့်ရှိသည်။ အကျယ်ဆုံးနေရာ အရှေ့အနောက် သုံးမိုင်ခွဲခန့်ရှိသည်။

အင်းလေးကန်အတွင်းတွင် အင်းသားလူမျိုးများ နေထိုင်ကြသည်။ လက်ရှိကာလတွင် အင်းလေးကန်သို့ သွားရောက်လည်ပတ်သူများမှာ အင်းသားများ၏ နေထိုင်လုပ်ကိုင်ပုံသဘာဝ အလှအပများ စိုက်ပျိုးပုံများလေ့ကိုအသုံးပြုကာ ခြေဖြင့်လှော်ခတ်ပုံများကို လေ့လာပြီး တန်ခိုးကြီးဘုရားများဖြစ်သော အင်းလေး ဖောင်တော်ဦးဘုရား၊ ရွာမရေပေါ်ဈေး၊ ငါးဖယ်ချောင် ကျောင်းတိုက် အလိုတော်ပေါက်ဘုရားများကို သွားရောက်ကြသည်။ လက်မှုလုပ်ငန်းများအနေဖြင့် ငွေထည်လုပ်ငန်း၊ ရက်ကန်းလုပ်ငန်းများကို သွားရောက်လေ့လာကြသည်။



ယခုအခါနွေဦးရာသီတွင် အင်းလေးဒေသသို့ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိကြောင်း သိရ သည်။

**နွေနဒီ (မြစ်ငယ်)**

## မြစ်ကြီးနားမြို့၌ ငါးလွှတ်ပွဲ၊ သက်ကြီးပူဇော်ပွဲ၊ စုပေါင်းသွေးလှူဒါန်းပွဲနှင့် ပရိတ်တရားတော်နာယူပွဲ ကျင်းပ




**မြစ်ကြီးနား ဧပြီ ၁၈**
မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ မြန်မာနှစ်ဆန်း တစ်ရက်နေ့တွင် နှစ်စဉ်မပျက်ကျင်းပသည့် ဇီဝိတဒါနငါးလွှတ်ပွဲ၊ သွေးလှူဒါန်းပွဲနှင့်အန္တရာယ်ကင်း ပရိတ်တရားတော်နာအခမ်းအနားများကို မြစ်ကြီးနားမြို့၌ ဧပြီ ၁၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာဇီဝိတဒါနငါးလွှတ်ပွဲကို ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာခက်အောင်နှင့် ဇနီး ဒေါက်တာဂျကော့ဘူ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူဂျာနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များသည် ဇော်ဂျွန်းလမ်းနှင့် ကမ်းနားလမ်းထောင့် ဧရာဝတီမြစ်အတွင်း သို့ ရွှေဝါငါးကြင်း၊ငါးဒိန်၊ငါးခုံးမကြီး၊ သားပေါက်ကောင်ရေ ၂၀၀၀၀၀ ကျော်ကို ဇီဝိတဒါနအဖြစ်လွှတ်ပေးကြသည်။

ယင်းနောက် မြို့တော်ခန်းမ၌ သက်ကြီးပူဇော်ပွဲတွင် ဘိုးဘွား ၇၈ ဦးတို့အား ပူဇော်ကန်တော့ကြပြီး ပြည်နယ်အစိုးရအဖွဲ့မှ ဘိုးဘွားတစ်ဦးလျှင် ငွေကျပ် ၂၅၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၉၅၀၀၀၀ တန်ဖိုးရှိ လှူဖွယ်ပစ္စည်းများ နှင့် အလှူငွေများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများကပေးအပ်ကြပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ငွေကျပ် ၃၉၀၀၀၀ နှင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များမိသားစုတို့မှ တစ်ဦးလျှင်ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၇၉၀၀၀၀ တို့အား ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် မြစ်ကြီးနား အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီမှကျင်းပလျက်ရှိသည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာ့ သွေးအလှူရှင်များက စုပေါင်းသွေးလှူဒါန်းနေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က အားပေးခဲ့ကြပြီး ဆေးနှင့် အာဟာရများပေးအပ်ကာ ပြည်နယ်ဝန်ကြီးချုပ်က ငွေကျပ် ၂၀၀၀၀၀ ကို ထောက်ပံ့ပေးအပ်သည်။

**ပြည်နယ်ပြန်/ဆက်**

# သံဃာအပါး (၃၀၀)ကျော်အား ဆွမ်းဆန်စိမ်း လောင်းလှူ



**ပုလော ဧပြီ ၁၈**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၃၀ ကျော်မှ ရဟန်း၊ သံဃာနှင့် သီလရှင်အပါး ၃၀၀ ကျော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဧပြီ ၁၇ ရက် ညနေ ၅ နာရီက ထားဝယ်-ပုလော-မြိတ်ကားလမ်းမပေါ်ရှိ ဗိုလ်ချုပ်လမ်းမကြီးပေါ်၌ ကျင်းပခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မြန်မာနှစ်သစ်ကူးပြောင်းချိန် နှစ်ဆန်းတစ်ရက်နေ့၌ ပုလောမြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ပရဟိတအသင်းများ၊ စေတနာရှင်၊ အလှူရှင်ပြည်သူများက စုပေါင်း၍ နှစ်ဦးကုသိုလ်ယူ ဒါနပြုခြင်းကို နှစ်စဉ်ကျင်းပခဲ့ရာ ပုလောမြို့ပေါ်ရှိ ဒေသခံပြည်သူများအပါအဝင် ရပ်နီးရပ်ဝေးမှ စေတနာရှင် အလှူရှင်များပါ လာရောက်လောင်းလှူခဲ့ကြကြောင်း သိရသည်။

ယင်းနောက် ဆရာတော် သံဃာတော်အရှင်သူမြတ်များက ပုလောမြို့နယ်အတွင်းရှိပြည်သူများ ဘေးအန္တရာယ်ကင်းဝေးစေရန် ရည်ရွယ်၍ မြို့ပေါ်ရပ်ကွက်များရှိ လမ်းဆုံလမ်းခွများ၌ အန္တရာယ်ကင်းပရိတ်တရားများ ရွတ်ဖတ်ပူဇော်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# သာစည်မြို့နယ် တောင်ပေါ်ဒေသ စေတီတောင်ကျေးရွာတွင် လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းဆောင်တစ်ခုနှင့် နေအိမ်နှစ်လုံးပျက်စီး

**သာစည် ဧပြီ ၁၈**
သာစည်မြို့နယ် တောင်ပေါ်ဒေသဖြစ်သည့် စေတီတောင်ကျေးရွာတွင် ဧပြီ ၁၇ ရက် ည ၉နာရီခွဲက လေပြင်းများတိုက်ခတ်ခဲ့သဖြင့် အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း အလျားပေ ၃၀၊ အနံပေ ၃၀ ရှိအဆောက်အအုံ၏ မျက်နှာကြက်ပြား အချပ် ၂၀ ကွာကျခဲ့သည့်အပြင် ဦးမောင်မြင့်၏ လေးပင်ပတ်လည် အုတ်ညှပ်တိုက် အိမ်ခေါင်မိုးမှ သွပ်အချပ် ၇၀ နှင့် ဦးမောင်ထ၏ လေးပင်ပတ်လည် ထရံကာသွပ်မိုးအိမ်မှ သွပ်နှစ်ချပ်တို့ လေနောက်ပါသွားခဲ့ကြောင်း သိသည်။ အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ **မောင်ကို(သာစည်)**

# တာချီလိတ်၌ ဇီဝိတဒါနအဖြစ် စုပေါင်းငါးလွှတ်ပွဲပြုလုပ်




**တာချီလိတ် ဧပြီ ၂၈**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ဇီဝိတဒါနအဖြစ် စုပေါင်းငါးလွှတ်ပွဲကို (၁၃၇၉ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့) ဧပြီ ၁၇ ရက် နံနက် ၆ နာရီခွဲက မယ်ခေါင်ရေချောင်းတွင် တပျော်တပါး ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဇီဝိတဒါနငါးလွှတ်ပွဲအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်၊ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များက ငါးအကောင်ရေ ၄၀၀၀ ကျော်အား စုပေါင်းလွှတ်ပေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ဖန်းမော်မြို့၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲကျင်းပ



**ဖန်းမော် ဧပြီ ၁၈**
ကချင်ပြည်နယ် ဗန်းမော်မြို့ မြို့မရပ်ကွက်ရှိ ဗန်းမော်-ရွှေကူ-ကသာ ရှပ်ပြေးရေယာဉ်ဆိပ်ကမ်းတွင် ဗန်းမော်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားကို ဧပြီ ၁၇ ရက် နံနက် ၇ နာရီက ကျင်းပသည်။

အဆိုပါဇီဝိတဒါနငါးလွှတ်ပွဲသို့ ဗန်းမော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်၊ ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအေးသွင်၊ ဗန်းမော်တပ်နယ်မှ ဒုဗိုလ်မှူးကြီးခင်မောင်အုန်း၊ ဗန်းမော်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတူးရိန်၊ ဗန်းမော်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းလှိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးအောင်တင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သက်ထွန်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဗန်းမော်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသိန်းနိုင်ဝင်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းထွဋ်နှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသက်သက်ညိုနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ခဲ့ကြပြီး ရွှေဝါငါးကြင်းသားပေါက်အကောင်ရေ ၂၀၀၀၀၊ ထိုင်းငါးခုံးမသားပေါက်အကောင်ရေ ၁၀၀၀၀ စုစုပေါင်းငါးပေါက်အကောင်ရေ ၃၀၀၀၀ တို့အား ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်နှင့်အတူ တက်ရောက်လာသူများက ဇီဝိတဒါနအဖြစ် တာပိန်မြစ်အတွင်းသို့ ဘေးမဲ့လွှတ်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာနှစ်ဆန်းတစ်ရက်နေ့ စေတနာသွေးသန့် သွေးလှူဒါန်း



**မြစ်ကြီးနား ဧပြီ ၁၈**
ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီမှူးကြီးမှူး၍ မြန်မာနှစ်ဆန်းတစ်ရက်နေ့ စေတနာသွေးသန့် သွေးလှူရှင်များ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ဧပြီ ၁၇ ရက် နံနက် ၈ နာရီခွဲက မြစ်ကြီးနားမြို့ ဒူကထောင်ရပ်ကွက်ရှိ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံသွေးလှူဘဏ်၌ ပြုလုပ်ရာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ စေတနာသွေးသန့် သွေးလှူရှင်များ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုလ်မြို့နယ်နှင့် ကောလင်းမြို့နယ်များမှ စေတနာသွေးသန့် သွေးလှူရှင်များ တက်ရောက်၍ လှူဒါန်းခဲ့ကြသည်။

အဆိုပါသွေးလှူဒါန်းပွဲသို့ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက လာရောက်ကြည့်ရှုအားပေးကာ သွေးလှူရှင်များအား အင်အားပြည့် အာဟာရအစားအစာများနှင့် အသုံးအဆောင်ပစ္စည်းများအား ထောက်ပံ့ပေးအပ်ကာ ကချင်ပြည်နယ်ဝန်ကြီးချုပ်မှ ကချင်ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဂဲနက်စ်ထံသို့ ငွေကျပ် ၂၀၀၀၀၀ ပေးအပ်လှူဒါန်းခဲ့သည်။

စေတနာသွေးသန့် သွေးလှူရှင်များ၏ စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားတွင် ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ငွေစံ၊ သွေးလှူဘဏ်တာဝန်ခံ၊ ရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာသန်းထွန်းအောင်တို့နှင့် ကျန်းမာရေးဝန်ထမ်းများက သွေးလှူရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ကူညီဆောင်ရွက်ပေးနိုင်ခဲ့ကာ သွေးလှူဒါန်းခြင်းအခမ်းအနားတွင် စေတနာသွေးသန့်သွေးလှူရှင် ၅၀ ကျော်က သွေးမျိုးစုံ ပုလင်း ၅၀ ကျော်အား လှူဒါန်းခဲ့ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

# သောက်သုံးရေရှားပါးသည့် ကျေးရွာများသို့ ရေပေးဝေလှူဒါန်း

**ပေါင် ဧပြီ ၁၈**
သထုံခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးနန္ဒဝင်း၊ ပေါင်မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးအေးဆွေနှင့် တပ်ဖွဲ့ဝင်များက သောက်သုံးရေးရှားပါသည့် ပေါင်မြို့နယ် အလှပ်ကျေးရွာနှင့် ဝဲပတန်ကျေးရွာများသို့ ဧပြီလဒုတိယပတ်က သောက်သုံးရေလှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါရေလှူဒါန်းပွဲတွင် ပေါင်မြို့မရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်း၊ သထုံမြို့မရဲစခန်း၊ မုတ္တမနယ်မြေရဲစခန်းတို့မှ လှူဒါန်းသော ငါးဂါလန်ဆံ့ ရေသန့်ဘူးကြီး ၃၉၀၊ မီးသတ်ရေယာဉ်တစ်စီး ၈၂၅ ဂါလန်ဆံ့၊ ရေဘောက်ဆာနှစ်စီး ၃၈၀၀ ဂါလန်တို့အား အလှပ်ကျေးရွာရှိ အိမ်ခြေ ၃၅၀ နှင့် ဝဲပတန်ကျေးရွာရှိ အိမ်ခြေ ၂၀၀ စုစုပေါင်း အိမ်ထောင်စု ၆၅၀ အား သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရုံးရှေ့တွင် ပေးအပ်လှူဒါန်းခဲ့ရာ ကျေးရွာရပ်မိရပ်ဖများမှ လက်ခံရယူပြီး ကျေးရွာသူ၊ ကျေးရွာသားများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ချင်းတွင်းမြစ်အတွင်း ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ

**မုံရွာ ဧပြီ ၁၈**
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲကို မုံရွာမြို့ ချင်းတွင်းမြစ်ကမ်းဇက်ဆိပ်တွင် ဧပြီ ၁၇ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ တာဝန်ရှိသူများက ငါးမြစ်ချင်း ၂၅၀၀၀၊ ရွှေဝါငါးကြင်း ၁၅၀၀၀၀၊ ထိုင်းငါးခုံးမ ၇၅၀၀၀ စုစုပေါင်း ငါးကောင်ရေ ၂၀၀၀၀၀ ကို ချင်းတွင်းမြစ်အတွင်းသို့ ဇီဝိတဒါနအဖြစ် ဘေးမဲ့သက်လွှတ်ကုသိုလ်ပြုပေးခဲ့သည်။

မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ဇီဝိတဒါနအဖြစ် ငါးလွှတ်ပွဲများ၊ နွားဘေးမဲ့ပွဲ၊ သီတင်းသီလဆောက်တည်ခြင်း၊ သက်ကြီးပူဇော်ပွဲများကျင်းပခြင်း၊ သက်ကြီးဘိုးဘွားများကို ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း၊ လက်သည်းလှီးဒါနပြုခြင်း၊ စေတီ၊ ဘုရားကျောင်းကန်များတွင် သန့်ရှင်းရေးပြုလုပ်ပေးခြင်း၊ ရပ်ကွက်/ကျေးရွာများနှင့် ဌာနဆိုင်ရာများရှိ အချက်အချာနေရာများတွင် အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ခြင်းများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဓေယျာတိုင်း)**





# ပါ့ခ်ဟွန်စစ်ရဲ့ တေးသီချင်းနဲ့အတူ ပရိသတ်တွေကို နှုတ်ဆက်လိုက်တဲ့ "Strong Woman Do Bong-soon"

လတ်တလောမှာ ထုတ်လွှင့်ပြသလျက်ရှိတဲ့ တောင်ကိုရီးယားရုပ်သံဇာတ်လမ်းတွဲတွေအနက် ကြည့်ရှုသူပရိသတ်များပြားခဲ့ပြီး အောင်မြင်ခဲ့တဲ့ ရုပ်ရှင်တစ်ခုဖြစ်တဲ့ " Strong Woman Do Bong-soon"ဟာ ပြီးခဲ့တဲ့ ဧပြီ ၁၅ ရက်မှာတော့ အပြီးသတ်ထုတ်လွှင့်ခဲ့ပြီး ရုပ်ရှင်ရဲ့ဇာတ်သိမ်းမှာ ခေါင်းဆောင်မင်းသား တစ်ဦးဖြစ်တဲ့ ပါ့ခ်ဟွန်စစ်သီဆိုထားတဲ့ ဇာတ်ဝင်တေးသီချင်း တစ်ပုဒ်ဖြစ်တဲ့ "Because of You"ကို ထုတ်လွှင့်ခဲ့ကာ အောင်မြင်မှုတွေနဲ့အတူ ပရိသတ်တွေကို နှုတ်ဆက်ခဲ့ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ကြည့်ရှုသူပရိသတ် ရှစ် ဒသမ ကိုးရာခိုင်နှုန်းကို ပိုင်ဆိုင်ခဲ့တဲ့ ယင်းရုပ်ရှင်ဟာ တောင်ကိုရီးယားဇာတ်လမ်းတွဲရုပ်ရှင်တွေအနက် အထူးအောင်မြင်ခဲ့တဲ့ ရုပ်ရှင်တစ်ကားအဖြစ် အဆုံးသတ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ရုပ်ရှင်ရဲ့ဇာတ်သိမ်းပိုင်းမှာတော့ ပါဝင်သရုပ်ဆောင်ထားကြတဲ့ အဓိကဇာတ်ဆောင်တွေဖြစ်ကြတဲ့ မင်းသမီး ပါ့ခ်ဘိုယောင်းကို မင်းသား ပါ့ခ်ဟွန်စစ်ရဲ့ဇာတ်ကောင်ဖြစ်တဲ့ မင်ဟွတ်ခ်က ချစ်ရေးဆိုလိုက်တဲ့ပုံရိပ်တွေနဲ့ စိတ်ကူးယဉ်စရာကောင်းစွာ အဆုံးသတ်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

" Strong Woman Do Bong-soon"ကို ကြည့်ရှုအားပေးခဲ့ကြတဲ့ ပရိသတ်တွေအတွက် ရည်ရွယ်ဖန်တီးထားတဲ့ အထူးအပိုင်းတစ်ပိုင်းကိုလည်း ပြီးခဲ့တဲ့ ဧပြီ ၁၇ ရက်က ထုတ်လွှင့်ပြသခဲ့ပါတယ်။ ဒ့ါအပြင် ရုပ်ရှင်ရဲ့ အဓိကဇာတ်ဆောင်မင်းသမီး ပါ့ခ်ဘိုယောင်းနဲ့ ဒုတိယဇာတ်ဆောင်မင်းသား ဂျီဆိုးတို့ နှစ်ဦးကိုလည်း မကြာမီကျင်းပသွားမယ့် တောင်ကိုရီးယားနိုင်ငံရဲ့ ရုပ်ရှင်ထူးချွန်ဆုပေးပွဲ တစ်ပွဲဖြစ်တဲ့ "Baeksang Arts Awards"ဆုပေးပွဲကြီးရဲ့ (၅၃)ကြိမ်မြောက်ဆုပေးပွဲအခမ်းအနားမှာ ကော်ဇောနီပေါ်လျှောက်လှမ်းလာတာကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။ "Baeksang Arts Awards" ဆုပေးပွဲကြီးမှာ ပါ့ခ်ဘိုယောင်းက အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုအတွက် ဆန်ခါတင်စာရင်းဝင်ခဲ့ပြီး ဂျီဆိုးကတော့ မျက်နှာသစ်သရုပ်ဆောင်ဆုအတွက် အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံထားရတဲ့အတွက်ဖြစ်ကြောင်းလည်း သိရပါတယ်။


ဒီလိုဆုပေးပွဲအခမ်းအနားမှာ တွေ့မြင်ရတာဟာလည်း " Strong Woman Do Bong-soon"သရုပ်ဆောင်တွေကို နောက်ဆုံးတွေ့မြင်ရခြင်းမဟုတ်သေးပါဘူး။ အဖွဲ့သားတွေဟာ ရုပ်ရှင်အောင်မြင်တဲ့အထိမ်းအမှတ်အဖြစ် လာမယ့် ဧပြီ ၂၀ ရက်မှာ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းကို အလည်အပတ်ခရီးထွက်ကြဖို့ ပြင်ဆင်ထားကြပါတယ်။ ဒီခရီးစဉ်မှာတော့ ယင်းရုပ်ရှင်ရဲ့ အဓိကဇာတ်ဆောင်တွေဖြစ်ကြတဲ့ မင်းသမီး ပါ့ခ်ဘိုယောင်း၊ မင်းသားတွေဖြစ်ကြတဲ့ ပါ့ခ်ဟွန်စစ်နဲ့ ဂျီဆိုးတို့ဟာလည်း ဘာလီအလည်အပတ်ခရီးစဉ်မှာ ပါဝင်လိုတဲ့ဆန္ဒတွေရှိနေကြပါတယ်။ များပြားလွန်းတဲ့အနုပညာလှုပ်ရှားမှုအစီအစဉ်တွေကြောင့် လိုက်ပါနိုင်ခြင်းရှိ၊ မရှိကို တစ်ထစ်ချပြောကြားနိုင်ခြင်းမရှိပေမယ့် အတတ်နိုင်ဆုံး အစီအစဉ်တွေကို ပြန်လည်ညှိနှိုင်းနေကြကြောင်းလည်း သိရပါတယ်။

ရုပ်ရှင်ရဲ့ အောင်မြင်မှုနဲ့အတူ လက်တလောမှာ ထွက်ပေါ်နေတဲ့ စိတ်ဝင်စားစရာ ကောလာဟလသတင်းတစ်ခုလည်း ရှိနေသေးတာဖြစ်ပါတယ်။ ဒါကတော့ ရုပ်ရှင်မှာ ပါဝင်ခဲ့ကြတဲ့ အဓိကဇာတ်လိုက်မင်းသားနဲ့ မင်းသမီးတို့ဟာ အပြင်မှာလည်း ချစ်သူတွေဖြစ်နိုင်ကြောင်း ဝေဖန်သံတွေပဲ ဖြစ်ပါတယ်။ ဒီလိုသတင်းတွေထွက်ရတာနဲ့ပတ်သက်ပြီး အဓိကအကြောင်းရင်းကတော့ သူတို့နှစ်ဦးဟာ ပါဝင်သရုပ်ဆောင်ခဲ့ရတဲ့ ဇာတ်ကောင်တွေကို ပီပြင်စွာ သရုပ်ဆောင်နိုင်ခဲ့ပြီး အပြင်ကတကယ့်ချစ်သူတွေလို မျက်လုံးထဲမှာပါ ခံစားချက်တွေရှိနေတာကြောင့် တကယ်ပဲချစ်သူတွေလားရယ်လို့ ဝေဖန်ခံနေရာတာဖြစ်ကြောင်း တောင်ကိုရီးယားမီဒီယာတစ်ခုဖြစ်တဲ့ ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပါ့ခ်ဘိုယောင်းနဲ့ ပါ့ခ်ဟွန်စစ်တို့ဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၄ ရက်က စတင်ပြီး ပြသခဲ့တဲ့ ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင် " Strong Woman Do Bong-soon"ရဲ့ အချစ်ခန်းတွေကို ရိုက်ကူးရာမှာ လိုတာထက်ပိုနေတယ်လို့ အများက ဝေဖန်ခဲ့ကြတာဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ တစ်ဦးကိုတစ်ဦးဖက်ထားရတဲ့ ဇာတ်ဝင်ခန်းတွေကို ရိုက်ကူးခဲ့ရာမှာလည်း ရိုက်ကွင်းပြီးဆုံးသွားတာတောင် သူတို့နှစ်ဦးရဲ့သရုပ်ဆောင်မှုက မပြီးဆုံးသေးကြောင်းလည်း သိရပါတယ်။ ဒ့ါအပြင် သူတို့နှစ်ဦးဟာ နောက်ကျောကနေ ညင်ညင်သာသာလေးလှမ်းဖက်လိုက်တဲ့အခန်းတွေ၊ တစ်ယောက်ရဲ့မျက်လုံးထဲကိုတစ်ယောက်က နက်နက်ရှိုင်းရှိုင်းထိုးဖောက်ကြည့်လိုက်ရတဲ့ ဇာတ်ဝင်ခန်းတွေကိုရိုက်ကူးရာမှာလည်း တမင်သရုပ်ဆောင်နေရတာမျိုးမဟုတ်ဘဲ ဖြစ်နေကျ၊ လုပ်နေကျသူတွေလို ရင်းနှီးနေကြတာကိုတွေ့ရပါတယ်။ ဒီလိုပုံရိပ်တွေကြောင့် ပရိသတ်တွေက ပါ့ခ်ဘိုယောင်းနဲ့ ပါ့ခ်ဟွန်စစ်တို့ဟာ ပါဝင်သရုပ်ဆောင်နေရတဲ့ ဇာတ်ကောင်တွေရဲ့စျာန်ကို ဝင်စားခဲ့ရင်းက လက်တွေ့ဘဝမှာလည်း ချစ်သူတွေဖြစ်နေကြောင်း အထင်ရောက်စေဖို့ တွန်းအားတွေဖြစ်ခဲ့တယ်လို့ ဝေဖန်ခဲ့ပါတယ်။

သူတို့နှစ်ဦးဟာ ရိုက်ကွင်းနားတဲ့အချိန်တွေမှာလည်း အတူရှိနေတတ်ပြီး စကားတွေဖောင်ဖွဲ့ရင်းရယ်မောခဲ့ကာ အခြားသောချစ်သူစုံတွဲတွေကဲ့သို့ ဟာသတွေ ပြောရင်း စနောက်တာတွေလည်းရှိနေခဲ့ပါတယ်။ ဒ့ါကြောင့် သူတို့ဟာ အလုပ်သဘောအရသာမဟုတ်ဘဲ သူတို့ရဲ့ရင်းနှီးမှုကို လက်တွေ့ဘဝထဲ ထိပါချဲ့ထွင်လာခဲ့တာလို့လည်း ဆိုနိုင်ပါတယ်။

ဒီလိုရင်းနှီးလွန်းနေတဲ့ သူတို့နှစ်ဦးကိုလည်း ပရိသတ်တွေက တကယ်ပဲ တစ်ယောက်နဲ့တစ်ယောက်စိတ်ဝင်စားကာ ချစ်သူတွေဖြစ်နေကြပြီလား၊






တကယ်ကိုသရုပ်ဆောင်ကောင်းခဲ့တာလားဆိုတာကို ဝေခွဲမရနိုင်ဖြစ်နေရကြောင်းလည်း ကိုရီးယားဘိုးဒေ့ါကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ပြုလုပ်ခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင်အောင်မြင်စွာပြီးဆုံးခြင်းအထိမ်းအမှတ် ညစာစားပွဲမှာလည်း ပါ့ခ်ဘိုယောင်းနဲ့ ပါ့ခ်ဟွန်စစ်တို့နှစ်ဦးစလုံးတက်ရောက်ခဲ့တာကို တွေ့ခဲ့ရပါတယ်။ ဒ့ါကြောင့်လာမယ့် ဧပြီ ၂၀ ရက်မှာ သွားကြမယ့် ဘာလီကျွန်းခရီးစဉ်မှာရော ပါ့ခ်ဘိုယောင်းနဲ့ ပါ့ခ်ဟွန်စစ်တို့နှစ်ဦးလိုက်ပါကြမှာလား၊ လိုက်ပါခဲ့ပါကလည်း နှစ်ဦးအကြားက ဆက်ဆံရေးနဲ့ပတ်သက်ပြီး ဘယ်လိုသတင်းတွေပေါ်ထွက်လာဦးမှာလည်းဆိုတာကလည်း စိတ်ဝင်စားစရာဖြစ်နေပါတယ်။

အေးပြည့် - စုစည်းသည်။

# အောင်မြင်မှုတွေနဲ့ စတင်ခဲ့တဲ့ "The Fate of the Furious"

ဟောလိဝုဒ်ရဲ့ အောင်မြင်တဲ့ ဇာတ်လမ်းတွဲ ရုပ်ရှင်တစ်ခုဖြစ်တဲ့ "Fast and Furious"ရုပ်ရှင်တွေရဲ့ ရုပ်ရှင်သစ် " The Fate of the Furious"ကို ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း စတင်ရုံတင်ခဲ့ရာ ဝင်ငွေအကောင်းဆုံးရုပ်ရှင်အဖြစ် ရပ်တည်နိုင်ခဲ့တဲ့အပြင် တစ်ပတ်အတွင်းဝင်ငွေဟာ ရုပ်ရှင်သမိုင်းမှာအဖွင့်သီတင်းပတ်အတွင်း အကြီးမားဆုံးသော အောင်မြင်မှုဖြစ်ခဲ့တယ်လို့လည်း စီအန်အန်ဒေ့ါကွန်းရဲ့ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၁၄ ရက်မှာ စတင်ရုံတင်ခဲ့တဲ့ "The Fate of the Furious"ဟာ ပြီးခဲ့တဲ့ တနင်္ဂနွေအထိ ကမ္ဘာတစ်ဝန်းမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၅၃၈ သန်းခန့် ရရှိခဲ့တာကြောင့် ထုတ်လွှင့်ပြသခဲ့သမျှသော ရုပ်ရှင်တွေအနက် စတင်ရုံတင်ခဲ့တဲ့ အဖွင့်သီတင်းပတ်အတွင်း ဝင်ငွေအများဆုံးရရှိခဲ့တဲ့ ရုပ်ရှင်ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

ဒ့ါကြောင့် "Fast and Furious"ဇာတ်လမ်းတွဲရုပ်ရှင်တွေရဲ့ ရှစ်ကားမြောက်ရုပ်ရှင်ဖြစ်တဲ့ "The Fate of the Furious "ဟာ ယခင်က ပထမသီတင်းပတ်အတွင်း ဝင်ငွေအကောင်းဆုံးရုပ်ရှင်အဖြစ် မှတ်တမ်းတင်ထားခဲ့တဲ့ " Star Wars: The Force Awakens "ရဲ့ စံချိန်ကို ကျော်လွန်ခဲ့တာဖြစ်ပါတယ်။ ဒစ်စနေရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ခဲ့တဲ့ "Star Wars: The Force Awakens''ရုပ်ရှင်ကတော့ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း ရုံတင်ပြသခဲ့တာဖြစ်ပြီး ပထမသီတင်းပတ်အတွင်းမှာ ဝင်ငွေအမေရိကန်ဒေါ်လာ ၅၂၉ သန်း ရရှိခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

အဖွင့်သီတင်းပတ်အတွင်း ဝင်ငွေအကောင်းဆုံး စံချိန်တင်နိုင်ခဲ့ပေမယ့် "The Fate of the Furious"ဟာ " Star Wars: The Force Awakens "နဲ့ ကွာခြားချက်တော့ ရှိနေခဲ့တာဖြစ်ပါတယ်။ " The Fate of the Furious" ရုပ်ရှင်ဟာ စတင်ရုံတင်ချိန်မှာ ကမ္ဘာတစ်ဝန်း ဒုတိယမြောက် ဝင်ငွေအကောင်းဆုံးရှာပေးနိုင်တဲ့ တရုတ်နိုင်ငံရဲ့ ဈေးကွက်အပါအဝင် အခြားသောနိုင်ငံပေါင်း ၆၃ နိုင်ငံမှာပါ တစ်ပြိုင်နက်တည်းရုံတင်နိုင်ခဲ့တာဖြစ်ပြီး " Star Wars: The Force Awakens "ရုပ်ရှင်ကတော့ ပြသခဲ့ချိန်မှာ တရုတ်နိုင်ငံမှာ တစ်ပြိုင်နက်ပြသနိုင်ခဲ့ခြင်းမရှိဘဲ တစ်လကျော်အကြာမှသာ တရုတ်နိုင်ငံမှာ ရုံတင်နိုင်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

" The Fate of the Furious "ဟာ နိုင်ငံတကာမှာ ရုံတင်ပြသခဲ့တဲ့ ရုပ်ရှင်တွေအနက် ပထမသီတင်းပတ်အတွင်း ဝင်ငွေအကောင်းဆုံးရုပ်ရှင်အဖြစ်လည်း ရပ်တည်နေတာဖြစ်ပါတယ်။ "The Fate of the Furious"အတွက် ဒေသတွင်းမှာမဟုတ်ဘဲ အခြားသောပြည်ပနိုင်ငံတွေမှ ရရှိခဲ့တဲ့ ပထမဆုံးသောသီတင်းပတ်အတွင်းဝင်ငွေဟာ အမေရိကန်ဒေါ်လာ ၄၃၃ ဒသမ ၂ သန်းဖြစ်ပြီး ယခင်က စံချိန်တင်ထားခဲ့တဲ့ ရုပ်ရှင် " Jurassic World "ကတော့ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း ရုံတင်ခဲ့တာဖြစ်ပြီး ဝင်ငွေကတော့ အမေရိကန်ဒေါ်လာ ၃၁၆ ဒသမ ၇ သန်းဖြစ်ခဲ့တာကြောင့် " The Fate of the Furious "က စံချိန်သစ်တင်နိုင်ခဲ့တာဖြစ်ပါတယ်။

" The Fate of the Furious "ဟာ "Fast and Furious"ဇာတ်လမ်းတွဲရုပ်ရှင်တွေအတွက် နောက်ဆုံးသော ရုပ်ရှင်ဖြစ်ပြီး ပြီးခဲ့တဲ့ ဧပြီ ၁၄ရက်က အမေရိကန်နိုင်ငံတစ်ဝန်းစတင်ရုံတင်ခဲ့ကာ ယခင်ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ "Fast and Furious"ရုပ်ရှင်တွေမှာ ပါဝင်နေကျ ဇာတ်ဆောင်မင်းသားတစ်ဦးဖြစ်သူ ပေါလ်ဝေါကာ မပါဝင်တဲ့ ပထမဆုံးသောရုပ်ရှင်ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်မှာဖြစ်ပွားခဲ့တဲ့ ယာဉ်တိုက်မှုတစ်ခုအတွင်း ပေါလ်ဝေါကာကို ဆုံးရှုံးလိုက်ရတာဖြစ်ပါတယ်။ "Fast and Furious" ရုပ်ရှင်တွေမှာ ကားတွေကို ပြိုင်ဆိုင်မောင်းနှင်ရတာတွေ၊ ကားတွေကို မောင်းနှင်ရင်းတိုက်ခိုက်ရတာတွေ အမြဲပါဝင်နေပေမယ့် ပေါလ်ဝေါကာရဲ့ မတော်တဆမှုဟာတော့ ရိုက်ကွင်းပေါ်မှာ ဖြစ်ပွားခဲ့တာမဟုတ်ပါဘူး။ ဇာတ်လမ်းတွဲရုပ်ရှင်တွေရဲ့ သတ္တမမြောက်ရုပ်ရှင်ဖြစ်တဲ့ " Furious 7"ကို ရိုက်ကူးနေစဉ် ရိုက်ကူးရေးလုပ်ငန်းတွေအဆုံးသတ်ခါနီးကာလမှာ ပေါလ်ဝေါကာဟာ ယာဉ်တိုက်မှုဖြစ်ခဲ့တာဖြစ်ပါတယ်။ ပေါလ်ဝေါကာသေဆုံးခဲ့တဲ့အပေါ် ယနေ့ထက်တိုင်ရုပ်ရှင်အဖွဲ့သားတွေက မမေ့နိုင်ဘဲ သတိရလွမ်းဆွတ်နေကြဆဲ ဖြစ်တယ်လို့လည်း မကြာသေးမီက ရုပ်ရှင်စမ်းသပ်ထုတ်လွှင့်တဲ့အခမ်းအနားမှာ ပေါလ်ဝေါကာရဲ့ လုပ်ဖော်ကိုင်ဖက်တွေက ထုတ်ဖော်ပြောခဲ့ကြပါတယ်။




ယင်းဇာတ်လမ်းတွဲရုပ်ရှင်တွေရဲ့ ပင်တိုင်ဇာတ်ဆောင်မင်းသားကြီး ဗင်ဒီဇယ်ကတော့ ပေါလ်ဝေါကာရဲ့ သေဆုံးမှုဟာ သူ့အတွက်တော့ လုပ်ဖော်ကိုင်ဖက်တစ်ဦးကို ဆုံးရှုံးလိုက်ရတာထက်ပိုကြောင်းနဲ့ ညီအစ်ကိုတစ်ဦးကို ဆုံးရှုံးလိုက်ရတဲ့ ခံစားမှုမျိုးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒ့ါအပြင် ဗင်ဒီဇယ်က ပေါလ်ဝေါကာကို အမှတ်တရရှိစေဖို့အတွက် ပေါလ်သေဆုံးပြီးနောက်မွေးဖွားလာခဲ့တဲ့ သူ့ရဲ့သမီးလေးကို ပေါလ်ရဲ့အမည်ကိုအစွဲပြုကာ ပေါလ်လိုင်းလို့ အမည်ပေးထားပြီး ဗင်ဒီဇယ်ရဲ့ သမီးလေးဟာ လတ်တလောမှာတော့ အသက် နှစ်နှစ်ခန့်ရှိပြီဖြစ်တယ်လို့လည်း သိရပါတယ်။ ။

## တစ်ပတ်အတွင်း ထူးခြားအားကစား သတင်းများ

c , f v f q ;D ae x uf mzl Ur ;o m;ly D pf w at 'if [ mZ uf 1999 ck Sf ef, l t o if z v m;
o k v jkcpf u v Udp m;o r m;aw v uf Ef, l t o if r S&ew , f v u d a f w h
* , fD r ef D , f v f v upf U D jpf 0 f S D , v t wu f* jo if , cbl t , u ff r ef
t mqi f , f mp D 0 wf q if cwh u rG ; u m fu p m;
o r m;r m;pwhowi f aw t jyif, c wpf wf
x jc m;jzpf 0 f t c U l wif q uf y;y r , f

## တခြားကလပ်အသင်းကို ပြောင်းရွှေ့ဖို့ စဉ်းစားနေပြီလို့ ဆိုလိုက်တဲ့ ဟာဇက်



ချယ်လ်ဆီးအသင်းရဲ့ စူပါစတား အေဒင်ဟာဇက်က သူဟာ ချယ်လ်ဆီးကနေ အခြားကလပ်အသင်းတစ်ခုကို ပြောင်းရွှေ့ဖို့ စဉ်းစားနေပြီး ဒီကလပ်ဟာ ပီအက်စ်ဂျီတော့ မဟုတ်ဘဲ ရီးယဲလ်(သို့မဟုတ်) ဘိုင်ယန်လို့ ဖွင့်ဟပြောကြားလိုက်ပါတယ်။ ဟာဇက်ကို ရီးယဲလ်က အလိုရှိနေတယ်ဆိုတဲ့ သတင်းတွေ တောက်လျှောက် ထွက်နေပေမယ့် ကာယကံရှင်ကိုယ်တိုင်က အချိန်အတော်ကြာ နှုတ်ဆိတ်နေခဲ့ပြီးမှ အခုလို သူ့ရဲ့အပြောင်းအရွှေ့ကိစ္စရပ်ကို အရိပ်အမြွက်ဆိုခဲ့တာကြောင့် ရီးယဲလ်ကိုရော ချယ်လ်ဆီးကိုပါ တပ်လှန့်နိုင်ခဲ့ပါတယ်။ ဟာဇက်ကို ဥရောပအင်အားကြီးကလပ်အသင်းတွေ အတော်များများက အလိုရှိနေပြီး ရီးယဲလ်ကတော့ သူ့ကိုရနိုင်ခြေများတယ်လို့ ထိပ်ဆုံးက သတင်းထွက်နေတဲ့အသင်းပါ။ ဟာဇက်ကတော့ သူနဲ့ ချယ်လ်ဆီးအကြား ချုပ်ဆိုထားတဲ့ လက်ရှိစာချုပ်ဟာ ၂၀၂၀ ခုနှစ်အထိ ဖြစ်တာကြောင့် ဘာတွေ ဆက်ဖြစ်လာမလဲဆိုတာ အတိအကျ ပြောဖို့ခက်ပေမယ့် ချယ်လ်ဆီးကနေ ထွက်ခွာဖို့ ပုဂ္ဂိုလ်ရေး ရည်ရွယ်ချက်ရှိတယ်လို့ ဆိုပါတယ်။

သတင်းရင်းမြစ်တွေကတော့ ချယ်လ်ဆီးအသင်းဟာ ယခုနှစ်နွေဈေးကွက်မှာ တိုက်စစ်မှူး ကော်စတာ၊ ဟာဇက်တို့ကို လက်လွှတ်ရဖွယ်ရှိနေပြီး ဟာဇက်ကို ရီးယဲလ်က ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေး တစ်ရပ်နဲ့ ခေါ်ယူမယ်လို့ အတိအကျကို ဖော်ပြနေပါတယ်။ ချယ်လ်ဆီးကလည်း ဟာဇက်ကို တစ်ပတ်လုပ်ခ ပေါင် ၃၀၀၀၀၀နဲ့ စာချုပ်သစ် ကမ်းလှမ်းထားပေမယ့် ခုထိတော့ ဝိုးတဝါး အနေအထားပဲရှိနေပါသေးတယ်။ ရီးယဲလ်စူပါစတား စီရိုနယ်လ်ဒိုက ဟာဇက်နဲ့ ဂရစ်ဇ်မန်းတို့ကိုခေါ်ရင် သူ အသင်းကနေ ထွက်မယ်လို့ ခြိမ်းခြောက်ခဲ့တယ်လို့ သတင်းတွေ ထွက်နေပေမယ့် ရီးယဲလ်တိုက်စစ်မှူး ဘင်ဇီမာကတော့ ဟာဇက်သာ ရီးယဲလ်ကို ရောက်လာရင် ဒါဟာ ကောင်းမွန်တဲ့ ကစားသမားခေါ်ယူမှုတစ်ရပ်လို့ဆိုခဲ့ပါတယ်။

**မေလှဲ့သင်း –ရေးသားသည်။**



## ၁၉၉၉ ခုနှစ်ကလို မန်ယူအတွက် ဖလားရအောင် ကစားပေးနိုင်မယ့်သူတွေ


၁၉၉၉ ခုနှစ်ဟာ မန်ယူအတွက် သမိုင်းဝင်တဲ့ အောင်မြင်မှု ဖော်ဆောင်နိုင်ခဲ့တဲ့ နှစ်ပါ။ မန်ယူဟာ ၁၉၉၉ ခုနှစ်မှာ ချန်ပီယံလိဂ်၊ ပရီမီယာလိဂ်နဲ့ အက်ဖ်အေဖလား သုံးလုံးဆွတ်ခူးနိုင်ခဲ့သလို ဘက်ခမ်း၊ ဂယ်ရီနဗီးလ်၊ ရွိုင်းကိန်း၊ ပေါလ်စခိုးလ်၊ ရွိုင်ယန်ဂစ်၊ နစ်ကီဘတ်တို့ဟာ မန်ယူအတွက် မမေ့နိုင်စရာ သူရဲကောင်းများ ဖြစ်ခဲ့ကြပါတယ်။ မန်ယူရဲ့ ဖလားသုံးလုံးအောင်မြင်မှုမှာ အဓိကကျခဲ့သူတစ်ဦးဖြစ်တဲ့ ဂယ်ရီနဗီးလ်ကတော့ လက်ရှိမန်ယူအသင်းမှာ ကစားနေတဲ့ သူတွေထဲ ဒီလိုကစားပေးနိုင်တဲ့သူတွေ အများအပြားရှိနေပြီး ဒီကစားသမားတွေက မန်ယူအတွက် အဲဒီတုန်းက အောင်မြင်မှုမျိုးထပ်မံဖော်ဆောင်ပေးနိုင်ဦးမယ်လို့ ယုံကြည်ကြောင်း ဆိုခဲ့ပါတယ်။

အီဗရာဟီမိုဗစ်၊ အဲရစ်ဘိုင်လီ၊ အမ်ခီတာယန်၊ပေါလ်ပေါ့ဘာ၊ ဗလင်စီယာ၊ ဒီဂီယာနဲ့ ဝိန်းရွန်းနီတို့ဟာ စွမ်းဆောင်ရည်အပြည့်ရှိတဲ့ ကစားသမားတွေလို့ ဂယ်ရီနဗီးလ်ကတော့ သူရဲ့ ယုံကြည်ချက်ကို ပြောလိုက်ပါတယ်။ မန်ယူအသင်းဟာ တနင်္ဂနွေက ယှဉ်ပြိုင်ခဲ့တဲ့ ပွဲစဉ်မှာလည်း အမှတ်ပေးဇယားထိပ်ကို ဦးဆောင်နေတဲ့ ချယ်လ်ဆီးကို နှစ်ဂိုးပြတ်နဲ့ အနိုင်ယူပြီး မန်ယူနဲ့ အစပ်အဟပ်တည့်တဲ့ နည်းဗျူဟာကို မော်ရင်ဟို ရှာဖွေနိုင်ခဲ့ပြီဆိုတာ သက်သေထူနိုင်ခဲ့ပါတယ်။

| THE ONES THEY SIGNED... Arsenal buys - the last three seasons | | |
|---|---|---|
| **2014-15** | | |
| July '14 | Matthieu Debuchy | £11m |
| July '14 | Alexis Sanchez | £33m |
| July '14 | David Ospina | £3.2m |
| July '14 | Calum Chambers | £16m |
| Sep '14 | Danny Welbeck | £16m |
| Jan '15 | Krystian Bielik | £2m |
| Jan '15 | Gabriel | £11.3m |
| | **TOTAL** | **92.5m** |
| **2015-16** | | |
| Jun '15 | Petr Cech | £10m |
| Jan '15 | Mohamed Elneny | £5m |
| | **TOTAL** | **£15m** |
| **2016-17** | | |
| May '16 | Granit Xhaka | £38.25m |
| July '16 | Takuma Asano | £3m |
| July '16 | Rob Holding | £2.5m |
| Aug '16 | Shkodran Mustafi | £34.85m |
| Aug '16 | Lucas Perez | £17m |
| Jan '17 | Cohen Bramall | £40,000 |
| | **TOTAL** | **£95.6m** |

**THE ONES WHO GOT AWAY...**

| | |
|---|---|
| **JAMIE VARDY (LEICESTER)** Decided to stay at Leicester | **GONZALO HIGUAIN (NAPOLI)** Juve got there first yet again |
| **LUIS SUAREZ (LIVERPOOL)** £40,000,001 bid rejected | **KOSTAS MANOLAS (ROMA)** Italians said no to £35million |
| **N'GOLO KANTE (LEICESTER)** Opted for Chelsea instead | **VICTOR OSIMHEN (ULTIMATE STRIKERS)** Chose Wolfsburg |
| **EDEN HAZARD (LILLE)** Outbid by Chelsea | **ALLAN S-MAXIMIN (ST-ETIENNE)** Went to Monaco instead |
| **PAUL POGBA (MAN UTD)** Juventus got there first | **DJIBRIL SIDIBE (LILLE)** Same as Saint-Maximin |
| **KINGSLEY COMAN (PSG)** Juventus got there first again | **NABY KEITA (RB SALZBURG)** Fancied RB Leipzig more |



## လွမ်းအောင်စေခဲ့သလား အလက်ဆစ်ရယ်

မစ်ဒယ်ဘရော့ကို အနိုင်ရတဲ့ ပွဲစဉ်မှာ အာဆင်နယ်အတွက် အလွတ်တည်ကန်ဘောကတစ်ဆင့် ဂိုးသွင်းယူပေးခဲ့တဲ့ အာဆင်နယ်တိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်က ပွဲအပြီးမှာ လာရောက်အားပေးတဲ့ ပရိသတ်တွေထဲက ကလေးတစ်ဦးကို သူ့ဂျာစီကိုချွတ်ကာ လက်ဆောင်အဖြစ်ပေးအပ်ခဲ့ပါတယ်။ အလက်ဆစ်နဲ့ အာဆင်နယ်အနာဂတ်ဟာ မသေချာပေမယ့် မိုင်၂၅၀ လောက် ခရီးပြင်းနှင်ပြီး အခုလို လှပတဲ့သွင်းဂိုးတစ်ဂိုးကို သွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ပွဲသိမ်းခရာမှုတ်သိမ်းလိုက်ချိန်မှာ အလက်ဆစ်က အင်မတန်ပျော်ရွှင်တဲ့ ပုံစံနဲ့ အဲဒီပရိသတ်ကလေးဆီ အပြေးသွားပြီး သူ့ဂျာစီကို လက်ဆောင်အဖြစ် တခုတ်တရ သွားရောက်ပေးအပ်ခဲ့တာ ဖြစ်ပါတယ်။

အလက်ဆစ်ဟာ အာဆင်နယ်ရဲ့ သက်တမ်းတိုး စာချုပ်ကမ်းလှမ်းမှုကို ငြင်းပယ်ထားဆဲဖြစ်သလို မကြာသေးခင်ကာလအတွင်း အသင်းဖော်များနဲ့ရော နည်းပြ ဝင်းဂါးနဲ့ပါ အဆင်မပြေဘူးဆိုတဲ့ သတင်းတွေ တောက်လျှောက်ထွက်နေတာဖြစ်ပါတယ်။ အလက်ဆစ်ကို အလိုရှိနေတဲ့ အသင်းတွေထဲမှာ လန်ဒန်မြို့ခံပြိုင်ဘက် ချယ်လ်ဆီး၊ ပရီမီယာလိဂ်ပြိုင်ဘက် မန်စီးတီးနဲ့ ငွေသုံးကြမ်းနိုင်တဲ့ ပီအက်စ်ဂျီနဲ့ စီရီးအေကလပ် ဂျူဗင်တပ်တို့လို အသင်းတွေ ပါဝင်တာကြောင့် အလက်ဆစ်အနေနဲ့ အာဆင်နယ်ကနေ ခွာမယ်ဆိုရင်လည်း ရဲရဲဝံ့ဝံ့ဆုံးဖြတ်နိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ အာဆင်နယ်မှာ အလက်ဆစ်ဆက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပွဲအပြီးမှာ ကလေးတစ်ဦးကို ဂျာစီကို ချက်ချင်းချွတ်ပြီး အမှတ်တရလက်ဆောင်ပေးခဲ့တဲ့ လုပ်ရပ်ဟာ အာဆင်နယ်ပရိသတ်တွေအတွက် ပိုပြီးလွမ်းနေစေခဲ့တော့မှာပါ။

### အာဆင်နယ် ကစားသမားမဖြစ်ခဲ့ကြတဲ့ ကမ္ဘာကျော်များ

အာဆင်နယ်အသင်းဟာ ထိပ်တန်းကစားသမားတွေကို ခေါ်ယူဖို့ ရည်မှန်းချက်မရှိတဲ့ အသင်းအဖြစ် ပရိသတ်တွေက မကြာခဏ စိတ်ဆိုးဒေါသထွက်ခံနေရတဲ့ အသင်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ် နွေဈေးကွက်ကို ကြည့်ရင်ပဲ ဒီအချက်ကို အတော်လေး ထင်ထင်ရှားရှား မြင်တွေ့ရမှာဖြစ်ပါတယ်။ အီဗရာဟီမိုဗစ်ရဲ့ မန်ယူကို သွားမယ့်ခြေလှမ်းကို ရပ်တန့်မပစ်နိုင်ခဲ့တာ၊ ယခုနှစ် ပရီမီယာလိဂ်အကောင်းဆုံးကွင်းလယ်လူအဖြစ် နာမည်ကြီးနေတဲ့ ကန်တီကို အလိုရှိနေပါလျက်နဲ့ ချယ်လ်ဆီးက လက်ဦးသွားနိုင်ခဲ့တာတွေ ကြည့်ရင်ပဲ ပရိသတ်တွေ စွပ်စွဲချက် အတော်လေးမှန်တယ်လို့ အဖြေထုတ်နိုင်ပါလိမ့်မယ်။

အာဆင်နယ်မရလိုက်တဲ့ ကစားသမားတွေထဲမှာ ဆွာရက်ဇ်၊ ကန်တီ၊ ပေါ့ဘာ၊ ကင်းစလေကိုးမန်း၊ ဟီဂူအင်၊ မင်နိုလက်စ်၊ အလန်မက်ဇီမင်၊ နာဘီကိုင်တာတို့ ကစားသမားတွေ ပါဝင်တာကြောင့် ပရိသတ်တွေ ဒေါသဖြစ်မယ်ဆိုလည်း ဖြစ်လောက်ပါတယ်။ ကန်တီက ပြီးခဲ့တဲ့ ရက်သတ္တပတ်ကပဲ သူ့အနေနဲ့ အာဆင်နယ်ကို ဘာလို့မရောက်ခဲ့တာလဲဆိုတဲ့ အကြောင်းကို ပြောကြားခဲ့ရာမှာ အာဆင်နယ်အနေနဲ့ သူ့ကိုရဖို့ ရေဆုံးရေဖျားအထိ လိုက်ပြီး မလှုပ်ရှားခဲ့တာဆိုတဲ့ အချက်ကို ထည့်သွင်းပြောကြားခဲ့သေးတာကြောင့် အာဆင်နယ်ရဲ့ ပရိသတ်တွေရဲ့ ဒေါသကို ပိုမိုလှုံ့ဆော်နိုင်ခဲ့တာ ဖြစ်ပါတယ်။

## အယ်လ်ဂလက်စီကိုပွဲကြို မီနီအယ်လ်ဂလက်စီကိုမှာ အစွမ်းပြခဲ့တဲ့ အဲယက်ဇ်ဇီဒန်း

သက်တမ်းအလိုက်ကျင်းပတဲ့ လိဂ်ပွဲစဉ်တွေထဲက ကျော်ကြားလှတဲ့ မီနီအယ်လ်ဂလက်စီကို ပွဲစဉ်မှာ အသက်(၁၁)နှစ်သား အဲယက်ဇ်ဇီဒန်းက ဘာစီလိုနာအသင်းဘက်ကို ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ အဲယက်ဇ်ဇီဒန်းဟာ ရှုပ်ထွေးနေတဲ့ အနေအထားကနေ ဘောလုံးကို ခြေဖနောင့်နဲ့ရအောင် ထိန်းသွားခဲ့ပြီး ဂိုးစည်းနဲ့တော်တော်ဝေးဝေးကနေ ဂိုးရအောင်သွင်းသွားခဲ့တာ ဖြစ်ပါတယ်။ အဲယက်ဇ်ဇီဒန်းဟာ ရီးယဲလ်မစ်ဒရစ်အသင်းနည်းပြ ဇီဒန်းရဲ့ အငယ်ဆုံးသားဖြစ်ပြီး ဒီသွင်းဂိုးကြောင့်သူဟာ ဖခင်ခြေရာကို အမှီလိုက်နိုင်မယ့်သူလို့ မီဒီယာတွေကတော့ လွန်လွန်ကျူးကျူး အမွှန်းတင်ရေးသားနေကြပါတယ်။



နည်းပြ ဇီဒန်းမှာ သားလေးဦးရှိပြီး အကြီးဆုံးသား အန်ဇိုဇီဒန်းဟာ အသက်(၂၂)နှစ်ရှိနေပြီဖြစ်ပေမယ့် ကိုပါဒယ်ရေးဖလား လီယွန်အသင်းကို ခြောက်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရတဲ့ ပွဲစဉ်မှာ ဂိုးသွင်းယူနိုင်ခဲ့တာကလွဲရင် ခုထိတော့ ထင်ရှားတဲ့ ခြေစွမ်းမျိုးမပြသနိုင်သေးပါဘူး။ ဒုတိယသား လူကာ ဇီဒန်းကတော့ ဂိုးသမားတစ်ဦးဖြစ်ကာ တတိယသား သီယိုဇီဒန်းကလည်း သက်တမ်းအလိုက်ပြိုင်ပွဲတွေမှာ သွင်းဂိုးတွေ ရယူထားနိုင်သူဖြစ်ပါတယ်။

# အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆–၂၀၂၁)မှ အခြေခံပညာကဏ္ဍပြုပြင်ပြောင်းလဲရေးဆိုင်ရာ အပိုင်း(၂)

ခိုင်ထွန်းကျော်

"မိဘများဆိုတာ ကိုယ့်သားသမီးလေးတွေကို အကောင်းဆုံးဖြစ်စေချင်တယ်။ ကိုယ့်ထက်ပိုပြီးတော့ တတ်တဲ့သူတွေ၊ ကိုယ့်ထက်ပိုပြီးတော့ ကျွမ်းကျင်တဲ့သူတွေ လက်ထဲကိုထည့်ပြီးတော့ ကိုယ့်ရဲ့သားသမီးတွေကို ပြုစုပျိုးထောင်စေချင်တဲ့ စိတ်ခါတ်နဲ့ ကျောင်းကိုပို့လွှတ်တာပါ။

ပြောရမယ်ဆိုရင် ကျောင်းတွေကို အားကိုးတယ်။ ကျောင်းတွေကို လေးစားတယ်။ ကျောင်းတွေကို တန်ဖိုးထားတယ်။ ဒီတော့ ကျွန်မတို့ကျောင်းတွေဟာ တကယ်ပဲ အားကိုးထိုက်အောင်၊ လေးစားထိုက်အောင်၊ တန်ဖိုးထားထိုက်အောင် ရှိရဲ့လားဆိုတောဟာ ပညာရေးနဲ့ပတ်သက်လို့ ပါဝင်နေတဲ့ ပုဂ္ဂိုလ်များအားလုံး စဉ်းစားရမယ့်ကိစ္စပါပဲ"

(၂၁-၇-၂၀၁၆)ရက်တွင် နေပြည်တော်၌ ကျင်းပခဲ့သည့် ပညာရေးဝန်ကြီးဌာန ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ(အခြေခံပညာကဏ္ဍ)တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်

**ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းကောက်နုတ်ချက်**

မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် သာတူညီမျှမှုရှိရေးအတွက် အရည်အသွေးရှိသော အခြေခံပညာသင်ယူမှုအခွင့်အလမ်းများ တိုးတက်မြင့်မားရေးသည် လွန်စွာအရေးကြီးပါသည်။ ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော အမျိုးသားပညာရေးဥပဒေသည် နိုင်ငံသားတိုင်း ပညာသင်ယူဆည်းပူးနိုင်သည့် အခွင့်အရေးနှင့် အထူးအားဖြင့် အခမဲ့မသင်မနေရမူလတန်းပညာ သင်ယူခွင့်တို့ကို အသိအမှတ်ပြုပြဋ္ဌာန်းထားပါသည်။

**အခြေခံပညာပြုပြင်ပြောင်းလဲ**

လွန်ခဲ့သောနှစ်များအတွင်း အခြေခံပညာပြုပြင်ပြောင်းလဲမှုများကိုအကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ပေါက်မြောက်အောင်မြင်မှုများရရှိခဲ့သည်မှာ မှန်သော်ငြား ပညာသင်ယူမှုအခွင့်အလမ်း၊ ကျောင်းနေမြဲမှုနှင့် လူတိုင်း အကျုံးဝင်မှု၊ သဘောတူညီမျှမှုနှင့် ပညာရေးအရည်အသွေးစံနှုန်းများဖြင့် ကျောင်းအရည်အသွေး အာမခံမှု၊ စိန်ခေါ်နေမှုများကို ရင်ဆိုင်နေရဆဲဖြစ်ပါသည်။ ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် အမျိုးသားပညာရေးဥပဒေနှင့်အညီ ပညာရေးအရည်အသွေး အာမခံမှုစနစ်တစ်ရပ် ထူထောင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၄ ခုနှစ်တွင် အမျိုးသားပညာရေးဥပဒေ၌ အခမဲ့မသင်မနေရ မူလတန်းပညာသင်ယူခွင့်ကိုလည်းကောင်း၊ အခြေခံပညာအတန်းစဉ်ကို KG -12 အတန်းစဉ်ဖြင့် သင်ကြားသင်ယူမှုကိုလည်းကောင်း၊ တိုင်းရင်းသား ဘာသာစကားနှင့် ယဉ်ကျေးမှုကို သင်ယူခွင့်ပြုပြီး တိုင်းရင်းသားဘာသာစကားကို စာသင်ခန်းသုံးဘာသာစကားဖြစ်အသုံးပြုရန်ကိုလည်းကောင်း၊ လူတိုင်းအကျုံးဝင်ပညာရေးကိုလည်းကောင်း ပြဋ္ဌာန်းထားပါသည်။

**အခမဲ့အခြေခံပညာကို သင်ယူခွင့်**

အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း (၂၀၁၆-၂၀၂၁) တွင်ပါရှိသည့် အခြေခံပညာရေးဆိုင်ရာ အခွင့်အလမ်းများ၊ အရည်အသွေးနှင့် လူတိုင်းအကျုံးဝင်မှု ဆိုင်ရာများကို မဟာဗျူဟာမြောက် အပြောင်းအလဲများဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ မဟာဗျူဟာမြောက် အပြောင်းအလဲများ ပေါက်မြောက်အောင်မြင်စေရန်အတွက် အပြန်အလှန် ဆက်စပ်ဖြည့်ဆည်းပေးသည့် မဟာဗျူဟာသုံးရပ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ အဆိုပါ မဟာဗျူဟာသုံးရပ်မှာ ကျောင်းနေအရွယ်ကလေးများအားလုံး အခမဲ့အခြေခံပညာကို သင်ယူခွင့်ရရှိစေရန် ဆောင်ရွက်ခြင်းမဟာဗျူဟာ၊ မသင်မနေရနှင့် လူတိုင်းအကျုံးဝင်ပညာရေးကိုအားကောင်းစေရန်ပံ့ပိုးခြင်းမဟာဗျူဟာနှင့် ကျောင်းအရည်အသွေး အာမခံမှုစနစ်ဖြင့် ကျောင်းများ၏ အရည်အသွေးကို တိုးတက်စေခြင်း မဟာဗျူဟာတို့ဖြစ်ပါသည်။

ကျောင်းနေအရွယ်ကလေးများအားလုံး အခမဲ့အခြေခံပညာကို သင်ယူခွင့်ရရှိစေနိုင်ရန်အတွက် အခွင့်အလမ်း နည်းပါးသောဒေသများကို အထူးအလေးထားဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆင့်တိုးမြှင့်ရန်နှင့် တိုးမြှင့်ပေးရန်လိုအပ်နေသော အခြေခံပညာကျောင်းများကို ဖော်ထုတ်ပြီး အခွင့်အလမ်းကွာဟနေမှုများကို ဖြေရှင်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။ ထိုသို့ ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် ပညာရေးစီမံခန့်ခွဲသူများ လက်စွဲအသုံးပြုနိုင်မည့် စာရင်းအင်းနှင့် သတင်းအချက်အလက်များသည် မှန်ကန်တိကျခိုင်လုံရန် အရေးကြီးလှပါသည်။ ထို့ကြောင့် ပညာရေးစီမံခန့်ခွဲသူ အဆင့်ဆင့်တို့သည် ဒေသအသီးသီးသို့ ကွင်းဆင်းပြီး ဒေသအလိုက် ပညာရေးအခြေခံ စာရင်းအင်းနှင့် သတင်းအချက်အလက်များကို မှန်ကန်တိကျခိုင်လုံသော အချက်အလက်များ ရရှိအောင် စာရင်းကောက်ယူ စုဆောင်းကြရမည်ဖြစ်ပါသည်။

> ကျောင်းနေအရွယ် ကလေးများအားလုံး
> အခမဲ့အခြေခံပညာရေးကို သင်ယူခွင့်ရရှိရေး
> အစီအစဉ်၊ မသင်မနေရနှင့် လူတိုင်းအကျုံးဝင်
> ပညာရေးအစီအစဉ်၊ ကျောင်းအရည်အသွေး
> ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို အောင်မြင်စွာ
> အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့်
> မိဘများကိုယ်တိုင် လိုလားသော . . .

**အလေးထားဦးစားပေး**

ကွင်းဆင်းရရှိသော ပညာရေးအခြေခံစာရင်းအင်းနှင့် သတင်းအချက်အလက်များအပေါ် မူတည်ပြီး အခြေခံပညာသင်ယူမှုအခွင့်အလမ်း နည်းပါးသောဒေသများနှင့် ဖွံ့ဖြိုးမှုနည်းပါးသောဒေသများကို အလေးထားဦးစားပေးပြီး ကျောင်းဆောင်သစ်များဆောက်လုပ်ပေးခြင်း၊ ပြုပြင်ပေးခြင်း၊ ကျောင်းအဆင့်များတိုးမြှင့်ပေးခြင်း၊ သင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ပေးမှသာလျှင် အခွင့်အလမ်းနည်းပါးသောဒေသများနှင့် ဖွံ့ဖြိုးမှုနည်းပါးသောဒေသများရှိ ကျောင်းနေအရွယ်ကလေးများအားလုံး အမျိုးသားများရော အမျိုးသမီးများပါ တန်းတူညီမျှအခွင့်အရေးဖြင့် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများသို့ တက်ရောက်သင်ယူမှုနှုန်း မြင့်မားလာမည်ဖြစ်သည်။

လွန်ခဲ့သောနှစ်များအတွင်း ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး၊ ကျောင်းနေမြဲရေး၊ အခြေခံပညာမူလတန်းပြီးမြောက်ရေး၊ အတန်းကူးပြောင်းမှုနှုန်းမြင့်မားရေး၊ ကျောင်းနေမြဲရေးအတွက် အခမဲ့အခြေခံ ပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ အခမဲ့အခြေခံပညာရေးစနစ်ဖြင့် အခြေခံပညာ မူလတန်းသင် ကျောင်းသား ကျောင်းသူများအားလုံးအတွက် KG တန်းတက် ကျောင်းသားကျောင်းသူတစ်ဦးချင်းစီအား ဝတ်စုံ တစ်စုံစီကိုလည်းကောင်း၊ အခြေခံပညာမူလတန်းအဆင့်သင် အတန်းသီးသီးမှ ကျောင်းသား ကျောင်းသူတစ်ဦးချင်းစီအား ကျောင်းဝတ်စုံ တစ်စုံစီ၊ အတန်းလိုက်ပြဋ္ဌာန်းစာအုပ်အပြည့်အစုံ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကိုလည်းကောင်း၊ အခြေခံပညာအလယ်တန်း၊ အထက်တန်းသင် ကျောင်းသား ကျောင်းသူ တစ်ဦးချင်းစီအား အတန်းလိုက်ပြဋ္ဌာန်းစာအုပ် အပြည့်အစုံကိုလည်းကောင်း နိုင်ငံတော်က အခမဲ့ထောက်ပံ့ပေးလျက်ရှိပါသည်။

**ပညာသင်ဆုပေးအပ်**

ထို့အပြင် ကျောင်းသား ကျောင်းသူများ၏ မိဘများအပေါ်ရှိနေသော ဝန်ထုပ်ဝန်ပိုးများဖြစ်သည့် ကျောင်းဝင်ကြေး၊ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာကြည့်တိုက်ကြေး အစရှိသည်တို့ကိုလည်း ကင်းလွတ်ခွင့်ပေးထားပါသည်။ ကြိုးစားသင်ယူမှုရှိပြီး အခြေခံပညာ ဆက်လက်သင်ယူနိုင်ရန် အခက်အခဲရှိသည့် ဆင်းရဲနွမ်းပါးကလေးများအတွက် ပညာသင်ထောက်ပံ့ကြေးများကိုလည်းကောင်း၊ ထူးချွန်ထက်မြက်သူ ကျောင်းသား ကျောင်းသူများကို ရွေးချယ်ပြီး ပညာသင်ဆုများကိုလည်းကောင်း ပေးအပ်လျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ခြင်းကြောင့် နဂိုမူလအခြေအနေထက် ကျောင်းဝင်နှုန်း၊ ကျောင်းနေမြဲမှုနှုန်း၊ မူလတန်းပညာသင်ယူပြီးမြောက်မှုနှုန်း၊ အခြေခံပညာအလယ်တန်း၊ အထက်တန်းများသို့ အတန်းကူးပြောင်းမှုနှုန်း မြင့်မားလာခဲ့သည်မှာ မှန်သော်လည်း သင်ယူမှုအခွင့်အလမ်းနည်းပါးသော ဒေသများနှင့် ဖွံ့ဖြိုးမှုနည်းပါးသောဒေသများတွင် ကျောင်းနေအရွယ်ကလေးများ ကျောင်းဝင်နှုန်း၊ ကျောင်းနေမြဲနှုန်း၊ မူလတန်းပညာသင်ယူပြီးမြောက်မှုနှုန်းနှင့် အတန်းကူးပြောင်းမှုနှုန်းမှာ သိသိသာသာ တိုးမြင့်လာခဲ့ခြင်းမရှိသည်ကိုလည်း လေ့လာဆန်းစစ်ချက်အရ တွေ့ရှိရပါသည်။

**သင်ယူမှုအခွင့်အလမ်းပိုမိုရရှိ**

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)သည် ကျောင်းထွက်နှုန်းမြင့်မားနေသော အခြေခံပညာ ကျောင်းများရှိ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေမြဲရေး၊ ကျောင်းပြင်ပတွင်ရောက်ရှိနေကြသော အခြေခံပညာသင် ကျောင်းနေအရွယ်ကလေးများ ကျောင်းသို့ ပြန်လည်ဝင်ရောက်လာရေး၊ အခြေခံပညာသင်ယူပြီးမြောက်မှုနှုန်း မြင့်မားလာရေး၊ ကျောင်းထွက်မှုနှုန်း လျော့ကျလာစေရေးတို့အတွက် နည်းလမ်းများနှင့် လုပ်ငန်းစဉ်များကို ဖော်ထုတ်သတ်မှတ်ပေးပြီး မသင်မနေရမူလတန်းပညာရေးစနစ်နှင့် ပိုမိုအားကောင်းလာစေရန် စီမံဆောင်ရွက်ပေးမည့် စီမံကိန်းလုပ်ငန်းစဉ်ဖြစ်ပါသည်။ ထို့အပြင် ဆင်းရဲနွမ်းပါးသောမိသားစုများမှ ကလေးများအတွက် အခွင့်အလမ်းနှင့် ဆက်နွှယ်သည့်ကုန်ကျစရိတ် (Opportunity Cost)ကို ဖြေရှင်းဆောင်ရွက်ပေးပြီး ကျောင်းထွက်နိုင်ခြေရှိသောကလေးများနှင့် အထူးပညာရေးလိုအပ်ချက်များရှိသော ကလေးများအတွက် သင်ယူမှုအခွင့်အလမ်းပိုမိုရရှိအောင် ဆောင်ရွက်ပေးမည့် စီမံကိန်းလုပ်ငန်းလည်းဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် အခြေခံပညာသင်ကျောင်းနေအရွယ် ကျောင်းသား ကျောင်းသူများသည် အခြေခံပညာမူလတန်းအဆင့်၊ အခြေခံပညာအလယ်တန်းအဆင့်နှင့် အခြေခံပညာအထက်တန်းအဆင့်သင်ယူပြီးမြောက်မှုနှုန်း ပိုမိုတိုးတက်များပြားလာပြီး ကျောင်းပြင်ပတွင်ရောက်ရှိနေကြသော အခြေခံပညာသင်ကျောင်းနေအရွယ်ကလေးများ၊ ကျောင်းတွင်းသို့ ပြန်လည်ဝင်ရောက်မှုမြင့်မားလာကာ ကျောင်းနေမြဲနှုန်းသည်လည်း ပိုမိုမြင့်မားတိုးတက်လာမည် ဖြစ်ပါသည်။

**ကျောင်းအရည်အသွေးတိုးတက်ရေးဆောင်ရွက်**

အခြေခံပညာရေးဆိုင်ရာသင်ယူမှုအခွင့်အလမ်းမြင့် မားရေးနှင့် လူတိုင်းအကျုံးဝင်ပညာရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသည့်နည်းတူ ကျောင်းများ၏ အရည်အသွေးတိုးတက်မြင့်မားလာအောင် ကျောင်းအရည်အသွေးဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ကိုလည်း ဆောင်ရွက်ပေးနေရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် မူကြိုကျောင်းများ အပါအဝင် အခြေခံပညာကျောင်းများ၏ အနိမ့်ဆုံးအရည်အသွေး စံသတ်မှတ်ချက်များထားရှိပေးရမည်ဖြစ်ပါသည်။

ကျောင်းအရည်အသွေး စံသတ်မှတ်ချက်နှင့်အညီ အခြေခံပညာကျောင်းများ ဖွံ့ဖြိုးတိုးတက်စေရန် စီမံချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ရာ အဆိုပါ စီမံချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကျောင်းထောက်ပံ့ကြေးများ ပေးပြီး ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကိုလည်း အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) တွင် ရေးဆွဲထားပါသည်။

**ဗဟိုချုပ်ကိုင်မှုလျှော့ချ**

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) တွင် ပါဝင်သည့်အတိုင်း ကျောင်းနှင့်ဆိုင်သော ကိစ္စရပ်များတွင် မိဘ၊ ရပ်ရွာမှ ပါဝင်မှုတိုးမြှင့်ရန် ဗဟိုချုပ်ကိုင်မှုလျှော့ချသော ဆုံးဖြတ်ချက်ချမှတ်မှု အလေ့အထကျင့်သုံးရန်နှင့် သင်ကြားသင်ယူမှုတိုးတက်ကောင်းမွန်စေရန်တို့အတွက် ကျောင်းဦးဆောင်သူများ၏ စွမ်းရည်ကို မြှင့်တင်ပေးရေးသင်တန်းများ ဖွင့်လှစ်ပေးပြီး သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းအားဖြင့် အရည်အသွေးကောင်းမွန်ပြီး ဖွံ့ဖြိုးတိုးတက်လာသော သင်ယူမှုပတ်ဝန်းကျင်ကောင်းများရှိသည့် စာသင်ခန်းများအတွင်း၌ ကျောင်းသား ကျောင်းသူများအားလုံး သင်ယူခွင့်ရရှိနေကြမည်ဖြစ်ပါသည်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) မဟာဗျူဟာမြောက်လုပ်ငန်းစဉ်များအနက် ကျောင်းနေအရွယ် ကလေးများအားလုံး အခမဲ့အခြေခံပညာရေးကို သင်ယူခွင့်ရရှိရေး အစီအစဉ်၊ မသင်မနေရနှင့် လူတိုင်းအကျုံးဝင်ပညာရေးအစီအစဉ်၊ ကျောင်းအရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် မိဘများကိုယ်တိုင် လိုလားသော၊ အားကိုးထိုက်သော၊ လေးစားထိုက်သော၊ တန်ဖိုးထားထိုက်သော သင်ယူမှုအခွင့်အလမ်းမြင့်ပညာရေးစနစ် ပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသတည်း။

# သုံးသင့်သုံးထိုက်သောတန်ဖိုးဆိုတာ ဘဝအသိတစ်ခုပါ

ဝန်းရံ(ဘောက်ထော်)



တိုင်းပြည်၏ GDP မှာ တစ်ဦးချင်း၏ဝင်ငွေဖြစ်သလို စီးပွားရေးခိုင်မာလာသည်နှင့်အမျှ လူတစ်ဦးချင်း၏ စီးပွားရေးကောင်းမွန်လာမှာလည်းဖြစ်သည်။ ဒီ့ထက်ပိုမို ကောင်းမွန်သောအလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမှာဖြစ်သည်။

ကျွန်တော်ဖတ်ခဲ့ဖူးသော ပုံပြင်လေးတစ်ပုဒ်ရှိခဲ့သည်။ တစ်ခါက ရွာတစ်ရွာမှာ အလွန်ကပ်စေးနည်းသော အဘိုးအိုတစ်ဦးရှိသည်။ သူ့ကပ်စေးနည်းပုံက ပြောစရာဖြစ်လောက်အောင် ခြိုးခြံချွေတာနေတော့ အားလုံးအမြင်က ဒီအဘိုးကြီး ရှိလျက်သားနဲ့ ဝဋ်ခံနေရသည်ဟုဆိုကြသည်။ တစ်နေ့ ရွာထိပ်ကဘုန်းကြီးကျောင်းပြုပြင်ဖို့ ရွာကကာလသားများ ရွာထဲလိုက်လံအလှူကောက်ခံသောအခါ ညနေမှောင်ရီပျိုးစအချိန်ဖြစ်၍ အဘိုးအိုက ဖယောင်းတိုင်နှစ်တိုင်ထွန်း၍ စာဖတ်နေသည်။ ရွာသားတစ်ဦးက အဘိုးအိုအိမ်ထဲ အလှူမခံမီ တီးတိုးမှတ်ချက်ပေးသည်။

"ဒီအဘိုးကြီး တစ်ရက်နေမှ နှစ်ကျပ်လောက်ပဲ သုံးတာ၊ တစ်ကျပ်လောက်ပဲလှူရင်တောင် ကံကောင်း" ဟုဆိုသည်။ အဘိုးကြီးက အလှူခံများအိမ်ထဲဝင်လာသောအခါ ဖယောင်းတိုင်နှစ်တိုင်နှင့် စာဖတ်နေရာမှ တစ်တိုင်ကိုမှုတ်လိုက်ပြီး "မောင်ရင်တို့ အလှူလာခံကြတာမဟုတ်လား၊ အဘငွေငါးထောင်ထည့်ပါတယ်" ဟုဆိုသောအခါ အလှူခံလာသူအားလုံး အံ့သြကုန်ကြသလို မယုံတစ်ဝက်ယုံတစ်ဝက်နှင့် ဖြစ်ကြသည်။

**တန်ဖိုးရှိရှိလှူ**

ရွာသားတစ်ဦးက မနေနိုင်မထိုင်နိုင်ဖြစ်ပြီး "အဘက အလှူငွေငါးထောင်ကျတော့ ရက်ရက်ရောရောလှူတယ်၊ ကျွန်တော်တို့အိမ်ထဲဝင်တော့ ဖယောင်းတိုင်နှစ်တိုင်ထွန်းထားတာ ချွေတာပြီး တစ်တိုင်ကိုမီးမှုတ်လိုက်တာမဟုတ်လား" ဆိုတော့ အဘိုးအိုကပြုံးသည်။ ပြီးမှပြန်ပြောလိုက်သောစကားက အလွန်မှတ်သားစရာကောင်းလှသည်။ "တန်ဖိုးဆိုတာ သုံးချင်တိုင်းသုံးလို့မရဘူး၊ ခုတကယ်လိုအပ်နေတဲ့အလှူအတွက် ငါတန်ဖိုးရှိရှိလှူတယ်၊ ဖယောင်းတိုင်နှစ်တိုင်ကနေ တစ်တိုင်မှုတ်ရတာကလည်း ငါစာဖတ်နေတဲ့အချိန် တန်ဖိုးရှိရှိအသုံးဝင်လို့သုံးတယ်၊ ခုမင်းတို့နဲ့စကားပြောတော့ ခုနကလို နှစ်တိုင်မလိုတော့ဘူး၊ တစ်တိုင်နဲ့ပဲသုံးလို့ရတယ်၊ တန်ဖိုးဆိုတာ လိုအပ်ရင်လိုအပ်သလိုသုံးပြီး မလိုအပ်ရင်မသုံးမိဖို့လိုတယ်" ဆိုတဲ့ ပုံပြင်လေးက ကျွန်တော့်ရင်ထိသွားအောင် ခံစားရသည်။

နိုင်ငံအတွင်း မီတာခသုံးဆတက်မည့်သတင်းနှင့်ပတ်သက်ပြီး ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိသော်လည်း တကယ်တမ်းကြားလိုက်ရတော့ ဝန်ထမ်းတစ်ဦးဖြစ်သောကျွန်တော့်အဖို့ တော်တော်ထိတ်လန့်သွားတာ အမှန်ပင်။ တကယ်တမ်းဟုတ်ခဲ့ပြီဆိုလျှင် မိသားစုငါးယောက်ကို ဦးဆောင်နေရသော ကျွန်တော့်အတွက် ဝင်ငွေနှင့်ထွက်ငွေကို ချိန်ဆပြီး လစဉ်သုံးစွဲနေရသော ဘဝမို့ ရရှိသောလစာနှင့် လုံးဝရပ်တည်လို့မရနိုင်တော့ပေ။ ဒီအတွက် ကျွန်တော့်မှာ မေးခွန်းများရှိလာခဲ့ပါသည်။ လျှပ်စစ်သုံးစွဲမှုနှင့်ပတ်သက်၍ နိုင်ငံတော်မှာ ဘီလီယံနှင့်ချီပြီး အရှုံးပေါ်နေတယ်ဆိုတာကိုလည်း လွှတ်တော်မှာ တာဝန်ရှိသူတွေက ဖြေကြားနေတာတွေကို သိနေရပါသည်။ ဒါတွေကို ဘယ်လိုကျော်ဖြတ်ရမလဲဆိုတာကလည်း ကျိန်းသေအဖြေရှိနေပါသည်။ တကယ်တမ်းအဖြေထဲမှာ အစိုးရချည်းသာ တာဝန်ရှိသည်မဟုတ်။ လူထုမှာလည်း တာဝန်ရှိသည်။ တာဝန်ဆိုတာကတော့ သတ်မှတ်ချက်ဆိုသော်လည်း တာဝန်တိုင်းမှာ အကောင်းဆုံးလုပ်နိုင်သော ဆောင်ရွက်ချက်များရှိဖို့လိုသည်။

ဒီတာဝန်များကို လူထုသိအောင်ဘယ်လိုထုတ်ပြန်မလဲ၊ ဘယ်လိုစီမံခန့်ခွဲမလဲဆိုတာက အရေးကြီးသည်။ လျှပ်စစ်သုံးစွဲမှုမီတာခများသည် အာဆီယံနိုင်ငံများနှင့်နှိုင်းစာလျှင် မြန်မာနိုင်ငံမှာ ကောက်ခံနေသောမီတာခများဆိုတာက အနည်းဆုံးအဆင့်မှာရှိနေသည်ဆိုတာကို ကျွန်တော်လေ့လာခဲ့ဖူးသည်။ နိုင်ငံတော်မှ ဘီလီယံနှင့်ချီပြီး ဆုံးရှုံးနေသောငွေကြေးများကို ပြည့်စုံစွာပြန်လည်ရရှိသွားဖို့ စီမံခန့်ခွဲမှုများပြုလုပ်ပြီး ရဲရဲဝံ့ဝံ့ မီတာခကောက်ခံရာ၌လည်း သုံးစွဲမှုများနှင့်ပတ်သက်၍ လုပ်ငန်းရှင်များနှင့် လူထုဆိုတာ ခွဲခြားတတ်ဖို့လိုသည်။ တိုင်းပြည်၏ မီတာခသည် ပြည်ပနိုင်ငံများနှင့်စာလျှင် အနိမ့်ဆုံးအဆင့်သာ ကောက်ခံနေကြောင်း လူထုကို စည်းရုံး၊ ပညာပေးပြန်ကြားဖို့လိုသည်။ ဒါမှသာ အလုပ်များသည် လျင်လျင်မြန်မြန်ပြီးစီးမှာဖြစ်သည်။

မီတာသုံးစွဲမှုများကို ကောက်ခံရာ၌ အကြီးစား၊ အလတ်စား၊ အသေးစားစသည်ဖြင့် လျှပ်စစ်မီတာသုံးစွဲမှုများကို ကောက်ခံသင့်ပေသည်။ လူထုနှင့် ဝန်ထမ်းများအား အသေးစားနှုန်းထားနှင့် အင်အားကြီးမားသော စီးပွားရေးလုပ်ငန်းများ၊ အိမ်တွင်းအလတ်စားလုပ်ငန်းများဖြစ်သော SME စသည်တို့ကို အကြီးစား၊ အလတ်စားနှုန်းထားနှင့် ကောက်ခံသင့်ပေသည်။

**လိုအပ်မှသုံး**

ဒီနေရာမှာ ပုံပြင်ထဲကအဘိုးအိုပြောသလို "တန်ဖိုးဆိုတာ လိုအပ်ရင်လိုအပ်သလိုသုံးပြီး မလိုအပ်ရင်မသုံးမိဖို့လိုတယ်" လို့ဆိုထားတာကြောင့် လူထုနှင့် အစိုးရဝန်ထမ်းများအနေဖြင့်လည်း မိမိသုံးစွဲသည့်အပေါ်မှာ မဖြစ်မနေလိုအပ်မှသာ သုံးစွဲသင့်ပါသည်။ ကုန်ကျစရိတ်ဆိုတာ နည်းနည်းသုံးတာနှင့် များများသုံးတာကွာသလို မိမိ၏ တာဝန်သိတတ်မှု၊ တာဝန်ယူမှုအပေါ်မှာ မူတည်ပါတယ်။ ယခင်က ဆီတစ်ဂါလန် ငွေကျပ်သုံးကျပ်ခွဲမှာ ယခုဆီတစ်ဂါလန် ငွေကျပ် ၃၅၀၀ တိတိရောက်ရှိနေသလို များများသွားလျှင် ကုန်ကျစရိတ်ပိုမိုများပြားလာမှာဖြစ်ပြီး မိမိလိုရာခရီးလောက်သာသွားမည်ဆိုပါက ကုန်ကျစရိတ်လည်း သက်သာသွားမှာဖြစ်သည်။ လျှပ်စစ်မီတာသုံးစွဲမှုနှင့်ပတ်သက်၍လည်း ထိုနည်းအတိုင်းပင် အသုံးမလိုဘဲ လျှပ်စစ်မီးများကို ဖုံးပေါလအော မလိုအပ်ဘဲဖွင့်ထားမည်ဆိုလျှင် ကုန်ကျစရိတ်ပိုမိုလာမှာဖြစ်ပြီး အသုံးမလိုဘဲ လိုမှသာအသုံးပြုမည်ဆိုလျှင် ကုန်ကျစရိတ်သက်သာသွားမှာဖြစ်သည်။ နိုင်ငံတော်အတွက် ဆုံးရှုံးနေသော ငွေကြေးယိုပေါက်တွေဆိုတာဟာ လူထုရော အစိုးရမှာပါ တာဝန်ရှိသည်။ ကိုယ့်မိသားစုတည်းမှာပင် စည်းကမ်းစနစ်နှင့်သုံးစွဲမည်ဆိုပါက ကောင်းမွန်သောရလဒ်အဖြေများရရှိမှာဖြစ်သည်။

**တိုင်းပြည်အသက်သွေးကြော**

လျှပ်စစ်သည် တိုင်းပြည်၏အသက်သွေးကြောဖြစ်သလို လျှပ်စစ်ရှိမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအောင်မြင်လာမှာဖြစ်သည်။ တိုင်းပြည်၏ GDP မှာ တစ်ဦးချင်း၏ဝင်ငွေဖြစ်သလို စီးပွားရေးခိုင်မာလာတာနှင့်အမျှ လူတစ်ဦးချင်းစီ၏ စီးပွားရေးကောင်းမွန်လာမှာလည်းဖြစ်သည်။ ဒီ့ထက်ပိုမိုကောင်းမွန်သောအလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမှာဖြစ်သည်။ တကယ်တမ်းအလင်းရောင်ဆိုတာ လူတိုင်းလိုချင်သောအရာမှန်သော်လည်း ခေတ်နှင့်စနစ်ပေါ်မှာ အကျင့်ကောင်း၊ စိတ်ဓာတ်ကောင်းများနှင့် လိုအပ်သောတန်ဖိုးကို တကယ်လိုအပ်မှသုံးမည်ဆိုလျှင် တောက်ပတဲ့အနာဂတ်တွေ လင်းလက်လာမှာဟု ကျွန်တော်ယုံကြည်နေမိသည်။

# အဖိုးတန်သော နှစ်ဆန်းဖြစ်ပါစေ

**ခ** သရက်တန်းစိုးရွှေ(စိတ်ပညာ)

သင်္ကြန်ဆိုသောကာလကို မိမိစိတ်ကြိုက်ဖြတ်ကျော်ပြီး စီးခဲ့ပြီဖြစ်သည်။ အပျော်နှင့်ဖြတ်သန်းသူများရှိသလို ကုသိုလ်ဖြင့်ဖြတ်သန်းသူများလည်းရှိပေသည်။ ထို့အတူပင် ဝမ်းရေးအတွက်လုပ်ကိုင်ကာ ဖြတ်သန်းသူ၊ တိုင်းပြည်တာဝန်ကိုထမ်းဆောင်ရင်း ဖြတ်သန်းခြင်းများဖြင့် ဖြတ်သန်းခဲ့ပေသည်။

**နှစ်သစ်အတွက်အောင်မြင်မှု**

ပြီးခဲ့သည့်နှစ်တွင် အောင်မြင်မှုတို့ရသည်ဖြစ်စေ ကျရှုံးမှုတို့ကြုံသည်ဖြစ်စေ အတိတ်ကိုပြန်လည်တမ်းတနေရန် မလိုတော့ချေ။ ရှေ့ဆက်ရမည့်နှစ်သစ်အတွက် အောင်မြင်မှုများစွာရရှိရေး မိမိကိုယ်ပိုင်ပြဋ္ဌာန်းချက်ကလေးများ၊ သတ်မှတ်ချက်ကလေးများ၊ ရည်မှန်းချက်ကလေးများထားရှိကာ ပန်းတိုင်ဆီသို့ တစိုက်မတ်မတ် လျှောက်လှမ်းရမည်ဖြစ်သည်။

ဆင်ခြေပေးတဲ့ပါးစပ် ထမင်းငတ်တတ်တယ်ဆိုသော စကားအတိုင်း ဆင်ခြေတွေပေးနေဖို့ မလိုတော့ချေ။ ဘာလုပ်ရမလဲဆိုသော ဝေဝါးသောအတွေးအစား ငါဘာလုပ်မယ်။ ဒီနှစ်ဘာဖြစ်အောင်လုပ်မယ်ဆိုသည့် တိကျသည့်ရည်မှန်းချက်တို့ကို သတ်မှတ်အကောင်အထည်ဖော်ဖို့ လိုအပ်သွားပြီဖြစ်သည်။

**စွမ်းအားကောင်းများဖန်တီး**

ပန်းတိုင်မရှိသောလူသည် ပဲ့မပါသောလှေနှင့်တူသည်ဟု ဆိုထားသည်။ လူတိုင်းပန်းတိုင်ရှိကြရပေမည်။ ပန်းတိုင်အမျိုးမျိုးကွဲပြားချင်ကွဲပြားနေပါစေ။ ပန်းတိုင်မရှိသော လူ့တေလေအဖြစ်မရောက်ရှိအောင် မိမိကိုယ်ကို မြှင့်တင်ဖို့ လိုအပ်သွားပါချေပြီ။ မနှစ်က ရှုံးနိမ့်ခြင်း၊ ပျော့ညံ့ခြင်း၊ မအောင်မြင်ခြင်းများကို သင်ခန်းစာအဖြစ်မှတ်ယူကာ ယခုနှစ်အတွက် စွမ်းအားကောင်းများအဖြစ်ဖန်တီးကြရမည်ဖြစ်သည်။ ဘာလုပ်မည်။ ဘာကစမည်။ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးမှအစ တိတိပပရည်မှန်းချက်ဖြင့် တစ်ဆင့်လှမ်းတက်ဖို့ နှစ်ဆန်းတစ်ရက်နေ့မှစတင်ကာ ပြုလုပ်ကြရမည်ဖြစ်သည်။

ပျော်ခြင်းတို့ပြီးခဲ့ပြီဆိုပါက အောင်မြင်ခြင်းတို့အတွက် ကိုယ့်ကိုယ်ကိုယ် တာဝန်ပေးဖို့လိုအပ်နေပြီဖြစ်သည်။ အားငယ်စိတ်များဝင်လာသမျှ မောင်းထုတ်ပစ်လိုက်ပါ။ အလုပ်လက်မဲ့ဘဝဖြင့် နေနေရပါသလား။ အလုပ်သစ်အတွက် ရှာဖွေခြင်း၊ လေ့လာခြင်း၊ ကိုယ်ပိုင်လုပ်ငန်းများ စတင်လုပ်ကိုင်ခြင်းဖြင့် ဘဝသစ်ကို စတင်ရမည်ဖြစ်သည်။ နှစ်သစ်ရောက်ခြင်းနှင့်အတူ ဘဝသစ်တစ်ခုဖန်တီးနိုင်ဖို့ ဆောင်ရွက်သင့်လှပေသည်။

**အောင်မြင်တိုးတက်ခြင်းများဆီလျှောက်လှမ်း**

နှစ်ဆန်းတစ်ရက်နေ့မှစတင်ကာ နေ့စွဲတိုင်းကို ဂရုစိုက်ကြရပေမည်။ ထိုနေ့စွဲများထဲမှ လုပ်ကိုင်ဆောင်ရွက်မှုများကို အလေးထားကြရမည်ဖြစ်သည်။ အားနည်းချက်များကို ပြင်ဆင်ရင်း အောင်မြင်တိုးတက်ခြင်းများဆီ လျှောက်လှမ်းရမည်ဖြစ်ပေသည်။ ကြောက်ရွံ့ နောက်တွန့်ခြင်းများအစား ရဲရင့်ကာ ပွဲတင့်သည့်စိတ်ဓာတ်များအစားထိုးသွားကြရမည်ဖြစ်ပေသည်။ ရှုံးနိမ့်မှုများနှင့်ကြုံခဲ့သော နှစ်ဟောင်းဖြစ်ခဲ့ပါက နှစ်သစ်ဆီခေါ်မလာဘဲ ပြတ်ပြတ်သားသားထားရစ်ခဲ့ဖို့ လိုအပ်သွားပြီဖြစ်ပေသည်။

အသက်ရှင်ရပ်တည်နေသူအားလုံးတွင် မျှော်လင့်ခွင့်များစွာ ပိုင်ဆိုင်ထားပြီးဖြစ်နေပေသည်။ မည်သည့်အရာကိုမျှ ကြောက်ရွံ့နေရန်မလိုပါတော့ချေ။ သို့အတွက် နှစ်ဆန်း(၁)ရက်နေ့မှစကာ မိမိနှလုံးသားစာမျက်နှာပေါ်တွင် ခိုင်မာသောဆုံးဖြတ်ချက်များချမှတ်ကာ မှန်ကန်သောသတ္တိများဖြင့် နှစ်သစ်ဆီလျှောက်လှမ်းရင်း အောင်ပန်းများကို ဆွတ်ခူးသင့်လှပါပေသည်။ ။

# မိုးရေခံစနစ် သို့မဟုတ် လက်ငင်းလက်တွေ့ရေပြဿနာဖြေရှင်းနည်းတစ်ခု

ဦးကျော်ဦး(အရန်အကြံပေးအဖွဲ့ဝင်၊ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ)

နိုင်ငံတစ်နိုင်ငံ၏ ရေရရှိမှုအခြေအနေကို ပြဆိုသော အညွှန်းကိန်းများအနက် တစ်ခုမှာ “ပြန်လည်ဖြည့်တင်းနိုင်သော ရေအရင်းအမြစ်”ဖြစ်သည်။ နိုင်ငံတစ်ခုရှိ ပြန်လည်ဖြည့်တင်းနိုင်သောရေဆိုသည်မှာ မိမိပိုင်နက်အတွင်း၌ မိုးရွာခြင်း၊ ဆီးနှင်းကျခြင်းတို့မှရသောရေနှင့် မြေပေါ်မြေအောက်မှ နိုင်ငံတွင်းသို့ စီးဝင်လာသောရေများကိုဆိုလိုသည်။ မြန်မာနိုင်ငံ၏ ပြန်လည်ဖြည့်တင်းနိုင်သောရေပမာဏသည် တစ်နှစ်လျှင် ကုဗကီလိုမီတာ ၁၁၀၀ ကျော်မျှရှိနေရာ တစ်နိုင်ငံလုံးခြုံ၍ကြည့်လျှင် ရေအရင်းအမြစ်အလွန်ပေါကြွယ်ဝသော နိုင်ငံဖြစ်သည်။

သို့သော် လက်တွေ့တွင် ရေရှားပါးမှုကို နိုင်ငံ၏နေရာအတော်များများ၌ နှစ်စဉ်ကြုံတွေ့နေရသည်မှာ မြန်မာနိုင်ငံ၏ မိုးရွာသွန်းမှုပုံစံသည် နေရာဒေသအလိုက်ရော၊ အချိန်ကာလအရပါ မညီမမျှဖြစ်နေခြင်း၊ ရေအရင်းအမြစ် အများအပြားသည် လူနေမြို့ရွာများနှင့် မနီးကပ်ခြင်းနှင့် အဆိုပါပကတိအခြေအနေများနှင့် လိုက်လျောညီထွေသည့် ရေဘက်ဆိုင်ရာစီမံခန့်ခွဲမှုကို ကျင့်သုံးရာတွင် လိုအပ်ချက်များရှိနေခြင်းတို့ကြောင့် ဖြစ်သည်။

မိုးရွာသွန်းမှု နေရာဒေသမညီမျှခြင်းဆိုသည်မှာ နိုင်ငံ၏ ကမ်းရိုးတန်းဒေသများတွင် မိုးကောင်းပြီး မြောက်ဘက်နှင့် အရှေ့ဘက်တွင် မိုးအသင့်အတင့်ရွာသော်လည်း အလယ်ပိုင်းခြောက်သွေ့ဒေသတွင် မိုးအရနည်းခြင်းကို ဆိုလိုသည်။ အချိန်ကာလအလိုက် မိုးမညီမျှမှုဆိုသည်မှာ မိုးတွင်းလေးငါးလ၌သာ မိုးရပြီး ကျန်လများတွင် ခြောက်သွေ့နေခြင်းကို ဆိုလိုသည်။

**ရေရှားပါးမှုတွေ့ကြုံ**

ရေအရင်းအမြစ်ရှိရာနှင့် နီးကပ်သော လူနေမြို့ရွာများတွင် ရေအခက်အခဲမရှိလှသော်လည်း ရေရှိရာနှင့် အလှမ်းကွာသော မြို့ရွာအချို့တွင် ရေရှားပါးမှုပြဿနာကို တွေ့ကြုံကြရသည်။ မိုးမညီမျှမှု၊ ရေအရင်းအမြစ်နှင့် မြို့ရွာအကွာအဝေး စသည်တို့ကြောင့် ပေါ်ပေါက်သော ရေပြဿနာကို ကောင်းမွန်သော ရေဘက်ဆိုင်ရာစီမံခန့်ခွဲမှုဖြင့် ကျော်လွှားဖြေရှင်းနိုင်သည်။ အမေရိကန်နိုင်ငံ အနောက်တောင်ပိုင်းပြည်နယ်များ၊ အစ္စရေးနှင့် နယ်သာလန်နိုင်ငံတို့သည် ရေဘက်ဆိုင်ရာစီမံခန့်ခွဲမှုကို ထိရောက်စွာကျင့်သုံး၍ စိန်ခေါ်မှုများကိုကျော်လွှားရာတွင် အခြားနိုင်ငံတို့မှ အတုယူကြရသည်အထိ အောင်မြင်သည်။

ရေဘက်ဆိုင်ရာစီမံခန့်ခွဲရာတွင် ရနိုင်သမျှ ရေအရင်းအမြစ်အမျိုးမျိုးကို ရေတို့တွင်သာမက ရေရှည်အထိပါမြော်မြင်အသုံးချတတ်မှုက အရေးပါသည်။ ကန်ရေ၊ မြစ်ရေ စသည့် မြေပေါ်ရေကို အဓိကရယူပေးဝေနေကြသည့် မြန်မာ့မြို့ရွာအချို့တွင် လူဦးရေလည်း မများလှ၊ မိုးလေလည်း မှန်နေခဲ့သေးသောအချိန်များက အခက်အခဲမရှိ ပုံမှန်ပေးဝေနိုင်ခဲ့သော်လည်း လူဦးရေများလာသည်နှင့်အတူ ရာသီဥတုပြောင်းလဲ၍ အပူချိန် ဆက်တိုက်မြင့်တက်လာသောအခြေအနေနှင့် လိုက်လျောညီထွေအောင် ပြင်ဆင်ပြောင်းလဲမှုများ လုပ်ဆောင်ထားရန် လိုလာပြီ ဖြစ်သည်။

**အလွန်အကျွံခံစားရ**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှရရှိသော အချက်အလက်များကိုအခြေခံကာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့်ပြုစုခဲ့သည့် “မြန်မာနိုင်ငံ၏ရာသီဥတုဆိုင်ရာဘေးဖြစ်နိုင်မှုအခြေအနေအစီရင်ခံစာ” တွင် ‘မိုးရေချိန်တိုးလာမှုနှင့် လျော့သွားမှု နှစ်မျိုးလုံးဖြစ်နိုင်သဖြင့် အလွန်အကျွံ မိုးရွာသွန်းမှုနှင့် အလွန်အကျွံမိုးခေါင်ရေရှားမှုများ ခံစားရမည်’ ဟု ဆိုထားသည်။

အစီရင်ခံစာ၌ ၁၉၈၁ ခုနှစ်နှင့် ၂၀၀၀ ခုနှစ်အတွင်း လတစ်လလျှင် အလွန်အမင်းပူပြင်းသော ရက်တစ်ရက်ရှိခဲ့ရာမှ အနာဂတ်တွင် တစ်နိုင်ငံလုံး၌ လတစ်လလျှင် အလွန်အမင်းပူပြင်းသောရက် လေးရက်မှ ၁၄ ရက်အထိ ရှိလာနိုင်သည်ဟု ခန့်မှန်းထားသည်။ ပူပြင်းလာ၍ မြေပေါ်ရေများ အငွေ့ပျံဆုံးရှုံးမှုပိုများလာချိန်တွင် ရေလိုအပ်ချက်လည်း မြင့်မားလာမည်သာဖြစ်ရာ မြစ်ရေ၊ ကန်ရေများကို အလျဉ်မီအောင် မည်သို့ဖြည့်ဆည်းကြမည်နည်း၊ ဥပမာ-ရန်ကုန်ရေပေးရေးတွင် အဓိကပါဝင်နေသော ဂျိုးဖြူ၊ လှော်ကား၊ ဖူးကြီး၊ ငမိုးရိပ်ရေကန်ကြီးများသည် အလွန်အကျွံမိုးခေါင်မှုကြောင့် ရေမပြည့်တော့လျှင် မည်သို့လုပ်ဆောင်မည်နည်း စသည်တို့ကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် ကြိုတင်လုပ်ဆောင်ထားသင့်သည်။

> ခြံဝင်းများထဲသို့ရွာကျလာသောမိုးရေများကို ဒလဟောစီးမသွားစေဘဲ မြေသား သို့မဟုတ် အခြားပစ္စည်းတစ်မျိုးမျိုးဖြင့် ပြုလုပ်ထားသော ယာယီတမံနိမ့်များဖြင့် တန့်စေလျှင် မြေအောက်သို့ စိမ့်ဝင်သွားမည်။ နိုင်ငံအများအပြားတွင် မြေအောက်ရေကြောများနှင့် ဆက်စပ်နေသော ချိုင့်များ မြေနိမ့်ပိုင်းများထဲ၌ မိုးရေသိုလှောင်ပြီး မြေအောက်သို့ အလိုလျောက်စိမ့်ဝင်စေခြင်းဖြင့် ကုန်ခန်းသွားသော မြေအောက်ရေကို ပြန်လည်ဖြည့်တင်း. . .

**မြေအောက်ရေသုံးစွဲမှုတိုးတက်**

ကမ္ဘာ့အခြားဒေသများနည်းတူ မြန်မာနိုင်ငံတွင်လည်း မြေပေါ်ရေ လျော့နည်းခန်းခြောက်လျှင် မြေအောက်ရေဘက်လှည့်ကာ ရှိပြီးသားရေတွင်းများမှ ရေပိုထုတ်ကြ၊ ရေတွင်းမရှိသေးလျှင် တွင်းအသစ်တူးကြသဖြင့် မြေအောက်ရေသုံးစွဲမှု အရှိန်အဟုန်ဖြင့် တိုးတက်လာလျက်ရှိသည်။ ရန်ကုန်ရေပေးရေးကိုလေ့လာလျှင် ၁၈၉၃ ခုနှစ်တွင် အဝီစိတွင်း ၁၇ တွင်း စတင်အသုံးပြုခဲ့သည်။

၁၉၈၈ ခုနှစ်မတိုင်မီ အဝီစိတွင်းပေါင်း ၃၀၀၀ ကျော်ရှိခဲ့ပြီး ယခုအခါ အစိုးရပိုင်နှင့် ပုဂ္ဂလိကပိုင် အဝီစိတွင်းအကြီး၊ အသေးပေါင်း ၃၀၀၀၀ ကျော်မျှရှိပြီဟု ခန့်မှန်းကြသည်။ ၁၈၉၃ ခုနှစ်နှင့် ၁၉၈၈ ခုနှစ်ကြား နှစ်ပေါင်းတစ်ရာနီးပါးကာလအတွင်း အဝီစိတွင်း အရေအတွက် အဆနှစ်ရာခန့်များလာခဲ့ပြီး ၁၉၈၈ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်ကြား နှစ်ပေါင်း ၃၀ နီးပါးကာလအတွင်း အဝီစိတွင်း ၁၀ ဆ တိုးလာခဲ့သည်။ တိကျအားကိုးလောက်သော ကိန်းဂဏန်းများမရနိုင်သော်ငြား မြန်မာနိုင်ငံ၏ အခြားဒေသများတွင်လည်း လက်တူးတွင်းနှင့် အဝီစိတွင်းအရေအတွက်သည် အရှိန်အဟုန်နှင့်တိုးတက်များပြားလာလျက်ရှိသည်မှာ သေချာသည်။ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ သန်းခေါင်စာရင်းအရ သောက်ရေနှင့် သုံးရေတို့အတွက် အဓိကရေရယူအသုံးပြုမှုလေ့လာချက်တွင် အဝီစိတွင်းနှင့် ရိုးရိုးရေတွင်းများမှ ရေရယူသော အိမ်ထောင်စုအရေအတွက်သည် ပိုက်ရေ၊ ကန်ရေ၊ မြစ်ချောင်းရေ စသည်တို့ကိုသုံးသော အိမ်ထောင်စု စုစုပေါင်းထက် များနေသောအချက်ကလည်း နိုင်ငံတွင်း မြေအောက်ရေသုံးစွဲမှုများနေကြောင်း ညွှန်းဆိုသည်။

**ရေကြောများရေလျော့နည်း**

ဂြိုဟ်တုနည်းပညာအပါအဝင် မြေပေါ် မြေအောက် လေ့လာခြင်းနည်းအမျိုးမျိုးဖြင့် တိုင်းတာချက်များအရ ကမ္ဘာ့မြေအောက်ရေကြောစုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းသည် ရေပြင်နိမ့်ကျလာနေကြောင်း အခိုင်အလုံသိရပြီးဖြစ်သည်။ မြန်မာနိုင်ငံရှိ မြေအောက်ရေကြောအတော်များများသည်လည်း ရေလျော့နည်းလာနေကြောင်း ခန်းသွားသောတွင်းများ၊ ရေပြင်နိမ့်ကျလာနေသောတွင်းများအခြေအနေကို ထောက်ရှု၍ သိနိုင်ကြသည်။ နိုင်ငံအများအပြား၌ မြေအောက်ရေ တူးဖော်ထုတ်ယူသုံးစွဲရာတွင် စည်းကမ်း ဥပဒေများ မရှိ၊ ရှိသည့်တိုင်အောင် ဖောက်ဖျက်သူတို့အား အရေးယူမှု လျော့ရဲသဖြင့် ထုတ်သုံးချင်တိုင်း ထုတ်သုံးနေကြသောအချက်ကလည်း မြေအောက်ရေနိမ့်ကျမှုကို မြန်ဆန်စေလျက်ရှိသည်။ မြန်မာနိုင်ငံတွင် လွှတ်လပ်ရေးမရမီက ရေးဆွဲခဲ့သော မြေအောက်ရေဥပဒေဖြင့် အဝီစိတွင်းတူးဖော်မှုကို ထိန်းချုပ်နိုင်ခဲ့သော်လည်း ယခုအခါ အသက်မဝင်တော့သဖြင့် ခေတ်စနစ်နှင့်ကိုက်ညီသော မြေအောက်ရေဥပဒေကို ရေးဆွဲပြဋ္ဌာန်းရန် အားထုတ်နေကြသည်။

**ရေချိုနေရာ ရေငန်တိုးဝင်**

အဝင်နည်းကာ အထုတ်များ၍ နိမ့်ကျသွားသော မြေအောက်ရေပြင်ကြောင့် ရေငန်နှင့် ထိစပ်သောဒေသများတွင် မြေအောက်ရေချို၏နေရာသို့ ရေငန်များ တိုးဝင်ရောက်ရှိလာခြင်းဟူသော ပူးတွဲဆိုးကျိုးတစ်ခုပါ ပေါ်ပေါက်လာသည်။ ရေချိုမျက်နှာပြင် ထောင်လိုက် တစ်ပေနိမ့်ကျတိုင်း ရေငန်များ အလျားလိုက် ပေ ၄၀ ခန့် ရှေ့သို့ တိုးဝင်လာသည်။ ရေငန်သည် ရေချိုထက် လေးသဖြင့် တိုးဝင်လာသော ရေငန်များကို ရေချိုဖြင့် ပြန်လည်တွန်းထုတ်ရန်မှာ မဖြစ်နိုင်သလောက် ခဲယဉ်းသောကိစ္စဖြစ်၍ ရေငန်တိုးဝင်လာသောနေရာများတွင် ရေချိုကြောများကို ထာဝရဆုံးရှုံးရခြင်းဟု ဆိုနိုင်သည်။ ထိုမျှမက ယင်းဒေသများရှိ စိုက်ပျိုးမြေများ ဆားပေါက်ကာ စိုက်ပျိုးမရဖြစ်နိုင်သည့် အလားအလာများလည်း ရှိနေသည်။

မြန်မာနိုင်ငံ၏ရာသီဥတုဆိုင်ရာ ဘေးဖြစ်နိုင်မှုအခြေအနေအစီရင်ခံစာ၌ ပင်လယ်ရေမျက်နှာပြင်သည် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် ၂၀၂၀ ခုနှစ်များအတွင်း ၅ နှင့် ၁၃ စင်တီမီတာကြား၊ ၂၀၅၀ ခုနှစ်များအတွင်း ၂၀ နှင့် ၄၀ စင်တီမီတာကြား မြင့်တက်လာနိုင်သည်ဟု ခန့်မှန်းထားသည်။ ထိုသို့ခန့်မှန်းတွက်ချက်ရာတွင် ပင်လယ်ရေပြင်ကို ပို၍မြင့်တက်စေနိုင်သော ဒေသတွင်း မြေပြင်အနေအထားတို့ကို ထည့်သွင်းမထားချေ။ ယင်းတို့ကိုသာ ထည့်တွက်ပါက ပင်လယ်ရေပြင်သည် မှန်းထားသည်ထက် ပို၍မြင့်တက်နိုင်သေးသည်။ တစ်ဖက်က ပင်လယ်ရေပြင်မြင့်လာနေချိန်တွင် အခြားတစ်ဖက်က မြေအောက်ရေပြင် နိမ့်ကျလာမှုသည် ဆိုးရွားသော အကျိုးဆက်များကို ဖိတ်ခေါ်ခြင်းနှင့် တူနေသည်။

**ပြန်ဖြည့်၍ရနိုင်**

ထိုသို့ဆိုခြင်းသည် အဝီစိတွင်းများကို မသုံးဘဲ ပိတ်ထားလိုက်ရမည့်အဓိပ္ပာယ်မဟုတ်ချေ။ မြေပေါ်ရေအရနည်းလာတိုင်း မြေအောက်ရေကိုသာ ရယူရန် စီမံနေကြခြင်း၊ မြေအောက်ရေကို ပြန်ဖြည့်ပေး၍ ရနိုင်ပါလျက် ထိုသို့ ဖြည့်ရန်မစဉ်းစားဘဲ ထုတ်သုံးဖို့သာ လုပ်ဆောင်နေကြခြင်းသည် ကောင်းမွန်သောရေဘက်ဆိုင်ရာ စီမံခန့်ခွဲမှုအမြင်ဖြင့်ကြည့်လျှင် မှန်ကန်သောနည်းမဟုတ်ကြောင်း သတိပေးလိုရင်း ဖြစ်သည်။

မြေအောက်ရေကြောများသည် သဘာဝက ဖန်တီးပေးထားသော ရေလှောင်ကန်ကြီးများ ဖြစ်ကြသည်။ မြေပေါ်ကန်များကဲ့သို့ အညစ်အကြေးများ ဝင်ရောက်ရန် မလွယ်ခြင်း၊ အငွေ့ပျံဆုံးရှုံးမှုမရှိခြင်းစသည့် အားသာချက်များကို ပိုင်ဆိုင်သည်။ တစ်ဖက်က ထုတ်ယူသုံးစွဲနေရင်း လျော့နည်းကုန်ခန်းသွားသော မြေအောက်ရေကြောများကို အခြားတစ်ဖက်မှ ပြန်လည်ဖြည့်တင်းအသုံးချမှု သဘာဝလက်ဆောင်တစ်ခုကို အကျိုးရှိရှိအသုံးချရာရောက်မည်။ နိုင်ငံတကာတွင်လည်း လျော့နည်းသွားသော မြေအောက်ရေကြောများကို ပြန်လည်ဖြည့်တင်းကာ ဆက်လက်အသုံးပြုနေကြသည်။

**မိုးရေသိုလှောင်**

မြေအောက်ရေပြန်လည်ဖြည့်တင်းခြင်းဟူသည် အသစ်အဆန်းမဟုတ်သကဲ့သို့ ခက်ခဲသောနည်းပညာလည်း မဟုတ်ပေ။ နွေတွင် ခန်းသွားသောရေတွင်းများ မိုးကျလာသောအခါ ရေပြင်ပြန်တက်လာခြင်းသည် သဘာဝအလျောက် မြေအောက်ရေ ပြန်လည်ဖြည့်တင်းနေခြင်းပင် ဖြစ်သည်။ ခြံဝင်းများထဲသို့ ရွာကျလာသော မိုးရေများကို ဒလဟောစီးမသွားစေဘဲ မြေသား သို့မဟုတ် အခြားပစ္စည်းတစ်မျိုးမျိုးဖြင့် ပြုလုပ်ထားသော ယာယီတမံနိမ့်များဖြင့် တန့်စေလျှင် မြေအောက်သို့ စိမ့်ဝင်သွားမည်။ နိုင်ငံအများအပြားတွင် မြေအောက်ရေကြောများနှင့် ဆက်စပ်နေသော ချိုင့်များ မြေနိမ့်ပိုင်းများထဲ၌ မိုးရေသိုလှောင်ပြီး မြေအောက်သို့အလိုလျောက်စိမ့်ဝင်စေခြင်းဖြင့် ကုန်ခန်းသွားသော မြေအောက်ရေကို ပြန်လည်ဖြည့်တင်းကြသည်။ အချို့နိုင်ငံများတွင် မိုးရေကိုခံယူ၍ ရေခန်းသွားသော အဝီစိတွင်းများထဲသို့ စက်အားဖြင့် မှုတ်သွင်းကာ မြေအောက်ရေပြင်ကို ပြန်လည်မြင့်တက်စေလျက်ရှိသည်။

မိုးရေခံစနစ်ဖြင့် မြေအောက်ရေပြန်လည် ဖြည့်တင်းခြင်းအပြင် သောက်သုံးရေအဖြစ် အသုံးချခြင်းကို မြန်မာအပါအဝင်ကမ္ဘာအနှံ့တွင် ရှေးပဝေသဏီကတည်းက လုပ်ဆောင်နေခဲ့သည်။ သီရိဓမ္မာသောကမင်းကြီးက ရေတွင်းပေါင်း ၈၄၀၀၀၊ ရေကန်ပေါင်း ၈၄၀၀၀ လှူခဲ့သည်ဆိုရာတွင် ရေတွင်း ၈၄၀၀၀ သည် မြေအောက်ရေကို ရယူခြင်းဖြစ်ပြီး ရေကန် ၈၄၀၀၀ ဖြင့် မိုးရေခံယူ၍ နွေအခါသောက်သုံးရေရရှိစေခဲ့သည်။

**ရေရှည်စီမံမှုဖြင့်လုပ်ဆောင်**

မြေပေါ်ရေအရင်းအမြစ်ရှိရာမှ အလှမ်းကွာသော မြို့ရွာများသို့ ရေပိုက်လိုင်းစနစ်များ၊ ရေတွန်းစက်များ စသည်တို့ဖြင့် ရေပေးပို့ခြင်း၊ မြေအောက်ရေကြောများမှ ရေများကို သင့်တင့်သောပမာဏဖြင့် စုပ်ယူအသုံးပြုခြင်းတို့ကို ရေရှည်ခံစီမံမှုဖြင့် လုပ်ဆောင်ရမည်ဖြစ်သော်လည်း ယင်းလုပ်ငန်းစဉ်တို့အတွက် ငွေကြေးအများအပြား ရှာဖွေရယူရန်၊ တည်ဆောက်ရန် အချိန်ပေးရသည်။ အိမ်အမိုး၊ မြေပြင်တို့အပေါ် ရွာကျလာသော မိုးရေကို ပိုက်လိုင်းများ၊ အမှိုက်စစ်ကိရိယာများ၊ မိုးရေလှောင်ကန်များပါဝင်သည့် မိုးရေခံစနစ်ဖြင့် သောက်သုံးရေရရှိစေခြင်းကိုမူ ငွေကုန်ကြေးကျ မများလွန်းလှဘဲ တစ်အိမ်ချင်းအလိုက်၊ ရပ်ကွက်ကျေးရွာအလိုက် အချိန်တိုအတွင်း အကောင်အထည်ဖော်နိုင်သည်။

**စာမျက်နှာ (၂၅) သို့**

## မိုးရေခံစနစ်သို့မဟုတ်လက်ငင်းလက်တွေ့ရေပြဿနာဖြေရှင်းနည်းတစ်ခု

စာမျက်နှာ(၂၄)မှ

ယခုအခါ ရေရှားသောနေရာများသို့ ရေသယ်ယူလှူဒါန်းနေကြရာ တစ်နိုင်ငံလုံးအတိုင်းအတာနှင့်ဆိုလျှင် ကျပ်ငွေကုဋေပေါင်းများစွာရှိမည့် မြင့်မြတ်သောဒါနအမှုကြီးပင်ဖြစ်သည်။ ရေသယ်ယူလှူဒါန်းခြင်းဖြင့် ရေတိုပြေလည်မှုရနေသော်လည်းမိုးရေခံစနစ်များကိုပါဆောက်လုပ်လှူဒါန်းကြ၊ ရှိပြီးမိုးရေလှောင်ကန်များကိုလိုအပ်သလို ပြုပြင်ထိန်းသိမ်းပေးကြလျှင် ရေရှည်အတွက်ပါ အကျိုးရှိလိမ့်မည်။

**မများလှဟု ထင်ရန်ရှိ**

အမှတ်တမဲ့တွေးလျှင် အိမ်တစ်အိမ်၊ ခြံဝင်းတစ်ခုပေါ်ရွာကျသောမိုးရေပမာဏသည် မများလှဟု ထင်ရန်ရှိသည်။ တစ်နှစ် မိုးရေချိန်လက်မ ၂၀ မျှသာရွာသောဒေသတွင် စတုရန်းပေ ၁၂၀၀ မျှရှိသော အိမ်အမိုးပေါ်သို့ တစ်နှစ်အတွင်းရွာကျသော မိုးရေထုထည်သည် ဂါလန် ၁၀၀၀၀ ခန့်ရှိသည်။ ယင်း၏ ဆယ်ပုံတစ်ပုံဖြစ်သော ဂါလန် ၁၀၀၀ ကို မိုးအကုန်၌ စနစ်တကျခံယူသိုလှောင်ထားနိုင်လျှင် မိသားစုတစ်စု၏ သောက်ရေအတွက် နောက်မိုးအထိလောက်ငှသည်။ မြန်မာနိုင်ငံ၏ မိုးအနည်းဆုံးရွာသောဒေသသည် တစ်နှစ်လက်မ ၂၀ အထက်တွင်ရှိရာ ရေမလုံလောက်သော ရပ်ရွာများတွင် ဒေသအခြေအနေနှင့်ကိုက်ညီပြီး စနစ်တကျတည်ဆောက်ထားသော မိုးရေခံစနစ်များဖြင့် ရေရှားပါးမှုကို ပြေလည်စေနိုင်သည်။

**မိုးရေလှောင်ကန်တည်ဆောက်**

ဒေသအခြေအနေနှင့် ကိုက်ညီခြင်းဟူသည်မှာ ရွာကျသောမိုးရေ၊ သုံးစွဲမည့်လူဦးရေနှင့် ငွေကြေးရရှိမှု စသည်တို့ကို ချင့်ချိန်၍ ကန်အရွယ်အစား၊ မြေသားကန်၊ အုတ်ကန် ကွန်ကရစ်ကန်စသဖြင့် အမျိုးအစားတို့ကို ရွေးချယ်ရန်ဖြစ်သည်။ ကန်ကို စနစ်တကျမတည်ဆောက် မထိန်းသိမ်းလျှင် လှောင်ထားသော မိုးရေများ စိမ့်ထွက်ဆုံးရှုံးသည်။ ခြင်အစရှိသော ရောဂါသယ်ပိုးမွှားပေါက်ပွားရာဖြစ်သွားတတ်သည်။ အညစ်အကြေး အလွယ်တကူဝင်နိုင်သည်။ ရှေးယခင်ကတည်းက သုံးစွဲနေကြသည့် မိုးရေလှောင်ကန်များအပြင် စနစ်ကျ၍ ထိရောက်သောကန်များ ပိုမိုပေါ်ထွက်ဖို့လိုသည်။ မိုးရေလှောင်ကန်များသည် ရေသန့်စင်ကန်များ၊ ရေပိုက်လိုင်းများဖြင့် ပေးဝေသော ဗဟိုရေပေးရေးစနစ်မရှိသေးသည့်နေရာများအတွက် အသုံးတည့်သည်သာမက ယင်းစနစ်ရှိသောဒေသများတွင်ပါ မိုးရေလှောင်ကန်များ တည်ဆောက်အသုံးပြုကြလျှင် ဗဟိုစနစ်က ထမ်းဆောင်ပေးဝေနေသော ရေပေးရေးဝန်အားကို အထိုက်အလျောက် လျှော့ကျစေနိုင်သည်။

အချို့မြို့ကြီးပြကြီးများရှိ အထပ်မြင့်တိုက်များတွင် မိုးရေခံစနစ်များ ထည့်သွင်းတည်ဆောက်ထားခြင်းဖြင့် သုံးရေရရှိရုံတင်မဟုတ်ဘဲ မြောင်းထဲရောက်လာမည့် မိုးရေပမာဏကို လျှော့ချကာ ရေကြီးရေလျှံမှုကိုလည်း လျော့ပါးစေသည်။

**မိုးရေခံစီမံကိန်းဦးစားပေး**

မတ်လ ၁၃ ရက်နေ့က နေပြည်တော်တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ရေနေ့အခမ်းအနား၌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက “နိုင်ငံအနှံ့အပြားတွင် ယခုအချိန်ကစတင်ပြီး မိုးရေခံစီမံကိန်းကို ဦးစားပေးလုပ်ငန်းတစ်ခုအနေဖြင့် အားပေးဆောင်ရွက်သွားကြမည်”ဟု မိန့်ကြားခဲ့သည်။

မိုးရေခံစနစ်များ၊ ကန်များ ပေါ်ထွန်းလာရန် ဘတ်ဂျက် သို့မဟုတ် အလှူငွေရရှိရေး၊ ဒေသနှင့် ကိုက်ညီသော အမျိုးအစားနှင့် အရွယ်အစားဖြစ်ရေး၊ တည်ဆောက်အသုံးပြု ထိန်းသိမ်းနည်းမှန်ကန်ရေးတို့အတွက် ပြည်သူ့ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ အလှူရှင်များ၏ပံ့ပိုးမှုလိုအပ်သည်။

မိုးရေခံစနစ်၊ မိုးရေလှောင်ကန်တို့သည် ခက်ခဲရှုပ်ထွေးသော နည်းပညာများမပါ၊ ကုန်ကျစရိတ်မများလှသော်လည်း ရေပြဿနာကို အချိန်တိုအတွင်း ဖြေရှင်းပေးနိုင်ကြောင်း ကိုယ်တိုင်သဘောပေါက်နားလည်ကြ၍ သုံးစွဲသူ လူထုကို မိမိတို့နည်းတူ နားလည်လက်ခံလာအောင် ပညာပေး စည်းရုံးလှုံ့ဆော်သင့်သည်။ ပညာရှင်များအပြင် အောင်မြင်ကျော်ကြား လူသိများသော အနုပညာရှင်များက စာပေ၊ အသံလွှင့်နှင့် ရုပ်သံမီဒီယာအမျိုးမျိုးမှ ပါဝင်လှုံ့ဆော်ပေးလျှင် ပို၍ထိရောက်မည်ဖြစ်သည်။

**ရေရှားပါးမှု သိသာစွာလျော့ပါး**

ယင်းသို့ လူတန်းစား အလွှာအသီးသီးက တက်ကြွစွာပါဝင်ကြလျှင် တစ်နှစ်ထက်တစ်နှစ် ပို၍ပို၍ ဆိုးရွားလာနေသည့် ရေရှားပါးမှုကို သိသာစွာလျော့ပါးစေနိုင်လိမ့်မည်။ မိုးရေခံစနစ်ရှိသော ရပ်ရွာများ၌ လွန်ခဲ့သောသကြၤန်ကာလအတွင်း ရွာသွန်းခဲ့သော မာရသာမုန်တိုင်းမိုးက နွေအပူကြောင့် ရေလျော့နည်းနေသော မိုးရေလှောင်ကန်များကို ရေပြန်ပြည့်စေသဖြင့် ရေအခက်အခဲအထိုက်အလျောက် ပြေလည်သွားခြင်းသည် မိုးရေခံစနစ်၏ အသုံးဝင်မှု၊ ထိရောက်မှုကို အထင်အရှား ပြသလိုက်ခြင်းပင် ဖြစ်သည်။

# မချစ်၍သွားကြခြင်းမဟုတ်ပါ

**ခိုင်လေး(ရွှေတောင်)**

ကျွန်မတို့ မြန်မာလူမျိုးများသည် မိသားစုနှင့်နေထိုင်ရသည်ကို နှစ်သက်ကြသူများဖြစ်ပါသည်။ မိသားစုနှင့်နေရသည်ကို နှစ်သက်ကြသော်လည်း အခြေအနေအရပ်ရပ်ကြောင့် တိုင်းတစ်ပါးနိုင်ငံများမှာ သွားရောက်အလုပ်လုပ်နေကြရသည့် သူများ တစ်နေ့တခြားများသထက်များလာ၏။ ဤကဲ့သို့သွားရောက် လုပ်ကိုင်ကြရခြင်းမှာ မိမိတိုင်းပြည်နှင့်လူမျိုးကို မချစ်ကြ၍မဟုတ်ပါ။ မိသားစုစီးပွားရေးအခြေအနေကြောင့် မသွားမဖြစ် မသွားချင်ဘဲ သွားနေကြသူများချည်းပါပဲ။

**တိုင်းပြည်ပြန်လာချင်**

ကျွန်မတို့နိုင်ငံသည် အကောင်းဘက်ကိုဦးတည်သွားနေပြီဆိုတာ မငြင်းနိုင်သော်လည်း ပြည့်စုံကောင်းမွန်သည့် အနေအထားတစ်ခုသို့ မရောက်နိုင်သေးပါ။ အဲဒီလိုအချိန်မျိုးမှာ အမှန်တကယ် သိသောတတ်သော အသိပညာရှင် အတတ်ပညာရှင်များစွာ တိုင်းပြည်အတွက် လိုအပ်နေသည်မှာလည်း အမှန်ပါ။ ပြည်ပထွက်၍ အလုပ်လုပ်ကိုင်နေသော အသိပညာရှင် အတတ်ပညာရှင်များကို မိမိတို့တိုင်းပြည်အတွက် ပြန်လာစေချင်သူ အများအပြားရှိပါသည်။

ထိုနေရာမှာ ပြန်လာစေချင်သူနှင့် ပြန်လာချင်သူ နှစ်ဦးနှစ်ဖက် သဘောထားချင်းတိုက်ဆိုင်ကြသော်လည်း လက်တွေ့တွင် ပြန်မလာနိုင်ကြပေ။ ဘာကြောင့်ပြန်မလာနိုင်သလဲ။ ထိုအကြောင်းအရာအား ကျွန်မလက်တွေ့ရင်ဆိုင်နေရသူ တစ်ယောက်အနေနှင့် မျှဝေချင်ပါသည်။ ကျွန်မနှင့် ကျွန်မအမျိုးသား မလေးရှားနိုင်ငံတွင် အချိန်အတော်ကြာကြာနေထိုင်ခဲ့ကြပါသည်။ အမျိုးသားမှာ မလေးရှားတွင် ဆယ့်တစ်နှစ်ကျော်နေထိုင်ခဲ့ပြီး ကျွန်မ သုံးနှစ်ကျော်လိုက်နေဖြစ်ပါသည်။ မလေးရှားမှာ နေထိုင်သည့်အချိန်၌ အမျိုးသားတစ်ဦးတည်း အလုပ်လုပ်ကိုင်၍ ကျွန်မက မည်သည့်အလုပ်မှ မလုပ်ပါ (ကုမ္ပဏီတစ်ခုတွင် ကွန်ပျူတာစာရင်းကိုင်အဖြစ် ၂၈ ရက်ဝင်လုပ်ဖူး)။ အမျိုးသားတစ်ယောက်တည်းဝင်ငွေဖြင့် နှစ်ဦးစလုံး အခွန်ဆောင်၍ မလေးရှားနိုင်ငံမှာ တရားဝင်နေထိုင်ကြပါသည်။ ဆိုလိုသည်မှာ တစ်ယောက်တည်းဝင်ငွေဖြင့် မိသားစုကိုလည်း ပြန်ပို့နိုင်ပါသည်။

**ကြိုတင်ခန့်မှန်း**

၂၀၁၅ ခုနှစ် ဧပြီလတွင် ကျွန်မတို့မလေးရှားနိုင်ငံမှ မြန်မာပြည်သို့ အပြီးပြန်လာခဲ့ကြသည်။ ကျွန်မဆန္ဒအရ မပြန်ချင်သေးသော်လည်း တကယ်လက်တွေ့အလုပ်လုပ်ရသော အမျိုးသားဖြစ်သူက အလွန်ပြန်ချင်နေပြီ ဖြစ်တာကြောင့် ပြန်လာခဲ့ရ၏။ မြန်မာပြည်တွင် ရင်ဆိုင်ရဖွယ်ရှိသော အခြေအနေအရပ်ရပ်အား အမျိုးသားကို ကြိုတင်ခန့်မှန်းပြီး ပြောပြဖြစ်ခဲ့သည်။ အလွန်ပြန်ချင်နေသူဖြစ်တာကြောင့် မြန်မာပြည်ပြန်ရောက်လျှင် ဘာပဲလုပ်ရလုပ်ရ လုပ်ပါမည်ဟု တဖွဖွပြော၍ ပြန်လာခဲ့ကြသည်။

**ဝင်ငွေ ထွက်ငွေမမျှ**

မြန်မာပြည်သို့ ပြန်ရောက်၍ နှစ်လခန့်နားပြီးနောက် ဆိုင်လေးတစ်ဆိုင်ဖွင့်ဖြစ်ပါသည်။ မဆိုးဘူးဆိုသော်လည်း သာရေးနာရေးများပြားလှသော မြန်မာပြည်၏ ထွက်ငွေနှင့်ဝင်ငွေမှာ မမျှခဲ့ပါ။ လင်မယားနှစ်ယောက်စလုံး ဖတ်ဖတ်မောအောင် လုပ်နေသော်လည်း မလေးရှားမှာရခဲ့သော ဝင်ငွေ၏ ငါးပုံတစ်ပုံပင်မရချေ။ လုပ်သလောက်အရာမထင်တော့ နိုင်ငံခြားပြန်ထွက်ချင်စိတ်များ ပြန်၍ဖြစ်လာသည်။ ကျွန်မနှင့်အိမ်ထောင်မကျခင် နာဂစ်ဖြစ်စဉ် ယခုလိုပဲ အပြီးပြန်လာဖူးသည်ဟု အမျိုးသားကပြောပြပါသည်။ ခြောက်လလောက်နေတော့ အကြွေး ၁၅ သိန်းလောက်တင်သွားသည်နှင့် မလေးရှားသို့ပြန်ထွက်ခဲ့ရသည်။ ဤဖြစ်ရပ်မျိုးက နိုင်ငံခြားပြန်လာသူတိုင်း ဖြစ်သလားဟု မေးစရာရှိနိုင်သည်။ လူတိုင်းမဟုတ်သော်လည်း တော်တော်များများ ထိုကဲ့သို့ပင်ဖြစ်နေကြသည်။ ပြန်လာကြသည်။ ဘာစလုပ်ရမှန်းမသိ၍ ပြန်ထွက်ကြရသည်။ မြန်မာပြည်မှာ အရင်းနှီးနည်းနည်းနှင့် စလုပ်၍လည်း အဆင်မပြေပေ။ သိန်း၅၀ ရင်းနှီးထားလျှင် နောက်ထပ်သိန်း ၅၀ ထပ်ဆောင်နိုင်မှ အဆင်ပြေနိုင်ပါသည်။ နိုင်ငံရပ်ခြားမှာ လုပ်ကိုင်လာသော လုပ်ငန်းများအား မြန်မာပြည်၌ဝင်ရောက် လုပ်ကိုင်သည့်အခါ ရရှိသော လုပ်အားခမှာ ကွာခြားလွန်းနေသည့်အတွက် လုပ်ရသည်မှာ အဆင်မပြေပေ။

**မသွားချင်သော်လည်း သွားနေရ**

တစ်ကိုယ်ရေတစ်ကာယသမားများအဖို့ အကြောင်းမဟုတ်သော်လည်း မိသားစုအတွက် ဦးဆောင်၍ စီးပွားရှာနေသူများအတွက် မခွဲချင်သော်လည်း ခွဲခွာကြရသည်။ မသွားချင်သော်လည်း ထပ်မံထွက်ခွာကြရပြန်သည်။ ဇွတ်မှိတ်နေကြပြန်တော့ အကြွေးတင်ကြသည် ။ နိုင်ငံရပ်ခြားမှာ အနေကြာသွားပြန်တော့လည်း ကိုယ့်တိုင်းပြည်နှင့် အလှမ်းဝေးကွာလွန်းတော့ ဘာလုပ်ရမှန်းမသိတာတွေလည်း ပါနိုင်သည်။ အဓိက ပြောချင်သည်မှာ နိုင်ငံရပ်ခြားရေမြေခြားကို ရောက်သူများသည် တိုင်းပြည်နှင့် လူမျိုးကို မချစ်ကြလို့မဟုတ်ကြပါ။ မြန်မာပြည်ကြီးတိုးတက်ဖို့ အားလုံးကြိုးပမ်းနေချိန်မှာ တစ်တပ်တစ်အားပါဝင်ချင်ကြမှာ အသေအချာပင်။ အူမတောင့်မှ သီလစောင့်နိုင်မယ်ဆိုတဲ့ စကားအတိုင်းပါပဲ။ မိမိတို့မိသားစု မိမိတို့တိုင်းပြည်မှာ မိသားစုနှင့်အတူ နေချင်ကြသော်လည်း မိသားစု စားဝတ်နေရေးဆိုသည့်အရာအား ဖြေရှင်းပေးနိုင်စေဖို့ မသွားချင်သော်လည်း သွားနေကြရလေတော့သည်။

## သုံးခွမြို့၌နှစ်ဆန်းတစ်ရက်နေ့ စုပေါင်းငါးလွှတ်ပွဲကျင်းပ

**သုံးခွ ဧပြီ ၁၈**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့တွင် နှစ်ဆန်းတစ်ရက်နေ့ စုပေါင်းငါးလွှတ်ပွဲအခမ်းအနားကို တကောကျေးရွာမော်တော်ဆိပ်၌ ဧပြီ ၁၇ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ယင်းငါးလွှတ်ပွဲသို့ သုံးခွမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်နှင့် ဝန်ထမ်းများ၊ အမှတ်(၂)လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးဇော်သန်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာပြည်သူများ၊ ဒေသခံများတက်ရောက်၍ စုပေါင်းငါးလွှတ်ကြရာ ရွှေဝါငါးကြင်း ၈၀၀၀ ကောင်၊ ငါးကြင်း ၂၀၀၀ ကောင် စုစုပေါင်း ငါးကောင်ရေ ၁၀၀၀၀ ကောင်တို့ကို စုပေါင်းလွှတ်ခဲ့ကြောင်း သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**




## ၁၃၇၉ ခုနှစ် မြန်မာ့နှစ်ဆန်း(၁)ရက်နေ့တွင် အသက်(၉၀) နှစ်နှင့်အထက် သက်ကြီး အဘိုး၊အဘွား ၂၀ တို့အား သက်ကြီးပူဇော်ပွဲအခမ်းအနားပြုလုပ်

**တောင်သာ ဧပြီ ၁၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်၌ ၁၃၇၉ ခုနှစ် မြန်မာ့နှစ်ဆန်း(၁)ရက်နေ့တွင် အသက် (၉၀) နှစ်နှင့်အထက် သက်ကြီးအဘိုး၊ အဘွား ၂၀ တို့အား သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဧပြီ ၁၇ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ သက်ကြီးပူဇော်ပွဲအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သက်ကြီးပူဇော်ပွဲအခမ်းအနားဖြစ်မြောက်ရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာခြည်မြင့်ကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ သက်ကြီးပူဇော်ပွဲအခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးအသင်းဝင်များက အဘိုး၊ အဘွားများအား ကျန်းမာရေးဌာနနှင့်ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ခြေသည်းလက်သည်းများ ညှပ်ပေးခြင်း၊ ဧည့်ခံကျွေးမွေးခြင်းနှင့် အဘိုး၊ အဘွားများအား တစ်ဦးလျှင် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၀ သိန်းကို လှူဒါန်းပူဇော်ခဲ့ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

## စစ်တက္ကသိုလ် အပတ်စဉ် (၁၃)
## နှစ်ပတ်လည် မိတ်ဆုံညစာစားပွဲ ဖိတ်ကြားခြင်း

စစ်တက္ကသိုလ် အပတ်စဉ် (၁၃) ၏ နှစ်ပတ်လည် မိတ်ဆုံညစာစားပွဲကို ၂၃.၄.၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၁၈း၀၀ နာရီတွင် WESTERN PARK RESTAURANT, POLO CLUB, ဗဟန်း(အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် လေးထောင့်ကန်လမ်းထောင့်)၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် သူငယ်ချင်းများနှင့် မိသားစုများ၊ ကျန်ရစ်သူဇနီးများနှင့် မိသားစုများ မပျက်မကွက် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၃.၄.၂၀၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် မြို့တော်စည်ပင်သာယာဂေါက်ကွင်း (ငွေသော်တာ) (YCDC) ၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

DSA 13 မှ သူငယ်ချင်းများ

## (၄၇)နှစ်ပြည့်မင်္ဂလာဆုတောင်းလွှာ

ချစ်ဖေဖေ ဦးအောင်(S.A.T ငြိမ်း၊ စိန်ဂွန်း)နှင့် ချစ်မေမေ ဒေါ်ခင်အေးသာတို့၏ ၁၉-၄-၂၀၁၇ ရက်တွင်ကျရောက်သော (၄၇)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သမီး၊ သား၊ မြေးတို့နှင့်အတူ ကျန်းမာချမ်းသာအသက်ရှည်စွာဖြင့် ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

| | | |
|---|---|---|
| ချစ်သမီးကြီး | - | မနွယ်နွယ်အောင် B.A (Geo)-<br>ကိုဇော်လေး(အောင်မြင်ထူး ဝပ်ရှော့) |
| ချစ်သမီးလတ် | - | မကြွယ်ကြွယ်အောင် M.Sc (Zool)-<br>ကိုဖြိုးဝေမောင် B.A (Psy) |
| ချစ်သမီးငယ် | - | မစန္ဒာအောင် B.Sc (Maths)<br>မန်နေဂျာ-အင်းဝဘဏ်လီမိတက်(ပြည်မြို့ဘဏ်ခွဲ) |
| ချစ်သမီးထွေး | - | မကြည်သာအောင် B.Sc (Zool)<br>(Manager-Earn Spark Myanmar Co.,ltd) |
| ချစ်မြေးများ | - | စည်သူလင်း၊ ဆုဝတီနွယ်၊ ဟိဏ်းထွဋ်အောင်၊ အောင်ခန့်ကို၊ သိမ့်လင်းလက် |

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ ရန်ကုန်ပုံနှိပ်စက်ရုံများ၊ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ (မန္တလေး)နှင့် နေပြည်တော်ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)တို့မှထွက်ရှိသော ဘေးထွက်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို(၁၈-၄-၂၀၁၇ရက်မှ ၂၅-၄-၂၀၁၇ရက်ထိ) နေ့စဉ်(နံနက်၉း၃၀နာရီမှ ညနေ၄နာရီအတွင်း) ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့် အချိန်မှာ ၂၅-၄-၂၀၁၇ရက် ညနေ(၄)နာရီ ဖြစ်ပါသည်။

၃။ သတ်မှတ်ချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၂၅၁၉၀၈ ၀၆၇-၄၁၂၂၀၈ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**RUBY Car Rental**
Ph : 01-535100, 01-519100, 09-51-77212
Alphard, Wish, Belta, Honda Fit, Succeed,Mark II,Saloon/Van, Hiace, Mini Bus ကားများကို လချုပ်/နှစ်ချုပ် Driverအပါ/မပါ ငှားရန်အသင့်ရှိသည်။

**ကားငှား မျိုးစုံ**
Alphard,Hiace ၉/၁၃ယောက်စီး၊၂၄/၂၉/၃၃/၄၅ယောက်စီးများကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များ ကိုယ်တိုင်ရှိသောသောဈေးနှုန်းဖြင့် အငှားလိုက်ပါသည်။
Ph: 09795549249,095418126
09-795546884

**ကိုသန့်ဇင်**
CAR RENTAL
ကားမျိုးစုံခရီးစဉ်အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

**ရွှေလမ်းညွှန်**
ထားဝယ်၊ မြိတ်၊ ကော့သောင်း
130000
38000 April 28
09-420087371, 09-262705136, 09-259302029


ပင်လယ်ကမ်းခြေမြို့ရှိ
Beauty Salon, KTVတွင်
အမျိုးသမီးဝန်ထမ်းများ
အမြန်အလိုရှိသည်။
09 252541155, 09 30735773

## အမည်ပြောင်းခြင်း

ကျွန်တော်ဦးစိန်သန်း[၁၂/ဒဂတ(နိုင်)၀၂၇၆၀၄]၏သား မောင်အောင်နိုင်ထွန်း စတုတ္ထတန်း အမက(၈) စမ်းချောင်းအား မောင်အောင်သီဟဟု ပြောင်းလဲခေါ်ပါရန်။

**သိုးရာသီ** ဝမ္မဒါန
မန္တလေး၊ မေမြို့ စစ်ကိုင်း၊ မုံရွာ၊ ကျောက်ဆည်
Apr-12,21
420144148, 421153797



HLG
HARVEY LAW GROUP
Since 1992

"The Multi Awarded Leading Investment Immigration Law Firm"
Assisting families, VIPs and businessmen to relocate and invest for a better future since 1992.
Providing solutions oriented advices in 16 different offices across the world with passion, excellence and determination.

AMERICA CANADA AUSTRALIA Website : www.harveylawcorporation.com
The future is in your hands. Call us now @ + 95 9 974052452

Contact us
Address : 6/F, Hledan Centre, Corner of Pyay Road and Hledan Road, Kamayut Township, Yangon, Myanmar Offfice Tel : +95 1 2304405 Ext: 8631

Yee Fashion Designer Group
အခြေခံစက်ချုပ်နှင့်ဒီဇိုင်းပညာဒါန သင်တန်းခေါ်ယူခြင်း
နိုင်ငံတကာ အဆင့်မီ ခေတ်မီဆန်းသစ်သော အဝတ်အထည်ဒီဇိုင်းများကို ပညာရှင်များမှ ဒီဇိုင်းအသိဒီဇိုင်းအမြင် ဒီဇိုင်းသီအိုရီတို့ဖြင့် ပေါင်းစပ်၍ ခေတ်မီသပ်ရပ်လှပသော စတိုင်ကျသော အဝတ်အစားများကို ဖန်တီးနိုင်သည့် စာတွေ့လက်တွေ့အခြခံမှစ၍ ဒီဇိုင်းမျိုးစုံ တီထွင်ဖန်တီးနိုင်သော ဒီဇိုင်နာကောင်း တစ်ယောက်ဖြစ်စေရန်နှင့် လူစွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ အခြေခံစက်ချုပ်နှင့် ဒီဇိုင်းပညာဒါန သင်တန်း အမှတ်စဉ်(၁၃)ကို ဖွင့်လှစ် မည်ဖြစ်ပါ၍ တက်ရောက်လိုသူများ (၂၉-၄-၂၀၁၇)ရက်နေ့နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်သည်။
ဆက်သွယ်ရန် - Center(1) - အမှတ်(၇၆)၊ မြေညီထပ်၊(၁၁)လမ်း၊ လမ်းမတော်မြို့နယ်။ လူဦးရေးကန့်သတ်ထားသည် Ph: 09-73048822, 09-31788338, 09-250833774

Yaung Chi Thit Lin Moving Service Co.,Ltd
YCT ရောင်ခြည်သစ် (လီမိတက်)
အိမ်ပြောင်း၊အိမ်ရွှေ့ဝန်ဆောင်မှု ကုမ္ပဏီ
(မြို့တွင်း / နယ်ဝေး)
No.194, Myayamon Water Fromt Villa, Lay Doung Kan Road,26 Qtr, South Dagon.
yaungchithitmovingservice@gmail.com
09 450454771, 09 450454772, 09 450454773

ဆရာ/မ၊ အဆရာရှိမြစ်သူများ ရေပြကျင် အတင်းစာ ဆုံမည်မဟုတ်
SH မြင့်သူထက် YU
နေ့စား လပေး ဆရာ/မ ဝင်ခွင့်
ရာထူးဝန်အဖွဲ့မှခေါ်သော ဝင်ခွင့်အားလုံး
အာဆီယံပညာသင်ဆု
ဝင်ခွင့်ရသင်တန်းကြီး
၁၀တန်း အာသာရပ်ကျွမ်းကျင် ဆရာဖြစ်
၈၊ ၁၀တန်း
ပတ်ဝန်းကျင် ထိမ်းသိမ်းရေး ၃/ဦးစီး စာရင်းကိုင်(၂) ဝင်ခွင့်အားလုံး သင်သည်
COMPUTER
တိုက် (၃၅) ၃ လွှာ၊ ပေ (၅၀)လမ်း (လှည်းတန်းဈေးနောက်လမ်း)၊
ရန်ကုန်။ ဖုန်း - ၀၁၅၂၃၀၁၇၊ ၀၉၇၃၀၀၈၇၁၉၊ ၀၉၂၆၃၇၀၄၀၀၅။

ဝန်ထမ်းအလိုရှိသည်
သီးခေတ်အလှပြင်ဆိုင်(ဗိုလ်တထောင်မြို့နယ်)
၁၊ ညှပ်ဘာသာစုံ မ (၃)ဦး
၂၊ ခေါင်း/သစ် မ (၅)ဦး
၃၊ လက်သည်းခြေသည်း မ (၂)ဦး
၄၊ Foot Reflexology မ (၃)ဦး
၅၊ အလုပ်သင် မ (၅)ဦး
မိမိတို့ CV၊ အလုပ်သမားမှတ်ပုံတင်နှင့် အတူ အမှတ် (၈၀)၊ ၄၃-လမ်း၊ ကုန်သည်လမ်းထိပ်၊ဗိုလ်တထောင်မြို့နယ် သို့ လာရောက်လျှောက်ထားနိုင်ပါသည်။
Ph:09 5199076

ဝန်ထမ်းအလိုရှိသည်။ (ရန်ကုန်)
1. ကုန်ပို့ဝန်ထမ်း အသက် (၂၀)အောက် (၃)ဦး
2. အရောင်းဝန်ထမ်း မ (၂)ဦး၊ စာရင်းကိုင် မ (၂)ဦး
3. စက်ရုံဝန်ထမ်းစဉ်(၃)အတွက် စားရိတ်ငြိမ်း၊ နေယ်ဦးစားပေးမည်။ (အလယ်တန်းအောင်)၊ အကျင့်စာရိတ္တကောင်းသူ ကျား (၃)ဦး
ဖုန်း- နံနက် (၉)နာရီမှ (၅)နာရီအတွင်း- 09 788394899

မီးဘေးရှောင် မလောင်ခင်တား

M.K.T Construction Co.,Ltd
Y.C.D.C-LC 270 ; Y.C.D.C-LC 531 ; Y.C.D.C-LC 1224 ;
M.C.D.C-LC 085

မြန်မာ့နှစ်သစ်ကူးအခါသမယတွင်
မြန်မာပြည်သူပြည်သားများအားလုံး
ကျန်းမာချမ်းသာပျော်ရွှင်ပြီး
ကံကောင်းခြင်းမင်္ဂလာအဖြာဖြာနှင့်
ပြည့်စုံပါစေကြောင်း
နှစ်သစ်ဆုမွန်ကောင်း တောင်းအပ်ပါသည်



ရုံးချုပ်-အမှတ်(၁၁၁)၊ (၄၂)လမ်း၊ မဟာဗန္ဓုလလမ်း နှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
☏ ၀၁-၃၈၂၄၂၃၊ ၀၁-၃၉၈၁၉၁၊ ၀၁-၂၄၅၇၈၆ ၀၉- ၇၃၀၇၂၂၅၀၊ ၀၉-၅၁၇၈၄၇၈
Website: www.mktconstruction.com Email: marketing@mktconstruction.com.
Facebook: www.facebook.com/mktconstruction.mm

# Y.E.S. International English Language Centre

Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော

တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

**Basic Spoken English**
Sat & Sun - 3:45-6:45 pm — 1 Apr
Mon to Thurs-10:30-12:30am — 24 Apr
Mon to Thurs-1:00-3:00 pm — 24 Apr
Mon to Thurs-3:00-5:00 pm — 24 Apr
Sat & Sun - 12:30 -3:30 pm — 29 Apr

**Pre-Intermediate English**
Mon to Thurs-10:30-12:30 am — 24 Apr
Mon to Thurs-1:00-3:00pm — 24 Apr
Sat & Sun - 12:30 - 3:30 pm — 29 Apr

**Vocabulary Enrichment Course**
Sat & Sun - 10:00-12:00am — 1 Apr
Mon to Thurs - 3:30-5:00 pm — 24 Apr

**Grammar Foundation Course**
Mon to Thurs - 10:00-12:00am — 24 Apr
Sat & Sun - 9:00-12:00 am — 29 Apr

**Structure & Written Expression**
Sat & Sun - 12:30-3:30pm — 22 Apr

**Basic Writing Course**
San & Sun - 3:45-6:15 pm — 29 Apr

NEW SAT, IELTS, TOEFL, API, AWC, IE

No.190, 2nd Flr:,28thSt:(Upper), Pabedan Tsp. Ph: 01-243950, 246910


## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၀၅/မမ/CTM (17-18) | နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊မော်လမြိုင် နှင့် ပုဂံ ဘူတာကြီးများတွင် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ရန် |

တင်ဒါပိတ်မည့် နေ့/အချိန် ၁၈.၅.၂၀၁၇ (ကြာသပတေးနေ့ ) (၁၄ : ၃၀)နာရီ

၂။ တင်ဒါပုံစံများ ကို အောက်ဖော်ပြပါ ဌာန တွင် (၁၈.၄.၂၀၁၇) ရက်နေ့မှစ၍ ရုံးချိန် အတွင်း ဝယ်ယူနိုင် ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352, 291994

## အများသိစေရန်အသိပေးကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်မေတ္တာရပ်ကွက်၊ သစ်တောလမ်း၊ အမှတ်(၁၄၃၄)တွင်နေထိုင်သူ ဒေါ်စိုးစိုး[၈/ပဖန(နိုင်)၀၀၀၄၂၆] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြော်ငြာအပ်ပါသည်။

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပိတောက်(၉)လမ်း၊ မြေကွက်အမှတ်-၁၉၃၅၊ ဧရိယာ ပေ(၁၅×၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်အတွင်း ဆောက်လုပ်ထားသော အုတ်ညှပ်၊ သွပ်မိုး၊ နှစ်ထပ်အိမ်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စိုးစိုးမှ မူလပိုင်ရှင်ထံမှတစ်ဆင့် အဆင့်ဆင့် ဆက်စပ်အရပ်စာချုပ်များဖြင့် ၂၅-၅-၂၀၁၄ရက်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ မည်သူမဆို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိုးစိုး၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာရရှိခြင်း၊ သိရှိခြင်းမရှိဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ အခြားနည်း တစ်နည်းနည်းဖြင့် ပြုလုပ်ဆောင်ရွက်ခြင်းတို့ မပြုလုပ်ရန် အများသိရှိစေရန် အသိပေးကြော်ငြာအပ်ပါသည်။ အကယ်၍ လိုက်နာဆောင်ရွက်ခြင်းမရှိပါက ကျူးလွန်သူအား တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-ဦးကိုကိုအောင် (စဉ်-၃၅၄၇၃)**
**LL.B,D.BL,D.I.L,WIPO (Switzerland) အထက်တန်းရှေ့နေ**
**အမှတ်(၄၆၀)၊ သုမာလာ(၁)လမ်း၊ ၂/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၆၆၁၂၀၂၊ ၀၉-၇၉၅၆၆၁၂၀၂၊ ၀၉-၉၇၅၆၁၂၀၂**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
### တင်ဒါအမှတ်-၀၃/ရအ(ပဖတ)/သယ်ပို့(တင်ဒါ)/၂၀၁၇-၂၀၁၈

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ သူဌေးရေအားလျှပ်စစ်စီမံကိန်းအတွက် နိုင်ငံခြားစက်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၉-၄-၂၀၁၇ ရက်၊ ၉း၀၀ နာရီ
တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်/အချိန် - ၄-၅-၂၀၁၇ ရက်၊ ၁၂း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၈၉၊ ၈၁၀၄၁၉၀၊ ၈၁၀၄၁၉၁**


★STAR★
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
Ph:09-43088052, 09-73254389, 09-421067330


## ဝန်ထမ်းအလိုရှိသည်

1. Engineer BE (civil) — M — (1)post
   (Planning Supervisor)
   - working experience 5 years and over
   - prefer with oversea experiences
   - 2D, 3D, Auto Card and Computer Skill (Ms Office, Excel...)
2. Junior Accountant — M/F — (1)post
   - BA(Eco), LCCI Level-2, Level-3 stay and work in Sittwe for (2) post
3. Marketing Manager — M/F — (3)post
   BA(Eco) ဘွဲ့ရ၊ ဥပဒေဘွဲ့ရရမည်။
   Marketing အတွေ့အကြုံရှိရမည်။
   - လစာ(၄)သိန်းအထက် ညှိနှိုင်းပေးမည်။

**Address-No.315/I, Pauk Zayti Street, (6)Ward, (8)Mile, Mayangone T/S, Yangon, Phone-01-652846**


ဗလ
ငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်
စာပေ
လေ့လာစို့



GW 0973226006 0973133528 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
အမှတ်၆၉၊ မြေညီထပ်၊ မင်္ဂလာလမ်း၊
09401505559 စမ်းချောင်း



သစ်တောနဲ့
သစ်ပင်
ချစ်ခင်တဲ့
လူမျိုး
သစ်ပင်ကို
နှစ်စဉ်
စိုက်
ရွှေတိုက်
ကိုစိုး


## ရိုးရိုးအဘိဓမ္မာ၊ ဂုဏ်ထူးဆောင်အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် ဓမ္မဒါနသင်တန်းများ ဖွင့်လှစ်မည်

သင်တန်းဖွင့်လှစ်မည့်နေရာ - ရွှေဘုန်းပွင့်စေတီတော် ဓမ္မသာလာ(သုံးထပ်ဓမ္မာရုံ)
သင်တန်းဖွင့်လှစ်မည့်နေ့ရက် - ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၉ ရက် (စနေနေ့)
သင်တန်းအချိန် - စနေ၊ တနင်္ဂနွေနေ့တိုင်း
အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ် - နံနက် ၈း၃၀ နာရီမှ မွန်းလွဲ ၁၂း၃၀ နာရီအထိ
ဂုဏ်ထူးဆောင်အဘိဓမ္မာ - မွန်းလွဲ ၁၂း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအထိ

သင်တန်းတက်ရောက်လိုသူများ ၂၇-၄-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ၄နာရီ နောက်ဆုံးထား၍ ဓာတ်ပုံ(၂)ပုံနှင့်အတူ ဂေါပကအဖွဲ့ရုံးသို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

မှတ်ချက်။ ။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။

**ရွှေဘုန်းပွင့်စေတီတော်ဂေါပကအဖွဲ့**
**ဖုန်း-၀၁ ၂၉၀၄၂၅၊ ၀၁-၂၉၄၀၁၂ ၊၀၉ ၄၂၁၀၂၃၆၉၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စက်မှုလယ်ယာဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ထွန်စက်ကြီးများ | 3Lot |
| (ခ) | ထွန်ယက်ကိရိယာများ | 4Lot |
| (ဂ) | ကောက်စိုက်စက် | 1Lot |
| (ဃ) | စပါးရိတ်သိမ်းခြွေလှေ့စက် | 1Lot |
| (င) | မြေတူးစက် | 1Lot |

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၂၀-၄-၂၀၁၇ရက်မှ ၁၇-၅-၂၀၁၇ရက် ၁၂နာရီအထိ
၃။ အိတ်ဖွင့်တင်ဒါပိတ်ရက် - ၁၇-၅-၂၀၁၇ ရက်၊ ၁၂နာရီ

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**စက်မှုလယ်ယာဦးစီးဌာန၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၂၄၃၊ ၀၆၇-၄၃၁၂၄၂**

## ကိုယ်စားလှယ်လွှဲအပ်ထားခြင်းအား ရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဇီးကုန်းကျေးရွာ အလယ်ပိုင်း၊ အမှတ်(၂၆)နေ ဒေါ်ကျင်ရွှေ(ဘ)ဦးထွန်းလှိုင်[၁၂/ရပသ(နိုင်)၀၁၃၈၀၁]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကျင်ရွှေ[၁၂/ ရပသ(နိုင်)၀၁၃၈၀၁]သည် ဦးကျော်စိုး(ဘ)ဦးကြီးငွေ[၁၂/ရပသ(နိုင်)၀၁၄၂၀၇]အား ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တညင်းကုန်းရပ်ကွက်၊ နယ်မြေ(၁၃)၊ ကွင်းအမှတ်၄၀၄-က၊ ဦးပိုင်အမှတ်(၁၁)ရှိ လယ်မြေကိစ္စများ ဆောင်ရွက်ရန် လယ်မြေဇာ ဖော်ပြခြင်းမရှိဘဲ ၁၃-၈-၂၀၁၄ရက်တွင် ရုံးပိုင်းဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အထူးကိုယ်စားလှယ်လွှဲအပ်စာပေးအပ်ခြင်းစာချုပ် ချုပ်ဆို၍ ကိုယ်စားလှယ်အဖြစ် လွှဲအပ်ထားခဲ့ပါသည်။

ယခုအခါ ဦးကျော်စိုးသည် ကျွန်ုပ်မိတ်ဆွေ သိရှိသဘောတူခြင်းမရှိဘဲ ထိုလယ်မြေများအား ရောင်းချခဲ့ကြောင်း သိရှိခဲ့ရပါသည်။ ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေမှ ၎င်းအား ရောင်းချရန် ကိုယ်စားလှယ်လွှဲအပ်ခြင်းမရှိဘဲ ရောင်းချခဲ့သဖြင့် ၎င်းအား လွှဲအပ်ထားသော ကိုယ်စားလှယ်အဖြစ်မှ ပြန်လည်ရုပ်သိမ်းပါကြောင်းနှင့် အဆိုပါ ကိုယ်စားလှယ်လွှဲစာနှင့်ပတ်သက်၍ မည်သည့်ကိစ္စမျှ ဆောင်ရွက်ခွင့်မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကျင်ရွှေ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အောင်အောင်အေး အထက်တန်းရှေ့နေ(စဉ်-၄၂၉၄၂)**
**အင်းစိန်ရှေ့နေများရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၂၅၃၈၀၆၈၀၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ ဘိုးလိန်း၊ စံပယ်လမ်း၊ ၆လွှာ၊ အမှတ်(၁/၁၂၇)နေ ဒေါ်သဇင်[၁၂/အစန(နိုင်)၀၃၁၃၀၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ လူနေရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၂၄၉)၊ သိင်္ဂီ(၂)လမ်းတောင်၊ မြေအကျယ်ပေ(၂၀×၆၀)ရှိ မြေနှင့်မြေပေါ်တွင် ဆောက်လုပ်ထားသော(၂)ထပ်တိုက်ခံအိမ် အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိခင်အမည်ပေါက် ဒေါ်အေးသိန်းနှင့်ဖခင်တို့ကွယ်လွန်ပြီး ကျန်ရစ်သောသားသမီးများမှ ၎င်းတို့ကိုယ်တိုင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးကျော်ဝင်း[၁၂/သကတ(နိုင်)၀၃၆၃၂၂]နှင့် ဦးမြင့်ကြိုင်[၁၂/သကတ(နိုင်)၀၀၈၂၀၄]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန်အတွက် စရန်ငွေအဖြစ်ရောင်းကြေးငွေ၏ တချို့တစ်ဝက်ကို ၁၁-၄-၂၀၁၇ရက်တွင် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက အထောက်အထား ခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ငြိမ်းအောင်**
**LL.B.,LL.M (International Law)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၉)**
**အမှတ်(၆၈၁)၊ ဝေဇယန္တာအနောက်(၁၅)လမ်း၊ ၆/အနောက်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ဖုန်း-၀၉-၄၂၀၀၇၇၃၁၅၊ ၀၉-၉၆၄၂၇၇၃၁၅**

## (၂)နှစ်ပြည့်ဂုဏ်ယူအလွမ်း
## ဒုတိယဗိုလ်မှူးကြီးသူရဇော်မျိုး (D.S.A-41)
### (၁၉-၄-၂၀၁၅)မှ (၁၉-၄-၂၀၁၇)

ကျွန်မတို့ သားအမိ ချစ်ခင်အားကိုးရပါသော ကျေးဇူးရှင် 'ကို' ဒီနေ့ဆိုရင် မိန်းမတို့ရဲ့ မိသားစု ဘဝလေးထဲကနေ 'ကို'ထွက်သွားခဲ့တာ (၂)နှစ်ပြည့်သွားခဲ့ပြီ. . . နေ့စဉ်၊ လစဉ် မိန်းမနဲ့သား ပြုလုပ်ခဲ့သမျှ ကုသိုလ်ကောင်းမှုတွေအတွက် 'ကို့'ကို အမျှပေးဝေပါတယ်. . . မြင့်မြတ်တဲ့ဘုံဘဝကနေ အေးချမ်းစွာ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ. . .

'ကို့'အတွက် အလွမ်းတွေနဲ့အတူ အမြဲဂုဏ်ယူနေတဲ့။

**မိန်းမနဲ့သား**

## ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ထမ်းဆောင်ရန် ဝန်ထမ်းအလိုရှိသည်

၁။ မူ/လယ်ပြ ဆရာ၊ ဆရာမများ
၂။ မူ/လယ်ပြ Guide များ
၃။ အထက်တန်းပြ Guide များ
၄။ Office Staff (F)
၅။ ယာဉ်မောင်း
- ပညာရေးအထောက်အထားများ ပူးတွဲ၍ CV Form တင်ရန်
- အမှတ်စဉ်(၃)အတွက် အဆောင်နေနိုင်သူ ဦးစားပေးမည်။

**အမှတ်(၄၇)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊**
**ဆင်ရေတွင်းမှတ်တိုင်၊ UEC ကျောင်း၊ ဖုန်း-၀၉-၇၉၃၈၉၃၇၂၅**

## ဒေါ်ယဉ်ယဉ်နိုင်[၁၂/အလန(နိုင်)၀၂၂၂၆၆]နှင့် ဒေါ်မြမြသောင်း[၁၄/မမက(နိုင်)၀၀၂၃၁၈]တို့သိစေရန်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်အေးအေးမင်းနှင့် ဦးအောင်ဇေယျာဟိန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအကြောင်းကြားအပ်ပါသည်မှာ-ရန်ကုန်မြို့၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၈၀) ပထမထပ်(ဘယ်)ထပ်ခိုးပါ ဟောင်ကောင်တိုက်၊ အကျယ်အဝန်း ပေ(၁၂½×၆၇½)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ယဉ်ယဉ်နိုင်မှ ၎င်းတစ်ဦးတည်းသာပိုင်ဆိုင်ပြီး အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံ၍ ဒေါ်မြမြသောင်းမှလည်း တာဝန်ခံပြောဆိုသဖြင့် အဆိုပါ တိုက်ခန်းနှင့်စပ်လျဉ်း၍ ကျွန်ုပ်မိတ်ဆွေများမှ ငွေကျပ်-၅၀၀၀၀၀၀၀ (ကျပ်သိန်းငါးရာတိတိ)အား အရောင်းအဝယ်စရန်ငွေအဖြစ် ပေးအပ်ခဲ့ပါသည်။ ထိုသို့ပေးအပ်ပြီး နောက်ပိုင်း သတ်မှတ်ကာလတွင် ဒေါ်ယဉ်ယဉ်နိုင်မှ ကျန်ငွေကိုလက်ခံပြီး တိုက်ခန်းအား လက်ရောက်ပေးအပ်ခြင်းမရှိသဖြင့် သွားရောက်စုံစမ်းရာ အဆိုပါတိုက်ခန်းသည် ကန်ထရိုက်ပေးထားခြင်း၊ ဒေါ်ယဉ်ယဉ်နိုင်တစ်ဦးတည်း ပိုင်ဆိုင်ခြင်းမဟုတ်ဘဲ အခြားသူများပါ ပိုင်ဆိုင်နေကြောင်း စုံစမ်းသိရှိရသဖြင့် ယနေ့သတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ (၃)ရက်အတွင်း တာဝန်ခံသူ ဒေါ်မြမြသောင်းနှင့်အတူ ဒေါ်ယဉ်ယဉ်နိုင်မှ ကျွန်ုပ်၏ထံသို့ဖြစ်စေ ကျွန်ုပ်မိတ်ဆွေများထံသို့ဖြစ်စေ လာရောက်ရှင်းလင်းပါရန်နှင့် လာရောက် ရှင်းလင်းခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မိုးသူ အထက်တန်းရှေ့နေ(စဉ်-၃၀၉၀၅)**
**ဖုန်း-၀၉-၂၅၀၅၁၄၀၈၈**

## အယူတော်ခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၁၆ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ်-၈၄

| | | |
|---|---|---|
| ၁။ ဦးဝင်းမြင့်(ခ)ဦးအောင်နိုင် | နှင့် | ၁။ ဦးဂါဖရ် |
| ၂။ ဦးနေဝင်း | | ၂။ ဒေါ်ခင်စန်းဝေ |
| | | ၃။ ဒေါ်ခင်မာဌေး |
| | | ၄။ ဒေါ်ခင်သန်းထွေး |
| | | ၅။ ဒေါ်မေမေလှ |
| | | ၆။ ဒေါ်ခင်သန်းနွယ် |
| | | ၇။ ဦးမောင်ချို |
| | | ၈။ ဦးဇော်မင်းလတ် |
| | | ၉။ ဦးသိန်းမင်းဦး |
| **အယူခံတရားလိုများ** | | **အယူခံတရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၂၂လမ်း၊ အမှတ်-၄၆နေ အယူခံတရားပြိုင် အမှတ်(၁) ဦးဂါဖရ် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

၂၀၁၆ခုနှစ်၊ ဇွန်လ ၂၉ရက်နေ့စွဲပါ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမဗာရီမှုအမှတ်-၇၂/၂၀၁၄ အမှုတွင် ချမှတ်သော စီရင်ချက်နှင့် ဒီကရီကို အယူတော်ခံမှု။

ယခုအမှုတွင် ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတော်မှ ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီကို အယူခံတရားလိုမှ အထွေထွေအယူခံမှု တင်သွင်းရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ဤအယူခံမှုကို ၂၀၁၇ခုနှစ် မေလ ၈ရက်(၁၃၇၉ခုနှစ်၊ ကဆုန်လဆန်း ၁၃ရက်)တွင် ဆိုင်ရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ အယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်၏မျက်ကွယ်တွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်း၂၂အရ ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**အမိန့်အရ-**
**(ခင်မေရီ)**
**ဒုတိယညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**



မြန်မာနှစ်ဆန်းတစ်ရက်နေ့ (မေ ၁၇ ရက်)က မန္တလေးခရိုင် အမရပူရမြို့နယ်ရှိ ဝေရောစနကျောက်စိမ်းစေတီတော်တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများ တိုးမပေါက်အောင်စည်ကားလျက်ရှိစဉ်။
တင်မောင်(မန်းကိုယ်ပွား)



# ထပ်လုံကျိန်းလန်းစေတီ ထီးတော်စောင်းမှုဖြစ်

**တာချီလိတ် မေ ၁၈**

တာချီလိတ်ခရိုင် တာလေမြို့ အရှေ့တောင်ဘက် ငါးမိုင်ခန့်အကွာကို ဗဟိုပြု၍ ယနေ့ ညနေ ၃ နာရီ ၄၅ မိနစ်ခန့်က အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၇ အဆင့်ရှိ မြေငလျင်လှုပ်ခတ်မှုကြောင့် ဝိန်းလန့်ကျေးရွာရှိ ထပ်လုံကျိန်းလန်းစေတော်၏ထီးတော် အနည်းငယ် ယိမ်းသွားခဲ့ကြောင်းနှင့် တာလေမြို့ပေါ်၌ ပျက်စီးဆုံးရှုံးမှုမရှိကြောင်းသိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**




# မကွေး-ဂလိုဘယ် ပွဲကြိုသတင်းစာရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် မေ ၁၈**

၂၀၁၇ AFC Cup ပြိုင်ပွဲအုပ်စုပွဲစဉ် (၅) ကို ယှဉ်ပြိုင်ကစားမည့် မကွေးအသင်းနှင့် ဂလိုဘယ်အသင်းတို့၏ ပွဲကြိုသတင်းစာ ရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက MFF ရုံး၌ ကျင်းပရာ နှစ်ဖက်အသင်း နည်းပြချုပ်များနှင့် အသင်းခေါင်းဆောင်များ တက်ရောက်သည်။

မကွေးအသင်းနည်းပြချုပ်ဦးဇော်ဝင်းထွန်းက "ဒီပွဲမှာ နိုင်ငံခြားသားကစားသမားတွေ မပါနိုင်တဲ့အတွက် ပြည်တွင်းကစားသမားတွေနဲ့ပဲ ပြင်ဆင်ထားပါတယ်။ ဂလိုဘယ်အသင်းဟာ အသင်းကောင်းတစ်သင်းဖြစ်ပြီး အသင်းလိုက်ကစားတတ်တဲ့ အသင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ကတော့ အိမ်ကွင်းမှာ အမှတ်မဆုံးရှုံးအောင် ကြိုးစားမှာဖြစ်ပြီး အနိုင်ကြိုးစားသွားမှာပါ" ဟုပြောကြားသည်။

ဂလိုဘယ်အသင်းနည်းပြချုပ် တိုရီအာကီက"နည်းပြတိုင်းကတော့ ကိုယ့်အသင်းအနိုင်ရဖို့နဲ့ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐

# သင်္ကြန်အပြီး၌ ကား၊ ဆိုင်ကယ် ပြုပြင်ရေးနှင့် ရေဆေး ဆိုင်များ ဝင်ငွေကောင်းလာ




**စာမျက်နှာ - ၉**



# သံတောင်မြို့ ပသီချောင်းတွင် အနယ်နယ်အရပ်ရပ်မှ ရေကစားသူများဖြင့် စည်ကား

**စာမျက်နှာ - ၁၆**

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ဂ/၂၀၁၄၊ တဆထလ/တိုး(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0317) / (ဆေးမှုန့်)TMR 000394(0317)
RE GD.
ဝမ်းဟွယ်ဟွယ်နဲ့ အိပ်မကျအောင်ဆိုးနေတဲ့ချောင်း ကွမ်းရှက်ပုံ ဆေးကောင်း
ကွမ်းရှက်ပုံတိုင်းရင်းဆေးအား မည်သည့် မြို့ရွာ များကိုမျှ မော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ မိဘပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေးဝန်ကြားအပ်ပါသည်။
မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

RE GD
ဒူးနာ၊ ဒါးနာ၊ ကျိုးပေါင်းရောဂါ၊ ထုံကျင်ကိုက်ခဲအကြောဝေဒနာရှင်များနှင့် ချောင်းဆိုး၊ ရင်ကျပ်၊ ဗိုက်နာလျှင် လိမ်း
မူးမော၊ ရင်တုန်၊ ဇက်ကြောတက်လျှင် ရှူ
ဂမုန်းရှင် လေငန်းကာကွယ်လိမ်းဆေးရည်
အဖြိုးမြို့ ဆေးတိုင်းမှာ ရရှိနိုင်ပါသည်။
ဂမုန်းရှင် လေငန်းကာကွယ်လိမ်းဆေးရည်သည်

ကြေးမုံ
စီးပွားရေးကဏ္ဍ
၁၉-၄-၂၀၁၇ (ဗုဒ္ဓဟူးနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

# အစိုးရ၏ တစ်နှစ်တာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အားထုတ်မှုခရီး

ပြည်သူ့ဝန်ထမ်းမှတ်တမ်းရှင်

တစ်နှစ်တာပြက္ခဒိန်၏ သုံးလမြောက်ကုန်ဆုံးချိန်၊ ရော်ရွက်ဝါတို့ လေတိုက်တိုင်း လှုပ်ရှားပြေးလွှား ဆော့ကစားသည့် နွေဦးလေသော့အချိန်အခါသည် မြန်မာ့ ရိုးရာနှစ်ကူးပွဲတော်ကျင်းပသည့် မင်္ဂလာအချိန်ဖြစ် သည်။

ထိုအချိန်သည် တစ်တိုင်းပြည်လုံးရှိ ပြည်သူလူထုက ပုံအောမဲပေးရွေးချယ်၍ နိုင်ငံ့တာဝန်ကို ပေးအပ်လိုက်သည့် ဒီမိုကရေစီအင်အားစုများဖြင့် ဖွဲ့စည်းထားသော အစိုးရ၏ သက်တမ်းတစ်နှစ်ပြည့်သည့် အချိန်အခါနှင့်လည်း တိုက် ဆိုင်နေသည်။

ဒီမိုကရေစီအစိုးရသည် အနာဂတ်ကို ရည်မျှော်၍ အရှေ့ကို ဦးတည်လျှောက်လှမ်းရင်း အတိတ်ကာလက မပြီးပြတ်သေးသော နိုင်ငံရေး၊ စီးပွားရေး၊ တိုင်းရေးပြည်ရာ ကိစ္စများကိုလည်း နောက်ပြန်လှည့်၍ ရှင်းနေရသည်။ ဤသို့ဖြင့် ပြောင်းလဲနေသော နိုင်ငံတကာရေးရာ အခင်း အကျင်းများနှင့် ပြည်တွင်းအခြေအနေများထဲ၌ နိုင်ငံ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထုတ်လုပ်ကိုင် ရင်း တစ်နှစ်တာအချိန်ကာလကို ဖြတ်သန်းကုန်ဆုံးခဲ့ပြီ ဖြစ်သည်။

**အစိုးရအဖွဲ့ဝင်များ၏အသုံးစရိတ် စိစစ်ချွေတာသုံးစွဲခြင်း**

ဒီမိုကရေစီအစိုးရသည် နိုင်ငံ့တာဝန်ယူလျှင်ယူချင်း၊ ရငွေနှင့် အသုံးစရိတ်မမျှမတဖြစ်နေသည့် နိုင်ငံ၏ ဘတ်ဂျက်တွင် ကြာမြင့်စွာဖြစ်ပေါ်နေသော လိုငွေကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်ရန်အတွက် အဖြစ်နိုင်ဆုံး ပထမနည်းလမ်းအဖြစ် အစိုးရအဖွဲ့ကို ပြန်လည်ဖွဲ့စည်းခဲ့သည်။

ယခင်ကရှိခဲ့သည့် ဝန်ကြီးဌာနများကို လုပ်ငန်း သဘောသဘာဝနီးစပ်ပြီး ပေါင်းစပ်ရန် အခြေအနေပေး သည့် ဝန်ကြီးဌာနများကို ပေါင်းစပ်ခြင်း၊ ထပ်မံလိုအပ် သည့် ဝန်ကြီးဌာနများကို အသစ်ဖွဲ့စည်းခြင်းတို့ ပြုလုပ် ခဲ့သည်။ ထို့ကြောင့် ယခင်ကရှိခဲ့သည့် ဝန်ကြီးဌာန ၃၆ ဌာနမှ ၂၂ ဌာနသို့ လျှော့ချခဲ့သည်။



**စက်မှုဝန်ကြီးဌာန ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။**

ဖွဲ့စည်းပုံပြောင်းလဲမှုနှင့်အတူ ဝန်ကြီးနှင့် ဒုတိယ ဝန်ကြီး အရေအတွက် ပြောင်းလဲလျှော့ချနိုင်ခဲ့သည်။ ယခင်က ဝန်ကြီးအရေအတွက် ၃၆ ဦး တာဝန်ယူခဲ့ရာမှ ယခုအစိုးရသစ်အဖွဲ့တွင် ဝန်ကြီးအရေအတွက် ၂၁ ဦး သို့ လျှော့ချနိုင်ခဲ့ပြီး ယခင်က ဒုတိယဝန်ကြီးအရေအတွက် ၅၆ ဦးရှိခဲ့သည်ကိုလည်း ယခုအချိန်တွင် ၁၁ ဦးသို့ လျှော့ချခန့်ထားခဲ့သဖြင့် ၄၅ ဦးအထိ လျှော့နည်းသွား ခဲ့သည်။ အကျိုးဆက်ရလဒ်မှာ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများအတွက် ကုန်ကျရမည့် ပြည်သူ့အသုံး စရိတ် ပမာဏများစွာကျဆင်းသွားခဲ့ခြင်းဖြစ်သည်။

အစိုးရ အဖွဲ့ဝင်ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၏ လစာ များသာမက ထိုပုဂ္ဂိုလ်များနှင့်ပတ်သက်သည့် အဆောင် အယောင်များအတွက် ကုန်ကျစရိတ်အပါအဝင် အခြား သော ကုန်ကျမှုများလျှော့ချနိုင်ခဲ့သောကြောင့် ဒီမိုကရေစီ အစိုးရသည် နိုင်ငံတော်၏ငွေ၊ ပြည်သူတို့ငွေကြေးများကို ကျပ်သန်းပေါင်းများစွာ ချွေတာသုံးစွဲခဲ့သည်ကို မည်သူမျှ ငြင်းချက်ထုတ်နိုင်မည်မဟုတ်ပါ။

ဝန်ကြီးဌာနများ ပေါင်းစပ်ဖွဲ့စည်းမှုတွင် နိုင်ငံ့စီးပွား ရေးနှင့် သက်ဆိုင်သော ဝန်ကြီးဌာနများဖြစ်ကြသည့် ယခင်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနနှင့် သမဝါယမ ဝန်ကြီးဌာန သုံးခုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တစ်ခုတည်းအဖြစ်လည်း ကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန နှစ်ခုကို စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတစ်ခုတည်းအဖြစ်လည်း ကောင်း၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် သစ်တောရေးရာဝန်ကြီး ဌာန နှစ်ခုကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအဖြစ်လည်းကောင်း၊ ပို့ဆောင် ရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန နှစ်ခုကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန တစ်ခုတည်းအဖြစ်လည်းကောင်း၊ လျှပ်စစ် စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနနှစ်ခုကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန တစ်ခုတည်းအဖြစ်လည်း ကောင်း ပြင်ဆင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

အစိုးရ၏ အရွယ်အစားနှင့်ပတ်သက်၍ ပညာရှင်များ၊ သုတေသီများက သေးငယ်သောအစိုးရသာ သင့်တော်သည်၊ ကြီးမားသော အစိုးရသာဖြစ်သင့်သည် စသဖြင့် အစိုးရ၏ အရွယ်အစား၊ စွမ်းဆောင်ရည်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု အခြေအနေ အားနည်းချက်၊ အားသာချက်များကိုကြည့်၍ ရှုထောင့်အမျိုးမျိုးမှ ဝေဖန်သုံးသပ်လျက်ရှိကြသော်လည်း

**အထူးကဏ္ဍ (ခ) သို့ »»»**



**မန္တလေးတိုင်းဒေသကြီးအတွင်း မြင်းခြံ ၁၃၃ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ဆောင်ရွက်ပြီးစီးနေမှုကို တွေ့ရစဉ်။**




မြန်မာ့ခရီးသွားလုပ်ငန်း မြှင့်တင်ရေးပြခန်း။

အထူးကဏ္ဍ (က) မှ »»

နိုင်ငံတစ်နိုင်ငံအတွက် သေးငယ်သောအစိုးရ သို့မဟုတ် ကြီးမားသောအစိုးရ ရွေးချယ်ဖွဲ့စည်းဆောင်ရွက်သင့်သည်ထက် နိုင်ငံနှင့် ပြည်သူတို့အတွက် အကျိုးစီးပွားဖြစ်ထွန်းမှုကြီးမားစွာစွမ်းဆောင်နိုင်သော အစိုးရမျိုးကို ဖွဲ့စည်းခြင်းသည်သာလျှင် အသင့်တော်ဆုံးဟုဆိုချင်သည်။

နှစ်ပေါင်းများစွာ လွဲချော်မှု၊ မှားယွင်းမှုများစွာဖြင့် ဖြတ်သန်းခဲ့ရသည့် နိုင်ငံ့အခြေအနေအရပ်ရပ်ကို ပြုပြင်ရင်း ဒီမိုကရက်တစ် အလေ့အကျင့်များနှင့်အတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ အဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိလာရေး၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား စစ်မှန်ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရေးတို့အတွက် အားကြိုးမာန်တက်ဆောင်ရွက်ပေးနိုင်မည့် အစိုးရမျိုးသာ လက်ရှိမြန်မာနိုင်ငံအနေအထားနှင့် သင့်လျော်ပေလိမ့်မည်။

ပြည်သူလူထု၏ ဒီမိုကရေစီအစိုးရသည် ကြီးမားလေးလံနေသည့် အစိုးရအဖွဲ့ စရိတ်စကဝန်ထုပ်ဝန်ပိုးကို လျှော့ချလျက် ကျစ်လျစ်သောခွန်အားဖြင့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန် ကနဦးပြုပြင်ပြောင်းလဲမှုကို စတင်ခဲ့ခြင်းဖြစ်သည်။ လိုငွေပြဘတ်ဂျက်ကို ရင်ဆိုင်နေရသည့် နိုင်ငံအတွက် ပြည်သူ့ဘဏ္ဍာငွေ ကျပ်သန်းပေါင်းများစွာကို လျှော့ချသုံးစွဲမှုပြုခဲ့သောကြောင့် ဘတ်ဂျက်ချွေတာသော အစိုးရတစ်ရပ် ဖွဲ့စည်းဖန်တီးပေးလိုက်ခြင်းဖြစ်သည်။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကနဦးခြေလှမ်းများ

နိုင်ငံတစ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဂတိလိုက်စားမှုသည် ကြီးမားသော အဟန့်အတားအနှောင့်အယှက်ဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးဆဲတိုင်းပြည် သို့မဟုတ် ပြုပြင်ပြောင်းလဲရေးကာလတစ်ခုကို ဖြတ်သန်းနေရသည့် နိုင်ငံတစ်နိုင်ငံအတွက်မူ အလွန်အမင်းအန္တရာယ်ရှိစေသော အဓိကအကြောင်းတရားဖြစ်သည်။

မြန်မာနိုင်ငံသည်လည်း အဂတိလိုက်စားမှုနှင့် အကျင့်စာရိတ္တပျက်ပြားမှုများ ထင်ရှားစွာရှိနေသော အချိန်တိုအတွင်း လုံးဝပပျောက်ရေးမှာ ကြီးမားသောစိန်ခေါ်မှုတစ်ရပ်ဖြစ်သော်လည်း ဒီမိုကရေစီအစိုးရသည် နိုင်ငံ့တာဝန်များကို စတင်ထမ်းဆောင်သည့်အချိန်မှာပင် အဂတိလိုက်စားမှုနှင့်ပတ်သက်၍ သတိပြုကိုင်တွယ်ခဲ့သည်။

နိုင်ငံ့တာဝန်ထမ်းဆောင်ချိန် တစ်လပင်မပြည့်သေးချိန် ဧပြီ ၄ ရက်တွင် အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူပြုမှုခြင်းကို ကြိုတင်ပြင်ဆင်ကာကွယ်သည့်အနေဖြင့် "လက်ဆောင်ပစ္စည်းလက်ခံခြင်းနှင့်ပတ်သက်သည့် နိုင်ငံတော်သမ္မတရုံး၏ လမ်းညွှန်ချက်" ထုတ်ပြန်ခဲ့သည်။

## အဂတိလိုက်စားမှုအန္တရာယ်ကင်းရှင်းရေးအတွက် ပြည်သူပြည်သားများ ဆက်သွယ်တိုင်ကြားနိုင်

ထိုထုတ်ပြန်ချက်အလွန် နောက်ထပ် ရှစ်လအကြာ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် "အဂတိလိုက်စားမှုအန္တရာယ်ကင်းရှင်းရေးအတွက် ပြည်သူပြည်သားများ ဆက်သွယ်တိုင်ကြားနိုင်"ဟူသော ခေါင်းစီးဖြင့် ပြည်သူအများ ထိခိုက်နစ်နာစေသော၊ အစိုးရပိုင်းဌာနဆိုင်ရာတာဝန်ရှိသူများ၏ အဂတိလိုက်စားမှုများကို နိုင်ငံတော်အတိုင်ပင်ခံရုံးသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာခဲ့ပြန်သည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အားထုတ်ရင်း၊ နိုင်ငံ၏ ရှုပ်ထွေးလှသော အရေးကိစ္စများ၊ ပြဿနာများကို ဖြေရှင်းနေရသည့် မြန်မာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ခြစားမှုတိုက်ဖျက်ရေးအဖွဲ့ Transparency International ၏ ခြစားမှုညွှန်းကိန်းအဆင့်အနေဖြင့် ၂၀၁၅ ခုနှစ် အစီရင်ခံစာအရ နိုင်ငံပေါင်း ၁၆၇ နိုင်ငံတွင် အဆင့် ၁၄၇ တွင်ရှိနေခဲ့ပြီး ၂၀၁၆ ခုနှစ် အစီရင်ခံစာ၌ နိုင်ငံပေါင်း ၁၇၆ နိုင်ငံအနက် မြန်မာနိုင်ငံ၏ ခြစားမှုညွှန်းကိန်းအဆင့်မှာ ၁၃၆ သို့ရောက်ရှိလာခဲ့သဖြင့် အပေါင်းလက္ခဏာပြသော တိုးတက်မှုရရှိခဲ့သည်ကို ကောက်ချက်ချရမည်ဖြစ်သည်။

ထိုသို့ပြောင်းလဲဖြစ်ပေါ်မှုသည် ဒီမိုကရေစီအစိုးရ ကနဦးအားထုတ်မှု၏ ကောင်းမွန်သည့် သိသာသော သက်ရောက်မှုဟု ဆိုရမည်။ အနာဂတ်ကာလများ၌လည်း အဂတိလိုက်စားမှုဆိုးရွားသောနိုင်ငံအဖြစ် လူသိများခဲ့သည့် နာမည်ဆိုးမှ လွတ်မြောက်တော့မည်ဟု မျှော်လင့်နိုင်ပါသည်။

## အမျိုးသားရင်ကြားစေ့ရေးကို အခြေခံသော နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး စီးပွားရေးမူဝါဒများထုတ်ပြန်ခြင်း

၂၀၁၆ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒ (၁၂) ရပ်ကို ထုတ်ပြန်ခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးမူဝါဒမျှော်မှန်းချက်တွင် နိုင်ငံတော်၏ စီးပွားရေးမူဝါဒသည် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ်တိုးတက်မှုရရှိစေရန် ရည်ရွယ်ပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူ ရရှိစေရန်ဦးတည်၍ သဘာဝသယံဇာတအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းလျက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား မျှတမှန်ကန်စွာ ခွဲဝေအသုံးချနိုင်မည့် စီးပွားရေးမူဘောင်ချမှတ်ဆောင်ရွက်ရန် မျှော်မှန်းပါကြောင်း ဖော်ပြထားသည်။

ရည်မှန်းချက်များအနေဖြင့် -

(၁) အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်ပြီး စည်းလုံးညီညွတ်သော ဖက်ဒရယ်ဒီမိုကရက်တစ် ပြည်ထောင်စုကြီးဖြစ်တည်လာစေရေးကို အထောက်အပံ့ဖြစ်စေသည့် မူဝါဒအဖြစ်ကျင့်သုံးရန်၊

(၂) တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာဖွံ့ဖြိုးတိုးတက်လာစေသည့် စီးပွားရေးအခြေအနေကောင်းများရရှိရေးဆောင်ရွက်ရန်၊

(၃) နိုင်ငံတော်အတွက် အဘက်ဘက်မှ စွမ်းရည်ပြည့်ဝသော လူငယ်မျိုးဆက်သစ်များပေါ်ပေါက်လာစေရေးအတွက် အခွင့်အလမ်းများဖန်တီးပေးနိုင်သော စီးပွားရေးမူဝါဒအဖြစ် ကျင့်သုံးရန်နှင့်

(၄) နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်နိုင်ပြီး တီထွင်ဆန်းသစ်မှုနှင့် ကြိုးပမ်းအားထုတ်မှုများဖြင့် တိုးတက်မှုရလဒ်ကောင်းများကို အစဉ်အဆက်ရယူထိန်းသိမ်းနိုင်မည့် စီးပွားရေးစနစ်တစ်ခုအဖြစ် ထူထောင်ရန်တို့ဖြစ်ပါသည်။


နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၁၂) ရပ်မှာ အောက်ပါအတိုင်းဖြစ်သည် -

၁။ ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန်။

အထူးကဏ္ဍ (ဂ) သို့ »»



၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ
ပြည်ထောင်စု၏ ရငွေ၊ သုံးငွေ၊ လိုငွေနှင့် GDP အချိုး




**အထူးကဏ္ဍ (ခ) မှ »»»**

၂။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရန် ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲလုပ်ကိုင်နိုင်ခြေရှိသော လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ဆောင်ခြင်းတို့အပြင် အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေး တိုးတက်မှုကိုအထောက်အကူပြုသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီပေးရန်။

၃။ ခေတ်မီဖွံ့ဖြိုးသော စီးပွားရေးကို ဖြစ်ထွန်းစေနိုင်သည့် လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်နှင့် ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်များကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်။

၄။ လျှပ်စစ်ဓာတ်အား၊ လမ်းများ၊ ဆိပ်ကမ်းများစသည့် အခြေခံစီးပွားရေးအဆောက်အအုံများ လျင်မြန်စွာတိုးတက်လာစေရေးကို ဦးစားပေးဆောင်ရွက်ရန်နှင့် Data ID Card System၊ Digital Government Strategy နှင့် e-Government System တို့ကို ထူထောင်သွားရန်။

၅။ ပြည်တွင်းနေ နိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းမြင့်မားသော စီးပွားရေးလုပ်ငန်းများကို ကာလတိုအတွင်း ပိုမိုဦးစားပေးဆောင်ရွက်ရန်။

၆။ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာတိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံ ဖော်ထုတ်ရန်။

၇။ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍ တိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိတို့လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်ခွင့်ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရန်အတွက် မူဝါဒများ သီးခြားရေးဆွဲဆောင်ရွက်ရန်၊ မူပိုင်ခွင့်များနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် တိုးမြှင့်ဆောင်ရွက်ရန်။

၈။ အိမ်ထောင်စုများ၊ တောင်သူလယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနိုင်မည့် ငွေရေးကြေးရေးစနစ်ဖြင့် ဘဏ္ဍာရေးတည်ငြိမ်မှုရရှိလာစေရေး ဆောင်ရွက်ရန်။

၉။ သဘာဝပတ်ဝန်းကျင်များကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် လိုက်လျောညီထွေဖြစ်စေမည့် မြို့ပြများတည်ထောင်ရန်၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ရန်တို့အပြင် အများပြည်သူနှင့်သက်ဆိုင်သည့် နေရာများ တိုးချဲ့ဖော်ထုတ်ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုစောင့်ရှောက်ထိန်းသိမ်းရေးတို့အတွက် ဆောင်ရွက်ရန်။

၁၀။ နိုင်ငံတော်၏ ဝင်ငွေတိုးတက်ရရှိရန် အကျိုးသက်ရောက်မှုရှိပြီး မျှတသောအခွန်စနစ်ထူထောင်၍ ပြည်သူများ၏ အခွင့်အရေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို ဥပဒေများ လုပ်ထုံးလုပ်နည်းများပြဋ္ဌာန်းလျက် အကာအကွယ်ပေးရန်။

၁၁။ တီထွင်ဖန်တီးမှု စွမ်းရည်များနှင့် အဆင့်မြင့်နည်းပညာတိုးတက်မှုများကို အားထုတ်ကြိုးပမ်းဖြစ်ပေါ်စေနိုင်သည့် အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုအတွက် အထောက်အပံ့ဖြစ်စေသော နည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းဆောင်ရွက်ရန်။

၁၂။ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အာဆီယံဒေသတွင်းသာမက အခြားဒေသများအတွင်းတွင်လည်း တိုးတက်ပြောင်းလဲလာနိုင်ဖွယ်ရှိသော အခြေအနေများကို ဖော်ထုတ်၍ မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို အမြော်အမြင်ကောင်းများဖြင့် အခြေတည်ထူထောင်ရန်တို့ဖြစ်သည်ဟု ဖော်ပြထားသည်။

ရည်မှန်းချက် (၄)ရပ်နှင့် စီးပွားရေးမူဝါဒ(၁၂) ရပ်တို့သည် ပြည်သူကိုဗဟိုပြုရေး၊ စဉ်ဆက်မပြတ်တိုးတက်မှုရှိရေး၊ အမျိုးသားသင့်မြတ်ရေးကို အထောက်အကူပြုရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား စွမ်းအားအရင်းအမြစ်များကို မျှတမှန်ကန်စွာခွဲဝေသုံးစွဲရေးတို့ကို ဦးတည်ရေးသားထားသဖြင့် အမျိုးသားရင်ကြားစေ့ရေးကို အခြေခံထားသည့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး စီးပွားရေးမူဝါဒများဟု ဆိုနိုင်သည်။

## ဖြေလျှော့လာသည့် စီးပွားရေးပိတ်ဆို့မှုနှင့် ပြန်လည်ရရှိလာသော ကုန်သွယ်ရေးအထူးသက်သာခွင့်

နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ဆောင်ရာတွင် နိုင်ငံတကာအသိုက်အဝန်းများကြား ငွေရေးကြေးရေးစီးဆင်းမှုနှင့် ကုန်သွယ်ရေးစီးဆင်းမှုများ ချောမွေ့အားကောင်းစေရေးသည် လွန်စွာအရေးကြီးသည်။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်ပါက စီးပွားရေးဖွံ့ဖြိုးမှုအားကောင်းပြီး ဝယ်လိုအားကြီးမားသည် နိုင်ငံကြီးများ၏ ကုန်သွယ်မှုဆိုင်ရာ အခွင့်အရေးပေးမှုများသည် များစွာအထောက်အကူဖြစ်စေသည်။

မြန်မာနိုင်ငံသည် အမေရိကန်နှင့် အီးယူအပါအဝင် နိုင်ငံကြီးအချို့၏ ပိတ်ဆို့အရေးယူမှုများကို ခံစားခဲ့ရသည့် နိုင်ငံဖြစ်သည်။ ယခင်အစိုးရလက်ထက်က အမေရိကန်၊ အီးယူအပါအဝင် နိုင်ငံအချို့မှ ဟန့်တားထားခဲ့သည့် စီးပွားရေးဆိုင်ရာ ပိတ်ဆို့မှုအချို့ကို ဖြေလျှော့ပေးမှုရှိခဲ့သော်လည်း များစွာကျန်ရှိနေသေးသည်။

ဒီမိုကရေစီအစိုးရလက်ထက်တွင် ကျန်ရှိနေသော စီးပွားရေးပိတ်ဆို့မှုအားလုံးနီးပါးနှင့် ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေးများ ( ၁၉၇၆ ခုနှစ်က မြန်မာနိုင်ငံသို့ ပေးအပ်ထားခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် ပြန်လည်ရုပ်သိမ်းခဲ့သည့်) ပြန်လည်ရရှိရေးကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏အားထုတ်မှုဖြင့် ပြန်လည်ရရှိခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အမေရိကန်ခရီးစဉ်အတွင်း ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၄ ရက်က အိမ်ဖြူတော်တွင် အိုဘားမားနှင့် တွေ့ဆုံပြီးနောက် အရေးပေါ် ကြေညာခဲ့ပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် မြန်မာနိုင်ငံပေါ်တွင်ထားရှိသည့် အရေးယူပိတ်ဆို့မှုများ ရုပ်သိမ်းကြောင်း ထိုအချိန်က အမေရိကန်သမ္မတ အိုဘားမား လက်မှတ်ရေးထိုး၍ ထုတ်ပြန်ပေးခဲ့ခြင်းဖြစ်သည်။

အမေရိကန်အစိုးရအဆက်ဆက်ချမှတ်ခဲ့သည့် International Emergency Economy Power Act၊ ၂၀၁၃ ခုနှစ်တွင် ချမှတ်ခဲ့သည့် Freedom and Democracy Act နှင့် ၂၀၀၈ ခုနှစ်က ချမှတ်ခဲ့သည့် Tom Lantos Block Burmese Jade Jade Act၊ ၁၉၉၇ ခုနှစ်က ချမှတ်ခဲ့သည့် Foreign Operation , Export Financing and Related Programme Appropriation Act ပျက်ပြယ်သွားပြီဖြစ်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုသမိုင်းတစ်လျှောက် များစွာဆက်စပ်မှုရှိခဲ့သော နိုင်ငံများဖြစ်ခဲ့သည့် စက်တင်ဘာလ အမေရိကန်နိုင်ငံခရီးစဉ်နှင့် နိုဝင်ဘာလ ဂျပန်နိုင်ငံခရီးစဉ်များ အတောအတွင်းက မြန်မာနိုင်ငံ စီးပွားရေးနယ်ပယ်အသီးသီးတွင် လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရေးအတွက်လည်း ဖိတ်ခေါ်မှုများပြုလုပ်ခဲ့လေသည်။

## ရင်းနှီးမြှုပ်နှံမှုကော်မရှင်သစ်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေသစ်

ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးမှုကို မြှင့်တင်နိုင်စွမ်းအရှိဆုံးသောအရာဖြစ်သည်။ အထူးသဖြင့် ပြည်တွင်းတွင် ဖြည့်ဆည်းစရာများစွာရှိနေသော မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှု အရှိန်အဟုန်ကိုမြှင့်တင်နိုင်ရန် ပြည်ပမှ လာရောက်တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် အဓိကကျသည်။

အထူးသဖြင့် ငွေကြေးအရင်းအနှီး၊ အဆင့်မြင့်နည်းပညာနှင့် စီမံခန့်ခွဲမှု၊ ဈေးကွက်ရှာဖွေချိတ်ဆက်နိုင်မှုစသည့် နိုင်ငံတကာအဆင့်မီ ကျွမ်းကျင်မှုများပါရရှိနိုင်မည့် နိုင်ငံရပ်ခြားမှ ရင်းနှီးမြှုပ်နှံမှုများမှာ လက်ရှိအနေအထားအရ မြန်မာ့စီးပွားရေးတွင် ကြီးမားသောအခန်းကဏ္ဍတွင် ရှိနေသည်။

ထို့ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ ပိုမိုစိတ်ဝင်စားမှုရှိရာ လာရောက်ရင်းနှီးမြှုပ်နှံရေးအတွက်လည်း ဘက်ပေါင်းစုံမှ ပြင်ဆင်အားထုတ်ခဲ့သည်။ ဒီမိုကရေစီအစိုးရသစ်သည် နိုင်ငံ့တာဝန်ယူပြီး နှစ်လခန့်အကြာ ၇-၆-၂၀၁၆ ရက်တွင် ယခင်ဖွဲ့စည်းထားခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (Myanmar Investment Commission-MIC)ကို တတ်သိပညာရှင်များ၊ လုပ်ငန်းရှင်များပါဝင်သော အဖွဲ့ဝင်စုစုပေါင်း ၁၁ ဦးဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့သည်။


ဥပဒေပိုင်းဆိုင်ရာနှင့်ပတ်သက်၍လည်း ပြန်လည်ပြင်ဆင်နိုင်ရေး အားထုတ်ခဲ့သည်။ လွန်ခဲ့သောကာလများက တသီးတခြားရေးဆွဲ၍ ပြဋ္ဌာန်းကျင့်သုံးခဲ့သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှစ်ခုကို ပေါင်းစပ်ပြင်ဆင်၍ နိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများကြား၌ မျှတသောအပြုအမူကိုဆောင်သည့် နိုင်ငံတကာအခြေအနေနှင့်လျော်ညီစွာ တစ်ခုတည်းသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ၁၈-၁၀-၂၀၁၆ ရက်တွင် ပြဋ္ဌာန်းပေးခဲ့သည်။

မြန်မာ့စီးပွားရေးကဏ္ဍတွင် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူများကို တန်းတူယှဉ်ပြိုင်ခွင့်ရရှိစေပြီး တာဝန်ယူမှုရှိကာ အပြန်အလှန်အကျိုးရှိစေမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုရန်နှင့် လွယ်ကူရှင်းလင်းသည့် လုပ်ထုံးလုပ်နည်းများဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အဆင်ပြေစွာဆောင်ရွက်ပေးရန်အတွက်လည်း အားထုတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံသူများအတွက် အဆင်ပြေချောမွေ့စွာလုပ်ကိုင်နိုင်သည့် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးထားပြီး ရင်းနှီးမြှုပ်နှံသူများကို အာမခံချက် ခိုင်ခိုင်မာမာပေးထားပြီဖြစ်သည်။ ထို့ပြင် ပိုမိုကောင်းမွန်သော အခွန်ကင်းလွတ်ခွင့်ကိုပါ ဖြည့်ဆည်းပေးထားသည်။

အခွန်ကင်းလွတ်ခွင့်နှင့်ပတ်သက်၍ ဖွံ့ဖြိုးမှုနည်းပါးသောဒေသကို ဇုန် (၁)၊ ဖွံ့ဖြိုးမှုအသင့်အတင့်ရှိသောဒေသကို ဇုန် (၂) နှင့် ဖွံ့ဖြိုးမှုရှိသောဒေသကို ဇုန် (၃) အဖြစ် သတ်မှတ်ထားပြီး ဇုန် (၁) တွင် ဝင်ငွေခွန် ခုနစ်နှစ်၊

**အထူးကဏ္ဍ (ဃ) သို့ »»»**




အအေးခန်းစက်ရုံတစ်ရုံ၏ လုပ်ငန်းခွင်ကို တွေ့ရစဉ်။

အထူးကဏ္ဍ (ဂ) မှ »»

ဇုန် (၂) တွင် ဝင်ငွေခွန် ငါးနှစ်နှင့် ဇုန် (၃) တွင် ဝင်ငွေခွန် သုံးနှစ်သတ်မှတ်ကာ ရင်းနှီးမြှုပ်နှံသည့် ဇုန်အမျိုးအစားပေါ်မူတည်၍ အခွန်ကင်းလွတ်ခွင့် အလိုအလျောက်ရရှိသည့် ပုံစံဖြစ်သည်။

အစိုးရ၏ တစ်နှစ်တာသက်တမ်း လွန်မြောက်ပြီးနောက် ၁-၄-၂၀၁၇ ရက်တွင်လည်း ရင်းနှီးမြှုပ်နှံသူများ သိရှိသင့်သည့် သတင်းအချက်အလက်များ အသေးစိတ်ပါဝင်သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ထပ်မံထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

အမေရိကန်ဒေါ်လာ ငါးသန်းအောက်လျော့နည်းသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် မြန်မာကျပ်ငွေ ခြောက်ဘီလီယံအောက်လျော့နည်းသည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုများအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အကြောင်းကြားစရာမလိုဘဲ တိုင်းဒေသကြီးနှင့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်နိုင်မည်ဖြစ်သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ စတော့ဝယ်ယူရောင်းချခွင့်များ၊ ပြည်တွင်းစီးပွားရေးကို ၃၅ ရာခိုင်နှုန်းအထိ ပိုင်ဆိုင်ခွင့်တို့ကိုပါ ထည့်သွင်းရေးဆွဲထားသဖြင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများကို ယခင်ကထက်ပိုမိုဆွဲဆောင်မှုရှိလာနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ကို ပြဋ္ဌာန်းခဲ့ခြင်းကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသည်လည်း အတိုင်းအတာတစ်ခုအထိ ကိုယ်ပိုင်ဆုံးဖြတ် လုပ်ဆောင်နိုင်မှုရှိလာသဖြင့် ၎င်းတို့၏ဒေသများ ဖွံ့ဖြိုးရေးအတွက် အတွင်းရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။

### လျှပ်စစ်ဓာတ်အား

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများအတွက် အဓိကကျသော လျှပ်စစ်ဓာတ်အား လုံလောက်စွာဖြန့်ဖြူးပေးနိုင်ရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည်လည်း စတင်တာဝန်ယူချိန်မှ ယခုအချိန်အထိ တစ်နှစ်တာကာလအတွင်း လျှပ်စစ်ဓာတ်အားပေးစက်ရုံများအသစ် တိုးချဲ့တည်ဆောက်ခြင်း၊ လည်ပတ်နေဆဲစက်ရုံများကို ပြုပြင်မွမ်းမံခြင်း၊ လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးဆောင်ရွက်ခြင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများတိုးချဲ့ခြင်းနှင့် အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေရန်၊ ပိုမိုတိုးတက်ပို့လွှတ်နိုင်ရန်နှင့် ဗို့အားတည်ငြိမ်စွာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး အကောင်အထည်ဖော်ခြင်းနှင့် ယခင်ကစနစ်တကျမရှိဘဲ ရှုပ်ထွေးစွာဆက်သွယ်တပ်ဆင်ထားသည့် ဆားဗစ်ကြိုးများ ရှင်းလင်းခြင်းလုပ်ငန်းများကို အဓိကထားဆောင်ရွက်ခဲ့သည်။

ဓာတ်အားထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးတို့နှင့်ပတ်သက်၍ ၂၀၁၆-၂၀၁၇ တစ်နှစ်တာအတွင်း ဓာတ်အား ၃၀၁ မဂ္ဂါဝပ် ပိုမိုထုတ်လုပ်နိုင်ခဲ့သဖြင့် မြို့ပေါင်း ၁၀ မြို့နှင့် ကျေးရွာ ၃၃၃ ရွာကို ဓာတ်အားတိုးတက်ဖြန့်ဖြူးပေးနိုင်ခဲ့သည်။ ဓာတ်အားစနစ်ကောင်းမွန်ရေးအတွက်လည်း ၂၃၀ ကေဗွီနှင့် ၆၆ ကေဗွီဓာတ်အားလိုင်း ၅၃၈ ဒသမ ၅၇ မိုင်နှင့် ဓာတ်အားခွဲရုံ ၁၈ ရုံတို့ကို တိုးချဲ့တည်ဆောက်နိုင်ခဲ့သည်။

နိုင်ငံတွင်း၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လျှပ်စစ်မီးသုံးစွဲသူဦးရေ ၃ ဒသမ ၆၉ သန်းရှိရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၄ ဒသမ ၀၅ သန်း ဦးရေအထိ သုံးစွဲနိုင်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၃ ဒသမ ၂၄ ရာခိုင်နှုန်းခန့် တိုးတက်သုံးစွဲမှုများရှိလာခဲ့သည်။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံတွင်းရှိ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်သည့် အိမ်ထောင်စု ၁၀ ဒသမ ၈ သန်းတွင် ၃၇ ရာခိုင်နှုန်းကိုသာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီး လိုအပ်ချက် ၆၃ ရာခိုင်နှုန်းရှိနေသဖြင့် ကမ္ဘာ့ဘဏ်ချေးငွေ ဒေါ်လာ သန်း ၃၁၀ ဖြင့် National Electrification Plan-NEP ရေးဆွဲဆောင်ရွက်လျက်ရှိသည်။ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးဝေနိုင်ရေးလုပ်ငန်းများအဖြစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ ငါးနှစ်စီမံကိန်းတွင် ၁၁ ကေဗွီဓာတ်အားလိုင်းရှိရာ နှစ်မိုင်ပတ်လည်အတွင်းရှိ ကျေးရွာ ၅၀၈၀ လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်လျက်ရှိသည်။

JICA ချေးငွေ ဂျပန်ယန်း ၄ ဒသမ ၅၇၁ ဘီလီယံဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက်လည်းကောင်း၊ ဂျာမနီနိုင်ငံအစိုးရ KfW(IDA)ချေးငွေ ယူရိုသန်း ၃၀ ဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီး၊ လွိုင်လင်၊ လင်းခေးခရိုင်များရှိ ကျေးရွာပေါင်း ၄၀၆ ရွာ လျှပ်စစ်မီးရရှိရေးအတွက်လည်း ဆောင်ရွက်လျက်ရှိသည်။

နွေရာသီကာလ ဓာတ်အားလိုအပ်ချက် ဖြည့်ဆည်းနိုင်ရေးအတွက်လည်း ရတနာကမ်းလွန်မှထွက်ရှိသည့် သဘာဝဓာတ်ငွေ့ကိုအသုံးပြု၍ ဖြည့်ဆည်းနိုင်ရေးပြင်ဆင်လုပ်ဆောင်လျက်ရှိသည်။ စီးပွားရေးအခြေခံအဆောက်အအုံနှင့် ပြည်သူလူထုအတွက် အိမ်ရာအဆောက်အအုံနိုင်ငံတွင်း၌ လမ်းတံတား၊ အဆောက်အအုံ စသဖြင့်စီးပွားရေးကဏ္ဍဆိုင်ရာ အခြေခံအဆောက်အအုံများ ပြည့်စုံမှုများသည်လည်း အရေးကြီးသောအခန်းကဏ္ဍတွင် တည်ရှိနေပြီး ထိုကဏ္ဍအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူလျက်ရှိသည်။

ဝန်ကြီးဌာနသည် နိုင်ငံအတွင်း လိုအပ်လျက်ရှိသော အခြေခံအဆောက်အအုံများကို နိုင်ငံတော်ရန်ပုံငွေဖြင့်လည်းကောင်း၊ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းအကောင်အထည်ဖော်သည့် Public-Private Partnership-PPP အစီအစဉ်ဖြင့်လည်းကောင်း၊ နိုင်ငံတကာမှ ဖွံ့ဖြိုးမှုမိတ်ဖက်များဖြစ်သည့် JICA၊ ADB၊ WB၊ KOICA၊ TICA အဖွဲ့များ၊ အလှူရှင်နိုင်ငံများမှ အထောက်အပံ့များဖြင့်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး လမ်း၊ တံတားများ ပြုပြင်ထိန်းသိမ်းခြင်းများကို မဟာဗျူဟာမြောက်လုပ်ငန်းစဉ်များအဖြစ် ရေးဆွဲလျက်ရှိသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း ဒေသတွင်း ဆက်သွယ်နိုင်သည့် လမ်းများဖောက်လုပ်ခြင်း၊ ဖောက်လုပ်ပြီးလမ်းများကို အဆင့်မြှင့်တင်ခြင်းနှင့် တံတားများတည်ဆောက်ခြင်းကိုလည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်သည့်လမ်းများဖြစ်သည့် အာဆီယံလမ်းမကြီး၊ အိန္ဒိယ-မြန်မာ-တရုတ် ဆက်သွယ်နိုင်သည့် လမ်းများကို ဝန်ကြီးဌာနကိုယ်တိုင် တာဝန်ယူ၍လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် BOT စနစ်ဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးကဏ္ဍတွင် လိုအပ်လျက်ရှိသည့် မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းများကို UN-Habitat အဖွဲ့၏ အထောက်အပံ့ရယူလျက် ၂၀၁၆ ခုနှစ်အတွင်း ထုတ်ဝေနိုင်ခဲ့သည်။

ထိုစည်းမျဉ်းစည်းကမ်းများကို အားလုံးလက်ခံကျင့်သုံးနိုင်စေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ အဆောက်အအုံနှင့် ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးရေးဥပဒေကို ပြင်ဆင်ရေးဆွဲလျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်ရှိ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည်လည်း မြို့ရွာများစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ နေထိုင်မှု အဆင့်မြင့်မားစေရန် အိမ်ရာအဆောက်အအုံများ ဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၆-၂၀၁၇ ခုနှစ် တစ်နှစ်တာကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ပေါင်း ၂၄ မြို့၏ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းသဘောထားပုံစံများ ရေးဆွဲပေးခဲ့သည်။

မန္တလေးမြို့၊ မော်လမြိုင်မြို့နှင့် ပုသိမ်မြို့ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)နှင့်လည်းကောင်း၊ ရန်ကုန်-ဟံသာဝတီ-ပဲခူးစကြီနှင့် ရန်ကုန်အနောက်ပိုင်းဖွံ့ဖြိုးရေး Master Plan ကို ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) နှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်ခဲ့သည်။

အထူးကဏ္ဍ (င) သို့ »»



ART 72-600 လေယာဉ်သစ်များနှင့်အတူ ရောက်ရှိလာသည့်လေယာဉ်မှူးများကို ကြိုဆိုစဉ်။

အထူးကဏ္ဍ (ဃ) မှ »»»

တန်ဖိုးနည်း၊ တန်ဖိုးမျှတ အိမ်ရာစီမံကိန်းနှင့် ပတ်သက်၍လည်း တစ်နှစ်တာအတွင်း ရန်ကုန်မြို့တွင် အိမ်ခန်း ၂၂၀၈ ခန်းနှင့် မန္တလေးမြို့တွင် မြရည်နန္ဒာအိမ်ရာ စီမံကိန်း အိမ်ခန်း ၈၀၀ စုစုပေါင်း ၃၀၀၈ ခန်း တည်ဆောက်ပေးနိုင်ခဲ့သည်။

မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်း ဥပဒေ(မူကြမ်း)၊ အမျိုးသားအိမ်ရာဖွံ့ဖြိုးရေးဥပဒေ(မူကြမ်း) တို့ကိုလည်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြင်ဆင်ရေးဆွဲလျက်ရှိသည်။

**ထုတ်လုပ်မှုကဏ္ဍအတွက်ဖြည့်ဆည်းမှု၊ ပုဂ္ဂလိကကဏ္ဍ ဖက်စပ်ဆောင်ရွက်မှုနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး**

ကုန်ထုတ်လုပ်မှုကဏ္ဍတွင်လည်း အခြေခံကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုလက်မှုကဏ္ဍမှ ထုတ်လုပ်မှုပြန်လည်အားကောင်းလာရေး၊ သယံဇာတ အခြေခံထုတ်လုပ်မှုများ သဘာဝပတ်ဝန်းကျင်မထိခိုက်စေဘဲ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေးတို့ကိုလည်း လိုအပ်ချက်များ ရှာဖွေဖြည့်ဆည်း၍ ဆောင်ရွက်လျက်ရှိသည်။

အခြေခံကုန်ထုတ်လုပ်မှုကဏ္ဍအတွက်အရေးပါသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သားငါးကဏ္ဍ ပိုမိုတိုးတက်လာစေရေးအတွက် မူဝါဒများရေးဆွဲထားပြီး ကာလအတိုအရှည် သတ်မှတ်ကာ မဟာဗျူဟာအဖြစ် ချမှတ်နိုင်ရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၊ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့တို့၏ နည်းပညာအကူအညီဖြင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းကို ခုနစ်ကြိမ်မြောက်မူကြမ်းအထိ ပြုစုထားပြီး အတည်ပြုရန်သာကျန်တော့ကြောင်း သိရသည်။

တောင်သူလယ်သမားများ၏ အခြေခံငွေကြေး အရင်းအနှီးအဖြစ် စိုက်ပျိုးစရိတ်ချေးငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးလျက်ရှိပြီး ယမန်နှစ်က လယ်တစ်ဧကလျှင် ငွေတစ်သိန်းနှုန်းသာ ချေးငွေချထားပေးရာမှ ယခုအစိုးရသစ်လက်ထက်တွင် ငွေကျပ်တစ်သိန်းခွဲအထိ တိုးမြှင့်ချထားပေးခဲ့ပြီး စုစုပေါင်းစိုက်ပျိုးစရိတ် ထုတ်ချေးငွေကျပ် ၁၆၁၄ ဒသမ ၄၅၃ ဘီလီယံအထိ ထုတ်ချေးပေးနိုင်ခဲ့သည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အား လုပ်ငန်းပိုမိုလည်ပတ်နိုင်ရန်အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်သို့ လွှဲပြောင်းနိုင်ရန်စီစဉ်လျက်ရှိပြီး စိုက်ပျိုးစရိတ်ချေးငွေများ ပိုမိုကျယ်ပြန့်စွာ ထုတ်ချေးနိုင်ရေးအတွက် ပုဂ္ဂလိကဘဏ်များ၏ ပူးပေါင်းဆောင်ရွက်မှုရရှိရန်လည်း အားထုတ်ဆောင်ရွက်လျက်ရှိသည်။ ယာလုပ်ငန်းအတွက် ပိုမိုတိုးမြှင့်ထုတ်ချေးနိုင်ရန်အတွက် ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရသည်။



**ကယားပြည်နယ်အတွင်း ၁၁ ကေဗွီဓာတ်အားလိုင်း၊ ၄၀၀ ဗို့ဓာတ်အားလိုင်း၊ ၁၁/၀. ၄ ကေဗွီ ထရန်စဖော်မာများ တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေသည်ကို တွေ့ရစဉ်။**

ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းကျော်၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးနှင့် ကုန်ထုတ်လုပ်မှုကို အထောက်အကူဖြစ်စေမည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ကျေးရွာ ၂၀၁၇ ရွာအထိ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့သည်။ လက်ရှိတွင် ကျေးရွာပေါင်း ၈၇၅၆ ရွာအထိ ရှိလာပြီဖြစ်သည်။ ထောက်ပံ့ခွင့်ပြုငွေကျပ်သန်း ၂၁၅၃၄၀ နှင့် အတိုးရရှိငွေကျပ် ၃၃၉၁၉ သန်းကျော်နှင့် အကျိုးပြုလူဦးရေ ၅၈၂၁၀၉၉ ဦး ရှိလာပြီဖြစ်သည်။

အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း ၁၆၈ ဖွဲ့အား လုပ်ကိုင်ခွင့်ပြုခဲ့ပြီး အသေးစားငွေရေးကြေးရေး လုပ်ငန်းချေးငွေများထုတ်ချေးလျက်ရှိရာ ပြီးခဲ့သည့် ဘဏ္ဍာနှစ်က ကျေးရွာပေါင်း ၁၃၆၉၃ ရွာ၊ လူဦးရေ ၁ ဒသမ ၈၇၄ သန်းအတွက် ချေးငွေစုစုပေါင်း ငွေကျပ် ၁ ဒသမ ၄၅၀ သန်းနှင့် ပြန်လည်စုဆောင်းငွေကျပ် ၀ ဒသမ ၀၉၀ ရှိခဲ့ရာမှ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ၁၅၉၁၈ ရွာ၊ လူဦးရေ ၂ ဒသမ ၄၅ သန်းအတွက် ထုတ်ချေးငွေ ၂ ဒသမ ၂၆၈ သန်းနှင့် စုဆောင်းငွေကျပ် သန်းပေါင်း သုည ဒသမ ၁၄၀ အထိရှိလာခဲ့သည်။

စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍများမှ အသေးစားစက်မှုလက်မှုလုပ်ငန်း မှတ်ပုံတင်ခြင်းအနေဖြင့် ၁၈၁၆ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အင်းလုပ်ကွက်များမှာ အင်း ၁၇၇၇ အင်းအနက် အင်း ၂၀၉ အင်းကို ရေလုပ်သားအစုအဖွဲ့ ၂၀၄ ဖွဲ့သို့ ကြမ်းခင်းဈေးဖြင့် လုပ်ပိုင်ခွင့်များချထားပေးနိုင်ခဲ့သည်။

ငါးမွေးမြူရေးလုပ်ငန်းတွင် ရေချိုငါးပိသာ ထောင်ပေါင်း ၆၃၀၀၀၀ ကျော်နှင့် ရေငန်ငါးပိသာထောင်ပေါင်း ၃၂၈၀၀၀ ခန့် ထုတ်လုပ်ခဲ့ပြီး ယမန်နှစ်ကထက် ပိုမိုထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။



**မချမ်းဘော့-ဖရုခ-နောင်မွန်လမ်းပေါ်ရှိ မချမ်းဘော့တံတားဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။**

စက်မှုလက်မှုကဏ္ဍတွင် စက်မှုဝန်ကြီးဌာနလက်အောက်ရှိ စီးပွားရေးတွက်ခြေမကိုက်တော့သည့် စက်ရုံများကို ပြည်တွင်းပြည်ပလုပ်ငန်းရှင်များနှင့် ဖက်စပ်လုပ်ဆောင်ခြင်း၊ လွှဲပြောင်းလုပ်ဆောင်ခြင်းများ စီမံဆောင်ရွက်လျက်ရှိသည်။ စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်တွင် စက်ရုံပေါင်း ၁၁၈ ရုံရှိသည့်အနက် စက်ရုံ ၅၉ ရုံအား ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ပုဂ္ဂလိကနှင့်ပူးပေါင်းရန် စက်ရုံ ၁၇ ရုံအား ဖိတ်ခေါ်ထားပြီးဖြစ်သည်။ နိုင်ငံတော်အစိုးရသည် တစ်နိုင်ငံလုံးရှိ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ စနစ်တကျဖွဲ့စည်းဆောင်ရွက်ပေးခြင်း၊ ချေးငွေအစီအစဉ်များဖြင့် ကူညီပေးခြင်းနှင့် အခက်အခဲများ ကူညီဖြေရှင်းပေးခြင်းတို့ဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးကိုလည်း အလေးထား ကူညီပေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် SMEs လုပ်ငန်းရှင် ၆၇၉ ဦးကို SMEs Cluster အဖွဲ့ ၈၈ ဖွဲ့ ဖွဲ့စည်းခြင်း၊ ငွေကြေးအရင်းအနှီးအတွက် CB Bank၊ မြန်မာ့အာမခံလုပ်ငန်း၊ ဂျပန်နိုင်ငံ SMBC တို့နှင့် ပူးပေါင်းပြီး လုပ်ငန်းရှင် ၂၃ ဦးကို ထောက်ခံချက် ထုတ်ပေးခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီးတွင် SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စက်နှင့် ဆားစက်များကို ပြည်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်ပေးပြီး နည်းပညာများ ပံ့ပိုးပေးခဲ့သည်။

SMEs လုပ်ငန်း ၇၀၀ ကို ငွေကြေး၊ နည်းပညာနှင့် ဈေးကွက်ချိတ်ဆက်ပေးနိုင်ရန် SMEs member Card ထုတ်ပေးခဲ့ပြီး SMEs လုပ်ငန်းရှင် ၇၀ တို့အား CGI စနစ်ဖြင့် ချေးငွေထုတ်နိုင်ရန် CB Bank နှင့် ချိတ်ဆက်ပေးခဲ့သည်။

SMEs လုပ်ငန်းရှင်များ Capacity Building များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် Training and Workshop များဆောင်ရွက်ပေးကာ ပုဂ္ဂလိကစက်မှုလုပ်ငန်းပေါင်း ၃၆၀ ခန့် မှတ်ပုံတင်ပေးခဲ့သည်။

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ခံဝန်ကြီးဌာနအဖြစ် စက်မှုဝန်ကြီးဌာနကဆောင်ရွက်လျက်ရှိပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ် ဧပြီလတွင် ဥပဒေကိုလည်းကောင်း၊ အောက်တိုဘာလတွင် နည်းဥပဒေကိုလည်းကောင်း

အထူးကဏ္ဍ (စ) သို့ »»»

နိုင်ငံတော်အစိုးရ၏
ကြေးမုံ
စီးပွားရေးကဏ္ဍ
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

အထူးကဏ္ဍ (င) မှ »»»

ထုတ်ပြန်ခဲ့ပြီး အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကိုလည်း နိုင်ငံတော်သမ္မတက ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တွဲဖက်ဥက္ကဋ္ဌအဖြစ် ၂၀၁၆ ခုနှစ် ဇွန်လတွင် ဖွဲ့စည်းထားပြီးဖြစ်သည်။

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ငွေကြေးအရင်းအနှီးရရှိစေရန် ပံ့ပိုးပေးနိုင်ရေးအတွက် နိုင်ငံတော်၏ချေးငွေဖြင့် အလုပ်ရှင် ၄၅၆ ဦး၊ ဂျပန် နိုင်ငံ၏ Two Step Loan ချေးငွေဖြင့် လုပ်ငန်းရှင် ၁၈၉ ဦးတို့အား ချေးငွေထောက်ပံ့ပေးနိုင်ခဲ့သည်။

ဗဟိုဘဏ်ဥပဒေအရ ချေးငွေကာလ တစ်နှစ်ဖြစ်သော်လည်း နိုင်ငံတော်အထူးချေးငွေ၊ ဂျပန်နိုင်ငံ၏ Two Step Loan ချေးငွေတို့ဖြင့် ငါးနှစ်ကာလအထိ ထုတ်ချေးပေးနိုင်ခဲ့ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးလည်ပတ်မှုအားကောင်းလာစေရန် ပံ့ပိုးပေးနိုင်ခဲ့သည်။ နိုင်ငံတော်အတိုင်ပင်ခံ၏ လမ်းညွှန်မှုဖြင့် ၂၀၁၆ ခုနှစ်အကုန်မှစ၍ ဒုတိယသမ္မတ (၁) က စီးပွားရေးလုပ်ငန်းရှင်များနှင့် လစဉ်တွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်းမှုများ၊ အခက်အခဲများဖော်ထုတ်ဖြေရှင်းမှုများ ပြုလုပ်ပေးလျက်ရှိပေသည်။

ပုဂ္ဂလိကလုပ်ငန်းရှင်များ တရားဝင်၊ စနစ်တကျလုပ်ကိုင်ဆောင်ရွက်နိုင်စေရန် ကုမ္ပဏီမှတ်ပုံတင်ကြေးများကို ထက်ဝက်ခန့်လျှော့ချမှုများဖြင့် တရားဝင်မှတ်ပုံတင်လုပ်ကိုင်နိုင်ရေးအတွက်လည်း လုပ်ဆောင်ပေးခဲ့သည်။

**နိုင်ငံခြားဝင်ငွေရရှိရေးနှင့်**
**ပြည်တွင်းသုံးစွဲမှုအတွက် စွမ်းအင်ထုတ်လုပ်မှု**

မြန်မာနိုင်ငံ ပို့ကုန်ကဏ္ဍမှ နိုင်ငံခြားဝင်ငွေများတွင် စွမ်းအင်ကဏ္ဍထွက်ကုန်ရေနံနှင့် သဘာဝဓာတ်ငွေ့သည် အားထားရသော အခြေအနေမျိုးတွင်ရှိနေသည်။ လက်ရှိအခြေအနေတွင် ပို့ကုန်အတွက်သာမက ပြည်တွင်းသုံးစွဲမှုအတွက်ပါ ပိုမိုထုတ်လုပ်ပေးလျက်ရှိသည်ကိုတွေ့ရသည်။ စွမ်းအင်ကဏ္ဍထုတ်လုပ်မှုတွင် တစ်နှစ်တာအတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့မြေများ၌ တွင်း ၂၉ တွင်း တူးဖော်နိုင်ခဲ့ပြီး အောင်မြင်သောတွင်းများအဖြစ် ၁၂ တွင်း ရရှိခဲ့သည်။

ကုန်းပိုင်းရေနံရှာဖွေတူးဖော်ရေးတွင်လည်း လုပ်ကွက် ၂၇ ကွက်တွင် နိုင်ငံခြားရေနံကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ကိုင်လျက်ရှိသည်။ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို ယခင်က ပြည်တွင်းသုံးအဖြစ် တစ်ရက်ကို ကုဗပေသန်း ၁၅၀ မှ ၂၀၀ အထိ အသုံးပြုနိုင်ခဲ့သော်လည်း ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှစ၍ ကုဗပေ ၂၃၃ သန်းထိ ပိုမိုသုံးစွဲနိုင်ရေးဆောင်ရွက်ခဲ့သည်။

ထိုသို့ ပိုမိုသုံးစွဲနိုင်မှုကြောင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများအတွက် ကုဗပေ သန်း ၃၀ ကိုလည်းကောင်း၊ စက်မှုကဏ္ဍအတွက် ကုဗပေ သုံးသန်းကိုလည်းကောင်း ပိုမိုသုံးစွဲနိုင်ခဲ့ပြီး ပို့ဆောင်ရေးကဏ္ဍရှိ အများပြည်သူသုံးခရီးသည်တင်မော်တော်ယာဉ် ၁၄၃ စီးကိုလည်း CNG တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

ရေနံဓာတ်ငွေ့ရည် တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များအား ခွင့်ပြုပေးလျက်ရှိပြီး လိုင်စင်အမျိုးအစား ငါးမျိုးကို ၂၀၁၆ ခုနှစ် မေလမှစပြီး စိစစ်ခွင့်ပြုပေးလျက်ရှိရာ တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခွင့် လိုင်စင်(ခ-လိုင်စင်)ကို ပုဂ္ဂလိကကုမ္ပဏီ ၁၉ ခုကိုလည်းကောင်း၊ ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည်အိုးများ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်း (ဃ-လိုင်စင်)ကို ပုဂ္ဂလိကကုမ္ပဏီ ၆၈ ခုကိုလည်းကောင်း၊ ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည်အိုးများကို တိုက်ခန်း၊ ဆိုင်ခန်းများသို့ ဖြန့်ဖြူးခြင်းလုပ်ငန်း (င-လိုင်စင်)ကို ပုဂ္ဂလိကကုမ္ပဏီ ၄၃၆ ခုကို လည်းကောင်း ယာယီလိုင်စင်များထုတ်ပေးထားပြီး အရောင်းဆိုင်များကိုလည်း တစ်နိုင်ငံလုံးကြပ်မတ်စစ်ဆေးမှုများ ပြုလုပ်ပေးလျက်ရှိသည်။

ဒေသန္တရ ရေနံချက်လုပ်ခြင်းလုပ်ငန်းများအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ ယာယီလိုင်စင် ၁၅၆ ခု ထုတ်ပေးနိုင်ခဲ့သည်။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းကလည်း တစ်နှစ်တာအတွင်း စက်သုံးဆီ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ဖြင့် ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင် ၂၅၆ ဆိုင်၊ စက်သုံးဆီ တိုက်ရိုက်ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ဖြင့် ပုဂ္ဂလိက စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးရေးစခန်း နှစ်ခု၊ ရေယာဉ်များကို စက်သုံးဆီ တိုက်ရိုက်ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်သုံးခုနှင့် လေယာဉ်ဆီဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ၁၁ ခုတို့ကို ပုဂ္ဂလိလုပ်ငန်းရှင်များကို ခွင့်ပြုပေးခဲ့ပြီးဖြစ်သည်။

**နိုင်ငံတကာကုန်သွယ်မှု**

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် အဓိကတာဝန်ယူရသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်မှချမှတ်ထားသော စီးပွားရေးမူဝါဒ (၁၂) ရပ်အောက်တွင် နှစ်လတ်ကုန်သွယ်ရေးဖွံ့ဖြိုးမှုအစီအစဉ် (Medium Term Programme-MTP )ကို ရေးဆွဲအကောင်အထည်ဖော်လျက် မဏ္ဍိုင်ကြီး (၅) ရပ်ဖြင့် အကောင်အထည်ဖော်နိုင်ရေးအားထုတ်လျက်ရှိသည်။

ပို့ကုန်တင်ပို့နိုင်မှုမြင့်မားလာရေးနှင့် ကုန်သွယ်မှုပမာဏတိုးတက်လာစေရေးအတွက် တရားမဝင်ကုန်သွယ်မှုများကို ထိန်းကျောင်းမှုများပြုလုပ်လျက်ရှိပြီး၊ ယခင်က ခွင့်မပြုခဲ့သော အခြားနိုင်ငံများမှ တင်သွင်းရာမှ နိုင်ငံရပ်ခြားသို့ ပြန်လည်ပို့သည့်ကုန်ပစ္စည်း (reexport) အမျိုးအစား ၁၄ မျိုးကိုပါ ၂၀၁၆ ခုနှစ်အတွင်း ထပ်မံခွင့်ပြုပေးခဲ့သည်။

မြန်မာနိုင်ငံသည် ပြည်ပနိုင်ငံများနှင့် ကုန်သွယ်ရာ၌ ကုန်သွယ်မှုလိုငွေဖြစ်ပေါ်ခဲ့သည်မှာ ကာလကြာညောင်းခဲ့ပြီဖြစ်သည့်အတွက် ပို့ကုန်ဝင်ငွေတိုးတက်ရရှိရေး၊ ပို့ကုန်အမယ်သစ်များ တိုးချဲ့တင်ပို့နိုင်ရေးတို့ကို နည်းလမ်းများရှာဖွေလျက်ရှိပြီး ပုဂ္ဂလိကကဏ္ဍမှ ထုတ်လုပ်သူများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် မြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)တို့မှ လုပ်ငန်းရှင်များနှင့် လစဉ်အစည်းအဝေးများပြုလုပ်၍ ကုန်သွယ်မှုလုပ်ငန်းများတွင် ဖြစ်ပေါ်လာသည့် အခက်အခဲများ၊ နှောင့်နှေးကြန့်ကြာမှုများကို အချိန်နှင့် တစ်ပြေးညီ ဖြေရှင်းနိုင်ရေးဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။

တရားမဝင်ကုန်သွယ်မှုတားဆီးရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးတို့အတွက် နယ်စပ်ကုန်သွယ်ရေးစခန်းသစ်အနေဖြင့် ကယားပြည်နယ်နှင့် ထိုင်းနိုင်ငံတို့အကြား ဘောလခဲခရိုင် မယ်စဲ့မြို့နယ် အဝင်/အထွက်နေရာတွင် နယ်စပ်ကုန်သွယ်ရေးစခန်းသစ်တစ်ခုကိုလည်း ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ဖွင့်လှစ်ပေးခဲ့သည်။

ကုန်သွယ်မှုလွယ်ကူ လျင်မြန်ချောမွေ့စေရေးအတွက် ဂျပန်နိုင်ငံအစိုးရ၏ ဘဏ္ဍာရေးနှင့် နည်းပညာအကူအညီဖြင့် နိုင်ငံတကာအဆင့်မီ အကောက်ခွန်ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System - MACCS) ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် စတင်ကျင့်သုံးခဲ့သဖြင့် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများကို အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်နိုင်ပြီဖြစ်သည်။

ယင်းစနစ်သည် အစိုးရဌာနဆိုင်ရာများ၊ သွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင်များ၊ သင်္ဘောလိုင်းများ၊ ဆိပ်ကမ်းများ၊ အကောက်ခွန်ဝန်ဆောင်မှု အသင်းအဖွဲ့များအားလုံး ချိတ်ဆက်ဆောင်ရွက်နိုင်သည့် စနစ်တစ်ခုဖြစ်ပြီး ရန်ကုန်ဧရိယာတွင် အဆင်ပြေချောမွေ့စွာအသုံးပြုနိုင်ပြီးပါက ၂၀၁၈ ခုနှစ်နောက်ပိုင်းတွင် နယ်စပ်ဒေသများအထိ တိုးချဲ့သွားရန်ရည်ရွယ်ထားကြောင်း သိရသည်။

**ခရီးသွားလုပ်ငန်းကဏ္ဍ**

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ ရိုးရာဓလေ့အစဉ်အလာပွဲတော်များနှင့် တောတောင်ရေမြေသဘာဝအလှအပများစွာပိုင်ဆိုင်ထားသော မြန်မာ့မြေသည် မီးခိုးမထွက်သည့်စက်ရုံဟု တင်စားခေါ်ကြသည့် ခရီးသွားလုပ်ငန်းဖြစ်ထွန်းအောင်မြင်နိုင်သည့် အခြေခံကောင်းများစွာရှိနေသည်။

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအလေးထားဆောင်ရွက်နေသည်။ ယခုအချိန်တွင် နယ်စပ်ဒေသအချို့နှင့် အချို့သော ဒေသများကို လုံခြုံရေးအရ သွားရောက်လည်ပတ်ခွင့်မပြုသော်လည်း (၂၁) ရာစုပင်လုံညီလာခံ ငြိမ်းချမ်းရေးဆွေးနွေးပွဲကြီး အရှိန်မြင့်လာလေလေ တစ်နိုင်ငံလုံးအားဖြင့် ငြိမ်းချမ်းရေးရရှိလာကာ ဟိုတယ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းအမျိုးမျိုးလည်း ဖြစ်ထွန်းတိုးတက်လာပေလိမ့်မည်။

၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ၁၁ လတာကာလအတွင်း ဟိုတယ်နှင့် တည်းခိုရိပ်သာ ၄၂ လုံး၊ အခန်းပေါင်း ၁၉၉၂ ခန်းကို ခွင့်ပြုထားပြီးဖြစ်သည်။ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင် ၇၇၂ ခုနှင့် ပို့ဆောင်ရေးလုပ်ငန်းလိုင်စင် ၁၈၄၂ ခုကို လိုင်စင်ခွင့်ပြုပေးပြီး ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင် ၈၂၅ ခုကိုလည်း ခွင့်ပြုပေးခဲ့သည်။

နိုင်ငံ့ခရီးသွားလုပ်ငန်းတိုးတက်မှုနှင့်အတူ အရေအတွက်များပြားလာနိုင်သည့် နိုင်ငံခြားခရီးသွားများ အဆင်ပြေစေရေးနှင့် နိုင်ငံတကာလေကြောင်း ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ဆောင်ရွက်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအတွင်း၌ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်တည်ဆောက်ရေးစီမံကိန်းတစ်ခုကို အကောင်အထည်ဖော်နိုင်ရေးစီစဉ်လျက်ရှိရာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် လေဆိပ်အဆောက်အအုံများကို စတင်ဆောက်လုပ်တော့မည်ဖြစ်သည်။

ကမ်းခြေအပန်းဖြေခရီးသွားလုပ်ငန်းများ ထွန်းကားရေးအတွက်လည်း တစ်နှစ်တာကာလအတွင်း ပုသိမ်၊ ငွေဆောင်၊ ချောင်းသာ၊ ဖျာပုံနှင့် မြတ်မော်တင်စွန်းဒေသများ၌ နိုင်ငံခြားသားဧည့်သည်များ တည်းခိုနိုင်သည့် အဆင့်မြင့်ဟိုတယ် နှစ်လုံး၊ တည်းခိုရိပ်သာ လေးလုံးကို လုပ်ငန်းလိုင်စင်များ ချထားပေးနိုင်ခဲ့ပြီးဖြစ်သည်။

**နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေရေးအားထုတ်မှု**

အစိုးရ နိုင်ငံ့တာဝန်စတင်ယူချိန် ဧပြီလက တစ်ဒေါ်လာ ၁၂၀၀ ကျပ်ဝန်းကျင်သာရှိသော ဒေါ်လာဈေးနှုန်းသည် အောက်တိုဘာလဆန်းမှစ၍ အရှိန်မြင့်တက်လာခဲ့ပြီး အမြင့်ဆုံးဈေးနှုန်းအဖြစ် ဒီဇင်ဘာလ တတိယပတ်အချိန်ကာလများတွင် ပြင်ပပေါက်ဈေးမှာ တစ်ဒေါ်လာ ၁၄၀၀ ကျော်သည်အထိ ဖြစ်လာခဲ့သည်။

ဒေါ်လာလဲလှယ်နှုန်း ပြန်လည်ကျဆင်းခြင်း၊ ဒေါ်လာဈေးနှုန်းတည်ငြိမ်ခြင်းဖြစ်ပေါ်လာစေရန် အဖြေရှာ

အထူးကဏ္ဍ (ဆ) သို့ »»»



ထန်တလန်မြို့နယ် သီကီးရ်ကျေးရွာတွင် ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ပြီးစီးမှုကို တွေ့ရစဉ်။

**မြန်မာနိုင်ငံသည် ပြည်ပနိုင်ငံများနှင့် ကုန်သွယ်ရာ၌ ကုန်သွယ်မှုလိုငွေဖြစ်ပေါ်ခဲ့သည်မှာ ကာလကြာညောင်းခဲ့ပြီ ဖြစ်သည့်အတွက် ပို့ကုန်ဝင်ငွေတိုးတက်ရရှိရေး၊ ပို့ကုန်အမယ်သစ်များ တိုးချဲ့တင်ပို့နိုင်ရေးတို့ကို နည်းလမ်းများရှာဖွေလျက်ရှိပြီး ပုဂ္ဂလိကကဏ္ဍမှ ထုတ်လုပ်သူများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိ**



ရန်ကုန်စတော့အိတ်ချိန်း။

အထူးကဏ္ဍ (၈) မှ »»»
ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဗဟိုဘဏ်တို့ တွေ့ဆုံဆွေးနွေးမှုများ အဆက်မပြတ်ပြုလုပ်ခဲ့ကြသည်။

၅. ၁. ၂၀၁၇ ရက်နှင့် ၉. ၁. ၂၀၁၇ ရက်တို့ တွင် ဗဟိုဘဏ်သည် ပို့ကုန်ရငွေများစိစစ်မှု၊ ပြည်တွင်း နေထိုင်သူများ ပြည်ပတွင် ရင်းနှီးမြှုပ်နှံထားမှုနှင့်ပတ်သက်၍ ညွှန်ကြားချက်များထုတ်ပြန်၍ ဒေါ်လာဈေးနှုန်း မြင့်တက်နေခြင်းကို တုန့်ပြန်ဆောင်ရွက်ခဲ့သည်။

## စာရင်းကိန်းဂဏန်းများမှန်ကန်ရေး

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်ကတည်းက ပြည့်စုံမှန်ကန်မှုမရှိသည့် ကိန်းဂဏန်းများ၊ စာရင်းအင်း အချက်အလက်များကြောင့် သုံးသပ်ချက်များလွဲချော်ကာ စီမံကိန်းများ အရာမထင်မှု၊ စီးပွားရေးကျဆင်းမှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှုတို့ကိုခံစားခဲ့ရပြီး ကြီးမားသည့်ဆုံးရှုံးမှုများကို ကြုံတွေ့ခဲ့ရပြီးဖြစ်သည်။

ဒီမိုကရေစီအစိုးရသည် စာရင်းအင်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုယန္တရား ခိုင်မာအားကောင်းစေရန် စာရင်းအချက်အလက်များမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးတို့အတွက် ဒုတိယသမ္မတ (၂) က နာယကအဖြစ် ဦးဆောင်၍ စာရင်းအချက်အလက်များမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီကို ၂၀၁၆ ခုနှစ် ဧပြီလတွင် ဖွဲ့စည်းခဲ့ပြီး သုံးလတစ်ကြိမ် ဆွေးနွေးမှုပြုလုပ်ခြင်းဖြင့် အရည်အသွေးပြည့်ဝသော စာရင်းအင်း စနစ်တကျဖြစ်ပေါ်လာစေရေးအတွက် အားထုတ်မှုများပြုလုပ်လျက်ရှိသည်။

မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ် ပေါ်ထွန်းလာရေးအတွက် စာရင်းအင်းဥပဒေပြဋ္ဌာန်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ယခုအချိန်တွင် အမျိုးသားလွှတ်တော်၌ အတည်ပြုနိုင်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် စာရင်းအင်းမူဝါဒအနှစ်ချုပ် (Statistical Policy Brief) နှင့် စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအမျိုးသားအဆင့် မဟာဗျူဟာ (National Strategy for Development of Statistics-NDCS) ကိုလည်း စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သဖြင့် စာရင်းအင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး သမိုင်းမှတ်တိုင်သစ်တစ်ခု စိုက်ထူနိုင်တော့မည်ဖြစ်သည်။

## ဘဏ္ဍာရေးကဏ္ဍဆိုင်ရာဆောင်ရွက်မှု

ဒီမိုကရေစီအစိုးရသစ်သည် ယခင်အစိုးရလက်ထက်က လိုငွေနှင့် ဂျီဒီပီအချိုးကို ၄ ဒသမ ၇ ရာခိုင်နှုန်းဖြင့် ရေးဆွဲခဲ့သော ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာရေး အရအသုံးဆိုင်ရာ ဥပဒေကို ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာရေး အရအသုံးဆိုင်ရာကို ပြင်ဆင်သည့်ဥပဒေတွင် ၃ ဒသမ ၉၁ ရာခိုင်နှုန်းသို့ လျှော့ချရေးဆွဲခဲ့သည်။

အရှုံးပေါ်နေသည့် နိုင်ငံပိုင်လုပ်ငန်းများကို ခေတ်စနစ်နှင့်အညီ ပြုပြင်ဆောင်ရွက်ရေး၊ ပိတ်သိမ်းပြီးစက်ရုံများမှ ဝန်ထမ်းများအား အခြားသင့်လျော်သည့်နေရာများတွင် ပြန်လည်ခန့်ထားရေး၊ ဗဟိုဘဏ်မှ လိုငွေဖြည့်ဆည်းပေးရခြင်းမှ တားဆီးရန်အတွက် အစိုးရငွေတိုက်စာချုပ်များ၊ အစိုးရငွေတိုက်လက်မှတ်များကို ပုဂ္ဂလိကဘဏ်များ၊ နိုင်ငံခြားဘဏ်ခွဲများနှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသို့ ရောင်းချပေးခြင်းများပြုလုပ်ခဲ့သည်။

၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် တယ်လီဖုန်းပြောဆိုခများအပေါ် ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းကို စတင်ကောက်ခံခဲ့ပြီး ၂၀၁၆ ခုနှစ် ဧပြီလအတွက် ကောက်ခံရရှိငွေ ၇ ဒသမ ၄၅၄ ဘီလီယံကို ပညာရေးကဏ္ဍ၌ သုံးစွဲရန် လွှဲပြောင်းပေးနိုင်ခဲ့သည်။

အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုထိရောက်စေရန်အတွက် အလယ်အလတ်ဆိုင်ရာ အခွန်ထမ်းများရုံးများကိုလည်း တိုးချဲ့ဖွဲ့စည်းထားပြီး အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်ကို အပြည့်အဝကျင့်သုံးနိုင်ရန် ပြည်တွင်းအခွန်များဦးစီးဌာနမှလည်း ဆောင်ရွက်လျက်ရှိသည်။

ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax)မှ ကုန်စည်နှင့် ဝန်ဆောင်မှုခွန်(Good and service Tax) သို့ ပြောင်းလဲနိုင်ရေး၊ အခွန်ဆိုင်ရာဥပဒေများ ရှင်းလင်းလွယ်ကူစေရေးအတွက် ကုန်သွယ်လုပ်ငန်းခွန်တွင်ပါဝင်ခဲ့သော အထူးကုန်စည်များအား နိုင်ငံတကာနည်းတူ ၂၀၁၆ ခုနှစ်တွင် အထူးကုန်စည်ခွန်ဥပဒေအဖြစ် သီးခြားပြဋ္ဌာန်းခဲ့ပြီး အခွန်စည်းကြပ်ကောက်ခံခဲ့သည်။

စာချုပ်စာတမ်းများအပေါ် တံဆိပ်ခေါင်းခွန်ထမ်းဆောင်စေရန်အတွက် အခွန်နှုန်းထားများ ပြင်ဆင်သတ်မှတ်ပေးခဲ့ပြီး တံဆိပ်ခေါင်းများကို ပြင်ပတွင် သတ်မှတ်တန်ဖိုးထက် ပိုမိုရောင်းချခြင်းကိုကာကွယ်ရန် လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူများခန့်ထားပြီး တံဆိပ်ခေါင်းရောင်းရငွေမှ လေးရာခိုင်နှုန်းကို ရောင်းချသူအတွက် ကော်မရှင်ခအဖြစ် သတ်မှတ်ပေးလိုက်ခြင်းကြောင့် လက်ရှိတွင် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူ ၃၆၀ အထိ ရှိလာပြီဖြစ်သည်။

## ငွေကြေးကဏ္ဍဆိုင်ရာ ဆောင်ရွက်မှု

ငွေကြေးကဏ္ဍနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် အစိုးရသစ်၏ ပထမတစ်နှစ်တာကာလဖြစ်သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အပ်ငွေလေလံခေါ်ယူမှုအကြိမ် ၂၀ အထိရှိခဲ့ပြီး တစ်ကြိမ်ပျမ်းမျှ ကျပ် ၃၃၃ ဘီလီယံနှင့် ဈေးကွက်အတွင်းမှ ပိုလျှံငွေကို နုတ်သိမ်းနိုင်ခဲ့သည်။

ဘဏ်များ၏ အနည်းဆုံးသီးသန့်ငွေ လိုအပ်ချက်ထားရှိမှုများကို ငွေကြေးမူဝါဒနည်းလမ်းတစ်ရပ်အဖြစ် ထိရောက်စွာအသုံးပြုနိုင်ရန်နှင့် ရိုးရှင်းလွယ်ကူစေရန်အတွက် အများပြည်သူအပ်နှံငွေ စုစုပေါင်း၏ ငါးရာခိုင်နှုန်းအဖြစ် ပြင်ဆင်သတ်မှတ်ပေးခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အစိုးရငွေတိုက်စာချုပ် ပမာဏ ကျပ် ၁၁၈၁ ဘီလီယံကိုရောင်းချခဲ့ပြီး အစိုးရငွေတိုက်လက်မှတ်ကိုလည်း ပမာဏကျပ် ၃၀၁၂ ဘီလီယံ ရောင်းချနိုင်ခဲ့သည်။

ဘဏ်လုပ်ငန်းအခြေခံအဆောက်အအုံ မြှင့်တင်ဆောင်ရွက်ခြင်းအနေဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ နိုင်ငံခြားဘဏ်ခွဲ ၁၃ ခု၊ ပုဂ္ဂလိကဘဏ် ၂၄ ဘဏ်နှင့် ၎င်းတို့၏ဘဏ်ခွဲပေါင်း ၁၄၇၅ ခု၊ ပုဂ္ဂလိကငွေရေးကြေးရေးကုမ္ပဏီ ၁၆ ခု၊ နိုင်ငံခြားဘဏ်များ၏ ကိုယ်စားလှယ်ရုံး ၄၅ ခုနှင့် နိုင်ငံခြားငွေရေးကြေးရေးကုမ္ပဏီ နှစ်ခုတို့ကို ခွင့်ပြုပေးခဲ့သည်။

၂၀၁၆ မတ် ၃၀ ရက်တွင် ဆက်သွယ်ရေးလိုင်စင်ရရှိထားသည့် နိုင်ငံတကာ မိုဘိုင်းကွန်ရက် (International Mobile Network Operators -IMNOs) အဖွဲ့များဖြစ်သည့် တယ်လီနောနှင့် အော်ရီဒူး၊ နိုင်ငံပိုင် MPT တို့ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် လိုအပ်သည့်စည်းမျဉ်းများကို ထုတ်ပြန်ပေးခဲ့သည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီလမှစတင်၍ မြန်မာနိုင်ငံရှိ ဘဏ်များအား International Card (Visa Card, Master Card, JCB Card, UPI Card) များနှင့် ပြည်တွင်း ပြည်ပအသုံးပြုနိုင်သည့် International Credit Card (Clean Card)များ ထုတ်ဝေခွင့်ပြုခဲ့သည်။ ပြည်တွင်းဘဏ်များမှထုတ်ဝေသည့် MPU ကတ်များကိုလည်း နိုင်ငံတကာကွန်ရက်တွင် အသုံးပြုနိုင်ရေးအတွက် MPU-JCB, MPU-UPI စသည့် Co-Branded Card များအဖြစ် ထုတ်ဝေခွင့်ပြုခဲ့သည်။

ဗဟိုဘဏ်သည် ဘဏ်အချင်းချင်း စနစ်တကျငွေချေးသည့်စနစ်ကို ပိုမိုစနစ်ကျစေရန်အတွက်လည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ညွှန်ကြားချက်အသစ်ကို ထုတ်ပြန်နိုင်ခဲ့သည်။ အဆိုပါညွှန်ကြားချက်ကြောင့် ဘဏ်များအချင်းချင်း ငွေချေးသက်သေခံလက်မှတ်များကို အပေါင်ပြု၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM-Net စနစ်ရှိ ဗဟိုအပေါင်အပ်နှံသည့်စနစ်ကို အသုံးပြု၍ ဆောင်ရွက်နိုင်ပြီဖြစ်သည်။ ယခုအခါ ဘဏ်အချင်းချင်း အပြန်အလှန်ငွေအပ်နှံသည့်စနစ် ကျန်ရှိသော်လည်း ဘဏ်အချင်းချင်း စနစ်တကျငွေချေးသည့် ဆောင်ရွက်ချက်များ ပိုမိုတိုးတက်လာခဲ့သည်။

နိုင်ငံခြားငွေကြေးလဲလှယ်ရာမှ ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးမှုများကိုကာကွယ်ရန် Currency SWAP စနစ်နှင့် Currency Forward စနစ်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်၍ ခွင့်ပြုပေးခဲ့သည်။

ယခုအစိုးရလက်ထက်မှစတင်ကာ ကမ္ဘာ့ဘဏ်၏ Reserves Advisory and Management Program-RAMP အစီအစဉ်တွင်ပါဝင်၍ ၎င်းနိုင်ငံခြားသုံး သီးသန့်ရန်ပုံငွေများကို အခြားနိုင်ငံများ၏ ဗဟိုဘဏ်များနည်းတူ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လျက်ရှိသည်။

ဗဟိုဘဏ်သည် ဒီမိုကရေစီအစိုးရ၏ တစ်နှစ်တာအတွင်း အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း အရင်းအနှီးငွေကြေးများ ထုတ်ပေးနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ ဆောင်ရွက်သည့် ချေးငွေအစီအစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိသည်။

အထူးကဏ္ဍ (၉) သို့ »»»



ကွန်တိန်နာများကို X-ray Scanning နည်းပညာဖြင့် ကြပ်မတ်စစ်ဆေးနေသည်ကို တွေ့ရစဉ်။




အထူးကဏ္ဍ (ဆ) မှ »»

**အာမခံဝန်ဆောင်မှု**

မြန်မာ့အာမခံလုပ်ငန်းမှ အာမခံလျော်ကြေးများကို အလျင်မြန်ဆုံးပေးအပ်နိုင်ရန် ပြုပြင်ပြောင်းလဲခဲ့ရာ ၂၀၁၆ ခုနှစ် ဩဂုတ်လမှစတင်၍ သူတစ်ပါးထိခိုက်မှု အာမခံ ပရီမီယံပေးသွင်းခြင်းကို အနိမ့်ဆုံးငွေကျပ် ၂၀၀၀ မှ ကျပ် ၅၀၀၀ သို့တိုးမြှင့်ခဲ့ပြီး နစ်နာကြေးများကိုလည်း ကျပ်ငါးသိန်းမှ ၁၀ သိန်းသို့တိုးမြှင့်ခဲ့ကြောင်း သိရသည်။

ပြည်သူများ ဆုံးရှုံးမှုတစ်စုံတစ်ရာ ကြုံကြိုက်လာပါက ဆုံးရှုံးမှုနည်းပါးစေရန်ရည်ရွယ်ကာ လက်ရှိအာမခံ အမျိုးအစား ကိုးမျိုးအပြင် အမျိုးအစားသစ် ၁၁ မျိုးကို ပုဂ္ဂလိကအာမခံကုမ္ပဏီများသို့ လုပ်ကိုင်ခွင့်ပြုရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။

အာမခံဈေးကွက်အတွင်း အပြည့်ပြိုင်ဈေးကွက်အဖြစ် ဖန်တီးနိုင်ရေးအတွက် နိုင်ငံခြားအာမခံကုမ္ပဏီများကိုလည်း လုပ်ငန်းလိုင်စင်များထုတ်ပေးရန်နှင့် အများပြည်သူတို့သို့လည်း ကျန်းမာရေးအာမခံအမျိုးအစားကိုလည်း ရောင်းချနိုင်ရန် မြန်မာ့အာမခံလုပ်ငန်းမှ ပြင်ဆင်ဆောင်ရွက်လျက်ရှိပေသည်။

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ စိတ်ဝင်စားမှု**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ငြိမ်းချမ်းရေးကိစ္စကိုသာ အာရုံစူးစိုက်နေပြီး နိုင်ငံ့စီးပွားရေးအပေါ်တွင် စိတ်ဝင်စားမှုမရှိ၊ အာရုံစူးစိုက်ခြင်းမရှိဟု ဝေဖန်သုံးသပ်မှုများရှိနေစဉ်မှာပင် ၂၉. ၇. ၂၀၁၆ ရက်တွင် နေပြည်တော် MICC-II တွင် ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံစီးပွားရေးမူဝါဒများ ရှင်းလင်းပြောကြားခြင်းအခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က

". . . မိမိတို့နိုင်ငံတွင် ၇၀ ရာခိုင်နှုန်းသော ပြည်သူများသည် လယ်ယာကဏ္ဍကို မှီတင်းနေထိုင်ကြသူများဖြစ်ပါကြောင်း၊ စက်မှုကဏ္ဍကို ဦးတည်ဆောင်ရွက်လိုသော်လည်း လယ်ယာစိုက်ပျိုးရေးကို လျစ်လျူရှုထား၍ မရပါကြောင်း၊ ယနေ့ခေတ်ကမ္ဘာကြီးတွင် အစားအသောက်ဖူလုံရေးကို ပြောဆိုကြသော်လည်း လက်တွေ့ကျကျ ဆောင်ရွက်မှုနည်းပါးပါကြောင်း၊ ထို့ကြောင့် မိမိတို့ အခြေအနေကို အားသာချက်ရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများကို ဘက်ညီတိုးတက်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း. . . "စသည်ဖြင့် နိုင်ငံ့စီးပွားရေးတွင် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍတို့ ဖွံ့ဖြိုးတိုးတက်ရေး အညီအမျှလိုအပ်သည်ကို ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နေပြည်တော် MICC-II ၌ ၂၂. ၁၀. ၂၀၁၆ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့သည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် တွေ့ဆုံပွဲအခမ်းအနားကိုလည်းကောင်း၊ MICC-II မှာပင် ထိုနေ့ မွန်းလွဲပိုင်းတွင် ကျင်းပသည့် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသည့် 1st Myanmar Entrepreneurship Summit 2016 ကိုလည်းကောင်း တက်ရောက်ခဲ့သည်။

နံနက်ပိုင်းအခမ်းအနားတွင် မိန့်ခွန်းပြောကြားရာ၌ "နိုင်ငံရဲ့ စီးပွားရေးမူဝါဒကို ချမှတ်တဲ့အခါမှာ နောင်နှစ်အတွက် မဟုတ်ဘူး၊ နောင်ငါးနှစ်အတွက်မဟုတ်ဘူး၊ နောင်ဆယ်စုနှစ်တွေအတွက် စဉ်းစားပြီးလုပ်ရမှာဖြစ်ပါတယ်။ အောင်မြင်တဲ့စီမံကိန်းဆိုတာ တစ်နှစ်အတွက်လည်း မဟုတ်ဘူး၊ ငါးနှစ်အတွက်လည်း မဟုတ်ဘူး၊ ဆယ်စုနှစ်၊ ဆယ်စုနှစ်တွေအတွက် မျှော်မှန်းပြီးတော့ ချမှတ်မှ အောင်မြင်နိုင်မှာပါ"ဟူ၍လည်းကောင်း။

မွန်းလွဲပိုင်းအခမ်းအနားတွင် စီးပွားရေးလုပ်ငန်းရှင်လူငယ်များကို အကြံပေးမိန့်မှာစကားပြောကြားရာ၌ ". . . မိမိတို့လူကြီးများ၊ လူငယ်များသည် လက်တွဲ၍ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးများ ဆင်းရဲတွင်းမှ လွတ်မြောက်နိုင်ရန်အတွက်၊ နောင်ခေတ်အဆက်ဆက်တွင် မိမိတို့နိုင်ငံနှင့် ပြည်သူပြည်သားများ ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ်နေနိုင်သွားရန်အတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြပါစို့"ဟုလည်းကောင်း တိုက်တွန်းပြောကြားခဲ့သည်။

၆. ၃. ၂၀၁၇ ရက်တွင် နေပြည်တော် Kempinski Hotel ၌ ကျင်းပသည့် ပြည်သူများအားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုဆောင်ပုဒ်ဖြင့် မြန်မာအမျိုးသမီးများ ရက်သတ္တပတ်ဖိုရမ် ဖွင့်ပွဲအခမ်းအနားကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထိုအခမ်းအနားတွင် "နိုင်ငံတစ်နိုင်ငံမှာ ငြိမ်းချမ်းရေးမရှိဘဲနဲ့ ဘယ်လိုလုပ် စီးပွားရေးဟာ ရေရှည်ဖွံ့ဖြိုးတိုးတက်မလဲ။ စီးပွားရေးကို ကျွန်မတို့အားပေးတယ်ဆိုတာဟာ လူသားတွေရဲ့ အကျိုးစီးပွားကို အားပေးတာပါ။ ပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခု၊ လုပ်ငန်းတစ်ခုအတွက် အကျိုးစီးပွားကို အားပေးတာမဟုတ်ဘူး. . . "ဟူသော မိန့်မှာစကားဖြင့် ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဆက်စပ်မှုကို သုံးသပ်ထောက်ပြ၍ ပြောကြားခဲ့သည်။

၃၀. ၃. ၂၀၁၇ ရက် အစိုးရအဖွဲ့၏ တစ်နှစ်ပြည့်မြောက် မိန့်ခွန်းထဲ၌လည်း ". . . ကျွန်မတို့ ယခုကနေစပြီးတော့ အလုပ်အကိုင်ဖန်တီးရေး၊ လမ်းပန်းဆက်သွယ်ရေးနဲ့ လျှပ်စစ်မီးရရှိရေးတို့ကို အဓိကထားပြီးတော့ လုပ်သွားမှာဖြစ်ပါတယ်. . . "ဟု ထည့်သွင်းပြောကြားသွားခဲ့ပြီး ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ငြိမ်းချမ်းရေးပန်းတိုင်သို့ရောက်ရှိရေး တစိုက်မတ်မတ်သွားနေရင်း နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် စိတ်ဝင်စားမှုမည်မျှရှိသည်ကို သတိပြုမိနိုင်သည်။

**မြန်မာ့စီးပွားရေး ရှေ့အလားအလာ**

စီးပွားရေးအဆောက်အအုံတစ်ခုသည် ပြုပြင်ပြောင်းလဲရေးကာလအတွင်း၌ တုံ့ဆိုင်းမှုများ၊ နှေးကွေးမှုများရှိတတ်သည်။ ရှုပ်ထွေးသောအခက်အခဲများ၊ ပြဿနာများ၊ ပုံသဏ္ဍာန်မမှန်ခဲ့သော ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍ၊ မပြည့်စုံသေးသော အင်စတီကျူးရှင်းများနှင့် ဈေးကွက်ယန္တရား၊ အမြွာလိုငွေ(Twin Deficit) ဟုခေါ်ကြသည့် အစိုးရ၏ ရသုံးမှန်းခြေငွေစာရင်း (ဘတ်ဂျက်)တွင် လည်းကောင်း၊ ကုန်သွယ်မှုစာရင်းတွင် လည်းကောင်း ကာလတာရှည်လိုငွေပြနေသည့် အားနည်းချက် စသဖြင့် မေခရိုစီးပွားရေးဆိုင်ရာ လိုအပ်ချက်များရှိနေသည့် စီးပွားရေးအဆောက်အအုံတစ်ခုတွင် အခက်အခဲများ၊ ပြဿနာများက ထိုအခြေအနေမျိုးထက် ပိုပေလိမ့်မည်။

မည်သို့ပင်ဆိုစေကာမူ ပြည်သူကတာဝန်ပေး၍ ပြည်သူ့အတွက်အလုပ်လုပ်မည့် အစိုးရတစ်ရပ်အနေဖြင့် မည်သည့်အခက်အခဲပြဿနာများကိုမဆို မဆုတ်မနစ်သော လုံ့လဖြင့် ရင်ဆိုင်ကျော်လွှားသွားရန် အသင့်ရှိပြီးသား ဖြစ်သည်။

ဒီမိုကရေစီအစိုးရသည် ပြည်သူ့ဘဏ္ဍာငွေကို ကိုယ်ကျိုးစီးပွားအတွက်အသုံးပြုရန် စိတ်ကူးမျှပင်မရှိ၊ တစ်ပြားတစ်ချပ်မျှ လေလွင့်ကုန်ဆုံးခြင်းမရှိစေဘဲ တန်ဖိုးရှိရှိ စနစ်တကျသုံးစွဲမည့်အစိုးရဖြစ်သည်ကို နိုင်ငံ့တာဝန်စတင်ယူချိန်၊ အစိုးရအဖွဲ့ ပြန်လည်ဖွဲ့စည်းစဉ်ကတည်းက ပြသပြီးသားဖြစ်သည်။

နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး အရေးကိစ္စများစွာ၊ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်မှန်သမျှ အောင်မြင်ရေးအားထုတ်မှုတွင် ကြီးမားသောအဟန့်အတား အနှောင့်အယှက်ဖြစ်စေသည့် အဂတိလိုက်စားမှုလျော့ကျစေရန် (သို့မဟုတ်) လုံးဝမရှိလာစေရန်လည်း ကနဦးအချိန်ကတည်းက ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့သည်။

ယခင် နိုင်ငံ့စီးပွားရေး၊ ကုန်သွယ်ရေးတို့တွင် ပိတ်ဆို့ထားသော၊ ဟန့်တားရုပ်သိမ်းထားသောအခွင့်အရေးများ ပြန်လည်ရရှိစေရန်၊ နိုင်ငံတကာစီးပွားရေးအသိုင်းအဝိုင်းများမှ အထောက်အပံ့အကူအညီများရရှိစေရန်နှင့် လိုအပ်နေသော စီးပွားရေးဆိုင်ရာ အင်စတီကျူးရှင်းများ ဖြည့်ဆည်းမှုကိုလည်း တစ်နှစ်တာအတွင်း အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ရှေ့အနာဂတ်အချိန်များတွင် နိုင်ငံ၏ စီးပွားရေးအခွင့်အလမ်းများ ပွင့်လန်းလာတော့မည်ဟု ယုံကြည်မိသည်။

ကုန်ဈေးနှုန်းများ အဆက်မပြတ်မြင့်တက်လာနေမှု၊ မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းလာနေမှု၊ မပြီးပြတ်သေးသော မြေယာပိုင်ဆိုင်မှုများ၊ မြို့ပြများရှိ ကျူးကျော်ပြဿနာ၊ လမ်းဘေးဈေးသည်ပြဿနာ၊ ဘတ်စ်ကားပြဿနာ၊ မော်တော်ကားတင်သွင်းမှု၊ အိမ်ခြံမြေဆိုင်ရာမူဝါဒများ အားနည်းနေမှု စသဖြင့် လတ်တလောဖြေရှင်းရမည့် ရေတိုကိစ္စများ၊ ရှုထောင့်စုံမှလေ့လာ၍ ပြင်ဆင်ရမည့် ရေရှည်ပြဿနာများကိုလည်း ကဏ္ဍအလိုက် နည်းလမ်းများ ရှာဖွေဖော်ထုတ်ဖြေရှင်းနေဆဲရှိသည်ကို တွေ့ရသည်။

ကဏ္ဍအသီးသီး၊ အလွှာအသီးသီး၊ နယ်ပယ်အသီးသီးမှ နိုင်ငံသူ နိုင်ငံသား ပြည်သူလူထုများ ရင်ဆိုင်ကြုံတွေ့နေရသည့် နေ့စဉ်စားဝတ်နေရေး အခက်အခဲပြဿနာ၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုအခြေအနေ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ လုပ်ငန်းဆိုင်ရာ အခက်အခဲ၊ အဟန့်အတားများစသဖြင့် လက်တွေ့ကျကျရင်ဆိုင်နေရသော မြေပြင်အခြေအနေမှန်တို့ကိုလေ့လာ၍ ဆက်လက်ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်သည်။

တစ်နှစ်တာကုန်ဆုံးခဲ့ပြီ။ တစ်နှစ်တာကာလအတွင်း အစိုးရသစ်၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများမှာ တိုင်းရင်းသားအားလုံး၏ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေရန် ရည်ရွယ်ထားသော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို အခြေခံသည့် စီးပွားရေးမူဝါဒကို အကောင်အထည်ဖော်ရာတွင် ကနဦးအထောက်အကူဖြစ်စေသည့် ဆောင်ရွက်မှုများ ဖြစ်ပေလိမ့်မည်။

ခေတ်အဆက်ဆက်က ယိုယွင်းချွတ်ခြုံကျခဲ့သော၊ ၁၉၈၇ ခုနှစ်ကစ၍ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံဖြစ်ခဲ့ရသော၊ မြန်မာ့စီးပွားရေးအဆောက်အအုံကို ပြန်လည်ဆယ်တင်ရာတွင် အတိတ်ကာလကကျင့်သုံးခဲ့သည့် မိမိအကျိုးစီးပွား၊ မိမိအုပ်စု အကျိုးစီးပွားကိုအခြေခံသော၊ ပြောင်းလဲနေသော နိုင်ငံတကာ စီးပွားရေးဝန်းကျင်နှင့် သဟဇာတမဖြစ်ခဲ့သော မူဝါဒဆိုင်ရာ အားနည်းချက်များပေါ်တွင် လက်တွေ့ကျကျ၊ မှန်မှန်ကန်ကန် ဆင်ခြင်သုံးသပ်၍ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ နိုင်ငံသူ နိုင်ငံသားတို့၏ အကျိုးစီးပွားကိုဗဟိုပြု၍ ဆက်လက်အားထုတ်သွားနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသတည်း။

၀၀၀

**ကုန်ဈေးနှုန်းများ အဆက်မပြတ်မြင့်တက်လာနေမှု၊ မြန်မာကျပ်ငွေ တန်ဖိုးကျဆင်းလာနေမှု၊ မပြီးပြတ်သေးသော မြေယာပိုင်ဆိုင်မှုများ၊ မြို့ပြများရှိ ကျူးကျော်ပြဿနာ၊ လမ်းဘေးဈေးသည်ပြဿနာ၊ ဘတ်စ်ကားပြဿနာ၊ မော်တော်ကားတင်သွင်းမှု၊ အိမ်ခြံမြေဆိုင်ရာမူဝါဒများ အားနည်းနေမှု စသဖြင့် လတ်တလောဖြေရှင်းရမည့် ရေတိုကိစ္စများ၊ ရှုထောင့်စုံမှလေ့လာ၍ ပြင်ဆင်ရမည့် ရေရှည်ပြဿနာများကိုလည်း ကဏ္ဍအလိုက် နည်းလမ်းများ ရှာဖွေဖော်ထုတ်ဖြေရှင်းနေဆဲရှိသည်ကို တွေ့ရ**